www.burmeseclassic.com

စိုးမိုးစာပေ

# မျူး

## အောက်ဆီဂျင်ငတ်နေတဲ့ပုစွာ




Digital Art : Idea Kyaw & Mg Kyaw Oo

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၂၈၄၀၂၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၂၉၇၀၃၀၉ |
| အဖုံးဒီဇိုင်း | - | **idea Kyaw & Kyaw Oo** |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ် ဇူလိုင်လ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

ဗျူး

အောက်ဆီဂျင်ငတ်နေတဲ့ပုစွာ / ဗျူး

- စိုးမိုးစာပေ၊ ၂၀၀၉၊ ရန်ကုန်

၂၉၂ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) အောက်ဆီဂျင်ငတ်နေတဲ့ပုစွာ


## အခန်း (၁)

ညက ခင်မကြီး အိပ်မပျော်။ တစ်ညလုံးမှ နှစ်နာရီလောက်ပဲ အိပ်ပျော်ခဲ့သည်ထင်၏။ ဒါတောင် နှစ်နှစ်ခြိုက်ခြိုက် မဟုတ်။ နိုးတစ်ဝက် ပျော်တစ်လှည့်။

မှန်တင်ခုံရှေ့မှာထိုင်ပြီး မြင်နေတဲ့ ရုပ်သွင်ကို ခင်မကြီး စူးစူး စိုက်စိုက်လေး ကြည့်နေမိသည်။

ကြည့်စမ်းပါဦး ဒီမနက် သူ့ရုပ်က အတော်ကြီးကို အိုစာနေ ပါလား။ ဆွဲဆောင်မှုလည်း မရှိ။ ဆံပင်တွေကို မဆိုးဘဲ ပုံစံပြောင်းပြီး ထားတာကြောင့်လား။ အို ဒါတွေကို မစဉ်းစားနိုင်။ ဒီအရာတွေထက် အရေးကြီးတဲ့ ကိစ္စတွေလုပ်ဖို့ ရှိတယ် မဟုတ်လား။

အတွေးစကို ဖြတ်လိုက်စဉ်မှာပဲ အခန်းထဲကို ကော်ဖီဇွန်းဘို ကိုင်ပြီး ဝင်လာတဲ့ ရွှေသစ်ကို ကြေးမုံပြင်ထဲမှာ မြင်လိုက်သည်။

ဗျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခင်မကြီးဆီမှာ မရွှေသစ်အလုပ်လုပ်လာတာ ဆယ့်ကိုးနှစ်တောင်ရှိပြီ။ ဟိုးငယ်စဉ်ကတည်းက သိကျွမ်းလာသူတွေ ဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက်အတွင်းသိ အစင်းသိတွေပါပဲ။

မရွှေသစ်က ကော်ဖီဇန်းကို မုန့်တင်ခုံဘေးက စားပွဲပုလေး ပေါ်တင်သည်။ အရင်နေ့တွေလို ချက်ချင်းထွက်မသွားသေးဘဲ ရွှေသစ် ဟိုဟာကိုင်သလို၊ ဒီဟာကိုင်သလို လုပ်နေသည်။

ခင်မကြီး သိတာပေါ့။ သူစကားပြောမှာကို ဒီမိန်းမ စောင့်နေတာလေ။

"ကဲ ရွှေသစ် ထိုင်စမ်း၊ တို့ ပြောတာကို သေသေချာချာ နားထောင်နော်၊ တို့တွေ လုပ်စရာတွေက အများကြီး"

မရွှေသစ်က ဆံပင်တွေဖြူနေပေမယ့် အံ့သြစရာကောင်းတာက မျက်နှာပေါ်မှာ သူ့မလောက် အရေးအကြောင်းတွေ မရှိသေး။ မျက်ဝန်းတွေက မျက်သားတွေ ဖြူစင်နေတုန်းရှိသည်။

မရွှေသစ် အသက်က ငါးဆယ့်ခြောက်နှစ်ဆိုပေမယ့် ဖျတ်လတ်ဆဲ။ ဒါပေမဲ့ ဒီမနက်မှာတော့ သူ့ပုံစံက စိတ်မကောင်းတဲ့ပုံစံဖြစ်နေသည်။ ဒါလည်း ဘာကြောင့်ဆိုတာ ခင်မကြီး ရိပ်မိနေသည်။

"ရွှေသစ် ညက ညှော်သည်ရောက်လာတယ်"

"ဟုတ်လား မမကြီး"

အခုမှသိသလို အံ့သြဟန်နှင့်ဖြေလို့ ခင်မကြီး နှုတ်ခမ်းတွန့်ပြုံးလိုက်ရင်း

"ညက ညည်းကိုမနှိုးလို့ စိတ်မကောင်း မဖြစ်စမ်းပါနဲ့အေ၊ မမျှော်လင့်ဘဲ ရောက်လာတာဆိုတော့ ညည်းလည်း သိရက်သားနဲ့၊





တို့ကလည်း သို့ကလေး ခုံးပတ်လောက်ရှိမှ ရောက်မယ်ထင်ထားတာ၊ ကလေးက ပြောပါတယ်၊ ဖုန်းလှမ်းကြိုဆက်တာ မရလို့တဲ့"

"ညက ရောက်လာတာ မဍ္ဍူ ကလေးပေါ့၊ ဟုတ်လား မမကြီး"

"မဍ္ဍူလေးဆိုတာ ညည်းသိရက်နဲ့ ဧည့်ခန်းထဲက အထုပ်အပိုးတွေကိုလည်း စုပ်ရုပြီးပြီးမှ ဟုတ်လား၊ အိပ်ခန်းထဲကိုလည်း ညည်းချောင်းကြည့်ပြီးမှာပါ၊ အခုထိ သူအိပ်နေတုန်းနဲ့တူတယ်"

မရွှေသစ် ဟန်ဆောင်နေတာကို ချက်ချင်း မေ့သွားသည်။ ခေါင်းကလေး တဆတ်ဆတ်ညိတ်ကာ ပြန်ဖြေ၏။

"ဟုတ်တယ် ဟုတ်တယ် အိပ်ပျော်နေတာများ အရုပ်ကလေးကျနေတာပဲ၊ သူ့ကိုမြင်တော့ ကျွန်မ အသက်ရှူတောင်မှားတယ် မမကြီးရယ်၊ နတ်ပြည်က ကျလာတဲ့ နတ်သမီးလေးတစ်ပါးအတိုင်းပါပဲ"

"ကလေးက ချောပါတယ်၊ ချစ်စရာလေး၊ အရွယ်ရောက်လာရင် ဒီလိုပဲနေလိမ့်မယ်ဆိုတာ တို့သိပြီးသားပဲ၊ ဒါပေမဲ့ မနှစ်ကစပြီး သိပ်လှလာတာ၊ သူ့အသက် ဆယ့်ရှစ်နှစ်ရှိပြီလေ၊ ရွှေသစ် ညည်းယုံရဲ့လား၊ ခင်မငယ်ဆုံးတာ ဆယ့်ရှစ်နှစ်ရှိပြီဆိုတာ"

ခင်မကြီးအသံက နာကျင်ခံစားမှုတွေဖြင့် တစ်ဆို့နေသည်။ နှုတ်ခမ်းများက တင်းတင်းစေ့ပြီး မျက်ဝန်းတွေက မှုးစင်းလို့ အတိတ်ကို ပြန်ငေးမြင်ယောင်နေသလို ရှိသည်။

စက္ကန့်ပိုင်းမျှ တိတ်ဆိတ်နေပြီးမှ ခင်မကြီး မရွှေသစ်ကို မော့ကြည့်သည်။

"ကဲ ရွှေသစ် နားထောင်၊ အခု ရက်ပိုင်းမှာ ငါတို့လုပ်စရာအလုပ်တွေ အများကြီးရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကျွန်မ နားထောင်နေပါတယ် မမကြီး"

မရွှေသစ်အသံက တည်တည်ငြိမ်ငြိမ်။ ခင်မကြီးရဲ့မျက်နှာကို မမှိတ်မသုန်ငေးကြည့်နေသည်။

မမကြီးဆိုတာ အရွယ်နှင့်မလိုက်ဖက်အောင် ချောမောစွဲမက်စရာကောင်းသူပါ။ ဒါပေမဲ့ ဒီမနက်မှာတော့ မမကြီးအသွင်က အတော့်ကို အိုစာ အကျည်းတန်လွန်းနေသည် ထင်မိသည်။

မျက်နှာပေါ်က အရေးအကြောင်းတွေက အထင်းသား။ ပါးတွေက လျော့လျဲတွဲကျနေသည်။ မျက်ခုံးတန်းတန်းနှစ်ခုံကြားမှာလည်း အရေပြားကြီးက တွန့်ခေါက်လို့။ ခါတိုင်းလို ဆေးဆိုးမထားသည့် ဆံပင်တွေကလည်း ဖြူလို့နေသည်။

သူမထက် တစ်နှစ်ကျော်ကျော်သာ ကြီးတာမို့ မမကြီးအသက်က ငါးဆယ့်ခုနစ်ကျော်ပြီ။ အင်းလေ ဇရာအရိပ်ဆိုတာ ဖုံးကွယ်လို့မှ မရနိုင်တာပဲလေ။

အမြဲတမ်း ပြုံးရွှင်ပြီး တည်ငြိမ်မှုတွေနဲ့နေထိုင်တတ်တဲ့ မမကြီးမျက်ဝန်းတွေက ဒီနေ့တော့ စိတ်လှုပ်ရှားမှုကြောင့် ဖြစ်မယ်၊ စကားပြောသံက မြန်နေသည်။

"လေးငါးရက်ရှိရင် ညည်းကို တို့ပြောတော့မလို့ပါ။ မထင်မှတ်ဘဲ တို့ တူမလေးရောက်လာတော့ စီစဉ်စရာတွေကို အလောတကြီးစီစဉ်ရတော့မှာပေါ့။ မဥ္စူလေးကို ရွှေဘိုမှာ အပ်နှံထားတဲ့ တို့လူယုံတော်ဒေါ်သဲအိုက စစ်ကိုင်းတောင်မှာ တရားစခန်းဝင်ဖြစ်သွားလို့ ကလေးက ပြောတယ်"

ခင်မကြီးလေသံတွေက ပုံမှန်ပြန်ဖြစ်ပြီး တည်ငြိမ်လာသည်။





ရွှေသစ်ကို မော့ကြည့်ရင်း

"ဒီနေ့ကစပြီး ငါတို့ ဘဝသစ်စကြမယ်၊ အတိတ်ကို နိဂုံးချုပ်ပစ်လိုက်ကြစို့ ရွှေသစ်"

"ဘယ်လို မမကြီး၊ ဘဝသစ်ဆိုတာ ဘာကိုပြောတာလဲ ဟင်"

"အပိုစကားတွေ ငါပြောမနေတော့ဘူး၊ တစ်နေ့ကပဲ ဒီအလုပ်ပြင်ဆိုင်ကို ငါရောင်းလိုက်ပြီ"

"ရှင်"

မရွှေသစ် တကယ်ပဲ အံ့ဩသွားမိသည်။ အခြေအနေတွေ ပြောင်းလဲလာမှာတော့ ကြိုတွေးမိပြီးသား။ ဒါပေမဲ့ သည်လောက်ထိ မြန်ဆန်မည် မထင်မိ။

"ဟုတ်တယ် ငါရောင်းလိုက်ပြီ၊ ဈေးကောင်းလည်းရတယ်၊ ဒါကြောင့် ဒီနေ့ကစပြီး တို့နဲ့ပတ်သက်တဲ့ 'နတ်မိမယ် လှရိပ်မြုံ' ဆိုတာ မရှိတော့ဘူး။ ခင်မကြီးဆိုတာလည်း သေပြီ၊ တို့ဟာ မုဆိုးမ ခင်သူဇာ ဘယ်နှယ်လဲ၊ မကောင်းဘူးလား မရွှေသစ်"

"ဟုတ်ကဲ့ ဒါပေမဲ့ ကျွန်မ"

"နားထောင်ဦး ရွှေသစ် 'တို့စကားပြောရင် ဖြတ်မပြောနဲ့၊ တို့မှာ အချိန်မရှိဘူး၊ ခဏနေရင် ကလေးနိုးလာတော့မယ်၊ သူ မနိုးခင် ဒီကိစ္စတွေရှင်းနေရမယ်၊ တို့ဟာ မုဆိုးမ မခင်သူဇာပဲ၊ တို့ တူမလေးက တို့ကို အိမ်ထောင်ရှိသလား မရှိဘူးလားဆိုတာ လုံးဝမသိဘူး၊ တို့လူယုံတော် မသဲအိုက နှုတ်လုံတဲ့နေရာမှာ နှစ်ယောက်မရှိဘူး၊ အခု ရွှေသစ်လုပ်ရမှာက ယူသွားရမယ့် ပစ္စည်းတွေကို ရွေးချယ်ပြီး ထည့်ဖို့ပဲ"

"ရွှေသစ်တို့ ခရီးသွားရမှာလား. မမကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ရွှေသစ် တို့ ဒီမှာ မနေတော့ဘူး။ ညည်းရယ် တို့ရယ်၊ ကလေးရယ် သွားကြမယ်၊ တို့ ပြောပြီးပြီလေ၊ အတိတ်က သေဆုံးပြီ၊ တို့ရဲ့အနာဂတ်စတော့မယ်"

"ဘယ်ကိုသွားမှာလဲ မမကြီး၊ ဘာဖြစ်လို့ ရွှေသစ်တို့က ဟန် ဆောင်ကြရမှာလဲ ဟင်"

"ညည်းကို တို့လို့ဂုက်ချက်တွေ မပြောနိုင်သေးဘူး ရွှေသစ်၊ ဘယ်တုန်းက ညည်းကိုတို့ ကြိုပြောဖူးသလဲ၊ တို့ ဘာသာ အမြဲတမ်း လုပ်လာတာ မဟုတ်လား၊ အဲဒါ အကောင်းဆုံးပဲ၊ အမှားဖြစ်ရင်လည်း တို့ကိုယ်တို့ပဲ အပြစ်တင်စရာရှိတယ်၊ ဒါပေမဲ့ ဒီတစ်ခါတော့ မမှားနိုင် ဘူး၊ တို့ လုပ်သမျှအောင်မြင်ရမယ်၊ အဲဒီအချိန်အတွက် တို့ ဆယ့်ရှစ် နှစ်ကြီးများတောင် ကြံစည်ခဲ့ရ၊ လုပ်ခဲ့ရတယ်၊ တို့ ရှင်သန်နေခဲ့တဲ့ အတိတ်ဘဝကြီးတစ်ခုလုံးဟာ ဒီအတွက်ပဲ"

ခင်မကြီး အသံက ညှစ်ထုတ်လိုက်သလို၊ သွေးမရှိသည့် သူ့ မျက်နှာမှာလည်း မျက်ဝန်းအိမ်ထဲက အစင်းကြောင်းလေးများသာ နီမြန်း နေသည်။ ပြီးမှ စိတ်ကိုလျှော့ချလိုက်သလို ပင့်သက်မောကြီးကို မှုတ်ထုတ် သည်။

"ကဲ ရွှေသစ်၊ နင်လုပ်စရာရှိတာ မြန်မြန်လုပ်၊ တို့ အဝတ် အစားတွေက တချို့ အသုံးမကျတော့ဘူး"

"ရှင် အသုံးမကျတော့ဘူး၊ ဟုတ်လား မမကြီး"

"ဟုတ်တယ် တို့က အရာရှိကြီးကတော် မှဆိုးမ ခင်သူဇာလေ၊ အဲဒီတော့ တို့ အခြေအနေနဲ့လိုက်လျောညီထွေမယ့် အဝတ်အစားမျိုးကို သိက္ခာရှိရှိ ဝတ်ဆင်ရမယ်၊ အဝတ်ဗီရိုကို ဖွင့်ပြီး သင့်တော်မယ့် အဝတ်





အစားတွေ ရွေးကြည့်စမ်း"

မရွှေသစ် အခန်းထဲရှိ ဗီရိုဆီလျှောက်သွားသည်။ ခင်မကြီးက အေးစက်စက်ဖြစ်နေသော ကော်ဖီခွက်ကို မော့သောက်သည်။

စိတ်အာရုံက သောက်နေသည့် ကော်ဖီရဲ့အရသာကို သတိရမိ ပုံမရ။ မျက်ဝန်းတွေက ဗီရိုကိုဖွင့်ကာ အဝတ်အစားတွေကို ထုတ်ယူနေ သည့် မရွှေသစ်ကိုသာ ငေးကြည့်နေသည်။

အရောင်အသွေးတောက်တောက် ခေတ်ဆန်ဆန် တန်ဖိုးကြီး အဝတ်အစား တချို့ကို ကိုင်ကြည့်နေသော မရွှေသစ်ကို သူမ လှမ်းကြည့် ရင်း

"အဲဒီလို အရောင်တွေ ပုံစံတွေက တို့နဲ့ဘယ်မှာလိုက်ဖက်တော့ မှာလဲ၊ ဈေးထဲက ဒေါ်မွေး ဆီမှာအဲဒါတွေ ရောင်းပစ်လိုက်၊ မိန်းမ တလည်တယ်နော်၊ ဈေးကောင်းရအောင်တော့ ပြော"

"ဟင် မမကြီးရယ် နှမြောစရာ၊ တချို့ အဝတ်အစားတွေများ ချုပ်တာ တစ်လနှစ်လရှိသေးတယ်၊ တချို့များ နှစ်ခါလောက် ဝတ်ရ သေးတာ"

"စကားမများနဲ့ ဟာ ယူသွားစမ်း၊ ဒါတွေဝတ်ရင် ကလေး အလားနိုင်မှာပေါ့"

"ဒါတွေ ရောင်းပစ်ပြီး မမကြီးက ဘာဝတ်မှာလဲ"

"အသစ်ချုပ်မှာပေါ့ဟဲ့၊ ကျွန်ရတဲ့ အရောင်နဲ့ပုံတွေကိုပဲ ချုပ် မှာပေါ့၊ ကလေးဖို့လည်း ချုပ်ရမယ်၊ အထည်စတွေဝယ်ပြီး အားချင်း ချုပ်ခိုင်းရမယ်နော်၊ ဈေးကြီးရင် ကြီးပါစေ၊ ပိုက်ဆံကုန်မှာကြည့်လို့ မဖြစ်ဘူး၊ ဘဝသစ်စပြီလို့ ညည်းကို ငါပြောပြီးပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



ခင်မကြီးအသံက အောင်နိုင်သူတစ်ယောက်၏ ကြွေးကြော်သံလို ပြတ်သားလွန်းနေသည်။

ထိုအခိုက် အခန်းအပြင်မှ ခြေသံဖွဖွကြားလိုက်တာမို့ နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။

စကားတော့ မပြောဖြစ်လိုက်ကြပါ။

ကလေးနို့ပြီထင်ရဲ့လို့ ခင်မကြီး စိတ်ကတွေးရင်း ထရပ်လိုက်မိတယ်။ မရွှေသစ်က ကျောက်ရုပ်တစ်ရုပ်လို ရပ်နေဆဲ။

■ ■ ■



## အခန်း (၂)

ဧည့်ခန်းထဲကို ဖြည်းဖြည်းလေးနှင့် နွဲ့နှောင်းတဲ့ခြေလှမ်းလေးနဲ့ မဒွန်လေး လျှောက်ဝင်လာတာကို ခင်မကြီး ငေးကြည့်နေမိသည်။ မျက်ဝန်းလေးတွေက ကြည်လဲ့နေ၏။ နီတွေးတွေး နှုတ်ခမ်းလေးတွေက ပြုံးလို့။ ဧည့်ခန်းထိုင်ခုံမှာ ထိုင်နေတဲ့ ခင်မကြီး အနားမှာရပ်လာသည်။

နက်မှောင်တဲ့ ဆံနွယ်ရှည်ကြီးတွေကို အနောက်မှာ သပ်တင်စုနှောင်ထားတာမို့ လှပတဲ့ မျက်နှာလေးကို ထင်းထင်းရှင်းရှင်း ပေါ်လွင်စေသည်။

မျက်တောင်ကော့ကော့ကြီးတွေ ဝန်းရံထားတဲ့ မျက်ဝန်းအစုံက ညှို့လှဲ့တောက်ပလို့ စွဲဆောင်မှုက အပြည့်။ နဖူးကပြေပြေလေးမှာ နှာတံ ခလေးစင်းနေပုံက ကြည့်လို့ကောင်းသည်။

ဝင်းမွတ်အိနေတဲ့ အသားလေးတွေ စိုပြေဝင်းနှစ်နေပုံက သိ



www.burmeseclassic.com

www.burmeseclassic.com



ရက်စရာတောင်မရှိ။

မဥ္ဇူလေးကို ကြည့်ပြီး ညီမငယ် ခင်မငယ်နဲ့တူလိုက်တာလို့ တွေးနေမိသေးသည်။ မျက်ဝန်းလေးတွေထဲ အထိရောင်စဉ်ဖြာပြီး ပြုံးပုံက မဥ္ဇူသာက မဟုတ်ဘဲ ခင်မငယ်ဖြစ်နေသည်။

ကြည်နူးရိပ်လေးတွေ ဖြာပြီး ခင်မငယ်ကြည့်ရင် ကရုဏာဖြစ်စေလောက်အောင် စွမ်းသည်။ ဒါပေမဲ့ မဥ္ဇူလေးက ပိုပြီးဆွဲဆောင်မှု ရှိတယ် ဟုခင်မကြီး ခံစားမိသည်။ မျက်လုံးရွဲကြီးထဲမှာ ဘာလို့ဝှက်ချက် မှမပါဘဲ စွဲမက်စရာကောင်းတဲ့ အကြည့်မျိုး။

မျိုးရိုးကြီးမြင့်သူ သူမရဲ့မိခင်နည်းတူ လည်တံမော့မော့နဲ့ ဆံစပ်မှသည် နီနီစွေးစွေး ခြေဖျားလေးများသို့တိုင် တင့်တယ်သော ကျက်သရေ ရှိသည်။

လှုပ်ရှားသွားလာဟန်လေးကိုက နွဲ့နှောင်းခန့်ညားသည်။ မြင်သူ မျက်တောင်မခတ်စတမ်း တစိမ့်စိမ့်ငေးကြည့်လောက်သည့် အလှ။

ခင်မကြီး သက်ပြင်းနုနုခိုးချရင်း လက်ကိုကမ်းလင့်ပေးလိုက်တော့ မဥ္ဇူလေး အနားကိုလျှောက်လာသည်။

“မနွေညက ပင်ပန်းလွန်းလို့ အိပ်ပျော်သွားတာ အခုမှပဲ နိုးလာတော့တယ်၊ ကြီးမေရယ်၊ နေမြင့်နေပြီလားတောင် မသိဘူး”

အသံလေးက ချိုမြအေးချမ်းသလို ကြည်လင်သည်။

“မဥ္ဇူလေးကို ကြီးမေက အိပ်ရေးဝအောင် အိပ်စေချင်တာ နေမြင့်လည်း အရေးမကြီးပါဘူး။ ကဲ မဥ္ဇူလေး ဒီအခန်းထဲမှာပဲ ကော်ဖီသောက်လိုက်တော့၊ သစ်သစ် ယူလာပေးလိမ့်မယ်၊ သစ်သစ်ကိုကော မှတ်မိရဲ့လား”





ကော်ဖီဗန်းကို ကိုင်ရင်းဝင်လာသော မရွှေသစ်အနားကို ငှက်ကလေးပျံသလို မဥ္ဇူ ရောက်သွားသည်။ ပြီးတော့ လက်ထဲက ကော်ဖီဗန်းကို လက်နှစ်ဖက်နဲ့အသာ ပြောင်းယူရင်း

“မှတ်မိတာပေါ့၊ မီးကို သနပ်ခါးလိမ်း၊ ခေါင်းဖြီးပေးရင်း သကြားလုံးတွေ ကျွေးတာလည်း မှတ်မိတယ်၊ ရွှေဘိုရောက်တော့ သစ်သစ်ရဲ့ သကြားလုံးတွေကို အရမ်းလွမ်းတာပဲ၊ ကိုယ့်ဆံပင်တွေကို ကိုယ် ဖြီးသင်ရမှ သစ်သစ် ဘယ်လောက်စိတ်ရှည်သလဲဆိုတာ သိလာရတယ် သိလား”

မရွှေသစ် ကျေနပ်လွန်းလို့ မျက်နှာတစ်ပြင်လုံး အပြုံးတွေဝေနေသည်။ စားပွဲပေါ်ကို ကော်ဖီဗန်းကို အသာချပြီး ခင်မကြီး အနားမှာ မဥ္ဇူလေး ပြန်ဝင်ထိုင်၏။

“ဆယ့်နှစ်နှစ်ကြာတာတောင် သမီးလေးက သစ်သစ်ကို မှတ်မိနေတာနော်၊ သမီးလေး ငယ်ငယ်က အရမ်းချစ်ဖို့ကောင်းတာ၊ အခုကြီးလာတော့လည်း လှလိုက်တာကွယ်”

မရွှေသစ်က သူတို့နှင့်မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဝင်ထိုင်ရင်း ပြောသည်။ မဥ္ဇူလေးက နူးနူးညံ့ညံ့လေး ပြုံးရင်း ကြီးမေဘက်ကို လှည့်ကာ

“ကြီးမေ ဒီအိမ်က ကောင်းလိုက်တာနော်၊ အခန်းတွေလည်း အများကြီးပဲ၊ အရင်က မီးကို ဘာလို့ အလည်မခေါ်တာလဲ ဟင်”

“ပြောရမှာ အရှည်ကြီးပဲ သမီးရဲ့၊ အခု အရေးကြီးတဲ့ စကားဆွဲပဲ ပြောတော့မယ်၊ ကဲ ကော်ဖီနဲ့မုန့်တွေ သောက်လိုက်ဦး သမီးလေး”

ခင်မကြီးက မဥ္ဇူကို ပြောရင်း မရွှေသစ်ကို မျက်ရိပ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သစ်သဲ လုပ်စရာလေးတွေ လုပ်လိုက်ဦးမယ်၊ ကြီးမေနဲ့ စကားပြောလိုက်ဦးနော် သမီး"

မရွှေသစ် အခန်းထဲက အသာထထွက်သွားသည်။ မဥ္ဇူက ကြီးမေကို ပြုံးပြုံးလေး မော့ကြည့်ရင်း

"ကြီးမေနဲ့စကားပြောရမယ်ဆိုရင် ဝမ်းသာလိုက်တာ၊ မီး သိချင်တာတွေ အများကြီးပဲ၊ မီး ညည်းညူတာတော့ မဟုတ်ပါဘူး။ ရွှေဘိုမှာပျော်ပေမယ့် တစ်ခါတလေတော့ အထီးကျန်သလို ခံစားရတယ် ကြီးမေရယ်၊ သူများတွေမှာ မောင်နှမ ဆွေမျိုးသားချင်းတွေနဲ့ မီးမှာတော့ ကြီးမေတစ်ယောက်တည်းရှိတယ်၊ ဘွားဘွားသဲရှိပေမယ့် သူက ဘုရားဝေယျာဝစ္စနဲ့ပဲ အချိန်ကုန်နေတာ၊ တစ်နေ့နေ့လို့ စကားဆယ်ခွန်း ပြည့်အောင်တောင် မပြောဘူး။ မီးကျောင်းပိတ်ရက်ဆို ကြီးမေဆီ အရမ်းလာချင်ခဲ့တာ သိလား ကြီးမေ"

"ကြီးမေ နားလည်ပါတယ်ကွယ်၊ ဒါပေမဲ့ မဥ္ဇူလေးကို အိမ်မှာ ခေါ်ပြီး မထားနိုင်တာ ကြီးမေမှာအကြောင်းရှိလို့ပါ၊ အခုတော့ အခြေအနေတွေ ပြောင်းလဲသွားပြီမို့ တို့ တူဝရီး အတူနေနိုင်ကြပါပြီ"

"တကယ်နော် ကြီးမေ၊ မီးပျော်လိုက်တာ၊ တစ်ခါတလေကျရင်လေ မီးကြောက်မိတယ် သိလား၊ မီးကို ကြီးမေ ဘယ်တော့မှမခေါ်တော့ဘဲ ကျဉ်းကျပ်လှတဲ့ ဘဝထဲမှာ တစ်သက်လုံး ပစ်ထားတော့မှာလားလို့ မီးလေ ကြီးမေဆီ အရမ်းလာချင်ခဲ့တာပါ ကြီးမေရယ်"

"အင်း သမီးလေးက ငယ်ငယ်ရွယ်ရွယ် ချောချောလှလှ မိန်းကလေးပဲ၊ တင်းကြပ်လှတဲ့ စည်းစနစ်တွေအောက်မှာ ဘောင်ခတ်နေရတာ ဘယ်ပျော်မှာလဲ ကြီးမေ သိပါတယ်ကွယ်"





"မီးကို ချောတယ်လို့ ကြီးမ တကယ်ထင်သလားဟင်"

မဥ္ဇူအသံလေးက ပျော့ပျောင်း နူးညံ့သလောက် ဆွဲဆောင်မှု အပြည့်ရှိသည်ဟု ခင်မကြီး မှတ်ချက်ပြုမိသည်။ အပြစ်ကင်းစင်သော မျက်ဝန်းတွေက သူမ ချီးကျူးစကားအတွက် ကြည်နူးနေဟန်အပြည့်။

"ချောတာပေါ့၊ သမီးလေးက အမေနဲ့တူတာ၊ သမီးအမေက လည်း သိပ်ချောတယ်"

ကြီးမေစကားကြောင့် မဥ္ဇူ ပါးနျူင့်လေးနှစ်ခု ခွက်ဝင်သွားအောင် ကျေနပ်သွားရင်း

"မီး အဖေကရောဟင် ကြီးမေ"

ကြီးမေ မျက်နှာပေါ်က ချက်ချင်းပြောင်းလဲသွားတဲ့ အရိပ်တွေကို မဥ္ဇူ မြင်လိုက်ရသည်။ အပြုံးအရယ်တွေ ချက်ချင်းကင်းစင်လို့ မာတင်းခက်ထန်သွားတာက အထင်အရှား။

ဘာကြောင့်များ ကြီးမေ မျက်နှာက ခက်ထန်သွားခဲ့ရတာလဲ။ မဥ္ဇူ မမြင်တွေ့ဘူးသော အမူအယာတွေကို ငေးကြည့်နေမိသည်။ ကြီးမေ နှုတ်ခမ်းတွေ တင်းတင်းစေ့လို့ မျက်ဝန်းတွေက မှေးစင်းကာ မဥ္ဇူကို ကြည့်နေပုံက ကြောက်စရာကောင်းလိုက်တာ။

မဥ္ဇူ ခန္ဓာကိုယ်ထဲမှာ ချက်ချင်း တိမ်မည်းညိုတွေ အုံ့မှိုင်းသွားသလို စိုးထိတ်ချောက်ချားသွားမိသည်။

"မင်းအဖေ အကြောင်းကို တို့မပြောချင်ဘူး၊ အခု မပြောသေးဘူး၊ အခုချိန်မှာ ဒီထက်အရေးကြီးတဲ့ ကိစ္စတွေ ပြောစရာရှိတယ်၊ လုပ်စရာရှိတယ်၊ တို့နဲ့နေဖို့ မဥ္ဇူသက လာတယ်၊ တို့ကလည်း ကြည်ဖြူ လက်ခံတယ်၊ ဒါပေမဲ့ အစကတည်းက တစ်ခုတော့ ရှင်းရှင်းလင်းလင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောထားရမယ် တို့စကားကို မင်း နာခံရမယ် မဥ္ဇူလေး''

ရုတ်တရက်ပြောင်းလဲသွားသော လေသံနဲ့အမူအယာကြောင့် မဥ္ဇူ့ မျက်နှာဝန်းလေးတွေ ဖိုင်းစက်တိတ်ဆိတ်စွာ ငေးကြည့်နေသည်။

''ကြီးမေ စကားကို သမီးနာခံမယ်လို့ ယုံတယ်၊ ကြီးမေ နိုင်းသမျှ ဘာမှမေးခွန်းပြန်မထုတ်ဘဲ နားထောင်ရမယ်၊ လုပ်ဆောင်ရမယ်၊ ကြီးမေလိုချင်တာ ဒါပဲ မဥ္ဇူလေး''

လေသံတွေက ပျော့ပြောင်းသွားတယ်ဆိုပေမယ့် မာကြောပြတ်သားနေဆဲမို့ မဥ္ဇူ ရင်ထဲမှာ ကြောက်ရိုလှုပ်နေဆဲ။ ဒါပေမဲ့ စိတ်ထဲက ဖျောက်ဖျက်ပစ်ရတယ်။

ကြီးမေဆိုတာ မဥ္ဇူရဲ့တစ်ဦးတည်းသော ဆွေမျိုးရင်းချာ၊ မေမေရဲ့အစ်မကြီးလေ။

''ဟုတ်ကဲ့ပါ ကြီးမေ၊ သမီးနာခံပါ့မယ်''

ကြီးမေ မျက်နှာမှာ ကျေနပ်စိတ်နှင့်ချက်ချင်း ဝင်းပကြည်လင်သွားသည်။

''ကောင်းပြီသမီး၊ အခု ဒီနေ့တို့တွေ ဘာလုပ်ကြမယ်ဆိုတာ ပြောမယ်၊ ခဏကြာရင် သမီးနဲ့ကြီးမေ ဈေးသွားကြမယ်၊ သမီးအတွက် အဝတ်အစားတွေ ဝယ်ပေးချင်လို့ပဲ၊ မဥ္ဇူသက ဆိုတဲ့ မိန်းမပျိုလေးရဲ့ အဝတ်အစားတွေက အညွန့်အဖူးတွေချည်းပဲ ဖြစ်ရမယ်၊ ပုံဆန်းဒီဇိုင်းဆန်းလေးတွေကို ဈေးကြီးကြီးပေးချုပ်ခိုင်းမယ်၊ သမီးဝတ်ဆင်လိုက်တာနဲ့ ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိပြီး ဆွဲဆောင်မှုအပြည့်ဖြစ်ရမယ်''

''ကျေးဇူးတင်လိုက်တာ ကြီးမေရယ်၊ မီး အရမ်းဝတ်ကြည့်ချင်လိုက်တာ''





''နေဦး ကြီးမေ ပြောစရာတွေရှိသေးတယ်၊ မင်းရွှေဘိုမှာ ဆယ့်နှစ်နှစ်သွားနေခဲ့တဲ့ ကာလမှာ ကြီးမေနဲ့သမီး ခဏတဖြုတ်ပဲ တွေ့ကြရတယ်၊ မင်းရဲ့ကလေးဘဝနဲ့မင်းရဲ့မိသားစုရာဇဝင်ကို ဘယ်လောက်သိ၊ ဘယ်လောက်မှတ်မိတယ်ဆိုတာ ကြီးမေ မသိဘူး''

ခင်မကြီး စကားစကိုရပ်ပြီး မဥ္ဇူမျက်နှာလေးကို အကဲခတ်သလို ကြည့်သည်။ မဥ္ဇူလေးက ငေးငေးရီရီလေး ငေးလို့နားစွင့်နေသည်။ သည်တော့မှ ခင်မကြီးဆက်ပြောသည်။

''မင်း အဘိုးက ဦးဖေသွင်တဲ့၊ ဂုဏ်သရေရှိလူကြီး လူကောင်းတစ်ဦးပဲ၊ တို့က သူ့ရဲ့သမီးအကြီးဆုံးဆိုပါတော့၊ ဒါပေမဲ့ မိဘတွေက မကြည်ဖြူတော့ တို့မေမေနဲ့ကွဲခဲ့ကြတယ်၊ မိဘတွေ သဘောတူတဲ့ မင်းအဘွားကို ဦးဖေသွင် လက်ထပ်ခဲ့တယ်၊ ဒါပေမဲ့ မင်းမေမေ သုံးနှစ်သမီးမှာပဲ မိခင်ဖြစ်သူဆုံးပါးသွားတယ်၊ လူမမယ် မင်းမေမေဟာ မင်းအဘိုးရဲ့ မိသားစု အသိုင်းအဝိုင်းထဲမှာ နေထိုင်ခဲ့ရတယ်၊ ဒါပေမဲ့ ဦးဖေသွင်ရဲ့အမေတစ်ယောက်ပဲ မင်းမေမေကို ချစ်ခင်တာလေ၊ သူ ဆုံးပါးတော့ ကျန်တဲ့ဆွေမျိုးတွေက ဂရုမစိုက်ဘူး၊ နှိပ်စက်ညှင်းပန်းတယ်၊ ဒါကို အိမ်ပြန်လာတဲ့ မင်းဘိုးဘိုးတွေ့သွားတော့ မင်း မေမေကို တို့ရှိရာ အင်းကတော်ကို ခေါ်လာပြီးလာအပ်နှံတယ်၊ မင်းအဘိုးကို သံယောဇဉ်ကြီးတဲ့ တို့မေမေက မဆိုင်းမတွလက်ခံခဲ့တယ်၊ မင်းအဘိုးက ပိုက်ဆံချမ်းသာပါဘူး၊ အသုံးအစွဲကလည်း လက်ဖွာတယ်၊ ဒါကြောင့် ဘာမှ ထောက်အောင် မထောက်ပံ့နိုင်တာ အမှန်ပဲ၊ တို့ အမေဆုံးတော့ မင်းကို တို့တစ်ယောက်တည်းပြုစုပျိုးထောင်ခဲ့ရတယ်၊ ပြီးခဲ့တဲ့ ဆယ့်နှစ်နှစ်အတွင်းမှာ မင်းရဲ့စားစရိတ် ကျောင်းစရိတ်၊ ဘုရှင်စရိတ် အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစားဖိုး အားလုံး တို့ပဲထောက်ပံ့ခဲ့တာ''

ခင်မကြီးအသံတွေက တည် တည်ငြိမ်ငြိမ်နှင့် အားလုံးကို အသိပေးပြောပြသွားသလိုပါပဲ။ ဘာပဲဖြစ်ဖြစ် ကြီးမေရဲ့စေတနာနှင့် ကျေးဇူးကိုသိနားလည်စွာ မဠူ ရင်ထဲမှာ အမြဲရှိခဲ့တာမို့

''ကျေးဇူးတင်ပါတယ် ကြီးမေ''

''တို့ ကျေးဇူးတင် မခံချင်ပါဘူး၊ မင်း ဘဝ၊ မင်းအခြေအနေကို သိရအောင်သာ ပြောပြတာပါ၊ မင်းအမေရဲ့ဆွေမျိုးသားချင်းတွေကလည်း သူတို့ဆီက မင်းအမေကို ခေါ်သွားပြီးကတည်းက မစုံစမ်းကြဘူး၊ မင်းအဘိုးက အဆက်အသွယ်မလုပ်တော့ မင်းရှိတာကိုတောင် သူတို့ သိကြပုံမရဘူး၊ ဒါကြောင့် တို့ဟာ မင်းရဲ့တစ်ဦးတည်းသော ဆွေမျိုးသားချင်း မင်းအဒေါ်၊ မင်းရဲ့မိသားစုပဲ မဠူလေး''

''ဟုတ်ပါတယ် ကြီးမေ''

အလိုက်သင့်ပြောလိုက်ရပေမယ့် မဠူ စိတ်ထဲမှာ တစ်မျိုးတော့ ဖြစ်ရသည်။ ဘယ်လိုပါလိမ့်။ ကြီးမေ စကားပြောပုံက ရန်လိုသလို ကြီးပါလား။

''ကဲ ဒီလောက်ဆို တို့ တစ်ယောက်နဲ့တစ်ယောက် နားလည်လောက်ပြီ၊ ကြီးမေ သမီးကို ပြောစရာတစ်ခုပဲ ကျန်တော့တယ်၊ ကြီးမေ အိမ်ထောင်ကျဖူးတယ်၊ ကြီးမေ ခင်ပွန်းက အစိုးရရုံးက အရာရှိကြီး တစ်ယောက်ပဲ၊ ခုတော့ သူဆုံးသွားတာ ငါးနှစ်လောက်ရှိပြီ၊ အခု ကြီးမေ တို့သွားမယ့် နေရာရောက်ရင် ခင်မကြီးဆိုတဲ့ နာမည်ကို သမီးလုံးဝ မေ့လိုက်တော့၊ ကြီးမေ နာမည်က ဒေါ်ခင်သူဇာပဲ ဖြစ်ရမယ်''

''မီးတို့က သွားမယ်ဟုတ်လား၊ ဘယ်ကိုသွားကြမှာလဲဟင်''





''နောက်တော့ ပြောမယ်လေ၊ ဒီခရီးကိုသွားဖို့ ကြီးမေ နှစ်ပေါင်းများစွာ ကြံစည်လာရတာ''

''မီးနဲ့အတူ သွားဖို့ကြံစည်လာတာ ဟုတ်လား ကြီးမေ''

''ဟုတ်တယ် မဠူလေးနဲ့အတူ သွားဖို့ ကဲ ဒီအကြောင်းတွေ ခဏရပ်ထားဦး၊ အသင့်ဖြစ်မှ ကြီးမေ ပြောမယ်၊ ဒါပေမဲ့ သမီးတစ်ခုတော့ မှတ်ထား၊ မင်းကိစ္စ တို့ကိစ္စ အဲဒီ လျှို့ဝှက်ချက်တွေကို ဘယ်သူနဲ့မှ မဆွေးနွေးရဘူး၊ တို့အကြောင်းတွေကို လူတွေ ဘယ်သူမေးမေး မင်းဘာမှမပြောရဘူး၊ မဠူ''

''လူတွေက မီးဘယ်သူလဲလို့ မေးရင် ဘယ်လိုဖြေရမလဲဟင်၊ မီးရော နာမည်ပြောင်းရဦးမှာလား''

''မလိုဘူး သမီးနာမည်က မဠူသာ ပဲဖြစ်ရမယ်၊ ဒါပေမဲ့ သမီးအဘိုးက ဦးဖေသွင်ဆိုတာ ဘယ်သူမှမပြောရဘူး၊ ကြီးမေ နာမည်က ဒေါ်ခင်သူဇာ ဟုတ်ပြီနော်၊ လူတွေက စူးစမ်းချင်ကြမှာပဲ၊ ကြီးမေကလည်း ဒါကိုပဲ မျှော်လင့်ထားတာ''

''ကြီးမေရယ် မီး နားမလည်တော့ဘူး''

''နားလည်ဖို့ အရေးမကြီးဘူး၊ အရေးကြီးဆုံးက မင်း တို့စကားကို နာခံဖို့ပဲ မဠူ၊ မင်းကို ထပ်ပြောချင်တာက တို့ကိုယုံဖို့ပဲ၊ တို့အတွက် ဘာလုပ်ရမလဲ တို့သိသလို မင်းအတွက် အကောင်းဆုံးကိုလည်း တို့သိတယ်၊ ရှင်းတယ်နော်''

မဠူ အူလည်လည်လေးနှင့် ခေါင်းညိတ်ပြရသည်။

''ဒါဖြင့် တို့ဆွေးနွေးပွဲပြီးပြီ၊ မင်းနဲ့တို့ ခရီးအတူ သွားကြမယ်၊ အဲဒီအတွက် ခရီးသွားတယ်ဆိုတာကတော့ အနိုက်အတန့်မှာ တို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



…ဘတ်ချက်ပဲ ကဲ ကော်ဖီနဲ့မုန့် စားလိုက်ဦး သမီး၊ ပြီးရင် ဈေးဝယ် ထွက်ကြမယ်''

မညို ဘာမှထပ်မမေးဝံ့ပါ။ မေးချင်တာတွေက အများကြီး။ အဲဒီမေ့ ကြီးမေ ကိုကြောက်နေသည်။ ကြီးမေရဲ့စကားတွေက အမိန့်သံ ဆန်ပြီး ပြင်းထန်သည်။ ဒီစကားတွေ ပြောနေတုန်းက ကြီးမေ မျက်နှာက ကြောက်စရာကောင်းသော အရိပ်တွေ ထင်ရှားနေသည်။

ပေါင်မုန့်တစ်ချပ်နှင့်ကော်ဖီကို သောက်ပြီး မညို လက်စသတ် လိုက်သည်။

''အဝတ်အစားလဲချေတော့ သမီး။ ခဏနေရင် ဈေးဝယ်ထွက် ကြမယ်''

ခေါင်းကလေး ညိတ်ပြပြီး ကော်ဖီဇွန်းကို သူက ကြီးမေရှေ့က ထွက်ခဲ့သည်။

ညေ့်ခန်းတံခါးဝရောက်မှ နောက်ကိုပြန်လှည့်ကြည့်တော့ မညို ကို ခြေဆုံးခေါင်းဖျား အကဲခတ်နေတဲ့ ကြီးမေ မျက်ဝန်းတွေနှင့် ရင်ဆိုင် တိုးသည်။

မညို ရှက်စနိုးဟန်ကလေးနဲ့ပြုံးပြတော့ ကြီးမေ ခေါင်းကလေး ညိတ်ပြီး နူးနူးညံ့ညံ့ပြုံးသည်။

ကြည့်စမ်းပါဦး၊ ပြုံးပြီး ခေါင်းကလေး စောင်းငဲ့ကြည့်ပုံက ခင်မငယ်နဲ့တူလိုက်တာ။ တူလွန်းလို့ ခင်မကြီး နှုတ်က လွှတ်ခနဲ ယောင် အော်မိတော့မလို့။

လိုက်ကာစလေးလွင့်ခါကျန်ရစ်ခဲ့တော့မှ ခင်မကြီး ပင့်သက်ရှိုက် ရှင်း နှုတ်က တိုးတိုးလေး ရေရွတ်မိသည်။



## အခန်း (၃)

ချစ်စရာကောင်းတဲ့ ခင်မငယ်ရဲ့ အပြုံးလေးတွေကို မနေ့ တစ်နေ့ကလိုပဲ ခင်မကြီး မြင်ယောင်နေမိသည်။

သိပ်ချစ်စရာကောင်းတဲ့ ညီမလေး။ သူ့လည်ပင်းကို ယုက်သိုင်း ထွေးဖက်တတ်တဲ့ လက်နုနုအိအိကလေးတွေကိုလည်း သတိရ မြင်ယောင် သာမိ၏။

သူတို့သားအမိဆီကို ဖေဖေခေါ်လာတဲ့ ရှစ်နှစ်သမီးအရွယ် ခင်မငယ်လေးကို အာရုံထဲမှာ အရိပ်ထင်လာသည်။

ပိန်လိုလို ခန္ဓာကိုယ်ပါးလျပ်လျပ်လေးနဲ့ ကြောက်ရွံ့စိုးထိတ် နေတဲ့ ကလေးမလေး။ မျက်ရည်တွေ ရွှဲနေတဲ့ မျက်ဝန်းလေးအစုံက တောက်ပလို့။ ပြည့်ပြည့်နီစွေး နှုတ်ခမ်းကလေးတွေက စကားမာမာ ကြားရက် ပြောလိုက်တာနဲ့ တုန်တုန်ယင်ယင်နဲ့ မဲ့သွားဖို့ ဟန်ပြင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သနားစရာကောင်းပြီး ချစ်စရာကောင်းလှတဲ့ ဒီကောင်မလေးကို နှိုင်းပြီး ဖေဖေရောက်လာတော့ ခင်မကြီး ယာတောထဲက ခြံထဲမှာ ကြက်တွေကို အစာကျွေးနေခဲ့ချိန်လေ။

ခြံဝင်းတံခါးမကြီးက လှမ်းဝင်လာတဲ့ ဖေဖေ့ကို ခင်မကြီး ငေးကြည့်အံ့သြနေတုန်းမှာ ဖေဖေ အနားကိုရောက်နေပြီ။

အဲဒီတုန်းက ခင်မကြီး အသက်က တစ်ဆယ့်ရှစ်နှစ်၊ အပျို ဖော်ဝင်စအရွယ်၊ ဖေဖေရဲ့မျက်နှာကို တစ်ကြိမ်မြင်တွေ့ဖို့ဆိုတာ အိပ်မက် ဆန်လွန်းမှန်း ခင်မကြီး သိနေသည်။ သူမငယ်စဉ်တုန်းကတော့ ဖေဖေ မကြာခဏ အမေ့ဆီ ရောက်လာတတ်ပေမယ့် နောက်ပိုင်းမှာ အလာကျဲ သွားခဲ့သည်။

ဖေဖေမှာ နှောင်တွယ်စရာ နောက်ထပ်မိသားစု ရှိနေပြီဟု အရွယ်လေးရလာတော့ ခင်မကြီး သိလာသည်။

"သမီးကြီး နေကောင်းလား"

ဖေဖေ ဦးဖေသွင်က ခင်မကြီး ခေါင်းကိုကိုင်ပြီး နှုတ်ဆက်ပြုံးပြ တော့ ခေါင်းကလေးညိတ်ပြမိသည်။ ဖေဖေဆိုတာ စိတ်က သိနေပေမယ့် အနေစိမ်းတဲ့ ဖေဖေကို ခင်မကြီး ရှုံ့တွန့်တွန့် ဖြစ်နေတတ်စမြဲ။

ဖေဖေရဲ့ လည်ပင်းကို ဖက်တွယ်ပြီး မျက်နှာကလေး ဝှက်ထား တဲ့ ကောင်မလေးကို ခင်မကြီး မော့ကြည့်မိသည်။ ကွေးကွေးကောက် ကောက် ဆံပင်နက်နက်ကလေးတွေကိုပဲ မြင်ရသည်။

"သမီး အမေရော"

"အိမ်ထဲမှာပါ"

ခင်မကြီး ဖြေတော့ ဖေဖေ တစ်ချက်ပြုံးပြီး ပျဉ်ထောင်အိမ်





ကလေးထဲကို ဝင်သွားသည်။ ခင်မကြီး ခြေလှမ်းတွေကလည်း ဖေဖေ အနောက်က လိုက်ခဲ့မိသည်။

အိမ်ရှေ့ခန်းမှာ မေမေ့ကို မတွေ့တာမို့ နောက်ဖေး မီးဖိုခန်း ထဲအထိ ဖေဖေ တောက်လျှောက်ဝင်သွားသည်။ အမေက ညနေစာ ချက်ပြုတ်နေလို့ ဟင်းနံ့ကမွှေးပျံ့နေသည်။

ခြေသံတွေကြားလို့ ထင်သည်။ မီးဖိုရှေ့မှာထိုင်ပြီး ချက်ပြုတ် နေသည့် အမေ မော့ကြည့်လာ၏။

အမေ့မျက်ဝန်းတွေက အံ့သြမင်သက်မှုရောင်စဉ်တွေ ဖြာလဲ့ သွားခဲ့သည်။ မီးရောင်ဟပ်လို့ ပန်းရောင်စိုနေတဲ့ မျက်နှာနဲ့ ညိုမှောင် မှောင် ဆံပင်တွေက မသေမသပ်ပါဘဲ။

"ကို ကိုသွင်"

ဖျတ်ခနဲ ထရပ်ပြီး ဖေဖေ့ကို ခေါ်လိုက်တဲ့ မေမေ့အသံကတော့ ကလေးငယ်တစ်ဦးရဲ့အသံလို ရွှင်ရွှင်မြူးမြူးနဲ့ ဝမ်းသာရိပ်ကို မဖုံးဖိနိုင် ခဲ့တာ အထင်အရှား။

"ဟုတ်တယ် မကြည်၊ အခုမှပေါ်လာလို့ အံ့သြသွားသလား ကြည်"

"ကိုသွင် မလာတာ လေးနှစ်ကျော်ပြီနော်၊ ကိုသွင် ရောက်လာ ဦးမယ်လို့ ကျွန်မ စိတ်က သိနေပါတယ်၊ ကိုသွင်ရယ်"

"မင်းထင်တာ မှန်တာပေါ့၊ အခု ကိုယ့်သမီးလေးပါ ခေါ်လာ တယ်"

ဖေဖေက သူချီပိုးထားတဲ့ ခင်မငယ်ကို ခွေးခြေလေးပေါ် အသာ ထိုင်စေ၏။ ဒါပေမဲ့ ကလေးငယ်က မပီမသ ရေရွတ်သံနဲ့ ဖေဖေ့ရင်ခွင်



www.burmeseclassic.com

www.burmeseclassic.com



ထဲ အတင်းပြန်တိုးဝင်သည်။

"ဒါ ကိုယ့်သမီး ခင်မငယ်ပါ မကြည်"

"အရင်တစ်ခေါက် ရှင်လာတုန်းက သူ့အကြောင်း ပြောပြတာ ကျွန်မ မှတ်မိပါတယ် ကိုသွင်၊ ရှင့်ဇနီးမရှိတော့ ကလေးကို ရှင့်မိဘတွေက စောင့်ရှောက်ထားတယ်ဆိုတာ"

"ဟုတ်တယ် မကြည်၊ ဒါပေမဲ့ မေမေတစ်ယောက်ပဲ သူလေးကို ချစ်တာ၊ အခု မေမေဆုံးတော့ အားလုံးက သူ့ကို ဂရုမစိုက်ကြဘူးလေ၊ သူတို့နဲ့နေရတာကို ကလေးက မပျော်ဘူး၊ ကိုယ်ရောက်သွားမှ ဒါတွေကို သိခဲ့ရတာ၊ သူတို့က ဘာမှမပြောကြဘူးလေ၊ ကလေးကို မပြောဖို့အောင်လည်း ခြောက်လှန့်ကြိမ်းမောင်းထားကြတယ်၊ ကိုယ့်အိမ်ဖော် မိန်းမကြီးကို ချော့မော့မေးကြည့်မှ သိရတာ၊ ကလေးကို သူတို့ပစ်ထားပြီး နှိပ်စက်ကြတယ်လေ၊ ကိုယ်ဆိုတဲ့ကောင်ကလည်း ဘာမှအသုံးမကျတဲ့ အဖေလို့ ပြောကြတယ်တဲ့"

"သြော် ဖြစ်မှဖြစ်ရလေ ကိုသွင်ရယ်"

"ကိုယ်လည်း ဘယ်လောက်ဆိုးတယ်ဆိုတာ ပြခဲ့တယ်၊ သူတို့ကို စိတ်ကျေနပ်အောင် ပြောပစ်ပြီး တစ်အိမ်လုံးမှာရှိသမျှ ပစ္စည်းတွေကိုပါ ရိုက်ချိုးဖျက်ဆီးပစ်ခဲ့တယ်၊ အခု ကိုယ့်သမီးလေးကို မင်းဆီလာပို့တာ မကြည်၊ ကိုယ် ခရီးထွက်စရာတစ်ခုရှိတယ်၊ ရှမ်းပြည်နယ်ဘက်မှာ ကိုယ့်ရဲ့မိတ်ဆွေတွေနဲ့ ပန်းချီဆွဲကြမလို့၊ ဒီကလေးကို မင်းမွေးမလား မကြည်"

ဖေဖေ မမေးခင်ကတည်းက မေမေက လက်ခံခေါင်းညိတ်ပြီးသားဆိုတာ ခင်မကြီး သိနေသည်။





"ကျွန်မ မွေးမယ်ဆိုတာ ကိုသွင် သိသားနဲ့"

မေမေရဲ့မျက်စိ၊ နားတွေနဲ့ ဘဝတစ်ခုလုံးက ဖေဖေ့အတွက်ပဲဆိုတာ ဖေဖေ သိမှာပါ။ ဖေဖေရဲ့အင်အားက တစ်ခန်းလုံးကို ပြည့်လျှံနေတဲ့အထိ စွမ်းသည်။ အရပ်မြင့်မြင့်နဲ့ ယောက်ျားပီသ ချောမောခန့်ညားတဲ့ ဖေဖေ့ကို မေမေက အမြဲနားလည်စွာနဲ့ ရှိခဲ့သူပါ။

ပန်းချီကားတွေထဲမှာ အာရုံနှစ်ပြီး အားလုံးကိုမေ့ ဥပက္ခာပြုထားတတ်တဲ့ ဖေဖေကတော့ မြန်မာပြည် အနှံ့သွားနေတတ်တဲ့သူတစ်ယောက်။

ဝါသနာထဲမှာ စိတ်နှစ်ထားတဲ့ ဖေဖေ စိတ်လွတ်ကိုယ်လွတ်နားချင်ပြီဆိုတာနဲ့ မေမေရှိတဲ့ဆီကို အရောက်ပြန်လာတတ်သည်။ ဖေဖေခဲ့မျက်ဝန်းတွေက သံလိုက်ဓာတ်နဲ့ ဆွဲယူနိုင်သလို ဆွဲဆောင်နိုင်စွမ်းရှိသည်။

"မင်းကို ကိုယ်ယုံတယ် မကြည်၊ ဒီမှာလိုတာ သုံးဖို့ ကိုယ်စုမိတဲ့ အခါ ထပ်ပို့ပေးမယ်"

ငွေစက္ကူ တစ်ထပ်ကြီးကို ဖေဖေက မေမေ့လက်ထဲ အပ်နှံသည်။ တော်တော်တော့ များပုံရသည်။ နောက်ထပ် ဖေဖေဆီက ထပ်ရောက်လာဖို့ ဆိုတာတော့ မျှော်လင့်စရာမရှိမှန်း ခင်မကြီး သိပါသည်။ ပြီးခဲ့သော ဆယ်နှစ်ကျော်ကာလအတွင်း၊ မေမေ့ကို ဖေဖေပေးခဲ့သော ငွေဆိုတာ တိရစ္ဆာန်တစ်ကောင်ကိုတောင် အသက်မဆက်နိုင်ပါ။

ဒါပေမဲ့ မေမေကတော့ ဖေဖေဆီက ဘယ်အရာကိုမှ မျှော်လင့်ထားဘဲ မြတ်နိုးချစ်ခြင်းသက်သက်ဆိုတာ ခင်မကြီး နားလည်တတ်ခဲ့ပြီ။

"ကိုသွင် နေဦးမယ်မို့လား၊ ထမင်းလေးတော့ စားသွားပါဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"စားတော့ပါဘူးကွာ၊ ကိုယ့်မှာ စိစဉ်စရာတွေရှိနေတယ်၊ ခင်မယ်ကို မွေးစားတဲ့အတွက် မင်းကိုသိပ်ကျေးဇူးတင်တယ်၊ ကိုယ့်ဘဝမှာ မင်းရယ်၊ သမီးနှစ်ယောက်ရယ်ပဲ ရှိတယ်၊ ဟောဒီ သမီးကြီး ခင်မကြီးနဲ့ ဒီသမီးလေး ခင်မယ်ပေါ့"

တကယ့်ကို လှိုက်လှိုက်လှဲလှဲ အသံနဲ့ ဖေဖေပြောတော့ မေမေမျက်နှာက ကြည်နူးရိပ်တွေ ယှက်ဖြာလို့။

ဖေဖေက သူ့လည်ပင်းကို ဖက်ထားတဲ့ ကလေးငယ်ရဲ့လက်ကလေးတွေကို ဖြုတ်ပြီး နဖူးပြင်လေးကို နမ်းသည်။

ပြီးတော့ နံဘေးမှာရပ်နေတဲ့ ခင်မကြီး ပါးတစ်ဖက်ကို ညင်သာစွာဆွဲလိမ်သည်။

"တစ်ချိန်ချိန်မှာ ကိုယ်ချစ်တဲ့ မိသားစုလေးနဲ့အတူနေဖို့ ကိုယ်စဉ်းစားထားတယ် မကြည်"

"အဲဒီနေ့ကို ကျွန်မ မျှော်လင့်နေမှာပါ ကိုသွင်ရယ်"

ဖေဖေ့ရင်ခွင်ထဲက ခင်မယ်လေးကို လှမ်းပွေ့ချီပြီး မေမေပြောသည်။ ဖေဖေက မေမေ့မျက်နှာကို တစ်ချက်စိုက်ကြည့်ရင်း ပခုံးကို ပုတ်သည်။ ပြီးတော့ နွေးထွေးစွာပြုံးပြသည်။

"ကိုယ်သွားမယ် မကြည်"

အခန်းထဲမှ ဖေဖေ ချာခနဲ လှည့်ထွက်သွားသည်နှင့် ကလေးမလေးက ရှူးရှူးဝါးဝါး ထအော်ငိုတော့သည်။

"ဖေဖေ ဖေဖေ သမီးကို ခေါ်ပါ အီး ဟီး ဟီး"

"အို မငိုနဲ့လေ သမီးရဲ့ မေမေတို့အတူနေမှာလေ၊ ဟောဒီမှာ သမီး မမကြီးရှိတယ်"





မေမေကဲ ချော့မော့ပေမယ့် ကလေးငယ်က ရှန်းကန်အော်ဟစ်နေသည်။ သနားစရာကောင်းတဲ့ ကလေးငယ်လေးငိုသံက ခင်မကြီးရင်ထဲအထိ စူးရှစွာတိုးဝင်သွားခဲ့သည်။

ပိန်ပိန်ဖြူဖြူ ကလေးငယ်ကလေး မျက်နှာကို ခင်မကြီးငေးကြည့်မိ၏။ ဒါ ဖေဖေ့ရဲ့သမီးငယ်။ သူမရဲ့ ညီမလေး။ ခင်မကြီးရဲ့ညီမလေး ခင်မယ်တဲ့။

"ညီမလေး လာ လာ မမကြီးဆီလာနော်"

မေမေ့ရင်ခွင်ထဲက ကလေးငယ်ကို ခင်မကြီး ပွေ့ချီယူလိုက်သည်။ မေမေက အိမ်ပြတင်းတံခါးဝပြေးပြီး အပြင်ကို လှမ်းမျှော် ကြည့်၏။

ခင်မကြီးလည်း မေမေနောက်ကရပ်ကာ ဖေဖေ့ကိုလှမ်းကြည့်လိုက်မိသည်။ ခြံဝင်းတံခါးအပြင်ကိုရောက်နေပြီ ဖြစ်တဲ့ ဖေဖေကတော့ တစ်ချက်ပြန်လှည့်မကြည့်ဘဲ ခြေလှမ်းကျဲကြီးတွေ လျှောက်သွားနေဆဲ။

ဒါ ဖေဖေကို သူမတို့နောက်ဆုံးမြင်တွေ့ခဲ့ကြခြင်းဆိုတာ အဲဒီတုန်းက လုံးဝမသိခဲ့ကြတာ အမှန်။

"ဖေ ဖေဖေ သမီးကို မထားခဲ့ပါနဲ့၊ အဟင့် ဟင့် ဟင့်"

ရင်ခွင်ထဲကနေ မျည်ရည်စတွေနဲ့ရှိုက်ငိုနေဆဲ ခင်မယ်ကို ဘင်းတင်းဖက်ထားရင်း ခင်မကြီးချော့မော့လိုက်မိသည်။

"မငိုပါနဲ့ ညီမလေးရယ် နော်၊ ညီမလေးကို ခင်မကြီး စောင့်ရှောက်မှာပေါ့၊ ဂရုစိုက်မှာပေါ့ နော်"

ပြောခဲ့တုန်းက ရင်ထဲက စာနာစိတ်ကလေးနဲ့ လွယ်ကူစွာပဲ ပြောခဲ့မိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့ ခင်မငယ်အတွက် တာဝန်တွေက များပြားလှသည်။

ရှမ်းပြည်နယ်တက်မှာ ကားအက်စီးဒင့်ဖြစ်ကာ ဖေဖေ တိမ်းပါးသွားသည့် သတင်းက မေမေနှင့်ခင်မကြီးကို မျက်ရည်မဆည်နိုင်ခဲ့။ ဘာမှမသိရှာသော ညီမလေးကို ဒီအကြောင်းကို မပြောရက်ခဲ့ကြ။

သနားစရာ ညီမလေးအတွက် ခင်မကြီး တာဝန်မှန်သမျှ ရယူခဲ့မိသည်။

အစာမစားတဲ့ ခင်မငယ်ကို မစားစားချင်အောင် ချော့မော့ကျွေးရသည်။ အမှောင်ကိုကြောက်တတ်တဲ့ ညီမလေး။ နွားတွေကြောက်လို့ ထွက်ပြေးတတ်တဲ့ ညီမလေး။ ရွာထဲက ကလေးတွေ ဝိုင်းစရင်အော်ငိုတတ်တဲ့ ညီမလေး။

ညီမလေးရှေ့မှာ မားမားရပ်ကာ ခင်မကြီးရင်ဆိုင်ခဲ့သည်။ မေမေ တိမ်းပါးတော့ တာဝန်အားလုံးသည် ခင်မကြီးခေါင်းပေါ်မှာ

ညီမလေးအတွက် ကျောင်းစရိတ်၊ စာအုပ်ဖိုး အဝတ်ဖိုးမုန့်ဖိုး ဆရာဝန်ခ၊ ဆေးဖိုးဝါးခ အားလုံးကို တာဝန်ယူပြီး အချစ်ပုံခဲ့ရသော အတိတ်သည် ။

"ကြီးမေ"

မဇ္ဈူလေးခေါ်သံကြောင့် မျောလွင့်သွားသော စိတ်တို့ပြန်ရစည်မိ၏။ သူမရှေ့မှာ ရပ်နေသော မဇ္ဈူ အသွင်က လှပလွန်းသော နတ်သမီးလေးတစ်ပါး ကြွဆင်းလာသလိုရှိသည်။

"မီး ရေချိုးပြင်ဆင်ပြီးပြီ ကြီးမေ၊ ဈေးသွားကြမယ်ဆို"

"အေး အေး သမီး အခန်းထဲက ခဏစောင့်ဦး။ ခဏနေရင်





ကြီးမေ သစ်သစ်နဲ့ခေါ်နိုင်းလိုက်မယ်"

"ဟုတ် ကြီးမေ"

လက်ရာမြောက် ပန်းပုရုပ်ကလေး သက်ဝင်လှုပ်ရှားသွားသလို မဇ္ဈူလေး လှည့်ထွက်သွားခဲ့သည်။ အချိုးအစား ပြေပြစ်လှပမှုတွေက ညီမလေး ခင်မငယ် အလှသွေးကြွယ်စဉ်က အတိုင်းပါပဲလား။

လပြည့်ဝန်းပလာဇာကို ရောက်သည်။ ယုဇန ပလာဇာကိုလည်း လျှောက်မွှေသည်။

အင်္ကျီ၊ စကတ်၊ စတိုင်ပန်၊ ညအိပ်ဝတ်စုံ၊ ကုတ်အင်္ကျီ၊ မဇ္ဈူလေးခန္ဓာကိုယ်မှာ ဆင်ယင်လိုက်သမျှ ရင်သပ်ရှုမောလောက်သည်။

"ဟို အိုင်တိုကင် ( Itokin) ဘလောက်စ် နီပြာရောင်လေးမြင်ပါဦး"

ကြီးမေက စိတ်တိုင်းကျ ရွေးချယ်သည်။

ဂျီကျူ (GQ)၊ Levis' (လီဗိုက်စ်)၊ Guess (ဂတ်စ်)၊ ElIE (အဲလ်)အမျိုးအစား စုံလင်သည်။ တန်ဖိုးဘယ်လောက်ကြီးကြီး ကြီးမေ သက်မတွန့် ငွေထုတ်ရှင်းသည်။

"ဟော ဟို ဘော်ဆီနီ (bossini) ဆွယ်တာလေးတော့ သမီးအတွက်လိုလိမ့်မယ်"

"ကြီးမေရယ် အားလုံး ဒီအရောင်တွေချည်းပဲလား"

"ဟုတ်တယ် မင်းဝတ်သမျှ အဝတ်အစားတွေအားလုံး နီပြာရောင်ချည်းပဲဖြစ်ရမယ်၊ အပြာရောင်လေနှောတယ်ဆိုရင် မီးခိုးရောင်ပေါ့"

ကြီးမေက ယတိပြတ်အမိန့်ပေးသည်။ အရောင်အားလုံး နီပြာရောင်နှင့်မီးခိုးရောင်ကလွဲလို့ ဘာအရောင်မှ မဇ္ဈူကို ရွေးချယ်ခွင့်မပြု



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါ။

ကြိုက်တဲ့ဝတ်စုံ၊ ကြိုက်တဲ့ဒီဖိုင်းယူ နိုပြာရောင်ပဲ ဖြစ်ရမယ် တဲ့။ မညို ငိုမဲ့မဲ့လေးတောင် ဖြစ်ရ၏။ သစ်သစ်ကလည်း ဘာတစ်ခုမှ ဝင်မစွက်ဖက်ရဲဘဲ နှုတ်ဆိတ်လို့နေရှာသည်။

အဝတ်အစားတွေပြည့်စုံတော့ ဖိနပ်နှင့်လက်ကိုင်အိတ်တွေ ဘက်လှည့်သည်။

Skechers (စကက်ချာ) ခြေညှပ်ဖိနပ်လည်း နိုပြာရောင် Heatwave ဟိ(တ်)ဝေ့(ဗ်) လေဒီရှူးဖိနပ်ကလည်း နိုပြာရောင်၊ Guc (ဂူချီ) ဒေါက်ဖိနပ်ကလည်း ဒီအရောင်ပဲဖြစ်သည်။

ကြီးမေရဲ့စိတ်ကူးတွေကို မညို နားမလည်နိုင်ပါ။ ခွန်းတုံ့ပြန်ခွ မရှိတော့လည်း မျက်နှာလေးညိုလို့ နှုတ်ဆိတ်နေလိုက်ရသည်။

ကြီးမေရဲ့စေတနာကိုတော့ မညို မျက်လုံးလေး ဝိုင်းစက်အော အံ့ဩခဲ့ရတာတော့ အမှန်။

နာရီဆိုရင်လည်း Rolex (ရိုးလက်(ခ်))၊ ရေမွှေး မိတ်က ကအစ လိုလေသေးမရှိ ဂရုစိုက်ဝယ်သည်။ Revlon (ရက်(ဗ်)လွ Lacoste (လာကို့(စ်)တီ) တန်ဖိုးကြီးကြီးတွေ ချည်းပါပဲ။

ဈေးဝယ်ပြီး ပြန်တော့ မညိုနှင့်သစ်သစ်တို့ ချွေးကလေးစို ဟိုက်နေကြပြီ။

ကြီးမေမှာတော့ မောပုံတောင်မရဘဲ ကြည်ကြည်နူးနူးလေ ပြုံးနေသည်။ ကြီးမေရဲ့အပြုံးတွေနောက်မှာ ဘယ်လိုလျှို့ဝှက်ချက်ေ ရှိနေသည်လဲ။ မညို သိချင်လိုက်တာ။

■ ■ ■



## အခန်း (၄)

ဘုန်းသက်မှူး ညှော်ခန်းကိုဖြတ်ကျော်ပြီး ခြံထဲကိုဆင်းခဲ့သည်။

လေအေးအေးလေးက သူ့မျက်နှာကို နှုတ်ဆက်သလို စိမ့်ခနဲ ဝေ့တိုက်လာ၏။ ဘုန်းသက်မှူး ခေါင်းကိုမော့ကာ အားပါးတရ ရှူသွင်း ပစ်လိုက်သည်။

အေးစိမ့်နေတဲ့လေက သူ့ခန္ဓာကိုယ်ထဲ တိုးဝင်သွားတာ အရသာ ရှိလိုက်တာ။ အေးမြတဲ့ လေထဲမှာ သင်းပျံ့ပျံ့ပါလာတဲ့ ပန်းရနံ့လေးက တောင် မွှေးလို့နေသည်။

ခေါင်းကိုမော့ပြီး ကောင်းကင်ကြီးကို သူမော့ကြည့်လိုက်မိသည်။ မြူခိုးတွေခပ်ပါးပါးအုပ်ထားတဲ့ ကောင်းကင်ပြာကြီးက ဇာပဝါလေးခြား ဆားသလိုပါပဲ။

ရန်ကုန်မှာ ဘယ်လိုမှ ခံစားလို့မရနိုင်တဲ့ အရသာကို



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြီးမှာပဲ ရှိနိုင်သည်။

သူ့စိတ်ကို လန်းဆန်းကြည်လင်စေတာ မှန်ပေမယ့် ဒီတစ်ခေါက်လာနေရတာ စိတ်ထဲမှာ တစ်မျိုးဖြစ်နေသည်။

ခြံဝကနေ ဆင်ဝင်အောက်အထိ ဖောက်ထားတဲ့ ကွန်ကရစ်လမ်းကလေးအလယ်လောက်မှာ သူ ရပ်လိုက်မိပြန်၏။ ပြီးမှ နောက်ကို လှည့်ကာ သူ့စိတ်တိုင်းကျ ဒီဇိုင်းဖြင့်ဆောက်ထားသော နှစ်ထပ်တိုက်ကြီးကို မော့ကြည့်မိသည်။

အပြာနုရောင် ဆေးသားလွင်လွင်နှင့် လှပသော တိုက်ကြီးပါပဲ။ ဝရန်တာလေးကလည်း တောင်ကြီးမြို့ရဲ့ရှုခင်းအလှတွေကို ခံစားနိုင်စွမ်းသည်။ ခြံဝင်းကျယ်ကြီးထဲမှာ ရောင်စုံသွေးစုံ ပန်းပင်တွေအပြင် သီးပင်စားပင်တချို့ပါရှိနေသည်။

သူ့စိတ်တိုင်းကျ မွမ်းမံထားသော မောရဝတီရိပ်မြုံ ခြံဝင်းကြီးကို ငေးမောနေရင်း အာရုံထဲမှာ တိုးဝင်လာတာ ရန်ကုန်က 'သက်မှုံးရွှေစင်'' စံအိမ်ကြီးကိုဖြစ်နေသည်။

ထူးဆန်းလိုက်တာ။ သူရောက်နေတာ တောင်ကြီးက သူ့ရဲ့ ဘုန်းရိပ်ငြိမ်စံအိမ်ပေမယ့် မြင်နေသော ရွှေတောင်ကြားလမ်းက သက်မှုံးရွှေစင်။

မြင်တာမှ ပိပိပြင်ပြင် စိမ်းစိမ်းစိုစိုနဲ့ ရောင်စုံယှက်သမ်းနေတဲ့ ခြံကြီးပါ။ မီးခိုးရောင်နှစ်ထပ်တိုက်ကြီးက စိန်ကျောက်အလား တင့်တယ်တောက်ပနေတာ။ ခြံဝင်းထဲက သဇင်၊ သစ်ခွ၊ နှင်းဆီ၊ စယယ် ပန်းပေါင်းစုံ ထုံသင်းတဲ့ ပန်းခင်းကျယ်ကြီးတွေကော၊ နှစ်ချို့သစ်ပင်ကြီးတွေရဲ့ အရိပ်အေးမြမြအောက်က ရေကူးကန်ကြီးပါ ပါသည်။

အားလုံးက ရင်သပ်ရှုမောလောက်အောင် ဂုဏ်ယူဝင့်ကြွားစရာ





ကောင်းသည်။ သက်မှုံးရွှေစင် စံအိမ်တော်။

ဘုန်းသက်မှုံး အာရုံမြင်ကွင်းထဲမှာ တောင်ကြီးမလာခင်အချိန်လေးက ဆုံခဲ့သော မာမီမျက်နှာကိုပါ ထင်းခနဲမြင်သည်။

"သား တောင်ကြီးကို သွားတော့မှာပေါ့"

မာမီ အသံကိုကြားရုံနဲ့ ဒီခရီးအတွက် မာမီ အလိုမကျသဘောမတူဘူးဆိုတာ သူ ချက်ချင်းသိသည်။

"ဟုတ်တယ် မာမီ၊ နွေရာသီဆို နေလို့သိပ်ကောင်းတာ၊ မာမီက ဘာလို့တောင်ကြီးတို့ ကလေးတို့ကို မသွားချင်တာလဲ၊ ကျန်းမာရေးအတွက် သိပ်ကောင်းတာ"

"ဟုတ်မှာပေါ့၊ ဒါပေမဲ့ မာမီမှာ ကုမ္ပဏီကိစ္စတွေ၊ စီးပွားရေးကိစ္စတွေနဲ့ ရန်ကုန်က ခွာလို့မရနိုင်တာ သားအသိပဲ"

မာမီစကား အဓိပ္ပါယ်ကို မှုံး သိပါသည်။ သည်ကိစ္စတွေကို ဥပက္ခာပြုထားတာ မာမီ မကြိုက်။

"သား တာဝန်တွေကို မာမိပဲ ခဏ တာဝန်ယူထားပေးလိုက်ပါ"

"မာမီ ယူချင်ပါတယ် သား၊ ဒါပေမဲ့ မာမီက မိန်းမသားလေ၊ အသက်ကလည်းရလာပြီ၊ သားက'သက်မှုံးရွှေစင်'ကုမ္ပဏီပိုင်ရှင်၊ သား ဘိုးစဉ်ဘောင်ဆက် နှစ်ပေါင်းတစ်ရာကျော် လုပ်ကိုင်ခဲ့တဲ့ ရေးအစစရဲ့ ဦးစီးနာယကဆိုတာ မမေ့နဲ့နော်"

မှုံး ညှော်ခန်းဆိုဖာ ထိုင်ခုံကြီးက ထကာ ပြတင်းဝနားကို ခဲ့သည်။ နှုတ်ဆိတ်လို့ ခြံဝင်းအပြင်ငေးနေပေမယ့် အနောက်က သံကိုတော့ နားစွင့်ထားမိဆဲ။



www.burmeseclassic.com

www.burmeseclassic.com



''ဟို မိန်းမရော သားနဲ့အတူတူ သွားမှာလား''

မှူး ပင့်သက်ရှိုက်ရင်း မာမီနဲ့ မျက်နှာချင်းဆိုင် ပြန်လှည့
ရင်ဆိုင်လိုက်သည်။

''မာမီ မေးတဲ့ ကေသရီ ဆိုတဲ့ မိန်းကလေးလည်း တောင်ကြ
ပြန်မှာပါ၊ သူ့အိမ်မှာပဲ သူရှိမှာပါ မာမီ''

''သားရယ် ဘာဖြစ်လို့ သူနဲ့အတူတူ သွားရတာလဲ၊ သား
သူ ဖျက်ဆီးနေတာ၊ လုံးဝဖျက်ဆီးနေတာကို သား မသိကျိုးနွံပြုနေတ
လား''

''ဘယ်ပုံ ဘယ်နည်းဖျက်ဆီးနေတာလဲ မာမီ၊ စီးပွားရေးအ
လား၊ ခန္ဓာကိုယ်အရလား၊ မာမီပြောချင်တာ သားသိပါတယ်၊ လူမှုရေ
အရပါ၊ ကေသရီ သားကို ဖျက်ဆီးနေတာလို့ မာမီ ဆိုလိုတာပါ''

မျက်ဝန်းတွေကို လက်ကိုင်ပဝါနဲ့ မာမီ တို့သုတ်သည်။ ဒီ
ကြောင်းတွေပြောတိုင်း မာမီ မျက်ရည်စို့စို့ ဖြစ်တာ သူစိတ်မချမ်းသာ
အလိုမကျဒေါသလည်း ဖြစ်မိသည်။

''မာမီ ကိုယ့်ကိုကိုယ် စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့၊ မာ
ပြောသလို သားဟာ 'သက်မှူးရွှေစင်'ကုမ္ပဏီပိုင်ရှင်၊ စီးပွားရေးအ
ကျိုကျိုတက်ချမ်းသာကြွယ်ဝတဲ့သူ၊ အဲဒါတွေကြောင့် သား လက်ထပ်
မယ့် မိန်းမဟာ ဘာကြီးပဲဖြစ်နေ ဖြစ်နေ လူတွေ ခွင့်လွှတ်ကြဖို့ အသ
ပါ မာမီရာ''

''ဘာ ဘာရယ် မှူး''

ဒေါ်မေမေသက် မျက်ဝန်းတွေ ထိတ်လန့်စွာ ပြူးလို့ တုန်
သွားခဲ့ကာ မှူးကို စူးစိုက်ကြည့်သည်။





''သား ဒီ ဒီမိန်းမကို လက်ထပ်ပြီး သက်မှူးရွှေစင် အိမ်ပေါ်
ခေါ်တင်လာမယ်လို့ ပြောနေတာ မဟုတ်ပါဘူးနော်''

''ဘာလို့ မဟုတ်ရမှာလဲ မာမီရဲ့၊ ကေသရီရဲ့ဒယ်ဒီကလည်း
ပွားရေးကုမ္ပဏီကြီးတစ်ခုရဲ့ အရေးပါပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ခဲ့တာ မာမီ
သွားသေးပါဘူးနော်''

''မာမီ မမေ့သေးပါဘူး သား၊ သူ့ဖခင်က အဆင့်အတန်း ရှိ
တယ်၊ လောကကြီးထဲမှာ မရှိတော့တဲ့အချိန်ထိ သူ့သတင်းက မွှေးပြီး
ချန်ရစ်ခဲ့သူပါ၊ ဒါပေမဲ့ သူ့သမီး ကေသရီကတော့ အဖေတူသမီး
တော့ဘူး၊ အိမ်ထောင်ပျက်တစ်ခုလပ်တစ်ယောက်၊ ယောကျ်ားတွေ
ည်လဲတွဲပြီး နာမည်ပျက်တွေရှိတာ သားသိရက်နဲ့၊ စဉ်းစားပါဦး
ယ်''

''သား စဉ်းစားပြီးပါပြီ မာမီ''

မာမီ မျက်နှာ တင်းခနဲဖြစ်သွားတာ မှူးမြင်သည်။ ငယ်ရွယ်စဉ်
တော့ မိန်းမချောတစ်ဦးမို့ ခုချိန်ထိ မာမီအလှတွေက ရင့်ကျက်စွာ
နေဆဲ။ မျက်ရည်စတွေနဲ့မျက်နှာတစ်ခုလုံး ဖြူလျော်နေပေမယ့် မာမီ
င်က တင့်တယ်နေသည်။

''ကောင်းပြီ မှူး၊ မင်းကလေးမှမဟုတ်တော့ဘဲ ကိုယ်ပိုင်
နိုင်တဲ့ အရွယ်ရောက်ပြီဆိုတာ မာမီ မငြင်းပါဘူး၊ ဒီမိန်းမကို
ထပ်ဖို့ ရွေးချယ်လိုက်ပြီဆိုရင် ဘယ်သူမှ သားဆုံးဖြတ်ချက်ကို
နိုင်ဘူးဆိုတာ မာမီ သိပါတယ်၊ ဒါပေမဲ့ မာမီ တစ်ခုတော့
ကယ် မှူး၊ မင်းသူ့ကိုလက်ထပ်ချင်ထပ်၊ မာမီကတော့ လက်မခံ
ဒါပဲ''



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းသက်မှူးရဲ့ မိခင်ပဲလေ။ ဆုံးဖြတ်ပြီးရင် မပြင်ဆင်တတ် ဘူးဆိုတာ မှူး သိတာပေါ့။ စကားအဆုံးမှာပဲ မာမီ ကျောခိုင်းကာ အခန်းထဲလှည့်ဝင်သွားခဲ့သည်။

မာမီကို သူ မညှာမတာ ပြောခဲ့မိတာကို ခုချိန်မှာ စိတ်မကောင်း ဖြစ်ရ၏။ အဲဒီအချိန်က ခါးသီးမှုတွေနှင့် မှူး စိတ်ဖိုနေခဲ့သည်။

ကေသရီက မာမီ သဘောတူကြည်ဖြူလိုသော မထုံတတ်သေး မိန်းကလေးများနှင့် လုံးဝမတူ ကွဲပြားသည်။ မှူးနှင့်ရင်းနှီးခင်မင်သော မိန်းကလေးတွေက မှူး အချစ်ကို တောင့်တကြသည်။ လိုက်လျော အောက်ကျို့သည်။ ကေသရီကတော့ ဒီလို မိန်းကလေးမဟုတ်ပါ။

ကေသရီ စိတ်က ခန့်မှန်းရခက်ခက်ပါပဲ။ တစ်ခါတစ်ရံမှာ နူးနူးညံ့ညံ့နှင့် မှူး သဘောကိုလိုက်လျောမယ့်ပုံ၊ နောက်တစ်ချိန်ဆိုတော့ ခပ်ဖယ်ဖယ်နှင့် အလေးမထားသလို ပြုချင်ပြုတတ်ပြန်သည်။

နေပုံထိုင်ပုံကအစ ခပ်မိုက်မိုက် ခပ်ရမ်းရမ်း။ လောကကြီးကို သိပ် ဂရုမစိုက်။ အရှုံးတိုက်ဖို့ ဝန်မလေးတတ်သူ။

ငါးနှစ်လောက် ပေါင်းသင်းလာသော လင်ယောက်ျားကို ကွာ ရှင်းပစ်သည်။ ခင်ပွန်းဖြစ်သူကလည်း ကေသရီ ဖြစ်ချင်တာကို အသာ တကြည် လက်ခံလိုက်လျောပေးခဲ့၏။

ယောက်ျားလေးတွေ အတော်များများက ကေသရီအတွက် ခေါင်းညိတ်ဖို့ အသင့်ဖြစ်နေတတ်တာလည်း ကေသရီရဲ့ကံကောင်း ထောက်မမှုလား မသိ။ ချောချောခန့်ခန့် ယဉ်ယဉ်ရွယ်ရွယ် ယောက်ျား တစ်ယောက်နဲ့ တွဲခုတ်ဖို့လည်း ကေသရီ မတွေဝေတတ်ပါ။

ဒီနေ့တွဲ နောက်နေ့ခွာပြဖို့လည်း ကေသရီတို့အတွက် ခက်





လွန်းသည့်ကိစ္စမဟုတ်။

ဒီလိုသတင်းတွေ ဝေနေသည့်ကြားကပဲ ကေသရီနှင့်ဆုံတော့ ဘုန်းသက်မှူး စွဲလန်းသွားခဲ့မိသည်။ တကယ်ဆို ဘုန်းသက်မှူးက မစဉ်း စားမဆင်ခြင်တတ်တဲ့ လူငယ်လေး မဟုတ်။

မာမီ ဆန္ဒကို ဆန့်ကျင်ပြီး ကေသရီကို လက်ထပ်လိုက်ရင် သူ့အနာဂတ်အတွက် ချမှတ်ထားတဲ့ စီမံကိန်းတွေ ပြောင်းလဲသွားမှာ သိသည်။

ကေသရီကို သူ့ဇနီးအဖြစ် သက်မှူးရွှေစင် စံအိမ်ကိုခေါ်လာဖို့ ဆိုတာ မဖြစ်နိုင်သော ကိစ္စဆိုတာ နားလည်ပြီးသားပါ။

ဒါတွေကြောင့်လည်း ကေသရီကို လက်ထပ်ယူဖို့ သူ တွေဝေ နေမိတာပဲထင်ရဲ့။ ကေသရီနှင့်ဆုံလိုက်ချိန်တွေမှာ ကေသရီကိုပိုင်ဆိုင်လို စိတ်တွေ ပြင်းပြပေမယ့်လည်း ကေသရီအကြောင်း မာမီ ပြောလာချိန် တွေမှာ သူ တွေဝေတွေဝေဖြစ်သွားရတတ်စမြဲ။

အခုလို အနားမှာ ကေသရီ မရှိချိန်တွေမှာ မှူး စိတ်အာရုံက သက်မှူးရွှေစင်ကိုပဲ ရောက်နေတတ်သည်။ တောင်ကြီးကိုလာမည့် ခရီး အတွက် ကေသရီနှင့်အတူ ခရီးစဉ်ကို စီစဉ်ထားပေမယ့် အချိန်ကပ်မှ ကေသရီက အကြောင်းပြကာ ဖျက်သည်။

''မှူးသွားနှင့်၊ မ နောက်တစ်ရက် နှစ်ရက်မှနောက်ကလိုက် ခဲ့မယ်။ ဒီမှာ ကိစ္စလေးတွေ မပြတ်သေးလို့''

စိတ်ထဲက မကျေမနပ်ဖြစ်ရပေမယ့် ကေသရီ သည်လိုကတိ ဖျက်တတ်တာက ထူးဆန်းသောကိစ္စမဟုတ်ပါ။ သည်လို အကျင့်စရိုက် ကြောင့်လည်း ကေသရီကို မာမီတင်မက သက်မှူးရွှေစင်ကို အား



www.burmeseclassic.com

www.burmeseclassic.com



ထား မှိုင်နေကြသည့် အလုပ်သမားတွေ၊ လူမှုရေးအသိုင်းအဝန်း အကုန် လုံးက သဘောမတူကြတာဖြစ်သည်။

တစ်သက်လုံး ဂုဏ်သရေရှိရှိ သိက္ခာအပြည့်နဲ့တင့်တယ်စွာ နေလာသည့် ဆွေမျိုးအားလုံးက မှူးကို ကေသရီနှင့် ခါးခါးသီးသီး ရှုံ့ခဲ့ကြ၏။

အားလုံးက ကန့်ကွက်လွန်းကြတာကို မှူး ဆန့်ကျင့်ချင်သည့် စိတ်ဖြင့် ကေသရီဘက်က ရပ်တည်ခေါင်းမာခဲ့သည်။ ဘုန်းသက်မှူး ဆိုသည့်ကောင်က ထင်ရာကို လုပ်တတ်တာကို မာမီလည်း သိနေသည်။

ဆယ်တန်းအောင်တော့ ငါးဘာသာဂုဏ်ထူးနဲ့ဆေးလိုင်းဝင် တော့ မာမီက သားကို ဆရာဝန်ဘွဲ့ကိုဂုဏ်ရှိရှိ ပိုင်ဆိုင်စေချင်သည်။ ဒါပေမဲ့ မှူးက ဆုံးဖြတ်ထားသည့်အတိုင်း စီးပွားရေးတက္ကသိုလ် တက်ကာ ဘွဲ့ယူသည်။ ပြီးတော့ သက်မှူးရွှေစင် ကုမ္ပဏီကို တိုးတက်အောင် ကြိုးစားဦးဆောင်ပြခဲ့သည်။

အဲသည်လို ထင်တာကိုလုပ်ပြီး မဖြစ်ဖြစ်အောင် လုပ်ပြတတ် သည့် ဘုန်းသက်မှူး ဆိုတဲ့ကောင်က အချစ်နဲ့ပတ်သက်ပြီး တွေဝေနေတာ တော့ ကိုယ့်ကိုကိုယ်သိပါသည်။

ခုပဲကြည့်။ ကေသရီနှင့်ပတ်သက်ပြီး သူ့စိတ်က မပြတ်သား တာ ဘာကြောင့်လဲ စဉ်းစားမရနိုင်ပါ။

တစိမ့်စိမ့်အေးလာသော ပတ်ဝန်းကျင်က လှုပ်နိုးလိုက်တာမို့ မှူး စိတ်တွေ ပစ္စုပ္ပန် ကာလထဲပြန်ရောက်လာရသည်။ ထင်းရှူးရနံ့နှင့် တောင်စွန်နံ့တို့သင်းထုံနေသော လေက ပိုလို့တောင်အေးလာသည်။

သည်အချိန်ဆို မာမီ ရန်ကုန်မှာ အလုပ်တွေနှင့် ရှုပ်ထွေးနေမှာ





သွားမိတော့ မာမီကို သနားမိပြန်သည်။ မာမီကို တစ်ယောက်တည်း ခံထားခဲ့မိတာ မှားပြီလား။

ပင့်သက်မောကို ရှိုက်ရင်း ခေါင်းကိုခါရမ်းမိပြန်သည်။

သည်အချိန်မျိုးမှာ ကေသရီနှင့်သူမရဲ့ချိုမြိန်လှတဲ့ နှုတ်ခမ်းလေး တွေကအကြောင်းတွေးရမယ့်အစား ဘာကြောင့် သက်မှူးရွှေစင်ကို စိတ် ရောက်နေမိပြန်ပါလိမ့်။

သူ့ကိုယ်သူ မကျေမနပ် ခေါင်းခါမိရင်း အိမ်ဘက်ဆီ ခြေဦး လှည့်မိသည်။

ကေသရီရဲ့ဖုန်းကိုပဲ မျှော်လင့်ရင်း အချိန်တွေကုန်ဆုံးရတာ စိတ်ပျက်စရာ။ မ ရယ် တစ်ခါတလေ မင်းကိုအရမ်း စိတ်ကုန်တယ်။ ဒါပေမဲ့ မင်းရဲ့ညှို့အားတွေထဲက ကိုယ်ရုန်းမထွက်နိုင်တာလည်း သေချာ တော့။

မ ရယ်။ ကိုယ်ဆိုတဲ့ ကောင်က အသုံးမကျဖြစ်နေပြီလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

စိမ်းညို့နေသော တောတန်းနဲ့ ထင်းရှူးပင်တန်းကို ငေးရင်း ဘုန်းသက်မှူးရပ်နေမိတာ အတန်ကြာသည်။

မနက်ဝေလီဝေလင်းမှာ တောင်ကြီးရဲ့လှပသော ရှုခင်းနဲ့အေးမြသန့်ရှင်းသော လေကိုရှူရှိုက်ရတာ တကယ့်ကို နှစ်ခြိုက်စရာကောင်းသော အရသာတစ်ခုပါပဲ။ စိမ့်ကဲလာသော အအေးဒဏ်ကို ဝတ်ထားသည့် ဂျာကင်အိတ်ကပ်ထဲ လက်နှိုက်ပြီး သူ ကာကွယ်လိုက်သည်။

ပြီးမှ ခြေလှမ်းတွေကို လာလမ်းအတိုင်း ပြန်လှည့်ဖို့ နောက်ကို ဦးအလှည့်

''အိုး အမေ့''

ရိပ်ခနဲမြင်လိုက်ရတဲ့ အရိပ်တစ်ခုနှင့် အလန့်တကြား အော်သံက မိန်းမပျိုတစ်ဦးဟု သိလိုက်တာမို့ ယိုင်ယိမ်းသွားတဲ့ သူမကို လဲမကျ





သွားအောင် မှူး ထိန်းကိုင်ပေးထားလိုက်ရသည်။

''ဘာဖြစ်လို့ အလောတကြီးနိုင်ရတာလဲ''

အပြစ်တင်သံနဲ့ဆိုလိုက်တာကို သူမ ချက်ချင်း ပြန်မတုံ့ပြန်နိုင်။ ပြေးလွှားလာရတာကြောင့်လား၊ ထိတ်လန့်သွားတာကြောင့်လားမသိ၊ သူမ အသက်ရှူသံတွေ မြန်ဆန်နေတာ မှူး သတိထားမိသည်။

နဖတ်ဝင်းမွတ်သော မျက်နှာလေးက ပန်းသွေးရောင်စို့လျက်ရွှေရင်အစုံက လှိုက်ခုန်နေသည်။

ဝတ်ထားသော Nike (နိုင်ကီ)အားကစားဝတ်စုံ မီးခိုးရောင်လေးက မှိန်ဖျော့ပေမယ့် သူမအလှကတော့ ထင်းရှင်းနေသည်။ သူ ထိန်းကိုင်ထားသော လက်မောင်းတွေကို ဖြေလွှတ်ပေးလိုက်သည့်တိုင် သူမ အကြောက်မပြေသေးဘဲ အနောက်ကို ပြန်ငဲ့ကြည့်နေသည်။

''ဘာဖြစ်လာတာလဲ''

''ဘာ ဘာမှမဖြစ်တော့ပါဘူး၊ ဟို ဟို လူတစ်ယောက်က မီကို စကားလာပြောတယ်၊ သိပ်မူးနေတယ်ထင်တယ်၊ မီးကြောက်လို့ အွက်ပြေးလာမိတာ၊ တောင်းပန်ပါတယ် အစ်ကို''

''အဲဒီသူ ဘယ်မှာလဲ ပြော၊ ကို ဖြေရှင်းပေးမယ်''

မြူခိုးတွေဝေနေတဲ့လမ်းအတိုင်း မှူး လှမ်းကြည့်လိုက်တော့ အရိပ်တစ်ခုနောက်ကို ပြန်လှည့်သွားတာ မြင်တယ်၊ အမီလိုက်ဖို့ ကြံရွယ်လိုက်ပေမယ့် သူမက သူ့လက်ကိုလှမ်းဆွဲထားကာ

''မ မလုပ်ပါနဲ့ အစ်ကို၊ မီး အပြစ်ပါ၊ မီးတစ်ယောက်တည်း ထွက်မလာသင့်ဘူး၊ ဟို အိပ်ရာက စောစောနိုးနေတော့ ထင်းရှူးတောတန်းလေးရဲ့အလှကို သိချင်လို့ ထွက်ခဲ့မိတယ်''



www.burmeseclassic.com

www.burmeseclassic.com



မှူးက သူမကို အကဲခတ်ကြည့်မိတယ်။ ဒါဟာ တောင်ချောက်ဆင်တာလားဟု တွေးမိ၏။ ယခင် ဝေလီဝေလင်း ဒီမိန်းကလေးတစ်ယောက်တည်း ထွက်လာတာ ဟုတ်ပုံမလား။

ဒါပေမဲ့ အပြစ်ကင်းစင်တဲ့ မျက်ဝန်းလေးတွေထဲက စိုးထိတ်မှုတွေ၊ အခြယ်အသ ကင်းစင်ပြီး အစက်အပြောက်ဆိုလို့ မြူမှုန်တစ်မှုန်မှုတောင် မတင်တဲ့ မျက်နှာလေး။

ဘယ်လိုမှ ထင်ရက်စရာမရှိပါ။ ဒီမိန်းကလေး တကယ် ထိတ်လန့်နေတာတော့ သေချာသည်။

မျက်ဝန်းရွဲရွဲကြီးတွေနှင့် သူ့ကိုငေးကြည့်ရင်း အားတုံ့အားနာဟန်နှင့် သူမ စကားသံချိုချိုလေးတွေ ထွက်လာသည်။

"အစ်ကို သွားစရာရှိရင် သွားပါ"

"ရတယ်၊ မင်းကို နှောင့်ယှက်တဲ့လူ ပြန်လာမှာစိုးလို့ပါ"

အကြောက်ပြေနေသော မျက်နှာလေး ပြန်ပြီး တုန်လှုပ်သွားတာမြင်တော့ သူ ရယ်ချင်သွား၏။ ဒါပေမဲ့ မရယ်ဖြစ်ပါ။ တော်တော်ဖြူစင်တဲ့ ကောင်မလေး။

"မကြောက်ပါနဲ့ကွာ၊ အခု ကိုရှိနေတာပဲ၊ ကဲ မင်းနဲ့အတူ လမ်းလျှောက်ပြီးပြန်တာပေါ့"

ကောင်မလေး ခေါင်းညိတ်ပြီး နှစ်ဦးသား တောလမ်းလေးအတိုင်း လှည့်ပြန်ခဲ့ကြသည်။

ငွေရောင်ဆံညှပ်ကလေးနှင့် စုနှောင်ထားသော သူမရဲ့ဆံပင်ကြီးတွေကလည်း နက်မှောင်လို့ မဟာဆန်လိုက်တာ။ မြူခိုးတွေနဲ့မြူမှိုင်းနေတဲ့ နံနက်ကလေးမှာ အရုဏ်ဦးနဲ့နေခြည်လေး ဝင်းပလာသလိုပါလား။





"မင်းနာမည်ကို အရုဏ်ဦးလို့ မှည့်ဖို့ကောင်းတယ်"

မျက်တောင်ကော့ကြီးတွေပင့်ပြီး ကောင်မလေး မှူးကို မော့ကြည့်သည်။

"ဟင့်အင်း မဟုတ်ပါဘူး၊ မီး နာမည်က မဥ္စူသက ပါ"

"မဥ္စူသက တဲ့၊ သိပ်လိုက်ဖက်တဲ့ နာမည်ပဲ၊ တန်ဖိုးကြီးမြင့်မြတ်တဲ့ နတ်ပန်းပွင့်လေးပေါ့၊ နေပါဦး မင်းမိဘတွေက ဘယ်သူလဲဟင်"

မဥ္စူ ဖြေမည်ပြုပြီးမှ တစ်စုံတစ်ရာကို သတိရသွားကာ ခေါင်းကလေးကို ခါရမ်းသည်။

"အဲဒါတော့ မီး မဖြေပါရစေနဲ့၊ မီး ဒီနေရာမှာ မရှိသင့်ဘူး၊ ကြီးမေရဲ့ ခွင့်ပြုချက်မရဘဲ မီး ထွက်လာတာ အပြစ်တစ်ခုပဲ၊ မီးက အညာမှာ ကြီးပြင်းလာခဲ့ရတော့ ထင်းရှူးတောစပ်ကလေးကို မြင်တော့ ထွက်လာခဲ့မိတာ"

"အဲဒါ အပြစ်မှမဟုတ်ဘဲ၊ ကိုယ်လုပ်ချင်တာကို လုပ်ပြီးနောက်မှ ခွင့်တောင်းတာ ကောင်းပါတယ်"

"အမေသဲဆိုရင် အဲဒီလို မလုပ်ရဘူး ပြောမှာ"

"အမေသဲဆိုတာ ဘယ်သူလဲ"

"မီးကို ထိန်းကျောင်းလာတဲ့ အမေကြီးပါ"

"သူဆုံးမသမျှ မင်းအကုန်လိုက်နာတာပဲလား"

"ဟုတ်တယ် တခြားလုပ်ရအောင် မီး မမိုက်မဲချင်ပါဘူး၊ အမေသဲ ဆီက မီးထွက်လာတာ နှစ်ပတ်ကျော်ကျော်လေးပဲ ရှိသေးတယ်"

"သူနဲ့ ဘယ်လောက်အကြာကြီး နေခဲ့တာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"မီး ခြောက်နှစ်သမီးကတည်းက"

"မင်း အိမ်က ဘယ်မှာလဲ၊ ဒီတောင်ကြီးမှာပဲလား"

"အစ်ကိုရယ် ဇမေးခွန်းတွေ အများကြီး မီးကို မမေးပါနဲ့နော်"

မျက်ဝန်းလေးတွေ ညို့မှိုင်းကာ တောင်းတောင်းပန်ပန်လေး ဆိုတော့ မျိုး သနားသွားရသည်။

"ဆောရီးကွာ ကိုယ့်ကို ရိုင်းတယ်လို့ မင်းထင်မလားပဲ၊ မင်းက ကိုယ်အရင်တွေ့ဖူးတဲ့ မိန်းကလေးတွေနဲ့လုံးဝ မတူဘူး၊ အရမ်းကွဲပြား နေတယ်၊ ကိုယ်တို့နှစ်ယောက် ဘယ်သူဘယ်ဝါမှန်းမသိ၊ အရုဏ်ဦးလေး မှာ တွေ့ကြတာ သိပ်ထူးဆန်းတယ်၊ ဒြော် ကိုယ့်ကိုကိုယ် မိတ်ဆက်ပေး ရဦးမယ်"

မဥ္ဇူ ပြုံးတယ်။ လှပတဲ့ နှုတ်ခမ်းလေးက အပြုံးရိပ်က ပန်းပွင့် လေးပေါ်မှာ နေခြည်နုနု ဆမ်းလိုက်သလိုပါပဲလား။ ချစ်စရာကောင်းတဲ့ မျက်နှာလေး ဝင်းပကြည်လင်သွား၏။

"ကိုယ့်နာမည် ဘုန်းသက်မျိုး"

မျိုး နာမည်ကို ဒီကောင်မလေးကြားဖူးဟန်တောင် မတူ။ ခေါင်း ကလေးညိတ်ပြီး မျိုး နာမည်ကို ရေရွတ်နေသည်။

သူ့လုပ်ငန်းတွေ၊ ထည့်ဝါမှုတွေကို သူ ထပ်မပြောပြချင်တော့ပါ။ အပြစ်ကင်းစင်တဲ့ မျက်နှာလေးကိုပဲ ငေးငေးလေးကြည့်နေမိသည်။

မဥ္ဇူ မျက်နှာပေါ်က အပြုံးရိပ်ကလေးတွေ ဖျတ်ခနဲ ပျောက် ကွယ်ပြီး လက်က နာရီလေးကို ငုံ့ကြည့်သည်။

"ခြောက်နာရီတောင် ထိုးတော့မယ်၊ မီး ပြန်တော့မှ ကြီးမေ နိုးလာလို့ မီး ထွက်လာတာ သိရင် အရမ်းစိတ်ဆိုးမှာ"





အသံလေးက တိုးတိုးလေးနဲ့ သိမ့်မြနေသည်။ ကြောက်ရွံ့ဟန် လေးထင်နေပုံက ကလေးငယ်လေးအတိုင်း။

"မင်း ကြီးမေကို လှည့်စားတာ အမေသဲက ကြိုက်ပါ့မလား"

"ဘယ်ကြိုက်မှာလဲ၊ အဲဒါ လုံးဝမကောင်းဘူး။ မှားယွင်းတယ်၊ အဲဒါ အကုသိုလ်အလုပ်လို့ ပြောမှာသေချာတယ်၊ မီးလည်း မှားတယ်ဆို တာ သိပါတယ်၊ ခွင့်လွှတ်ပါ ကြီးမေလို့ စိတ်ထဲက တောင်းပန်မှာပါ၊ ဒါပေမဲ့ တစ်ခါတလေတော့ မီးစိတ်ထဲက လုပ်ချင်တာကို လုပ်ကြည့်ချင် မိတယ်၊ တစ်သက်လုံး နာခံခဲ့တဲ့ စည်းကမ်းဥပဒေတွေကို မေ့ထားချင် တယ်၊ အဲ့ဒီ စည်းကမ်းတွေနဲ့ မီးကို ချုပ်နှောင်ထားသလို ခံစားရတယ်"

ကောင်မလေး ပြောပြီး မျိုးကို မော့ကြည့်သည်။ လှလိုက်တဲ့ မျက်ဝန်းလေးတွေ အသက်ရှူတောင် မှားချင်စရာ။ နက်နက်ရှိုင်းရှိုင်း ညို့ညို့ ရေအိုင်လေးထဲသို့ စိုက်ကြည့်နေရသလို မျိုးရင်ထဲမှာ အေးချမ်း နေသည်။

ဒီချာတိတ်မလေး ဘာလို့များ သူ့ကိုယ်သူ လှို့ဝှက်လွန်းနေရ သလဲ။ စိတ်ဝင်စားစရာတော့ ကောင်းသား။ သူ့အတွက်တော့ အားလုံး ကို ငုံခမ်းဖို့ဆိုတာ ခက်ခဲတဲ့ကိစ္စမှမဟုတ်တာ။

တောင်ကြီးမြို့မှာ ဒီလိုအချောအလှလေးတွေ တာရှည်ပုန်း ကောင်းမနေနိုင်။

"မီး သွားတော့မယ်နော်၊ မီးကို ကူညီခဲ့တာ သိပ်ကျေးဇူး တင်ပါတယ် အစ်ကို"

"အစ်ကိုတို့ နောက်ထပ်တွေ့ကြဦးမယ်နော် မဥ္ဇူလေး"

"တွေ့ကြမယ်တော့ မထင်ပါဘူး အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲ မဒ္ဒူရဲ့ ကြီးမေဆီကို ကိုယ်အလည်လာလို့ မရဘူးလား"

"ဟင့်အင်း မလာပါနဲ့အစ်ကို"

ကြောက်ရိပ်လွှမ်းသွားတဲ့ မျက်ဝန်းလေးနဲ့ အသံလေးတုန်ခ နေပြီး

"လူစိမ်းတစ်ယောက်နဲ့ မီးစကားပြောခဲ့မှန်း ကြီးမေ သိသွားရင် စိတ်ဆိုးမှာသေချာတယ်၊ မီး ဘာလုပ်ရမယ်၊ ဘာမလုပ်ရဘူးဆိုတ တင်းတင်းကြပ်ကြပ် စည်းကမ်းထုတ်ထားတယ်၊ ပြီးတော့ ဒီနေရာ မီး တစ်ယောက်တည်း လာတယ်ဆိုတာသိရင် သိပ်အုံ့ညတုန်လှုပ်သွားမှ ကြီးမေ စိတ်ဆိုးရင် မီးကြောက်တယ်၊ မီးတို့တွေ့ခဲ့ကြတာကို ဘယ်သူ မသိပါစေနဲ့၊ ကတိပေးပါနော် အစ်ကို"

"ကိုယ့်ကိုလည်း မဒ္ဒူက ကတိတစ်ခု ပြန်ပေးလေ"

"ဘာကတိလဲ အစ်ကို"

"ဒီတောင်ကြီးမြို့မှာ မင်းဒုက္ခရောက်ရင် ဖြစ်စေ၊ ကိစ္စတစ် ကြောင့် အနှောင့်အယှက်ဖြစ်ခဲ့ရင် ဖြစ်စေ၊ ကိုယ့်ကို အကြောင်းကြာ ကိုယ် ချက်ချင်းလာခဲ့မယ်၊ မင်းနေတဲ့နေရာမှာ မတွေ့နိုင်ရင် ကိုယ် ဒီနေရာလေးမှာ တွေ့ကြမယ်၊ ကိုယ် မောရဝတီရိပ်မြုံမှာနေတာကို မေ နဲ့"

"အစ်ကို တောင်းတဲ့ကတိကို မီးပေးပါတယ် အစ်ကို"

"ဟုတ်ပြီ၊ ကိုယ်လည်း မင်းနဲ့ကိုယ် တွေ့ခဲ့တာ၊ ခင်မင်ခဲ့ ဘယ်သူ့ကိုမှ မပြောဘူး၊ လူတွေကြားထဲမှာ ပြန်ဆုံကြရင်တောင် လူ တွေလို ဟန်ဆောင်ဖို့ ကိုယ် ကတိပေးတယ်၊ ဒါပေမဲ့ ဒီမနက်ခင်း





ကိုတော့ ကိုယ် ဘယ်တော့မှ မမေ့ဘူး"

"မီးလည်း မမေ့ပါဘူး အစ်ကို၊ ဒီရှုခင်းလေးတွေက သိပ်လှပ သာယာပါတယ်"

"စာဖွဲ့မရလောက်အောင်ကို လှပတယ်၊ မဒ္ဒူဆိုတဲ့ နတ်ပန်း လေးကြောင့် ပိုမိုပြည့်စုံသွားခဲ့တာ"

"ကျေးဇူးတင်ပါတယ် အစ်ကို၊ မဒ္ဒူ သွားတော့မယ်"

ကျေနပ်ရှက်ပြုံးလေး လက်ခနဲ ချန်ထားရစ်ခဲ့ပြီး မဒ္ဒူ ချာခနဲ ည့်ပြေးသွားသည်။ နက်မှောင်တဲ့ မဟူရာရောင် ဆံနွယ်တွေ လွင့်ခနဲ။

Nike (နိုင်ကီ) မီးခိုးရောင်ဘောင်းဘီရှည်လေးနဲ့ သဏ္ဌာန် လေးက တောင်စောင့်နတ်သမီးလေးလိုလို၊ ဥစ္စာစောင့်မလေးလိုလို။

မဒ္ဒူပုံရိပ်ကလေး မြင်ကွင်းထဲက ပျောက်သွားသည်အထိ မှုး ငေးနေမိသည်။ ပြီးမှ ခြေလှမ်းတွေကို အိမ်ဘက်ကို ဦးတည်လိုက်သည်။

မောရဝတီစံအိမ်ကြီးထဲကို ရောက်တော့ စိတ်က မွန်းကြပ်ကြပ် ပြီး ဖြစ်သွားရတာမို့ ပြတင်းတံခါးတွေကို မှုး ဖွင့်လိုက်သည်။

စူးစူးရှရှတိုးဝင်လာသော အလင်းရောင်ကြောင့် မီးလင်းဖို လေးက စားပွဲပေါ်မှာတင်ထားသော ကေသရီရဲ့ဓာတ်ပုံလေးကို မြင် ည်။

ငွေမှန်ဘောင် အကျအနသွင်းပြီး သူ့အတွက် ကေသရီ လက် ပေးခဲ့သော ဓာတ်ပုံကလေး။ ဒီနေ့လယ် ရောက်လာမည်ဟုလည်း ရီ မနေ့က ဖုန်းဆက်ခဲ့သည်။

"တို့မရှိတဲ့အချိန်မှာ တို့ကို မမေ့ရအောင် ဘုန်းအတွက် အ ပေးခဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကေသရီ ဆိုခဲ့သော စကားသံလေးကို ပြန်ကြားမိသည်။

''ကျွန်တော် မကို ဘယ်တော့မှ မမေ့ပါဘူး''

''မ ကတော့ လူတွေကို သိပ်မေ့ပျောက်လွယ်တာကွ''

မထိတရိ ေပြောတတ်တဲ့ ကေသရီကြောင့် မှူး သဝန်တို ဖြစ်ရတာလည်း အမှန်။

''ဘုန်းသက်မှူးဆိုတဲ့ အကောင်ကိုကော မ အလွယ်တကူ မေ့ပစ်လိုက်မှာပဲလား''

ပြန်မဖြေဘဲ ပြုံးယဲ့ယဲ့လေးကြည့်နေသော မှူး ကေသရီရဲ့ ကိုယ်လုံးလေးကို သိမ်းကျုံးဖက်ပြီး ခက်ကြမ်းကြမ်းလေး နမ်းပစ်လိုက်သည်။

သဝန်တိုမှု လွှမ်းနေသော်လည်း မှူး စိတ်ကို တမင်ဆွနေတာ မှန်းသိသည်။ ဆင်ခြင်တုံတရား ရှိသေးတဲ့ ဦးနှောက်တစ်ပိုင်းက မှူးကို မမိုက်နဲ့၊ မတုံးနဲ့လို့ သတိပေးနေပေမယ့်

အလိုက်သင့် သိုင်းယှက်ဖက်လာတဲ့ ကေသရီရဲ့လက်တွေ တင်းတင်းကြပ်ကြပ်။ မျက်နက်ဝန်းလေး မှေးစင်းပြီး တုံ့ပြန်လာတဲ့ အနမ်း။

သူ မရုန်းနိုင်ဘဲ နစ်မျောပါသွားခဲ့ရတာပဲလေ။

ဆူဝေတဲ့ ရင်ခုန်သံတွေနဲ့ ကေသရီရှေ့မှောက်မှာ မှူး အရှုံး ပေးခဲ့ရတာ အကြိမ်ကြိမ်။

ကေသရီ စွဲမက်စရာကောင်းတာ ဝန်ခံပါသည်။ မှူး ထက် ကေသရီ ရှစ်နှစ်ကျော်အသက်ကြီးပေမယ့် ပြင်ဆင်တတ်တဲ့ ကေသရီ အလှကြောင့် ယှဉ်တွဲသွားရင်တောင် လိုက်ဖက်ညီသည်။

လှပကျော့ရှင်းသော ခန္ဓာကိုယ်အလှနဲ့ လိုက်ဖက်ညီအောင်





ပြင်ဆင်တတ်တဲ့ ကေသရီ အခန်းထဲဝင်လာရင် ဘယ်သူမှ သတိမထား မိဘဲ မနေနိုင်ပါ။

ကေသရီရဲ့ အပြုံးတစ်ချက်က ဘယ်ယောက်ျားရဲ့အသည်းနှလုံး ကိုမဆို တုန်ခါစေနိုင်သည်။ မာမီကတော့ အကျင့်စာရိတ္တ မကောင်းတဲ့ မိန်းမ၊ မာယာတွေနဲ့ ယောက်ျားတွေကို နစ်မွန်းစေတဲ့သူတဲ့။ မာမီ့စကား မှန်နေသည်လား။

မှူး စိတ်ထဲဝင်လာတဲ့ မေးခွန်းအတွက် ကိုယ့်ကိုကိုယ် အံ့သြ သွားမိသည်။ ဘယ်တုန်းကမှ မတွေးမိတဲ့ မေးခွန်း။ ဘာကြောင့် သူ့ စိတ်ထဲ ရောက်လာပါလိမ့်။

ထင်းရှူးတောထဲမှာ တွေ့ခဲ့ရတဲ့ ကောင်မလေးကြောင့်ပဲလား။

ချက်ချင်းအာရုံထဲ ဝင်ရောက်လာတဲ့ မဥူလေးရဲ့ပုံရိပ်က ကေသရီကို အလိုလို အဝေးမောင်းထုတ်ပစ်လိုက်စေသလို ဖြစ်သွားသည် လား။

သနားစရာ ချာတိတ်မလေးရဲ့ မျက်ဝန်းတွေက ကေသရီလို မာယာတွေမပါဘဲ ညို့နိုင်စွမ်းသည်။

အပြစ်ကင်းစင်သော မျက်နှာ ေလးက ကာလာမတင်ဘဲ လှပ ကြက်သည်။ အသွင်ရော အဆင်းပါ ကေသရီနှင့်ဘာမှမဆိုင်တာ သေချာသည်။

ပြတင်းတံခါးက စိမ့်ခနဲ ဝင်လာသည့် လေအေးတစ်သုတ် ပါးဝန်းဆီကို လာထိရိုက်မှ မှူး ဆတ်ခနဲဖြစ်ရသည်။

မှူး ဘာတွေတွေးနေမိတာလဲ။

ဒါဟာ ကိုယ့်ကိုစွပ်စွဲမိတာဘာဘဲ။ မထင်မှတ်ဘဲ ဆုံခဲ့တဲ့ ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးကို ဘာကြောင့်ခေါင်းထဲ ထည့်နေမိတာလဲ။ ခုချိန်မှာ သူ စဉ်းစား ပျော်ရွှင်နေသင့်တာ မမ အကြောင်းပဲဖြစ်သင့်သည်။

မ အနီးမှာ ရှိနေလျက်နဲ့ ဒီကောင်မလေး ပတ်သက်မိတာ မှားသလား။ တရားဝင်ပိုင်ဆိုင်သေးတာ မဟုတ်သိတိုင် ဒီကို မှူး လာခဲ့တာ မကို လက်ထပ်ခွင့်တောင်းမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့လေ။ မာမီကိုတောင် ဆန့်ကျင်ခဲ့တာ။

"အမေသဲက အကုသိုလ်လို့ ပြောမှာ"

နားထဲမှာ ဒီကောင်မလေးအသံက တိုးဝင်လာပြန်သည်။ တကယ့်ပြဿနာ။ မိန်းမတစ်ယောက်ကို ဘုန်းသက်မှူး စွဲလန်းသွားတာ မဟုတ်သေး၊ မဖြစ်သင့်သေး။ ခေါင်းကိုမော့ ပင့်သက်ကိုရှိုက်ပြီး မှူး မျက်ဝန်းတွေမှိတ်ပစ်လိုက်သည်။ အဝေးကို ထွက်သွားပါတော့ ကောင်မလေးရယ်။

■ ■ ■



အခန်း (၆)

ခင်မကြီးက သူ့အခန်းကို ကျေနပ်စွာငေးကြည့်လိုက်သည်။ ရွှေလိပ်ပြာ ဟိုတယ်တွင် သူနှင့်မရွှေသစ်အတွက် အိပ်ခန်းတစ်ခန်း။ မျှူသက အတွက် တစ်ခန်း နေရာယူလိုက်ပြီးပြီ။

ညနေစောင်းမှ တောင်ကြီးကိုရောက်တဲ့အတွက် ညစာ ထမင်းကို ထမင်းဆောင်သို့ဆင်းမစား အိပ်ခန်းထဲမှာ စားရသည့်အတွက် မျှူ အာ သိပ်မကျေနပ်ချင်။ ဒါပေမဲ့ ခင်မကြီးက ဂရုမစိုက်။

"တောင်ကြီးမြို့ရဲ့ ညဘက်ရှုခင်းတွေကို မီး တို့ထွက်ပြီး ကြည့်ရအောင်လား ကြီးမေ"

"အပိုတွေ လုပ်မနေစမ်းပါနဲ့ မျှူ။ တို့ပင်ပန်းနေတယ်၊ မနက်ကျမှ မင်းသိသင့်တာတွေ ရှင်းပြမယ်၊ ဒီည စောစောအိပ်မယ် ဒါပဲ"

"ကြီးမေ ခရီးပန်းလာတာ မျှူ နားလည်ပါတယ်၊ မျှူလည်း



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းနေတာပဲ၊ ဒါပေမဲ့ မမှောင်ခင် တောင်ကြီးမြို့ကို လျှောက်ကြည့်ချင်လို့ပါ''

ပြောပြောဆိုဆိုနှင့် မဥ္ဇူ အခန်းပြတင်းဝမှာသွားရပ်၍ အပြင်သို့ကြည့်လိုက်သည်။ ခင်မကြီးက ဒေါသကြီးစွာဖြင့် ပြန်ခေါ်လိုက်သည်။

''မဥ္ဇူ ကိုယ့်အခန်းကိုယ်ပြန်တော့ ပြတင်းပေါက်မှာ လူလုံးပြမနေနဲ့''

''ဟုတ်ကဲ့ ဟုတ်ကဲ့ ကြီးမေ''

သူမ ဒေါသထွက်လာရင် မဥ္ဇူ မလွန်ဆန်ရဲပါ။ စောစောအိပ်ဖို့ ကြီးစားပေမယ့် ခင်မကြီး အိပ်မပျော်။ အသက်ခြောက်ဆယ်အရွယ်မှာ ခရီးရှည်ထွက်ခဲ့ရပေမယ့် ပင်ပန်းနွမ်းနယ်ခြင်းမရှိပါ။ မကုန်ခမ်းနိုင်တဲ့ အင်အားတွေ ဘယ်ကရောက်လာမှန်းမသိ။

သူ ဆုံးဖြတ်ထားပြီးလုပ်လျှင် ဘယ်အရာကမှ တားဆီးနိုင်စွမ်းရှိမည်မဟုတ်ဟု ယုံကြည်သည်။ စဉ်းစားရင်း မျက်ဝန်းတွေက မှေးစင်းလာ၏။ နှုတ်ခမ်းတွေကလည်း ကျေကျေနပ်နပ် ပြုံးလာသည်။

စိတ်ခံစားမှုကြောင့် သူမရုပ်သွင်က မကောင်းဆိုးဝါး တစ်ကောင်လို့ သူမစိတ်က အတိတ်သို့ပြန်ရောက်သွားတော့ မျက်ဝန်းတွေက ပျော့ပျောင်းသွားလေသည်။

ခင်မယ် အကြောင်းတွေးမိတိုင်း သူမခံစားရသည်။ သူမဘဝတွင် အချစ်ဆုံး ညီမလေး ခင်မယ်။ ဒီမြို့ကို ခင်မယ်နှင့်နောက်ဆုံးလာတဲ့ အချိန်က အဒေါ်အိမ်မှာ တစ်လလောက်နေပါရစေဟု ခွင့်ပန်ခဲ့သည်။

ချူချာလှတဲ့ ခင်မယ်ကို ကရုဏာသက်စွာ သားသမီးနှစ်





ယောက်နှင့်အဒေါ်က ကြည်ဖြူလှိုက်လှဲစွာ ကြိုဆိုကြသည်။ အဒေါ်တို့ အိမ်က ခပ်စုတ်စုတ် ယာသမားတွေဆိုတော့ အနေဆင်းရဲသည်။ ဒါပေမဲ့ ခင်မကြီးတို့ ညီအစ်မ ပျော်ခဲ့ကြပါသည်။

ခင်မယ်ရဲ့ ကျန်းမာရေး တော်တော်ကောင်းလာတာ အမှန်။ ဖြူဖပ်ဖြူလျော် ဖြစ်နေတဲ့ မျက်နှာလေးတောင် ပန်းသွေးရောင်လွှမ်းပြီး ပြုံးပျော်ရွှင်လို့။

ချစ်စရာ့နွေရာသီမှာ သူတို့ပျော်ရွှင်နေခဲ့ကြစဉ် ကြမ္မာဆိုးက ဝင်လာ၏။ အခုချိန်ထိ တွေးလိုက်တိုင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ သွေးသားထဲက ဒေါသတွေ ရုန်းကြွလာစမြဲ။ စွဲလန်းစိတ် ကြီးမားလွန်း၍ ဖြစ်ပျက်ခဲ့သမျှကို ပီပီပြင်ပြင် မြင်ယောင်နေသေးသည်။

ညနေခင်းတစ်ခုမှာ ခင်မယ် သုံးနှစ်အရွယ် ဝမ်းကွဲမောင်လေးကို လက်ဆွဲပြီး လမ်းလျှောက်ထွက်ခဲ့၏။ ကလေးငယ်လေးနှင့်လမ်းလျှောက်ထွက်တတ်တာက နေ့တိုင်းလိုလို ဖြစ်နေသည်။ သူမ စိတ်ဝင်စားသည့် နေရာတစ်ခု ရှိသေးသည်။ ပတ္တမြားစံအိမ်လို့ ခေါ်တဲ့ ခမ်းနားကြီးကျယ်လှတဲ့ နှစ်ထပ်တိုက်ကြီး။ ခြံဝင်းကျယ်ကြီးထဲမှာ ပန်းမျိုးစုံတို့ အကန့်လိုက် စိုက်ပျိုးထားတာက ဝေဝေဆာဆာ။ ဒီနေရာရောက်လျှင် ဆင်းရှူးရိပ်မှာ ခဏထိုင်ပြီး ခြံကြီးကို ငေးကြည့်မိလေ့ရှိသည်။

ဒီခြံကြီးရဲ့ပိုင်ရှင်က မိုးကုတ်သူဌေး စောခွန်နောင် တဲ့။ ပထမဆော့ တောင်ကြီးကို တစ်နှစ်တစ်ခါ နှစ်ခါ လာလေ့ရှိ၏။ နောက်ပိုင်းမှာ အနေများလာသည်။

သူ့ခြံနှင့်တိုက်ကို အစဉ်သားနား သပ်ရပ်နေအောင် ပြုပြင်မွမ်းမံ



www.burmeseclassic.com

www.burmeseclassic.com



တတ်သည်။ လက်ဖျား ငွေသီးပြီး ကိုကိုတက်ချမ်းသာသူဆိုတော့လည်း စိတ်ထင်တိုင်းကြဲ နိုင်သည်။

"အဲဒီ မိုးကုတ်သူဌေးဆိုတာ ဘယ်လိုလူလဲ ဟင်"

ပတ္တမြားစံအိမ်အကြောင်း ပြောပြတတ်သူကို ခင်မငယ် မေးကြည့်မိသည်။

"အရုပ်မြင့်မြင့်နဲ့တော်တော်ချောတယ်၊ ဒါပေမဲ့ လူတွေကသာ အားကျနေတာ၊ သူ့ဘဝကတော့ စိတ်မချမ်းသာရှာပါဘူး။ သူ့ဇနီးဆုံးသွားလို့လေ၊ မိုးကုတ်ကို ပြန်ရင်း ဟိုမှာဆုံးသွားတာ"

"ဒါဆို သူဌေးက တစ်ယောက်တည်း အထီးကျန်နေရှာတာပေါ့ သနားပါတယ်"

"ဘယ်ကသာ သားလေးတစ်ယောက် ကျန်ခဲ့သေးတယ်"

"ဟင် ဟုတ်လား ပြောပါဦး"

"သူဌေးက သူ့သားကို ဒီမှာအမြဲထားတာ၊ ကောင်လေးနာမည်က စိုင်းမော်သာ တဲ့၊ ချစ်စရာလေးပါ"

သူဌေး စောခွန်နောင်တို့ သားအဖအကြောင်းကို ခင်မငယ် စိတ်ဝင်စားလာသည်။ ဒါကြောင့် ပတ္တမြားစံအိမ်နားကို နေ့စဉ်သွားခဲ့၏။ အဲဒီမှာပဲ အဖြစ်အပျက်က စတော့သည်။

တစ်နေ့ စောခွန်နောင်က အလျင်စလိုဖြင့် ကားကိုမောင်းလာသည်။ တစ်ဖက်မှ ကားကိုရှောင်ရင်း ခင်မငယ် မောင်လေးကို တိုးတိုက်မိသလို ဖြစ်သွား၏။

အချိန်မီ ဆွဲယူနိုင်ခဲ့ပေမယ့် ရုတ်တရက် ကလေးက ကြောင်တွေသွားသည်။ ပြီးမှ ကြောက်အားလန့်အားဖြင့် အော်ငိုတော့၏။





သူဌေးကိုယ်တိုင် ကားပေါ်မှဆင်းလာပြီး ခင်မငယ်ကို တောင်းပန်စကား ဆိုသည်။ ကလေးကိုလည်း အငိုတိတ်အောင် ချော့ရ၏။

ထိုအဖြစ်အပျက်ကို ဘယ်သူမှ မမြင်မသိလိုက်ကြပေ။ ခင်မငယ်ကလည်း အိမ်သားများကို ပြန်မပြော။ ကလေးကလည်း သိနားလည်သေးတဲ့ အရွယ်မှမဟုတ်ဘဲ။

နောက်တစ်နေ့မှာတော့ အဒေါ်တို့အိမ်စုတ်ကလေးရှေ့မှာ အဖိုးတန်ကားတစ်စီး ထိုးဆိုက်လာသည်။ ပြီးတော့ သူ့ကိုယ်သူ မိတ်ဆက်၍ ခင်မငယ်ကို ပတ္တမြားစံအိမ်သို့ လိုက်ခဲ့ရန်ခေါ်တော့၏။

ထိုအခါကျမှ ခင်မငယ်က အဖြစ်အပျက် အလုံးစုံကို အစ်မဖြစ်သူအား ရှင်းပြလေသည်။ အုံ့ညြတကြီးနှင့် ခင်မကြီး မင်သက်နေမိ၏။ ခင်မငယ်က သူမ မကန့်ကွက်နိုင်မီ ကားပေါ်သို့ အကျော့သားတက်၍ ပါသွားတော့သည်။

ခင်မငယ် ပြန်လာတော့ အသင့်စောင့်နေသော ခင်မကြီးက အပြင်သို့ ခေါ်ထုတ်သွားခဲ့၏။ ဒီလိုကြွယ်ဝတဲ့ သူဌေးတစ်ယောက်နဲ့ ဘယ်လို ပတ်သက်ခဲ့ကြောင်းကို မေးမြန်းမိသည်။

စတင်တွေ့ဆုံသော အဖြစ်အပျက်များနှင့် ပတ္တမြားစံအိမ်မှာ ကြုံတွေ့ခဲ့ရသည်များကို ညီမဖြစ်သူထံမှ ပြန်ကြားရ၏။

"အဲဒီ အစ်ကိုကြီးက သိပ်သဘောကောင်းတာ၊ ပြီးတော့ တော်တော်လည်း ချမ်းသာတယ်၊ သူ့သားလေးကလည်း သိပ်ချစ်ဖို့ ကောင်းတာပဲ'

ခင်မငယ်က ဒါကိုပဲ ထပ်တလဲလဲ ပြောနေသည်။ အတွေ့အထိ မှာ သာယာနေတဲ့ ညီမဖြစ်သူကို သတိပေးမှဖြစ်မည်ဟု ခင်မကြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောမိသည်။

"ဒါနဲ့ သူ့ဌေးက ဘာလို့ နင့်ကို သူ့အိမ်ခေါ်သွားရတာလဲ"

"သူဌေးက မြင့်မြင့်ချင်း ခင်မင်ရင်းနှီးလွန်းလို့ပါတဲ့"

"နင့်ကိုမှ ဘာကြောင့် ဒီလောက်ခင်ရတာလဲ၊ သူနဲ့အဆင့်အတန်းတူ မိတ်ဆွေတွေရှိသားပဲ"

"ငယ်က သူ့အတွက် ခင်စရာကောင်းနေလို့ နေမှာပေါ့"

ခင်မကြီး ဒေါသထွက်ထွက်ဖြင့် ခပ်ကြမ်းကြမ်းပြောပစ်လိုက်မိသည်။ အတူတူနေခဲ့တဲ့ ကာလတစ်လျှောက် ဒီလိုတစ်ခါမှ မပြောဘူးခဲ့။ သူမတို့ ဖခင်နှင့်မိခင်တို့ အိမ်ထောင်ရေးကို ပြောပြမိ၏။ ခင်မကြီး၏ အဖေ မိဘများက သဘောမတူသဖြင့် အမေ့ကို တစ်ဖက်လှည့်ဖြင့် ပြန်ခေါ်သွားတော့ အမေက သူမ ကိုယ်ဝန်ကိုလွယ်ထားရသည်။

ကလေးအတွက် ထောက်ပံ့စရိတ်ပေးမည်ဟု ပြောသွားပြီးနောက် သမျှ တကယ်တမ်းကျတော့ သတင်းအစပျောက်သွားခဲ့ကြသည်။

"တကယ်တော့ မမကြီးဟာ လူတန်းစားနှစ်ရပ်ကြားက မြေစာ တစ်ပင်ပါကွယ်"

"မမကြီး သနားပါတယ်"

ခင်မငယ်က မျက်ရည်လေးဝဲပြီး ရေရွတ်လိုက်၏။ ခံစားသည့်အတိုင်း ပြောနေပေမယ့် အနှစ်နှင့်အကာကို မခွဲခြားတတ်သေးဟု ခင်မကြီး တွေးမိပါသည်။

"ဒီလို မိုးကုတ် သူဌေးမျိုးနဲ့သာ ဆက်ဆံနေရင် နင်တစ်နေ့ ဒုက္ခရောက်လိမ့်မယ်၊ မိငယ် နင် ဘာဆိုတာ သူသိတယ်၊ ဒီလို လူမျိုးက နင့်ကို အမှန်လက်ထပ်ယူပါ့မလား"





"သူက ဒီလိုစိတ်ထားမျိုး မရှိဘူးလို့ မိငယ်ယုံကြည်တယ် မမကြီး"

"နင်က ငယ်ရွယ်ပြီး ရုပ်ကလေးလှလို့ စိတ်ဝင်စားနေတာ၊ နင့်ထက်သာတဲ့ သူ့မှာ တစ်ပုံကြီး၊ နင့်ကို အပျော်သဘောထားတာ နားလည်လား၊ အို သူ့ကိုနောက်ထပ်မတွေ့ရဘူး မိငယ်"

ဘာမှပြန်မဖြေတဲ့ ခင်မငယ်ကြောင့် ခင်မကြီး တုန်လှုပ်လာမိ၏။ မိငယ်က တောင်ပြာတန်းကိုသာ ငေးကြည့်နေရဲ့၊ မိငယ် မျက်ဝန်းတွေက တောင်ပြာတန်းရဲ့ရောင်ပြန်ဟပ်မှုကြောင့် ပြာမှိုင်းလာသည်ဟု ထင်မိသည်။

"ဟဲ့ မိငယ် ငါ ပြောနေတာ ကြားရဲ့လား"

"ကြားပါတယ် မမကြီး"

ဒီတော့မှ မိငယ်က သူမဘက်သို့လှည့်ပြီး ပြန်ဖြေလိုက်လေသည်။

"မမကြီး စကားကို နားထောင်ပါ၊ ပတ္တမြားစံအိမ်ကို ထပ်မလိုက်သွားတော့နဲ့နော်"

ခင်မငယ် မတုန်မလှုပ် ဒါပေမဲ့ သူမစကားကို မိငယ် နားထောင်မှာပါဟု တွေးလိုက်မိ၏။

ကံကြမ္မာအလှည့်အပြောင်းက မြန်ဆန်လွန်း၏။ နောက်တစ်နေ့ ဆင် ယာတောက ကြေးနန်းစာလာသည်။ အမေ ချော်လဲပြီး ခြေထောက်ကျိုးသွား၍ ခင်မကြီး အမြန်ပြန်မှဖြစ်မည်။

ပထမတော့ ခင်မငယ်ကိုပါ ခေါ်သွားဖို့တွေးမိ၏။ ဒါကြောင့် သင်ယောက်တည်း ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။ မသွားခင်မှာ မိုးကုတ်



www.burmeseclassic.com

www.burmeseclassic.com



သူ့ဒွေးနဲ့ပတ်သက်ပြီး ခင့်မငယ်ကို သေချာမှာရသေးသည်။

"အခုလောက်ဆို နင့်ကို သူမေ့နေလောက်ပြီ မိငယ်၊ သူနဲ့ မပတ်သက်မိအောင် နေပါ။ အမေ သက်သာတာနဲ့ မမကြီး ချက်ချင်း ပြန်လာခဲ့မယ်"

လက်ကလေး တပြပြနှင့် ခင်မငယ် ကျန်ခဲ့ရာသည်။ ဒီ နောက်ဆုံးပုံရိပ်က ရွှေလိပ်ပြာပဟိုတယ်ကို ရောက်တဲ့ ညမှာပဲ ခင်မကြီး ကို ခြောက်လှန့်လာ၏။

နေခြည်နုနု ဖြန်းပက်ထားတဲ့ မျက်နှာလေးနဲ့ ခေါင်းကလေး မော့ပြီး ဆံနွယ်တွေက တလွင့်လွင့် ခင်မငယ်ပုံရိပ်က တဖြည်းဖြည်း ဝေးသွားသည်။

ခင်မငယ်ကို အိပ်မက်မက်နေတာ ထင်၏။ တီးတိုးရေရွတ်တဲ့ ကိုယ့်အသံကို ပြန်ကြားလိုက်မိသည်။

"ငယ်ငယ် ငယ်ငယ်"

■ ■ ■



## အခန်း (၇)

ကိုယ်လက်သန့်စင်ပြီး နံနက်စာစားတော့ ခင်မကြီး စိတ်တိုနေ၏

"ကြီးမေရယ် အရမ်းသာယာတာပဲနော်၊ ဘယ်နေရာကြည့်ကြည့် သိပ်လှတာပဲ"

"မင်း၊ ကော်ဖီလာသောက်စမ်း။ ဒီပြတင်းပေါက်ကို ပြေးလိုက်လိုက် လုပ်မနေနဲ့၊ မနေ့ညကလည်း ပြောခဲ့ပြီးပြီ"

သူမအသံက ခပ်ပြတ်ပြတ်မို့ မဥ္စူ ထိုင်ခုံမှာပြန်လာထိုင်၏။

"ကြီးမေ ဒီနေ့တော့ အပြင်ထွက်ကြရအောင် နော်"

"မထွက်ရဘူး။ ညစာစားတဲ့ အချိန်ထိ ဒီအခန်းထဲမှာပဲ နေရမယ် ညစာစားမှ အောက်ဆင်းရမယ်"

"ဟင် ကြီးမေကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒွေး လျှာမရှည်နဲ့ တို့ စကားကို နားထောင်ရမယ်၊ အကြောင်း ရှိလို့ဆိုတာ သဘောပေါက် ဒါပဲ"

"ပထမဆုံး ရောက်တဲ့နေ့မှာ တောင်ကြီးကို လျှောက်မလည် ရလောက်အောင် ဘာအကြောင်းရှိလို့လဲ"

ခင်မကြီးရဲ့ နှုတ်ခမ်းတွေ တင်းတင်းစေ့သွားသည်။

"မနက်ဖြန်ကမှ အပြင်ထွက်ရမယ်၊ ဒီနေ့ ညစာမစားခင်အထိ တို့တွေ ဘယ်မှမထွက်ရဘူး"

ခင်မကြီး လေသံက အမိန့်ဆန်စွာ တင်းမာနေ၏။ မဥ္ဇူ သက်ပြင်းရှိုက်မိ၏။ ကြီးမေ စိတ်ပြောင်းအောင် ကြိုးစားဖို့ လွယ်ကူမည် မဟုတ်ပေ။

"ကြီးမေ ကြီးမေကို မီး တစ်ခုမေးချင်တယ်"

"ဘာလဲ"

"မဥ္ဇူသက ဆိုတဲ့ နာမည်ကို ဘယ်သူမှည့်ခဲ့တာလဲ ဟင်"

"မင်းအမေလေ လွှန်ခဲ့တဲ့ ဆယ့်ကိုးနှစ်က ဒီကိုရောက်ခဲ့တုန်း ကပေါ့"

"ဟင် မေမေ ဒီကိုရောက်ခဲ့တယ်၊ ဒါဆို မီး မမွေးခင်ကပေါ့ ဒါကြောင့် ဒီမြို့ရဲ့ ရာသီဥတုကို မီး ကြိုက်နေတာထင်တယ် နော်"

"မင်း အမေကြိုက်တယ်လို့ ဘယ်သူက ပြောလဲ"

"ဒါဆို မေမေက မကြိုက်ဘူးလား၊ ဒါနဲ့ နာမည်အကြောင်း ပြောပါဦး"

"ငယ်ငယ်က သူ မိန်းကလေးမွေးမှာတဲ့ သူ့သမီးကို မဥ္ဇူသက လို့ နာမည်ပေးဖို့ မှာခဲ့တယ်လေ"





"ဟင် မီး မမွေးခင်က မှည့်တာဆိုတော့ မေမေက မိန်းကလေး မွေးမှာ ဘယ်လိုသိခဲ့လို့လဲ"

"မင်းဟာ မိန်းကလေးဖြစ်မယ်ဆိုတာ သူ သိပ်သေချာခဲ့တာ ပေါ့"

စကားတွေ ပြောနေမိစဉ်မှာပဲ ခင်မငယ်ရဲ့ဝိုင်းဝိုင်းလည်နေတဲ့ မျက်ဝန်းတွေကို ပြန်လည်မြင်ယောင်လာမိသည်။ အသံတွေက နားထဲမှာ

"သူ့ကို မပြောပါနဲ့ မမကြီးရယ်၊ သူ့ကလေးကို ငယ် မွေးတယ် ဆိုတာ သူ့ကို မပြောမိဘို့ ကတိပေးပါ၊ မမကြီးရယ်"

ခင်မငယ် အသံက ကြောက်စိတ်ဖြင့် သွေးရူးသွေးတန်း။ မျက်နှာက ဖြူဖွေးပြီး သွေးမရှိတော့။ ညီမငယ်ရဲ့ စိတ်ဆင်းရဲမှုကို ဖြေသိမ့်ဖို့ ကတိပေးလိုက်မိပါသည်။

နောက်ဆုံးအချိန်အဖြစ် ဆရာဝန်တွေ လက်လျှော့လိုက်ပြီ ဖြစ်၏။ သေအံ့မူးမူးဖြင့် ခင်မငယ်က ကတိတောင်းခံနေလေသည်။

"မဥ္ဇူသက အကြောင်းကို မပြောဖို့ ကတိပေးပါ မမကြီးရယ်"

ခုတင်ဘေးမှာ ငိုရှိုက်ရင်း ခင်မကြီး ကတိပေးလိုက်မိသည်။ ခင်မငယ်က လူ့လောကကို စွန့်ခွာသွားပြီးနောက်ပိုင်းမှာတော့ ကမ္ဘာပေါ် မှာ ကိုယ်ပိုင်ဆိုင်သမျှ အားလုံးကိုပေးပြီး ထိုကတိကိုပြန်၍ ရုပ်သိမ်း ခဲ့မိသည်။

အဲဒီအချိန်တုန်းက ခင်မကြီးသေတော့မှာ၊ သူပြုခဲ့တဲ့ ပြစ်မှု အတွက် တောင်ကြီးကိုချက်ချင်းသွားပြီး စောခွန်နောင်ကို ရင်ဆိုင်တွေ့ ခဲ့မိသည်။

လူယတ်သမား သစ္စာမရှိတဲ့လူ ဆိုပြီး မဥ္ဇူသကလေးကို သူ့ရှေ့



www.burmeseclassic.com

www.burmeseclassic.com



မှာထိုးပြလိုက်ချင်မိခဲ့၏။

ညီမငယ်အတွက် လက်စားချေဖို့အတွက်တော့ သန္နိဋ္ဌာန်ချထားမိသည်။ အော်ဟစ်ငိုယိုနေတဲ့ မဒ္ဒူသကလေးကို ထိန်းကျောင်းရင်း အချိန်တွေကို ဖြုတ်သန်းခဲ့သည်။

အချိန်ကြာတော့ စိတ်အနာက ရင့်လာသည်။ အကြံအစည်တစ်ခုကို ခင်မကြီး စဉ်းစားမိ၏။ လက်တွေ့အကောင်အထည်ဖော်ဖို့နှစ်ရှည်လများ အချိန်ယူရမည်မို့ လွယ်တော့မလွယ်။ မုန်းတီးမှုက ခွန်အားကို ဖြစ်စေခဲ့လေသည်။

နောက်ဆုံးမှာ အမုန်းတွေ တဖြည်းဖြည်း အမြစ်တွယ်လာတော့ အဆိပ်အတောက်တွေ ဖြစ်လာရသည်။ တစ်နေ့မှာ သူ ကြံရွယ်ထားတဲ့အတိုင်း လက်စားချေမှုက အကွက်ကျကျ အောင်မြင်မည်ဟု ယုံကြည်နေမိသည်။

ဆယ့်ရှစ်နှစ်လွန်ခဲ့ပြီးနောက်ပိုင်းမှာတော့ မဒ္ဒူလည်း အရွယ်ရောက်ခဲ့ပြီမို့ သူမရဲ့အစီအစဉ်တွေကို စတင်ဖို့စီမံခဲ့မိသည်။

မဒ္ဒူကိုကြည့်ပြီး ခင်မကြီး ကျေနပ်နေမိသည်။ မဒ္ဒူက လှပနုနယ်သည်။ ဒီဇာတ်လမ်းမှာ ပါဝင်ကပြရန် သူ့အပိုင်းအတွက် ထိုက်တန်လွန်းသော မိန်းကလေးဟု တွေးမိ၏။

မဒ္ဒူကို ငေးကြည့်ရင်း အလှတရား တစ်ခုပြီးတစ်ခုမြင်လာရသည်။

ရွှန်းစိုသော မျက်ဝန်းတို့က ခင်မငယ်နှင့်တူလွန်း၍ ခင်မကြီးရင်ထဲမှာ ကျင်ခနဲဖြစ်သွားရသည်။ သူမကို ကြည့်နေတဲ့ ခင်မငယ်။ စိုးရိမ်မှုအပြည့်၊ နှုတ်ခမ်းလေးတွေ တုန်ယင်နေရှာတဲ့ ခင်မငယ်။





"ကြီးမေ မီးကို ရှင်းပြပါလား ကြီးမေရယ်နော်၊ ဘာမှန်းမသိတဲ့ ဒီလျှို့ဝှက်ချက်ကြီးကို မီး ကြောက်လို့ပါ နော်"

မဒ္ဒူ ဘယ်လိုပဲတောင်းပန်နေပေမယ့် အချည်းနှီးပင်ဖြစ်၏။ ကြီးမေရဲ့မျက်ဝန်းတွေက ပျော့ပျောင်းသွားသလို ထင်ရပြီး ဥပက္ခာပြုကာ ခေါင်းကို တစ်ဖက်သို့လွှဲပစ်လိုက်သည်။

နိုးစင်းသန့်စင်လှတဲ့ မိန်းကလေးကို သူ့ရင်ထဲက အကြံအစည်ကို ဘယ်လိုပြောပြရမည်လဲ။

"တို့ကို မင်းယုံမှဖြစ်မယ် မဒ္ဒူ"

သူ့အသံက ခပ်မာမာ မဒ္ဒူ ငြိမ်သက်သွားသည်။

"မင်းကိုရှင်းပြဖို့ အဖြေမရှိဘူး။ အောက်ဆင်းပြီး ထမင်းစားကြမယ်။ ဒီည အထူးညစာစားပွဲရှိတယ်၊ ဒီမြို့က ထင်ပေါ်ကျော်ကြားတဲ့သူတွေလာလိမ့်မယ်၊ မီးနီးရောင်ဇာဝတ်စုံကို ဝတ်ခဲ့ပါ"

"မီး သတိရလို့မေးပါရစေ၊ ကြီးမေရဲ့ ယာတောကို မီး ဘယ်တော့မှ ပြန်မလာရဘူးနော် အဲဒါ ဘာဖြစ်လို့လဲ"

"မင်းကို မင်းအမေလို အထက်တန်းကျကျ ဖြစ်စေချင်တယ်၊ ယာတောက ကြမ်းတမ်းတယ်၊ ပညာတတ်ဖြစ်စေချင်လို့ ရန်ကုန်ကို ခေါ်ခဲ့တာပဲ"

"ရန်ကုန်ရောက်တော့ ကြီးမေ ပျော်သလားဟင်"

"ကြီးစား ရုန်းကန်ခဲ့ရတဲ့ ဘဝမှာပျော်ရွှင်မှုဆိုတာ ပြယုဂ်ကျက်သက်ပါ၊ အခု ပန်းတိုင်ရောက်တော့မယ်၊ တို့ ပျော်ရတော့မှာပေါ့"

မဒ္ဒူ ထိုင်ရာကထပြီး ခင်မကြီးရပ်နေတဲ့ဆီကို လျှောက်သွားမိသည်။ သူမမျက်နှာ ဖူးဖူးလှလှလေးကို ပင့်ပြီး ခင်မကြီး မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ကာ အသံတိမ်တိမ်လေးဖြင့် မေးလိုက်သည်။

"အခု ကြီးမေဆီမှာ မီးကိုခေါ်ထားရတာ ကြည်ဖြူရဲ့လာ
ကြီးမေရယ်"

နှစ်သိမ့်မှုကို တောင့်တရှာတဲ့ ကလေးငယ်တစ်ယောက်ရဲ့
ဟန်မျိုးပါ။ မေတ္တာငတ်မွတ်နေရှာတဲ့ မဥ္ဇူကို နားလည်မိပါသည်။

လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်က ခင်မငယ်ရဲ့ ဘဝကို နားလည်နိုင်
ပေမယ့် ဒီဒဏ်ရာက သင်ခန်းစာဖြစ်ခဲ့ပြီးပြီ။ မဥ္ဇူအသံကို နားပိတ်ထာ
လိုက်၏။ အေးစက်စက်လေသံဖြင့် ပြန်ဖြေလိုက်သည်။

"ဒါပေါ့ မင်းကိုခေါ်ထားရတာ တို့ဝမ်းသာတယ်၊ ကဲ သစ်သ
ကို သွားခေါ်ခဲ့၊ တို့ နိုင်းစရာရှိတယ်"

ခင်မကြီး မျက်ဝန်းစိမ်းစိမ်းတွေထဲမှာ နာကျင်မှု အနိုးအ
တွေ တောက်လောင်နေသည်။ အဆိပ်ကို ပျားရည်ဖုံးအုပ်လိုက်
နှုတ်ခမ်း ကလေးတွေ ရယ်လိုက်တာကို သဘောပေါက်နိုင်မည်မဟု

■ ■ ■



## အခန်း (၈)

"ဒီည ထမင်းစားခန်းထဲမှာ လူတော်တော်စုံပါလား"

လှုပြည့်နေတဲ့ ထမင်းစားခန်းကို တစ်ချက်ဝေ့ကြည့်ပြီး ကေသရီ
ပြောသည်။

"ဟုတ်တယ် ညေ့သည်များတယ်၊ ကမ္ဘာလှည့်ခရီးသည်တွေ
င်မကဘူး၊ မြန်မာတွေလည်း လာကြတယ်လေ"

"မြို့စံလူတွေလည်း ပိုက်ဆံလာဖြုန်းကြတာပေါ့"

သူတို့နှင့်အတူ ထမင်းစားပွဲမှာ ထိုင်နေတဲ့ သူငယ်ချင်း
င်မောင်နီကို ဘုန်းသက်မှူး ရယ်ရယ်မောမော ပြန်ဖြေလိုက်သည်။

"ကိုယ်က ဖြုန်းတယ်ထားပါတော့၊ ဒီလောက်များတဲ့ ပိုက်ဆံ
ယ်လိုဖြုန်းမလဲ"

"အဲဒီ မေးခွန်းကို ကေသရီဖြေပေးမယ်၊ သူ့ပိုက်ဆံတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကောသရီအတွက် ဖြုန်းတာပေါ့''

ဘုန်းသက်မှူး ဘာမှမပြော ဟင်းလျာမီနူးကိုသာ ယူကြည့်လိုက်သည်။

''ကဲ ဘာစားမလဲမှာကြလေ''

''ဘုန်းပဲ မှာလိုက်လေ၊ တို့ လူတွေလိုက်ငေးလိုက်ဦးမယ်''

ကောသရီက ပြောပြောဆိုဆို မျက်လုံးကို ဝေ့ကြည့်နေ၏၊ ခဏကြာတော့ ပျာပျာသလဲဖြင့် လက်တို့ပြောသော ကောသရီအသံက ထွက်လာသည်။

''ဘုန်း ဟို အမျိုးသမီးကိုကြည့်စမ်း၊ သူဝတ်ထားတဲ့ မြဆက်ကလှလိုက်တာ၊ ကောင်းလိုက်တဲ့ မြတွေ၊ ကိုယ့်မှာရှိတဲ့ မြဝမ်းဆက်တွေတောင် လွှင့်ပစ်ချင်စိတ်ပေါက်တယ်''

ကောသရီ လှမ်းကြည့်ရင်း အားကျစွာ မှူးကိုပြောတော့ မှူးလှမ်းကြည့်မိသည်။ အမျိုးသမီးကြီးမှာ အသက်ငါးဆယ်ကျော်ပြီဖြစ်သော်လည်း ခန့်ညားလှပတုန်း၊ နှစ်ဆယ့်ငါးနှစ်အရွယ်တွေနှင့်အပြိုင်ဆို လွန်မည်မထင်။

ပျောက်ဆုံးသွားတဲ့ နုပျိုခြင်းတွေကို မြ အကောင်းစားတွေနှင့် ဖာထေးထားသည်ဟု မှူး ထင်မိ၏။ အမျိုးသမီးကြီး၏ခန့်ညားမှုကတော့ ရှိသေးသည်ဟု မှတ်ချက်ပြုမိရသည်။

''ကျွန်တော် ပြောဝံ့တယ်ဗျာ၊ မမနဲ့အသက်အရွယ်ချင်းလဲလို့ရရင် သူ့မြတွေ အကုန်လုံး မမကို ပေးပစ်မှာ''

မှူး စကားကြောင့် ကောသရီပြုံးမိသည်။ ကောသရီက အလှပန်းတွေ ဝံကြွားတဲ့အရွယ်လေး၊ စွဲမက်စရာကောင်းတဲ့ အပြုံးတစ်ချက် လွှင့်





ခြွေလိုက်တာနဲ့ မိန်းမောသွားတဲ့ ယောကျ်ားတွေ ဒုနဲ့ဒေး။ သူမသွားလေရာ တစ်ကောက်ကောက် ပါလာကြစမြဲဖြစ်သည်။

ကောသရီက မာယာများသည်။ ယောကျ်ားတွေကို မာယာဖြင့် သည့်ဖျားတတ်၏။ အရပ်မြင့်မြင့် ခန္ဓာကိုယ်တောင့်တင်းပြီး ခန့်ညားချောမောသော မှူးနှင့်တွေ့မှ သူမ အရည်ပျော်ခဲ့ရသည်။ တည်ငြိမ်ချင်လာ၏။

မှူး ဆိုတဲ့ ယောကျ်ားက နည်းနည်းလေးမှ သေးသေးတင်မခံ တတ်တဲ့ သူ၊ ကြိုးဆွဲရာကမည့် ရုပ်သေးတစ်ရုပ် မဟုတ်မှန်း သူမ သဘောပေါက်ခဲ့၏။ ဒါတွေကပဲ သူမ နှစ်သက်စွဲဆောင်နိုင်တဲ့ အပြုအမူတွေဖြစ်သည်။

မှူးရဲ့အနားမှာ နေရတာကို ကောသရီ ပျော်မွေ့တတ်ခဲ့သည်။ မှူးရဲ့အချစ်ကို တစ်နေ့မှာ သူမသာရယူပိုင်ဆိုင်ရမည်လေ။ သူမကလည်း အကင်းပါးသူမို့ မှူးကိုသူမ ချစ်နေတာကို အသိမပေးခဲ့ပေ။

မှူးက သူလိုချင်တာကို လက်ဖျောက်တစ်ချက်တီးရုံမျှဖြင့် အပိုင်ယူနိုင်သူဖြစ်သည်၊ ဒီတော့ ကောသရီက တန်ဖိုးရှိတဲ့ မိန်းမတစ်ယောက်ဖြစ်အောင် အနေအထိုင်ပိရိပြရ၏။

တစ်ခါတလေတွင် မာယာသုံးပြီး ခပ်ဖယ်ဖယ်နေပြတန်လျှင်လည်း နေပြရသည်။

''ကဲ ပြောစမ်းပါဦး၊ ဘာသတင်းအသစ်တွေများရှိလဲ၊ ကျွန်တော် အောင်ပန်းကိုသွားနေတာ တစ်နေ့ကမှပြန်ရောက်တယ်''

မှူးက ညှို့သည်များဘက် လှည့်ပြီးမေး၏။

''မ တော့ ဘာမှမကြားမိဘူး၊ ကိုတင်မောင်နီကော ဘာကြား



www.burmeseclassic.com

ဦးလဲ''

တင်မောင်နီ ခေါင်းခါပြ၏။ မှုံးက အခန်းတစ်နေရာကို စိုက်ကြည့်နေသည်။ သူ့မျက်နှာအသွင်အပြင်ကြောင့် တင်မောင်နီရော ကေသရီပါ သူကြည့်ရာဘက်လိုက်ကြည့်မိ၏။

ရှိသမျှ မျက်လုံးတွေက ထိုနှစ်ဦးထံမှာသာ စုပြုံနေလေသည်။ အခန်းထောင့်စားပွဲဆီသို့ လျှောက်လှမ်းသွားနေသော အမျိုးသမီးချော ချော နှစ်ဦး။ တံခါးမကြီးနှင့်အလှမ်းအဝေးဆုံးမို့ တစ်ခန်းလုံးကိုဖြတ်ကျော် ရမည်ဖြစ်သည်။

တော်တော်လေးကို လှပါသည်။ နှစ်ခါပြန်ငေးရသော အလှမျိုးဖြစ်သည်။ ဘယ်လိုဣန္ဒြေသိက္ခာရှိတဲ့ လူဖြစ်ပါစေ ငေးမကြည့်ဘဲ မနေနိုင် သံလိုက်ဆွဲအားလို ဆွဲငင်အားကောင်းသည့် ညှို့ဓာတ်ပါသော အလှမျိုး ပင်။

အသက်ကြီးသော အမျိုးသမီးကြီးက ခန့်ညားပါသည်။ ငယ်ရွယ်နုဖျိုသော ကောင်မလေးကတော့ ကြည့်လို့မဝ၊ အကြည့်ခံသော အလှမျိုးဖြင့်လှသူဖြစ်သည်ဟု မှတ်ချက်ပြုမိသည်။

တစ်ခန်းလုံးမှာ သူတို့နှစ်ယောက်တည်းရှိသလို ဂရုမစိုက်ဘဲ တည်ငြိမ်စွာ လျှောက်လာနေကြ၏။ ကောင်မလေးက နီပြာရောင်ဝတ်စုံ လေးဖြင့် ပိုပြီးဣန္ဒြေရကာ နတ်မိမယ်တစ်ပါးလိုဖြစ်နေသည်။

ကောင်မလေးနှင့်အဘွားကြီး စားပွဲမှာထိုင်လိုက်ပြီးဖြစ်ပေမယ့် မျက်လုံးတွေက နေရာမှမရွေ့သေး။ မှုံး အသက်ရှူဖို့ပင် မေ့နေလောက် အောင် ငေးမောနေမိသည်။

ပါးပါးလျားလျား ကိုယ်လုံးလေးနှင့်လှပနုဖတ်နေတဲ့ မျက်နှာ





သေးက အပြစ်ပြောစရာမရှိ။ မျက်ဝန်းစိမ်းစိမ်းညိုညိုတွေက ဖမ်းစား ညှို့ငင်နေသည်။

တင်ပါးဖုံးအောင် ရှည်လျားသော ဆံနွယ်တွေကို ခပ်မြင့်မြင့် ...ည်းပြီး ချထား၏။ စုစည်းထားတဲ့ နေရာမှာ နီပြာရောင် ကတ္တီပါပန်းပွင့် ...ညှပ်ကြီးက နေရာယူလိုက်တော့ ပြိုင်ဘက်ကင်းသွားတော့သည်။

ဘယ်ညာမယိမ်းသော မျက်ဝန်းတွေက ဣန္ဒြေအပြည့်ရှိသည့် ...တစ်ယောက်ဟု ဖော်ညွှန်းနေသယောင်။ မှုံး အလှတစ်မျက်နှာမှာ ...နေတုန်း ကေသရီအသံကြောင့် သတိပြန်ဝင်လာရသည်။

''ပုလဲတွေပါလား မှုံး သူ့ပုလဲတွေကိုမြင်လား''

မှုံးကတော့ ဘာပုလဲမှမမြင်မိ။ လေးကိုင်းသဏ္ဍာန် နှုတ်ခမ်း ...တွေ ကွေးညွှတ်သွားတိုင်း ရင်ခုန်လာသလို၊ မျက်လွှာချလိုက်တိုင်း ...ပါကိုရောက်နေသယောင် မျက်တောင်ကော့ကြီးတွေဆီမှာ နစ်မျော ...သည်။

သူကလေးကို ကြည့်ရတာ ကျန်တဲ့ ပိန်းကလေးတွေ အရောင် ...သွားကြသည်။ ရိုးစင်းတဲ့ သူ့ဟန်လေးကိုက တစ်မျိုးတစ်ဘာသာ ...အောင်မှုရှိတာ ဖြစ်မည်ဟု တွေးမိ၏။

''မှုံး တွေ့လားလို့''

သူ မေးတာမဖြေလို့ ကေသရီ နှုတ်ခမ်းဆူသည်။ ဒီတော့မှ ...မလေးဆီက အကြည့်ကိုခွာပြီး ကေသရီဘက်ကို လှည့်ကြည့်မိ ...၏။

ကေသရီ ဒီလောက်အသက်ကြီးနေမှန်း မှုံး တစ်ခါမှမတွေး ...ခါတလေ သူ့ထက်တောင် ငယ်မည်ဟု ထင်ခဲ့မိ၏။ ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးနှဲ့ယှဉ်လိုက်တော့ ကေသရီရဲ့သက်လတ်ပိုင်း ဇရာကပေါ်လွင်လာသည်ဟုဆိုလျှင် ပိုရာကျပေတော့မည်။

"သူ့ပုလဲတွေ ဟုတ်လား၊ သူ ပုလဲတွေဝတ်ထားလို့လား"

"မှူးရယ် သေလိုက်ပါတော့၊ ပုလဲမှ မီးခိုးရောင်ပုလဲတွေနော်၊ ဒီလောက်လှတဲ့ ပုလဲမျိုး တစ်ခါမှမမြင်ဘူးခဲ့ဘူး သိလား"

"ပေါက်ကရတွေ အကျီက အရောင်ဟပ်နေတာ ဖြစ်မှာပေါ့"

"ပုလဲအရောင်ကိုက မီးခိုးရောင်ပါ၊ ကိုတင်မောင်နီ ယူ မြင်တယ်နော်"

တင်မောင်နီက ကေသရီအမေးကိုမကြားနိုင်အောင် နစ်မျောနေလို့။

"ချောလိုက်တဲ့ ကောင်မလေး၊ ဘယ်သူလဲသိအောင် စားပွဲထိုးကို ခေါ်မေးကြည့်ဦးမှ"

"ဟို မိန်းကလေးက ဘယ်သူလဲကွ"

"မဥ္ဇူသက တဲ့ ဆရာ၊ အမျိုးသမီးကြီးက သူ့အဒေါ် ခေါ်ခင်သူဇာတဲ့ သူတို့ဘူတစ်ရီးကတော့ ကျွန်တော်တို့ဟိုတယ်မှာ ရေမုန်းအစားဆုံးပဲ"

"အေး အေး ကျေးဇူးတင်တယ် သွားလို့ရပြီ"

"လှတဲ့ မီးခိုးရောင်ပုလဲတွေ ကြည့်လို့ကို မဝနိုင်ဘူး"

ကေသရီ အားမလိုအားမရဖြစ်ရသည်။ သူမ တစ်သက်မှာ ဒီလို ပုလဲမျိုးတွေကို တစ်ခါမှမမြင်ဘူး၊ တော်တော် အဖိုးတန်လိမ့်မည်ဟု တွေးထင်မိပါ၏။

"ဒီလို ပုလဲမျိုးရှိလိမ့်မယ်လို့ ထင်တောင်မထင်ခဲ့မိပါဘူး"

တင်မောင်နီက ထပ်ဆင့်ဆိုလိုက်ပြန်သည်။ သူပြောလည်း





ပြောချင်စရာ။ ထိုအရာက တကယ့်ကို ထူးဆန်းလွန်းလှ၏။

ခင်မကြီးနှင့်မဥ္ဇူတို့ စားသောက်နေရင်း ခင်မကြီးမျက်ဝန်းတွေက စားပွဲတစ်ခုဆီသို့ မသိမသာ အကဲခတ်ဟန်ဖြင့် ကြည့်နေသည်။

ထိုစားပွဲတွင်ထိုင်နေကြသော လူတွေထဲမှာ လူငယ်တစ်ယောက်က သိသိသာသာကြီး ပေါ်လွင်နေ၏။ ရုပ်ရည်ချောမောပြေပြစ်ပြီး ဥပဓိရုပ်ကောင်းကောင်းနှင့် ထင်းနေအောင်ဖြစ်နေသော လူငယ်ကို မဥ္ဇူလည်း သတိထားမိပါသည်။

"အောင်မလေး ဟူး မောလိုက်တာ"

ဘေးတစ်ဖက်ဆီမှ အသံကြောင့် မဥ္ဇူ လှည့်ကြည့်မိ၏။ ပိန်ပိန်ပါးပါးနှင့်အသက်အရွယ် ကြီးရင့်နေပြီဖြစ်သော အဘွားအိုတစ်ယောက်ကို တွေ့ရသည်။ ဒယီးဒယိုင်ဖြင့် လျှောက်လာရင်းက ဆက်မလျှောက်နိုင်တော့ပုံရ၏။

အဘွားအိုက မဥ္ဇူ နံဘေးမှာရပ်တန့်လိုက်သည်။ အဘွားအိုကို ကြည့်ရသည်မှာ အတော် မောပန်းနေပုံပင်။

"မြေးလေးရယ်၊ အဘွား မူးနောက်နောက်ကြီးဖြစ်နေလို့ အဘွား အခန်းကို လိုက်ပို့ပေးပါလားကွယ်၊ အဘွားက ဒီဟိုတယ်ကပါ"

မဥ္ဇူက ခင်မကြီးကို လှမ်းကြည့်လိုက်သည်။ ဘယ်လိုလုပ်ရပါ့မလဲဟုသော အဓိပ္ပါယ်။

"လိုက်ပို့ပေးလိုက်ပါ ပြီးရင် မြန်မြန်ပြန်ခဲ့နော်"

ခင်မကြီးက အဘွားအိုကို တစ်ချက် မဥ္ဇူကိုတစ်ချက် ကြည့်နေဖြင့် ပြော၏။ မဥ္ဇူ အဘွားအိုကိုတွဲပြီး သူ့အခန်းရှိရာအထိ လိုက်ပို့ပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘွားတစ်ယောက်တည်း ဖြစ်ပုံမလား၊ အဝဲဝဲဝဲ ပို့ပေးမယ်လေ"

မဥ္ဇူက အဘွားကြီးကို ကရုဏာသက်စွာဆိုတော့ ကျေးဇူးတင်ကြောင်းပြော၍ အဘွားက သာဓုခေါ်သည်။

"ရတယ် မြေးလေး အဘွားသမီးက အပြင်သွားနေလို့ပါကွယ်၊ ခဏနေ ပြန်လာတော့မှာပါ၊ ကျေးဇူးတင်ပါတယ် သွားတော့နော်၊ သာဓုကွယ် သာဓု သာဓု"

အဘွားကြီးကို နှုတ်ဆက်ပြီး မဥ္ဇူ ပြန်လာခဲ့၏။ မဥ္ဇူ စကြံအတိုင်းလျှောက်လာစဉ် ထောင့်ချိုးတစ်ခုသို့အရောက် ထင်မှတ်မထားသူနှင့် ဆုံတွေ့တော့သည်။

"ပြန်တော့မလို့တော့ မဟုတ်ပါဘူးနော်"

အသံကြားရာဆီသို့ မဥ္ဇူ လှမ်းကြည့်လိုက်တော့ ဘုန်းသက်မှူးကိုတွေ့လိုက်ရ၏။

"မပြန်သေးပါဘူး၊ အဘွားတစ်ယောက် နေမကောင်းလို့ သူ့အခန်းကိုလိုက်ပို့ပြီး ပြန်လာတာ"

"အချိန်ရမလား၊ စကား နည်းနည်းပြောချင်လို့"

"ဟင့်အင်း ကြီးမေက မြန်မြန်ပြန်ခဲ့ဖို့ မှာလိုက်တယ်၊ မီးသွားမယ်နော်"

"ခဏလေးပါ ငါးမိနစ် ဆယ်မိနစ်နဲ့တော့ ဘာမှမဖြစ်လောက်ပါဘူး"

မှူးက မဥ္ဇူ သွားမည့်လမ်းမှ ပိတ်ရပ်ထားလိုက်သည်။ မဥ္ဇူ အပြစ်တင်စကားမဆိုဖြစ် ခေါင်းကိုငုံ့ထားရင်း ရပ်နေလိုက်သည်။ ပြီးမှ





သူမကို စိုက်ကြည့်နေသော မှူးကို

"အစ်ကို့ကို မိတ်ဆွေတွေနဲ့ စားသောက်နေတာ တွေ့ပါတယ်၊ အစ်ကိုက ပျော်ရွှင်နေတာပဲနော်၊ မီးမှာတော့ အထီးကျန်ဆန်လွန်းလိုက်တာ"

မဥ္ဇူက မျက်နှာလေးညှိုးစွာဖြင့် စကားဆိုသည်။ မှူးက သဘောကျစွာ ရယ်မောလိုက်ပြီး

"ဘယ်သူ့ကိုမှ မနာလိုစရာ မဖြစ်ပါနဲ့ကွာ၊ လူတိုင်းက မင်းကို မနာလိုဖြစ်နေကြတာကိုကော တွေးမိရဲ့လား"

မှူး စကားကြောင့် အံ့ဩဟန်ဖြင့် မဥ္ဇူ နှုတ်ခမ်းဖူးဖူးလေး စူသွားသည်။ အဲဒါကိုက တစ်မျိုးလေးလှနေတာ။

"ဟုတ်တယ် ဒီညအတွက်တော့ မင်းက ကောင်းကင်ဘုံက နတ်သမီးလေးတစ်ပါးပဲ၊ မင်းဆွဲလာတဲ့ ပုလဲလုံးတွေက အားလုံးအတွက်တော့ နတ်ဝတ်တန်ဆာတွေပါပဲ"

သွယ်ပျောင်းတဲ့ လက်ချောင်းလေးတွေက လည်တိုင်ကျော့ကျော့ဆီသို့ ရောက်ရှိသွား၏။ ဟုတ်သားပဲ မီးခိုးရောင် ပုလဲတွေ။ အခုမှ ဘုန်းသက်မှူး သတိပြုမိ၍ ပြောလိုက်ခြင်းဖြစ်သည်။

ကမာခွံထဲက ရောင်စဉ်တွေလို၊ မီးခိုးရောင်တွေ ယှက်သမ်းလို့ တော်တော်ထူးဆန်းပြီး တော်တော်လှတဲ့ ပုလဲတွေပဲ။

"တန်ဖိုးကြီး ပစ္စည်းတွေကို ကြီးမေက ဒီညမှ ဆင်ပေးထားတာလေ၊ မီးခိုးရောင်မဟုတ်ရင် သိပ်ကောင်းမှာပဲနော်"

မဥ္ဇူက ဘာမှမသိရှာသော ကလေးတစ်ယောက်လို ရေရွတ်လိုက်သည်။ ဒီအပြုအမူလေးတွေကပဲ ပို၍ ဆွဲဆောင်နေသည်ဟု မှူး



www.burmeseclassic.com

www.burmeseclassic.com



တွေးထင်မိ၏။

"ဟာ ဒီအရောင်က သိပ်ရှားပြီး သိပ်လှတာ၊ တစ်ခါမှတောင် ကိုယ် မတွေ့ဖူးဘူး။ ဒီလို လက်ဝတ်ရတနာတွေကို ပိုင်ဆိုင်ပုံထောက်ရင်တော့ မင်းမိဘတွေက သိပ်ချမ်းသာမှာပဲနော်"

"ဟင့်အင်း မေမေက"

မဥ္ဇူ နှုတ်က လွှတ်ခနဲထွက်သွားတော့မည့်စကားကို အချိန်မီ ထိန်းလိုက်ရသည်။ တော်ပါသေးရဲ့ဟု တွေးမိရင်း။

"မီးကို မေးခွန်းတွေထပ်မမေးပါနဲ့နော်၊ ကြီးမေ စိတ်ဆိုးနေလိမ့်မယ်၊ မီး သွားတော့မယ်"

"မသွားပါနဲ့ဦး ဒီနေ့ အမျိုးသမီးတွေအပြင် ယောကျ်ားသားတွေ ဘာတွေတွေးနေကြသလဲဆိုတာ မင်း မသိချင်ဘူးလား"

"မီးအကြောင်း ဟုတ်လား"

မျက်ဆံနက်ကလေးတွေ ထောင့်ကပ်သွားပြီး မဥ္ဇူ အံ့သြသွားရှာသည်။ အပြစ်ကင်းစင်လှတဲ့ ကလေးလေးလိုပါပဲလား။

"ဟုတ်တယ် လူတိုင်း မင်းအကြောင်းကို ပြောကြတယ်၊ မင်းက သူတို့မြင်ဖူးသမျှ မိန်းကလေးတွေထဲမှာ အချောဆုံး အလှဆုံးပဲတဲ့"

မျက်လွှာချရင်း ရှက်ရွံ့သွားဟန်ကိုက မှူးအတွက် အသည်းယားစရာ။ ပါးမို့မို့လေးတွေ ရဲသွားပြီး ရှက်သွေးဖျာနေလေ၏။ ထွက်ခွာဖို့ဟန်ပြင်လိုက်တဲ့ မဥ္ဇူကို မှူးက လက်ကာလိုက်ရင်း။

"နေပါဦး မသွားပါနဲ့ဦး၊ ကိုယ်ပြောတာ စိတ်ဆိုးစရာပါလို့လား"

"အစ်ကိုက မီးကို ဖျက်ရယ်ပြုနေတာလား ဟင်"

"ဟောဗျာ ဘယ်လိုဟာလေးလဲ ကိုယ်က အမှန်အတိုင်းပြော





နေတာ၊ ကိုယ့်ကိုကိုယ် ဘယ်လောက်လှတယ်ဆိုတာ မသိဘူးလား။ ဘကယ် မင်းအရမ်းလှတယ်"

မှူး အသံက တိုးညင်းပေမယ့် မဥ္ဇူ ရင်ထဲအထိ နက်ရှိုင်းစွာ စူးနစ်သွားခဲ့သည်။ မဥ္ဇူ ရှက်ရွံ့စွာဖြင့်

"မီး သွားတော့မယ်၊ မတားပါနဲ့တော့"

မှူးက ပြေးရန်ဟန်ပြင်နေတဲ့ မဥ္ဇူ လက်ကလေးကို ဖမ်းဆွဲထားလိုက်သည်။

"မသွားခင် ကိုယ့်ကို ကတိတစ်ခုပေးခဲ့ရမယ်၊ ကိုယ်တို့နောက်တစ်ခါ ထပ်တွေ့ကြရအောင်"

"မီး ကတိမပေးနိုင်တာကို ခွင့်လွှတ်ပါ။ မီးကို အစ်ကို နားလည်ပေးပါနော်၊ မီး တစ်ယောက်ယောက်နဲ့စကားပြောနေတာကို ကြီးမေသိရင် အရမ်းစိတ်ဆိုးနေလိမ့်မယ်"

"မင်း သူနိုင်ကျင့်တာကို အမြဲတစေ ခံနေဖို့ မလိုဘူး"

"ဒါပေမဲ့ သူနိုင်းသလို မီး လုပ်ရမှာ၊ သူက မီးရဲ့အဒေါ်လေ၊ ပြီးတော့ သူ့ကိုမီးကြောက်တယ်"

"ကိုယ့်ကို အလိုရှိရင် ဘယ်မှာရှာရမယ်ဆိုတာ မင်းသိတယ်နော်"

လက်ကလေးဆုပ်ကိုင်ရင်း မှူးပြောတော့ မဥ္ဇူ ကမျက်လုံးလေးဝိုင်းကြည့်၏။ တဒင်္ဂခဏ မျက်ဝန်းအကြည့်ခြင်း ဆုံသွားရသည်။

လှုပ်ရှားသွားတဲ့ စိတ်ကို ဘယ်လိုမှ ထိန်းချုပ်မရနိုင်တော့ပြီး အေးစက်ဖူးရှနေတဲ့ လက်ကလေးကို တရှိုက်မက်မက် နမ်းပစ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပါးကလေးတွေ ပန်းသွေးစိုလာပြီး မျက်ဝန်းထဲက အံ့ဩရိပ်
တွေ့လိုက်ရ၏။ အရှက်သည်းစွာ အပျိုရိုင်း ချာတိတ်မလေး ထွက်ပြေ
သွားတော့သည်။ အချစ်ရန့်တွေ မှူးဆီမှာ ထုံသင်းနေ၏။

စားပွဲဝိုင်းဆီသို့ရောက်တော့ ကြီးမေမျက်နှာ
သုန်မှုန်နေသည်။ သူမ ကြာနေ၍ အလိုမကျဖြစ်နေတာဖြစ်မည်
သတိထားရင်း စားပွဲမှာ ဝင်ထိုင်လိုက်သည်။

"မဋ္ဌူ ဘာလုပ်နေတာလဲ၊ ကြာလှချည်လား"

"ဘာ ဘာမှမလုပ်ပါဘူး၊ အဘွားကြီးက ခေါင်းတော်တော်
မူးနေလို့ ခဏစောင့်ပေးနေရလို့ပါ ကြီးမေ"

ခင်မကြီး စောစောက လူငယ်ကိုလှမ်းကြည့်မိ၏။ လူငယ်
ရယ်မော၍ စကားတွေဖောင်ဖွဲ့နေ၏။ ပျော်ပျော်နေတတ်ပုံရသည်
မှတ်ချက်ပြုမိသည်။

ပုံစံကြည့်ရတာကတော့ သာမန်လူတန်းစားထဲက မဖြစ်နိုင်
သုံးနိုင်၊ ဖြုန်းနိုင်သည့်ပုံစံမျိုးထဲကပင်၊ စားပွဲထိုးလေး တစ်ယောက်
ခင်မကြီး မျက်ရိပ်ပြပြီး လှမ်းခေါ်လိုက်သည်။

"ဟို စားပွဲက လူငယ်လေးက ဘယ်သူလဲ၊ ဟော အ
ထသွားတဲ့ သူငယ်လေ၊ မင်းသိရင်ပြောပြနိုင်မလား"

"အဲဒါ မိုးကုတ် သူဌေး စောခွန်နောင်ရဲ့သား စိုင်းမော်သာ
လို့ ခေါ်ပါတယ်၊ ဒိတ်ဒိတ်ကျဲ သူဌေးတစ်ယောက်ပေါ့ဗျာ"

ခင်မကြီး ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်သွားရသည်။ စိုင်း
မော်သာ၊ စောခွန်နောင်ရဲ့သားတဲ့၊ သူမ နှုတ်မှ နာမည်ကို တတွတ်တွတ်
ရွတ်ကြည့်နေမိ၏။





"စိုင်းမော်သာ"

"ဟုတ်ပါတယ် ခင်ဗျာ၊ ဟုတ်ပါတယ်"

သူမ စကားကို ရိုကျိုးစွာပြောနေသော စားပွဲထိုးလေးကြောင့်
သတိပြန်ဝင်လာရသည်။

"ကြော် အေး ကျေးဇူးပဲကွယ်၊ သွားနိုင်ပါပြီ"

စားပွဲထိုးလေးထွက်သွားတော့ ခင်မကြီး ပြုံးလိုက်၏။ ခင်မကြီး
မဋ္ဌူ လက်ကိုဆွဲရင်း စားပွဲမှ ဖျတ်ခနဲထလိုက်မိသည်။

"လာ မဋ္ဌူ"

ကြီးမေ ဘာဖြစ်သွားတာလဲဟုတွေးရင်း ပါသွားခဲ့သည်က
မဋ္ဌူသာက။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ဟိုတယ် အခန်းကိုပြန်ရောက်တော့ ကြီးမေ မျက်နှာက အလိုမကျစွာသုန်မှုန်နေသည်။ မဇွန် နားမလည်နိုင်ဖြစ်ရသည်။

စားသောက်ခန်းထဲကနေ ဘာမပြော ညာမပြောနှင့် ကြီးမေ မဇွန်လက်ကို အတင်းဆွဲခေါ်သွားခဲ့သည်။

ဟိုတယ်ရှေ့က ကားဝင်းရောက်တော့ ကြီးမေ မျက်ဝန်းတွေက ကျိုးကန်းတောင်းမှောက် ရှာဖွေနေ၏။ ကြီးမေ ဘယ်သူ့ကို ရှာတာလဲ ဘာကိုရှာနေတာလဲဟု မဇွန် မမေးရဲခဲ့။

ကြီးမေရဲ့မျက်ဝန်းတွေ ရွှန်းလက်စူးရှလို့ သားကောင်ကို ရှာနေသည့် ကျားရိုင်းလိုဖြစ်နေတာတော့ သိသည်။

ထိုအခိုက်မှာပဲ ရပ်ထားသော ကားတန်းရှည်ထဲမှ မီးခိုးရောင်ပါရာဒိုကားကြီး ဝူးခနဲမောင်းထွက်သွားခဲ့သည်။

"သူ သူပဲ ဟုတ်တယ်"





ကြီးမေ နှုတ်က အလန့်တကြား ရေရွတ်သည်။

"ဘယ်သူလဲ ဘာဖြစ်လို့လဲ ကြီးမေ"

"ဘယ်သူရမလဲ မိုးကုတ်သူဌေး စောခွန်နောင်ရဲ့သား၊ စိုင်းမော်သာပေါ့၊ မင်း သူ့ကို အသေအချာမြင်လိုက်ရဲ့လား မဇွန်"

"ဟို ဟိုတယ်ဝန်ထမ်းကို ကြီးမေ မေးတဲ့သူလားဟင်"

"ဟုတ်တယ် အဲဒီ ယောက်ျားပဲ"

"ဟင့်အင်း မီး သတိမထားလိုက်မိဘူး"

ကြီးမေ မျက်နှာက ရှုံ့မဲ့သွားသည်။ မဇွန်ကို အသုံးမကျလိုက်တာဟုသော အပြစ်တင်မျက်ဝန်းတွေနှင့် စူးစိုက်ကြည့်သည်။

"အဲဒီသူက ဘာဖြစ်လို့လဲ ကြီးမေနဲ့သိနေလို့လား ဟင်"

"သိပ်သိတာပေါ့၊ တို့ ဒီကိုလာခဲ့တာ သူနဲ့ဆုံချင်လို့ပဲ"

"ရှင်"

"မင်း ဘာမှထပ်မေးခွန်း မထုတ်နဲ့တော့ တို့ ပြန်ကြမယ်"

ကြီးမေ မျက်နှာ တင်းမာနေတာမို့ မဇွန် ဘာမှမပြောရဲပါ။ ကြီးမေ စကားအတိုင်း ပြန်ခဲ့ကြရသည်။ အခန်းထဲရောက်တော့ ကြီးမေ ဒိတ်ဆိတ်စွာ တွေတွေကြီးထိုင်နေခဲ့တာဖြစ်၏။

"မဇွန်"

"ရှင် ကြီးမေ"

ကြီးမေ ခေါ်သံကြောင့် မဇွန် အလိုက်သင့်ပြန်ထူးရသည်။ ကြီးမေရဲ့မျက်ဝန်းအကြည့်တွေက မဇွန် မျက်ဝန်းတွေထဲအထိ စူးရှအောက်ဝင်မလား ထင်မိ၏။

"အခု ငါပြောမယ့် စကားတွေကို ညည်းမမေ့နဲ့ သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



နားသောင်ပါ''

ကြီးမေ အလေးအနက်ဆိုနေတာ သိတာမို့ မဗျူ ခေါင်းကလေး ညိတ်ပြီး နားစွင့်နေလိုက်သည်။

''စောစောက ဟိုတယ် စားသောက်ခန်းမှာတွေ့ခဲ့တဲ့ သူနာမည် က စိုင်းမော်သာတဲ့၊ သူ့အဖေက မိုးကုတ်သူဌေးကြီး စောခွန်နောင်ပဲ မင်းကို အဲဒီသူငယ်နဲ့ ရင်းနှီးခင်မင်ကျွမ်းဝင်စေချင်တယ်''

စကားကို ရပ်ကာ ကြီးမေ မဗျူကို အကဲခတ်ကြည့်၏။ မဗျူ စိတ်ဝင်စားစွာ နားထောင်နေတာကို ယုံကြည်သွားမှ ဆက်ပြောသည်

''အခု ငါတို့အခွင့်အရေးတစ်ခု လက်လွှတ်သွားတယ်၊ ဒါပေ ပြဿနာမရှိပါဘူး။ နောက်ထပ်ဆုံခွင့်ကြုံဦးမှာပါ၊ အဲဒီအခါကျ သူနဲ့ တွေ့ မိတ်ဖွဲ့နိုင်ရမယ်''

အခုမှ မြင်ဖူးသောသူက ဘယ်လိုမိတ်ဖွဲ့ရမည်လဲ မဗျူ မေ စားတတ်ပါ။ ဒါပေမဲ့ ဆက်မမေးရဲတာမို့ နှုတ်ဆိတ်နေလိုက်၏။

''တို့ ရည်ရွယ်ချက် ဘာလဲဆိုတာ နောက်တော့မင်းသိလာမှာ အရေးကြီးတာက အဲဒီ သူငယ်နဲ့ကျွမ်းဝင်ဖို့ပဲနော်၊ မင်းကို ကြီး သွားလေရာကိုခေါ်သွားတာ၊ ဘယ်သူနဲ့မှ သိစေချင် တွေ့စေချင် မဟုတ်ဘူး၊ အဲဒီ စိုင်းမော်သာတစ်ယောက်နဲ့ပဲ ဆုံစေချင်လို့''

ကြီးမေ ဘာတွေပြောနေတာလဲ၊ မဗျူ ရောက်နေတာ လူအ ကြီးရှိတတ်တဲ့ နေရာတွေလေ။ ဒါပေမဲ့ တခြားဘယ်သူကိုမှ ကြီး က မကျွမ်းဝင်စေချင်တဲ့။

စိုင်းမော်သာ တစ်ယောက်တည်းကိုသာ ဖြစ်ရမည်ဆိုသ

စိုင်းမော်သာ က ဘယ်သူမို့တုန်း၊ ကြီးမေနှင့်ဘယ်လို ပတ်သ





ခဲ့ဖူးပါသလဲ။ ဘာမှ မဗျူ မသိ။ ကြီးမေ ကြည့်ရတာ ရှင်းပြချင်စိတ်လည်း ရှိပုံမရ။

''ကဲ မင်း သဘောပေါက်ပြီဆို မင်းအခန်းပြန်နားချေတော့''

စိတ်ညစ်ညူး ရှုပ်ထွေးစွာနှင့်ကြီးမေ အခန်းထဲက ပြန်ခဲ့ရ သည်။ ခန့်မှန်းရခက်လှသော ကြီးမေ ရင်ထဲက ဆန္ဒတွေကို မဗျူ မမြင်တတ်ပါ။

အဝတ်အစားတွေလဲလှယ်ပြီး အိပ်ရာပေါ်လှဲလိုက်တော့ ကြီးမေ အကြောင်းက အာရုံထဲက လွင့်ပျောက်သွားခဲ့သည်။

မဗျူ အာရုံထဲတိုးဝင်လာသည်က ဘုန်းသက်မှူး ဆိုတဲ့ သူ တစ်ယောက်သာ ဖြစ်သည်။

မထင်မှတ်ဘဲ သူနှင့်ပြန်ဆုံရသည်က မဗျူအတွက် ရင်ခုန် လိုက်မောကျေနပ်စရာ ကောင်းသည်။ ကြီးမေ မသိအောင် သူနှင့် စကားတွေပြောခွင့်ပေးသော ကံကြမ္မာကိုလည်း ကျေးဇူးတင်မိသည်။

နောက်ထပ် တစ်ခါတွေ့ရအောင်ဟု သူဆိုခဲ့သော စကားကို မဗျူ နားထဲက မထွက်။ မဗျူကလည်း ဆုံချင်ပါသည်။ ဒါပေမဲ့

ကြီးမေကိုတော့ ကြောက်သည်။

သူကတော့ ဘာကိုမှဂရုစိုက်မည့် အသွင်မရှိ။ ရဲရင့်ပြတ်သား သည့် အသွင်နှင့် မဗျူတစ်ယောက်ကိုပဲ အရေးစိုက်တတ်သူ။

ကြီးမေ သာသိသွားခဲ့လျှင် အတော်မလွယ်သည့် ကိစ္စ။ အခု တွေ့လိုက်ရုံနဲ့တောင် မဗျူ ရင်တွေတုန်ယင်ချောက်ချားဆဲ။

သို့ပေမယ့် သူပြောခဲ့သလို ထပ်ဆုံခွင့်ကိုတော့ မဗျူ သိပ်ကို တောင့်တလိုချင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာက ဖန်တီးပေးခဲ့ပါလျှင်

မညှုတို့ ထပ်ဆုံခွင့်ရချင်ပါသေးတယ် ဘုန်းသက်မှူး။

■ ■ ■





## အခန်း (၁၀)

ဘုရားကန်တော့ပြီး မညှု ပုဆစ်တုပ်ကလေးထိုင်နေရာမှ ...ထ်တရက် မထဖြစ်သေးပါ။ စိတ်အာရုံထဲမှာ မတွေးဘဲ ဝင်လာတာက ...န်သက်မှူး ပဲဖြစ်သည်။

အမြဲတမ်း တည်ငြိမ်ရင်းသန့်ပြီး ညို့နိုင်စွမ်းသော မှူးကိုသာ ... သတိတရရှိနေတာ ဘာကြောင့်မှန်းမသိပါ။

ကြီးမကို ရုတ်တရက်လာပြီး အသိအကျွမ်းဖွဲ့တတ်ကြသူတွေက ...သည်။ အလှူပွဲ မင်္ဂလာပွဲများသာမက မွေးနေ့ပါတီ၊ ညစာစားပွဲများမှာ ...မ ကိုခင်မင်စွာ ဖိတ်ကြသည်။ အရာရှိကတော်ဟောင်းဆိုသော ...ဖြစ်ကြောင့်ဟု မညှု ထင်မိပါသည်။

ကြီးမေက အမြဲတမ်းလည်း မညှုကို ခေါ်ဆောင်သွားတတ်သည်။ ... သေိမကျွမ်းသော လူစိတ်တွေထဲမှာ အူလည်လည်လေး ငေးမော ...း ဘုန်းသက်မှူး ကိုတွေ့ရတတ်စမြဲ။



www.burmeseclassic.com

www.burmeseclassic.com



သည်အခါတိုင်း မဠူ ရင်ထဲလှိုက်ခနဲ ခုန်ရသည်။ မျူးကလည်း မဠူကို အပြုံးရိပ်သမ်းသော မျက်ဝန်းတွေနှင့်ကြည့်ကာ နှုတ်ဆက်တတ် သည်မှလွဲ၍ ပေးထားသည့် ကတိအတိုင်း လာ၍နှုတ်မဆက်ခဲ့ပါ။

ထို့အတွက် မျူးကို ကျေနပ်ကျေးဇူးတင်ရပေမယ့် မျူး အနားမှာ ရှိနေတတ်သော အမျိုးသမီးကိုတော့ မဠူစိတ်က ဝန်တိုချင်ချင်ဖြစ်မိသည်

"ဒီမိန်းမက ကောင်လေးကို အပိုင်ချုပ်ထားပြီထင်တယ်"

"ဘယ်သူ့ကိုပြောနေတာလဲ ဒေစီရဲ့"

"ကေသရီဆိုတဲ့ မိန်းမကိုပြောနေတာ၊ ကြည့်လေ ကောင်လေ က သူ့ထက်နုပျိုငယ်ရွယ်ပြီး ချောမောတယ်၊ ရန်ကုန်မှာ တကယ့် ဒိတ်ဒိတ်ကျဲတွေပေါ့၊ နာမည်က ဘုန်းသက်မျူးတဲ့"

နံဘေးဝိုင်းက မိန်းမတွေ၏တီးတိုးစကားသံတွေကို နားထော ရင်းနဲ့ မဠူ သိခွင့်ရခဲ့သည်။ မျူး အနားမှာရှိနေသော ကေသရီကိုလည် စပ်စပ်စုစုလေး အကဲခတ်ကြည့်မိသည်။

ကေသရီ ချောပါသည်။ နုရုပ်ပြီးသော မျက်နှာလေးကို ချော ချယ်သထားတော့ ရှိရင်းစွဲ အသက်ထက်နုပျိုပြီး စွဲမက်စရာကောင်း မဠူ မငြင်းချင်ပါ။

ညစဉ်တိုင်း ရွှေလိပ်ပြာဟိုတယ်မှာ ညစာလာစားတတ်သေ မျူးနဲ့ကေသရီကို တွဲတွေ့ရသည်။ မဠူ ရင်ထဲမှာ အလိုလို ဝမ်းနည် ပေမယ့် မျူးရဲ့အပြုံးလေးတွေနှင့် နှုတ်ဆက်တာကိုခံယူရတော့လည စိတ်က ပျော့ပျောင်းကာ ကျေနပ်နိုင်ခဲ့သည်ချည်း။

ကြားခဲ့ရသော သတင်းအရတော့ မျူးနှင့်ကေသရီတို့ နှစ် တွဲနေတာ ဆိုပေမယ့် အိမ်ထောင်ဘက်တွေမဟုတ်ကြသေးတဲ့။ ဒါ





ကျေနပ်စိတ်နဲ့ မဠူ ပျော်နေမိတာ ဘာကြောင့်လဲ။

သည်မေးခွန်းကို မဠူ မဖြေရဲ။ ပါးပြင်လေးတွေ ထူပူနီမြန်း လာရကာ ရင်တွေ လှိုက်ခုန်သော ခံစားမှုက ဝင်ရောက်လာတတ်၏။

"သမီး သွားကြစို့"

ဘုရားဝတ်ပြုနေတဲ့ ကြီးမေတောင်ထရပ်နေပြီ။ သည်တော့မှ မဠူ ခေါင်းကလေးညိတ်ကာ ကြီးမေနှင့်အတူ ရင်ပြင်ပေါ်က ဆင်းခဲ့သည်။

ဘုရားဝင်းအပြင် သစ်ရိပ်အောက်မှာ ရပ်ထားတဲ့ မီးခိုးရောင် Land Cruiser ကားကြီးကို မြင်တော့ ကြီးမေ မျက်ဝန်းတွေ လက်ခနဲ ဝင်းပသွား၏။ ကားတံခါးပွင့်သွားပြီး ဆင်းလာသော စိုင်းမော်သာ။

အနက်ရောင် Guy Laroche (ဂိုင်းလာအိုချီ)ကုတ်အင်္ကျီကို ဘောင်းဘီအနက်နှင့်တွဲဖက်ဝတ်ဆင်ထားပုံက စတိုင်ကျနသည်။ အတွင်း မှာက Arrow (အဲရိုး) ရှပ်နို့နှစ်ရောင် ခံဝတ်ထား၏။

Police (ပလိစ်)မျက်မှန်နက် ဝတ်ဆင်ထားတာကြောင့် ဝါဝင်း နုညက်သော သူ့အသားရောင်က ရှင်းသန့်နေသည်။

ဘုရားပေါ်က ဆင်းလာသော မဠူတို့ကို မြင်တော့ စိုင်းမော်သာ လှမ်းကြည့်သည်။ ကြီးမေ ခြေလှမ်းတွေက စိုင်းမော်သာဆီ ဦးတည်သွား ခဲ့သည်။

"မောင် က မိုးကုတ်သူဌေးကြီး စောခွန်နောင်ရဲ့သား မဟုတ် သားကွဲ့"

"ဗျာ ဟုတ် ဟုတ်ပါတယ် ခင်ဗျာ"

"အင်း ဒါကြောင့် ရုပ်ချင်းဆင်ပါတယ်လို့ အန်တီ ထင်နေတာ၊ ဖောင့်ဖခင်ကို အန်တီ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်ကတည်းက သိကျွမ်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖူးတာကွဲ့''

ကြီးမေ ဘာကြောင့် အကြောင်းမဲ့နှုတ်ဆက်နေသည်လဲ မဌူ မစဉ်းစားတတ်ပါ။ လူရွယ်ကတော့ တပ်ထားသောမျက်မှန်ကို ချွတ်ကာ ကြီးမေကို ခင်မင်နှစ်လိုဖွယ်ပြုံးပြသည်။

နဖူးပြေပြေမှာ ထင်းပြီးတန်းနေသော မျက်ခုံးညိုညိုတွေ၊ ကြည်လဲ့နေသည့် မျက်ဝန်းအစုံ၊ နှာတံက ကျစ်လျစ်အချိုးကျပြီး ဝင်းဝါသော အသားအရည်ကြောင့် စိမ်းမြမြ နှုတ်ခမ်း၊ မုတ်ဆိတ်မွေးရာတို့က ယောက်ျားပီသလွန်းသည်။

''ကျွန်တော့်နာမည်က စိုင်းမော်သာပါ အန်တီ၊ ဖေဖေ့ရဲ့ မိတ်ဆွေဆိုတာ သိရလို့ ဝမ်းသာပါတယ် ခင်ဗျာ''

''အန်တီ နာမည်က ဒေါ်ခင်သူဇာ၊ အန်တီခင်ပွန်းက သစ်တောဌာနက အငြိမ်စားအရာရှိကြီးပေါ့၊ အခုတော့ ဆုံးပါးသွားပါပြီ၊ အိမ်ထောင်ကျကတည်းက ရန်ကုန်မှာနေခဲ့ကြတာ၊ အခုတော့ ဒီတောင်ကြီးမှာပဲ နေထိုင်ဖို့ စိတ်စဉ်နေတာကွဲ့၊ လောလောဆယ်တော့ ရွှေလိပ်ပြာဟိုတယ်မှာ တည်းနေတယ်၊ ဟောဒီက အန်တီတူမလေးနဲ့ နေထိုင်ဖို့ ခြံကောင်း အိမ်သန့်တစ်လုံးရှာနေတာ ဆိုပါတော့''

''ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော် ဘာကူညီပေးရမလဲ ပြောပါ ခင်ဗျာ''

''အိမ်ခြံကိစ္စက မကြာခင် အဆင်ပြေမှာပါ၊ အန်တီ စိတ်ကြိုက် ရွေးချယ်နေတာဆိုပါတော့ မိတ်ဆက်ပေးဦးမယ်၊ ဒါ အန်တီ တူမလေး မဌူသက တဲ့''

ကြီးမေက နှုတ်ဆက်ပေးတော့မှ စိုင်းမော်သာ မဌူကို လှည့်ကြည့်ရင်း လက်ကမ်းပေးလာသည်။

''တွေ့ရတာ ဝမ်းသာပါတယ်ဗျာ''

''ဟုတ် ဟုတ်ကဲ့ရှင့်''

မဌူလည်း အလိုက်သင့် လက်ခွဲနှုတ်ဆက်လိုက်ရပါသည်။ ကြီးမေက မဌူကို ထိုထက်ပိုမိုသော ဆက်ဆံမှုဖြင့် ကျွမ်းဝင်စေချင်မှန်း မျက်ဝန်းတွေနှင့်အရိပ်ပြပေမယ့် မဌူ ဘာပြောရမှန်းမသိ။

''ဒါနဲ့ ကြီးမေတို့ ဘုရားဘာဖူးမျှော်ကြတာလား ခင်ဗျာ''

''ဟုတ်ပါတယ်ကွယ်၊ မောင်စိုင်းကကောကွဲ့''

''ကျွန်တော် ဇိုက်ခင်းတွေသွားကြည့်ပြီး ပြန်လာတာပါ၊ ဟောဒီ ဘုရားရိပ်က ရှုခင်းတွေ ငေးချင်လို့ ခဏရပ်ပြီး နားနေတာပါ''

''ပြန်တော့မှာလားကွဲ့ အန်တီတို့လည်း ပြန်တော့မလို့ တက္ကစီစောင့်နေတာ''

''တက္ကစီနဲ့ပြန်ကြမှာလား။ ဒါဆို ကျွန်တော့်ကားနဲ့ပဲ လိုက်ပို့ပေးပါရစေ''

ကြီးမေ မျက်ဝန်းတွေ ကျေနပ်ဝင်းလက်သွားပေမယ့် မဌူကတော့ ခပ်တွန့်တွန့်ဖြစ်မိသည်။ အခုမှတွေ့၊ အခုမှသိသော ယောကျ်ားလေးတစ်ယောက်ကားနဲ့ ကြီးမေ ဘာလို့ပြန်ချင်ရတာလဲ မသိ။

''ကဲ တက်ပါ အန်တီ၊ မဌူ တက်ပါ''

စိုင်းမော်သာက ကားနောက်ခန်းတံခါးကို အလိုက်သင့်ဖွင့်ပေးသည်။

''တက်လေ သမီး''

တွန့်ဆုတ်ဆုတ်ဖြစ်နေသော မဌူကို ကြီးမေ အမိန့်ပေးတာမို့







www.burmeseclassic.com

www.burmeseclassic.com

မငြင်းဆိုရဲဘဲ လှမ်းတက်လိုက်ရသည်။

ထိုနေ့က ဟိုတယ်ကို လိုက်ပို့ပေးသည့် တစ်လမ်းလုံး ကြီးမေက စိုင်းမော်သာနှင့် စကားတွေ အမျှင်မပြတ်ပြောလာသည်။

မဥ္ဇူမှာတော့ နားမလည်နိုင်သော အတွေးတွေဖြင့် ချာလည်ရင်းနှင့် ကြီးမေ အပြုအမူတွေကို အံ့သြနေမိသည်။

ဘယ်သူနှင့်မှ မဆက်ဆံရ၊ စကားမပြောဆိုရဟု မဥ္ဇူကို အမိန့်ထုတ်ထားသော ကြီးမေသည် စိုင်းမော်သာနှင့်ကျတော့ ဘာကြောင့် ကျွမ်းဝင်ရင်းနှီးစေချင်နေတာလဲ။

ကြီးမေရဲ့ အကြံအစည်တွေက ဘာလဲ။

မဥ္ဇူ လိုက်မမီနိုင်တာတော့ အမှန်။

■ ■ ■



## အခန်း (၁၁)

"မင်းကို မောင်းစိုင်းနဲ့ ရင်းနှီးခင်မင်စေချင်တာ ကြီးမေရဲ့ ဆန္ဒပဲ မဥ္ဇူ"

"ဟုတ် ဟုတ်ကဲ့ မဥ္ဇူ လည်းခင်မင်ပါတယ် ကြီးမေ"

ကြီးမေ အသက်မဲ့သလို ပြုံးရင်း ခေါင်းကိုခါရမ်းသည်။

"မဟုတ်သေးဘူး၊ တို့လိုချင်တာ ဒီလိုမဟုတ်ဘူး၊ မင်းကို ဒီထက်ပိုမိုပြီး မောင်စိုင်းနဲ့ ကျွမ်းဝင်စေချင်တာပဲ မဥ္ဇူ"

"ရှင် ကြီးမေ ဆိုလိုတာ မီး နားမလည်ဘူး"

"ထုံသလို အသလို လုပ်မနေစမ်းနဲ့ မဥ္ဇူ၊ စိုင်းမော်သာ ဆိုတဲ့ သူက မိုးကုတ်သူဌေးကြီး စောခွန်နောင်ရဲ့သား၊ ဒီတော့ မင်းက သူ့အပေါ်ဆက်ဆံမှု ကောင်းမွန်ရမယ်"

"ကောင်းရမယ် ဟုတ်လား ကြီးမေ၊ ဘယ်လိုကောင်းရမှာလဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို အားပေးအားမြှောက်ပြုရမယ်လို့ ပြောတာပေ့ါ"

မဍူ မျက်နက်ဝန်းလေးတွေ ဝိုင်းစက်ပြီး နားမလည်သလို ကြည့်နေတာမြင်မှ ခင်မကြီး စိတ်ကိုလျှော့ချလိုက်သည်။ သည်မျက်ဝန်းလေးတွေ မြင်မိတိုင်း သူမ အာရုံထဲမှာ ဖျတ်ခနဲဝင်လာတတ်တာ ခင်မငယ်ရဲ့ပုံရိပ်တွေ။

"ဒီမှာ သမီး အခု သမီးနဲ့မောင်စိုင်းတို့ ခင်မင်သွားကြပြီ၊ ဒီတော့ သူ့ကို ပြေပြေပြစ်ပြစ်နဲ့ နွေးနွေးထွေးထွေး ကြိုဆိုဆက်ဆံတာကို ကြီးမေ မြင်တွေ့ချင်တယ်"

"သူ့ကို မီး ခင်ပါတယ်၊ ဒါပေမဲ့ တခြားသူတွေကိုကော မီး ခင်မင်ခွင့်မရှိဘူးလား ကြီးမေ၊ မီးကို ခင်မင်တဲ့သူတွေများမှာ မကောင်းဘူးလား"

မဍူ စိတ်ထဲက ဘုန်းသက်မှူးကို မြင်ယောင်ရင်း ကြီးမေကို တောင်းဆိုမိသည်။ ကြီးမေ မျက်ဝန်းတွေ ရှုခနဲဝင်းလက်သွားပြီး ခေါင်းကို ခါရမ်းသည်။

"ဒီမှာ တို့တွေ ခင်မင်ကျွမ်းဝင်ချင်တဲ့ယောကျ်ားမရှိရဘူး မဍူ မင်းကို ငါပွင့်ပွင့်လင်းလင်း ပြောထားပြီးသားလေ၊ မောင်စိုင်းမော်သာ တစ်ယောက်ကိုပဲ မင်းခင်မင်ခွင့်ရှိတယ်၊ ကြီးမေ စကားကို လိမ်လိမ်မာမာ နဲ့ နာခံနားထောင်ပါ့မယ်ဆိုတဲ့ ကတိတစ်ခုပဲ ကြီးမေ မင်းဆီက တောင်းခဲ့တာ"

ကြီးမေ အသံက ဒေါသတွေသင့်နေမှန်း မဍူ သိသည်။ ကြီးမေ စိတ်အလိုမကျဖြစ်လာလျှင် မျက်နှာကခက်ထန်လာပြီး မျက်ဝန်းတွေ ရှုးရှတောက်ပလာတာကို မဍူ ကြောက်ပါသည်။





"ကဲ တို့ပြောတာကို နားလည်ပြီလား"

"ဟုတ်ကဲ့ ကြီးမေ မီး နာခံပါ့မယ်"

ကြီးမေ မျက်နှာက ဒေါသရိပ်တွေ တစ်စတစ်စလွင့်ပြယ်သွားခဲ့သည်။ မာတင်းနေသော မျက်နှာက သွေးရောင်ပြန်လွှမ်းလာ၏။ နှုတ်ခမ်းတွေက အပြုံးတွေ ယှဲ့ယှဲ့ထင်ဟပ်လာရင်း

"သမီးကို ကြီးမေ စကားနားထောင်တဲ့ သမီးလေးအဖြစ်ပဲ ကြီးမေ မြင်ချင်တယ်၊ ကဲ ပင်ပန်းလှပြီ အိပ်ချေတော့ သမီး"

ချက်ချင်းပြန်ပြီး သိမ်မွေ့သွားတဲ့ ကြီးမေလေသံတွေ အပြုအမူတွေကို မဍူ နားမလည်နိုင်ခဲ့။ မဍူကို ဘာကြောင့် ကြီးမေ ချုပ်နှောင်ထားချင်ခဲ့တာလဲ။ သိချင်လိုက်တာ။

ကြီးမေ ပြောတဲ့ စိုင်းမော်သာဆိုသော ယောကျ်ားရဲ့ပုံရိပ်သွင်ကို မဍူ ပြန်မြင်ယောင်လာမိသည်။

နူးညံ့တဲ့ မျက်ဝန်းအစုံနဲ့ ကြင်နာတတ်မည့် ယောကျ်ားတစ်ယောက်ဆိုတာတော့ ထင်ရှားပါသည်။ ခန့်ညားရှင်းသန့်သော ရုပ်သွင်နှင့်တိုင်ကြောင့် စိုင်းမော်သာ ဆိုသောယောကျ်ား ဟိုတယ် စားသောက်ခန်းထဲရောက်လာတိုင်း မိန်းမကြီးငယ်တို့ အကြည့်တွေကို သိမ်းပိုက်နိုင်တာလည်း မဍူ သိသည်။

ဒါပေမဲ့ မဍူ စိတ်က တိမ်းညွှတ်နေခဲ့တာ မှူးကိုပဲဖြစ်နေသည်။

ဒါကိုသာ ကြီးမေ သိသွားခဲ့လျှင် ဘယ်လောက်အထိ စိတ်ဆိုးမည်မသိ။ မဍူကို ချက်ချင်း ရွှေဘိုက ယာတောဆီ ပြန်ပို့ပစ်လိုက်မည်လားတောင် မသိ။

ကြီးမေရယ် စိုင်းမော်သာဆိုတဲ့ ယောကျ်ားနဲ့ မီးကိုဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖြူချင်ရတာလဲ ဟင်။ သူ့ရဲ့ပြည့်စုံကြွယ်ဝမှုတွေကြောင့်လား။

ဒါဆို မှူးကလည်း

အို မဥ္ဇူ စိတ်တွေ လွင့်ထွက်ကာ ဘာတွေစဉ်းစားနေမိတာလဲ။ တကယ်ဆို မှူးဆိုတဲ့ ဘုန်းသက်မှူးနဲ့ မဥ္ဇူကလည်း ဘာမှသက်ဆိုင်တာ မဟုတ်။

ထင်းရှူးတောစပ်မှာ တဒင်္ဂကြုံဖူးတာကလွဲလို့ ထပ်ဆုံခွင့်မရှိသေး။ ဒါပေမဲ့ မဥ္ဇူ စိတ်က သူနှင့်ကျွမ်းဝင်နေသလို ခံစားရ၏။

ကြီးမေ မသိအောင် ပိုင်ဆိုင်ခဲ့ရတဲ့ သူ့အပြုံးလေးတွေကပဲ မဥ္ဇူ ရင်ထဲကို သိမ်းပိုက်တိုးဝင်ခဲ့တာလား။

မှူး ရယ် ။

ကံကြမ္မာက ထပ်ဆုံခွင့်ပေးမယ့်အချိန်ကို မဥ္ဇူ ပိုင်ဆိုင်ချင်လိုက်တာ။

■ ■ ■

## အခန်း (၁၂)

ကြီးမေကို ကတိပြုခဲ့ပေမယ့် သူနှင့်ဆုံခွင့်ဆိုတာ လွယ်ကူမည်ဟု မဥ္ဇူ မထင်ခဲ့ပါ။ ဒါပေမဲ့ ကြီးမေကို လျှော့တွက်မိတာ အမှား။

''သမီး ကြီးမေအတွက် ဘုရားမှာ ယတြာချေပေးစမ်းပါ''

ကြီးမေ ဗေဒင်တွေ ယတြာတွေကို စိတ်ဝင်စားမှန်း မသိခဲ့။ နှစ်တော့ ဆီမီးတိုင်တွေ၊ အမွှေးနံ့သာတိုင်တွေပေးပြီး စီစဉ်ခိုင်းနေတာမို့ အံ့သြမိသည်။

''ကြီးမေ ကိုယ်တိုင်လိုက်နိုင်မှာ မဟုတ်ဘူး။ သမီး သွားပေးပါ၊ ခဏနေရင် မောင်စိုင်းမော်သာ ရောက်လာလိမ့်မယ်''

''ဟင် မီးက သူနဲ့သွားရမယ်''

''ဟုတ်တယ် စောစောကပဲ ကြီးမေ ဖုန်းဆက်ခေါ်ထားတယ်။ သူ သမီးကိုလိုက်ပို့ပေးလိမ့်မယ်''

ဒါ ကြီးမေရဲ့ အစီအမံတစ်ခုဟု မဥ္ဇူ နားလည်သည်။ စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ နားမလည်နိုင်တာ မျှကို စိုင်းမော်သာလို ယောကျ်ားတစ်ယောက် နောက်ကို ကြီးမေ ယုံကြည်စွာ ကိုယ်တိုင်ထည့်လိုက်တာကြောင့်ပဲဖြစ် သည်။

"ကြီးမေ သမီး သစ်သစ်ကို အဖော်ခေါ်သွားမယ်နော်"

"မလိုဘူး၊ မင်းတစ်ယောက်တည်းသွားပါ၊ ကဲ အဝတ်အစား သွားလဲချေတော့၊ မိနစ်နှစ်ဆယ်အတွင်း မောင်စိုင်းရောက်လာလိမ့်မယ်"

ငြင်းပယ်မရနိုင်တော့တာ သိနေတာမို့ မျှ အခန်းထဲလှမ်းဝင် ခဲ့ရသည်။ စိတ်ထဲမှာ ညစ်ညူးတာလည်း အမှန်။ ပြင်ချင်ဆင်ချင်စိတ် မရှိတာမို့ ခုတင်ပေါ်မှာပဲ ငုတ်တုတ်ကလေး ထိုင်နေမိတုန်း အခန်းထဲ သစ်သစ် ဝင်လာသည်။

"သမီး ပြင်ဆင်တော့လေ၊ ဘာလုပ်နေတာလဲ"

"ဟင့်အင်း စိတ်ညစ်လို့ မီး တမင်ထိုင်နေတာ"

"ဘာမှစိတ်မညစ်ပါနဲ့ကွယ်၊ ကဲ အချိန်မရှိတော့ဘူး၊ အဝတ် အစားမလဲခင် အလှလေးပြင်ဦး"

"ဟင့်အင်း မီး မပြင်ချင်ပါဘူး၊ ဘုရားသွားမှာပဲ ဥစ္စာ"

"အင်း မပြင်မဆင်လည်း သမီးလေးကလှပပြီးသားပါ၊ ဒါပေမဲ့ ပေါင်ဒါလေးတော့ တို့လိုက်ပါကွယ်၊ မမကြီးက တော်ကြာ အရွဲ့တိုက်တယ် ထင်နေဦးမယ်"

သစ်သစ် ဖိုးထိတ်သလိုလေးပြောသည်။ တကယ်ဆို ကြီးမေ သစ်သစ်လည်း မလွန်ဆန်နိုင်တာ မျှ သိပါသည်။

"သစ်သစ် ကြီးမေ ဘာတွေလုပ်နေတာလဲဟင်၊ မီး ဘာကြောင့် စိုင်းမော်သာနဲ့ နီးစပ်စေချင်ရတာလဲ"





"အဲဒီ မေးခွန်းကို သစ်သစ်လည်း မပြောတတ်ဘူး သမီးရယ်၊ အားလုံးက မမကြီးရဲ့အစီအစဉ်တွေလေ"

"ဒါဆို မီးတို့ ရန်ကုန်ကနေ တောင်ကြီးကိုဘာလို့ ပြောင်းလာ တာလဲဆိုတာကော ဟင်"

"သစ်သစ် ကိုယ်တိုင် အသေအချာ မသိပါဘူး သမီး"

"သစ်သစ်တို့ ရန်ကုန်မှာနေကြတုန်းက အဆင်ပြေကြတယ် မဟုတ်လား၊ အဲဒီ အကြောင်းတွေတော့ မီးကို ပြောပြနိုင်မှာပါ"

သစ်သစ် မျက်နှာက ဖြူဆုပ်သွားသလိုပါပဲ။ ပြီးမှ ခွေးခွေးလေး ပြုံးကာ မျှကိုကြည့်သည်။

"ဟင့်အင်း ရန်ကုန်မှာနေရတာ တောင်ကြီးမှာနေရတဲ့ဘဝ လောက် မကောင်းပါဘူး သမီးရယ်၊ ဒါတော့ သေချာတယ်၊ သစ်သစ် ပြောနိုင်တာ တစ်ခုရှိတယ်၊ သမီးလေး ဘဝကောင်းစေချင်လို့ မမကြီး ဒီကိုပြောင်းလာတာပဲ"

"ဒါဆို ကိုစိုင်းမော်သာနဲ့ နီးစပ်စေချင်တာကကော မီးရဲ့အနာ ဂတ်အတွက်ပဲလား ဟင်"

"အင်း သစ်သစ်လည်း ဒီလိုပဲထင်မိတယ်၊ မောင်စိုင်းက ပြည့်စုံ နေသာတယ်၊ သူ့ကြည့်ရတာ ယောကျ်ားပီသပြီး တည်ကြည်ရိုးသား ပါတယ်"

"ဒါပေမဲ့ သမီးစိတ်ထဲက ဆန္ဒမရှိဘူး၊ သစ်သစ်ရယ်"

"ဘဝဆိုတာ ဖြစ်ချင်တိုင်းဖြစ်ခွင့်မရှိပါဘူး သမီးရယ်၊ သစ်သစ် ကိုကြည့်လေ၊ အညာရွာလေးက သစ်သစ်ရဲ့မြေးလေးတွေနဲ့ သစ်သစ် ဘဝ နောက်ဆုံးအချိန်မှာ နေထိုင်သွားချင်တယ်၊ ဒါပေမဲ့ ခုချိန်ထိ



www.burmeseclassic.com

www.burmeseclassic.com



သင်သစ် ပြန်ခွင့်မရှိသေးဘူးလေ''

သစ်သင် ခံစားချက်ကို မဋ္ဌူ စာနာသွားမိသည်။ အသက်
ခြောက်ဆယ်နားနီးပြီမို့ ဇရာ၏အရိပ်က သစ်သစ် မျက်နှာမှာ အရေ
အကြောင်းတို့ ထင်ဟပ်နေပြီ။ ဒါပေမဲ့

ခုချိန်ထိ သစ်သစ်ဘဝက မငြိမ်းချမ်းနိုင်သေးပါ။

မဋ္ဌူ သိထားသလောက် သစ်သစ်မှာ သမီးတစ်ယောက်ရှိသည်
အညာရွာကလေးမှာ အိမ်ထောင်ကျလို့ သားသမီးတွေနှင့်ရုန်းကန်နေ
ထိုင်ရ၏။

အဆင်မပြေသော သမီးကို ဒုက္ခမပေးချင်သော သစ်သစ်က
ကြီးမေနှင့်အတူနေ နေခဲ့တာဖြစ်သည်။ ကြီးမေက ပေးသောလစာငွေ
ကလေးကို သမီးနဲ့မြေးတွေဆီ ထောက်ပံ့ပေး၏။

''ကဲ သမီးလေး ဟောဒီဝတ်စုံလေး ဝတ်လိုက်နော်''

နိုပြာရောင် ဘလောက်အကျီနှင့်လုံချည်လေးကို သစ်သစ် ဗီ
ထဲက ထုတ်ယူလာပေးသည်။

''ဒီဝတ်စုံလိုက်ဘာ တစ်ခါလာလည်း ဒီအရောင်တွေချည်းပဲ''

''ဝတ်လိုက်ပါ သမီးလေးရယ်''

သစ်သင်ကို ဒုက္ခမပေးချင်တာမို့ မဋ္ဌူ အဝတ်အစားလဲလိုက်
ပါသည်။ ရွှေဘိုက ဘွားသဲ ဒွံနှင့် အထီးကျန်စွာနေရစဥ်က ကြီးမေဆီ
မဋ္ဌူ အရမ်းလာချင်ခဲ့သည်။

ကြီးမေဆီမှာ ကြွကြွလေးနေတာ အပူအပင်ကင်းနေတာလည်း
မှန်သည်။ ဒါပေမဲ့ မဋ္ဌူ မပျော်မရွှင်ဖြစ်နေတာတော့ အမှန်။

ဘာ ကြောင့်များ မဋ္ဌူ ဘဝတစ်ခုလုံးကို ကြီးမေ ပိုင်စိုးချုပ်ကိုင်





ထားချင်တာလဲ။

''ဟော မောင်စိုင်း ရောက်ပြီထင်တယ်''

အခန်းအပြင်က လူခေါ်ဘဲလ်သံကိုကြားရတော့ သစ်သစ် တံခါး
ကိုအပြေးကလေး ဖွင့်ပေးသည်။

တံခါးဝမှာရပ်နေတာ ကြီးမေ။ နိုပြာရောင်ဝတ်စုံလေးနဲ့ နွဲ့နွဲ့
လေး ရပ်နေသော မဋ္ဌူကို ကြည့်ကာကျေနပ်စွာ ခေါင်းညိတ်သည်။

''ကဲ သမီးလေး မောင်စိုင်း ဟိုတယ်အောက်မှာ ရောက်နေပြီ
သွားတော့ သူ့ကိုခင်မင်စွာ ဆက်ဆံဖို့ သမီး မမေ့ပါနဲ့''

မဋ္ဌူ ခေါင်းကလေးညိတ်ကာ အခန်းထဲက ထွက်ခဲ့သည်။
အနောက်မှာ ရပ်ငေးကြည့်နေသော ကြီးမေနှင့်သစ်သစ်တို့ မျက်ဝန်းတွေ
ကို လှည့်မကြည့်ဘဲနဲ့ သိနေခဲ့၏။

■ ■ ■

''လာလေ မဋ္ဌူ ဒီနေ့ မဋ္ဌူ တစ်ယောက်တည်း ဘုရားသွား
ချင်တယ်ဆိုလို့ ကိုယ် လိုက်ပို့ပေးဖို့ အန်တီကို ကတိပေးလိုက်တာ''

အပြုံးနှင့်ဆီးကြိုရင်း ဆိုလာသော စိုင်းမော်သာ စကားကို
ကြားကတည်းက ကြီးမေ တစ်ခုခုတော့ လိမ်ညာလိုက်ပြီဟု မဋ္ဌူ သဘော
ပေါက်လိုက်သည်။

''ဟို ကြီးမေက ကိုစိုင်းမော်သာ ဆီကို ဘယ်လိုဖုန်းဆက်လိုက်
တာလဲဟင်''

''မဋ္ဌူ ဘုရားကိုသွားချင်လို့ ကိုယ်ကိုလိုက်ပို့ပေးဖို့ အကူအညီ
တောင်းတာလေ၊ ဘာဖြစ်လို့လဲ မဋ္ဌူရဲ့''

ရှက်လွန်းလို့ မဋ္ဌူ မျက်နှာရဲသွားမှာသေချာသည်။ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



များ ကြီးမေ အဲဒီလောက်ထိ ပြောလိုက်ရတာလဲ။ တကယ်ဆို သည်အ
အမ် အားလုံးက ကြီးမေရဲ့အစီအမံတွေချည်း။ ဒါပေမဲ့ မဍ္ဍူ ပြောခွင့်မရှိ

"အားနာနေတာလား မဍ္ဍူ။ ကိုယ့်ကို အားမနာပါနဲ့"

"ဟို ဟိုလေ မဍ္ဍူကြောင့် အလုပ်ပိုတွေဖြစ်သွားတာကို တကယ်
စိတ်မကောင်းတာပါ ကိုစိုင်းမော်သာ"

"ကိစ္စမရှိပါဘူး မဍ္ဍူ။ မင်းတို့က တောင်ကြီးကို ခုမှရောက်
လာတဲ့သူတွေဆိုတော့ ညှိသည်တွေပေါ့၊ ဒီတော့ အိမ်ရှင်လို ကိုယ့်ကို
သဘောထားပြီး အားမနာပါနဲ့"

မဍ္ဍူ ဘာဆက်ပြောရမည်မသိ။ ပြောစရာလည်း စကားတို့မရှိ
စိတ်ထဲမှာ တကယ်ပဲ သူ့ကိုအားနာမိသလို ကြီးမေကိုလည်း စိတ်က
ဆိုးချင်ချင်ဖြစ်ရသည်။

"တက်ပါ မဍ္ဍူ"

ကားနောက်ခန်းတံခါးကို သူဖွင့်ပေးတော့ အားနာစွာနှင့်ဝင်
ထိုင်လိုက်ရသည်။ ကားထဲရောက်မှ ရှေ့ဂူယာဉ်မောင်းဒရိုင်ဘာတစ်ဦး
ရှိနေမှန်း မဍ္ဍူ သိလိုက်ရသည်။

သူကပါ မဍ္ဍူ ထိုင်နေသော နောက်ခန်းထဲဝင်ထိုင်တော့ မဍ္ဍူ
တစ်ဖက်ကို အတတ်နိုင်ဆုံး တိုးကပ်ထိုင်ပေးလိုက်ရသည်။

"ကိုယ်ဝင်ထိုင်တာ အနှောင့်အယှက် မဖြစ်ပါဘူးနော် မဍ္ဍူ"

"ရ ရပါတယ် ကိုစိုင်းမော်သာ"

မဍ္ဍူ အဖြေစကားကိုကြားမှ သူရှေ့ခန်းက ဒရိုင်ဘာ ပုဂ္ဂိုလ်
ကြီးကို လက်ပြမောင်းခိုင်းသည်။ ကားလေးက ငြိမ့်ခနဲမောင်းထွက်
သွားတော့။





အဲကွန်းတပ်ထားသော ကားထဲမှာပေမယ့် အလုံပိတ်မှန်တွေနှင့်
နီးဆုံးမှာပါ သူရှိနေတာမို့ မဍ္ဍူ စိတ်ကလေးကျဉ်းကြပ်လို့ ခေါင်းတွေ
ထလာရသည်။

"မဍ္ဍူ အဲကွန်းလေနဲ့ မတည့်ဘူးထင်တယ်၊ ဦးကန်ချား မှန်
တံခါးတွေဖွင့်လိုက်ပါဗျာ"

မဍ္ဍူ အရိပ်အကဲကိုကြည့်ပြီး သူစေခိုင်းတော့ ဒရိုင်ဘာကြီးက
ခလုတ်လေးနှိပ်ကာ ကားတံခါးမှန်တွေ ဖွင့်ပေးသည်။

"ကျေး ကျေးဇူးတင်ပါတယ် ကိုစိုင်းမော်သာ"

"မဍ္ဍူ အစားမောလိုက်တာဗျာ၊ ကိုယ့်နာမည် အပြည့်အစုံကြီး
ခေါ်ပါနဲ့ ကိုစိုင်း။ ဒါမှမဟုတ် ကိုမော်ဆိုရပါတယ်၊ ကိုယ်ကတော့ မော်
ဆိုတဲ့စကားလုံးကို ပိုနှစ်သက်တယ်"

"ဟုတ်ကဲ့ပါ ကိုစိုင်း အဲ ကိုမော်"

မဍ္ဍူကိုကြည့်ကာ သူ လှိုက်လှိုက်နွေးနွေးပြုံးသည်။ ဘာစကားမှ
တော့ ထပ်မပြောတော့ပါ။ နှုတ်ဆိတ်စွာနှင့်ဘုရားရှေ့အထိ လိုက်ပါလာ
သည်။

တည်ငြိမ်ပြီး အလိုက်သိသော ကိုမော်ကိုတော့ မဍ္ဍူ ကျေးဇူး
တင်ခင်မင်မိသည်။ ရုပ်ဖြူလည်ကတုံးကို ကြယ်သီးအပြည့်အဝတပ်ဆင်
ထားသော သူ့အသွင်က ဒီလိုကျတော့လည်း ခန့်ညားသည်။

ဆံပင်က တိုတို၊ ပြေပြစ်သော နဖူးအထက်ကို လှန်ဖီးသင်
ထားတာမို့ အစဉ်ရှင်းသန့်နေသော မျက်နှာက စွဲမက်စရာပါပဲ။ ဒါပေမဲ့
မဍ္ဍူ စိတ်အာရုံထဲမှာ လှိုင်းတွန့်ဆံပင်တွေ ဝေ့ဝဲနေသော ဘုန်းသက်မှူး
ဘာကြောင့်ယှဉ်ထိုးကြည့်နေမိသည် မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်နှစ်လိုဖွယ်ရာချင်းတူညီပေမယ့် ကိုမှော်က ပိုပြီးတည်ငြိမ်သည်ဟု ထင်မိသည်။ နောက်တစ်ခု ထူးခြားသည်က ခန့်ညားချောမောပြီး အဆင်းရော အချင်းပါပြည့်စုံတာခြင်းတူပေမယ့် ကိုမှော်ကို ကြုံဆုံတိုင်း အနားမှာ ဘယ်မိန်းကလေးကိုမှ မတွေ့ရပါ။

မှူးမှာသာ ကေသရီဆိုသော အမျိုးသမီးက အရိပ်လိုပါရှိနေတတ်တာ ဖြစ်သည်။

ဘုရားရှေ့က သစ်ရိပ်အောက်မှာ ကားကလေးထိုးရပ်တော့မှ မဥ္ဇူ အတွေးကပြတ်တော့သည်။

ကားတံခါးတွေက အသင့်ပွင့်သွား၏။ မဥ္ဇူဆင်းတော့ ကိုမှော်လည်းဆင်းသည်။

ဘုရားရောက်မှ ကြီးမေ ပူဇော်နိုင်းသော ဆီမီး၊ဖယောင်းတိုင်နှင့် နံ့သာတိုင်တွေ ကျန်ခဲ့တာ သတိရသည်။ အဲဒါမှ ဒုက္ခ၊ ကြီးမေနှင့်သစ်သစ်တို့ကလည်း သတိမပေး။ သူမကလည်း မေ့ခဲ့သည့်အဖြစ်

ပြဿနာတော့မရှိ။ ကြီးမေရဲ့အစ်ရင်းခံဆန္ဒက ဒါမှမဟုတ်တာဟု တွေးကာစိတ်ကို လျှော့ချလိုက်၏။

"ဘုရားပေါ်တက်ရအောင် မဥ္ဇူ၊ ဦးကန်ချား ဒီကပဲ စောင့်ပါ၊ကျွန်တော်အတွက် စိတ်မပူနဲ့"

ကားထဲက ဒရိုင်ဘာပုဂ္ဂိုလ်ကြီးပါ ဘုရားပေါ်လိုက်လာမည်ပြုတော့ သူက လှည့်ပြောသည်။ ဒရိုင်ဘာကြီးက ခေါင်းညိတ်နာခံသည်။

ဘုရားပေါ်တက်တော့ သူကပဲ စောင်းတန်းအနီးမှာ ရောင်းချနေသော ဘုရားပန်းနှင့်အမွှေးတိုင်၊ ဖယောင်းတိုင်တွေကို သွားဝယ်၏။

"ရော့ မဥ္ဇူ မင်းလှူဖို့ ကိုယ် ကသိုလ်ပြုတာပါ"





အားနာနာနှင့်ပဲ မဥ္ဇူ လှမ်းယူလိုက်ရသည်။ ဝယ်လာတာတွေကပြားနေတာမို့ ကြီးမေရဲ့မွေးနာမ်ထောင့်မှာ ကော သစ်သစ်ရဲ့မွေးနာမ်ထောင့်မှာပါ ရေချိုးလှူလိုက်သည်။

မဥ္ဇူ အတွက်တော့ ဦးခိုက်ဝပ်တွားပူဇော်လိုက်ပါသည်။

မဥ္ဇူနှင့်ပတ်သက်ပြီး ကိုမှော် မေးခွန်းတွေထုတ်လာမှာစိုးပေမယ့် ...မှမစပ်စုတာမို့ တော်ပါသေးရဲ့။

ရင်ပြင်ပေါ်က ဆင်းခဲ့ကြတော့ ကိုမှော်က

"တစ်ခုခုစားရအောင် မဥ္ဇူ၊ မငြင်းပါနဲ့ ကိုယ်ဆာသည်၊ ဗိုက်ဆာပြီ"

မဥ္ဇူ ခေါင်းကလေးပဲညိတ်ပြမိသည်။ ဒရိုင်ဘာသူကြီးကို ...မှ ... စားသောက်ဆိုင်တစ်ဆိုင်ကို မောင်းနိုင်းသည်

"မနက်စာ စားချိန်နီးနေပြီဆိုတော့ မ... ...ပါမဥ္ဇူ၊ ကိုယ်ကပဲ ...မှတ်တရ ကျွေးမွေးချင်ခဲ့တာလို့ သတ်မှတ်ပေးပါ"

အငွေ့တထောင်းထောင်း ဟင်းလျာတွေက စုံလင်သည်။ သိပ် ...လှပေမယ့် စားကြည့်တော့ အရသာကောင်းတာမို့ မဥ္ဇူ ခံတွင်းတွေ့...

စားသောက်ပြီးတော့မှပဲ ဒရိုင်ဘာကြီးပါ မလာတာကို မဥ္ဇူ ...တ်ထားမိသည်။

"ကိုမှော်ရဲ့ကားဒရိုင်ဘာကောဟင် အခုမှသတိရတယ်"

"ဦးကန်ချားက အမြဲတမ်း သက်သက်လွတ်စားတာလေ၊ ပြော... ကိုယ့်ရဲ့လူယုံတော် ဘော်ဒီဂတ်ဆိုပါတော့"

"ကြည့်ရတာ ရှမ်းလည်းမဟုတ်၊ ဗမာလည်းမဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်''

''ဟုတ်တယ် ဦးကန်ချားက အဖေက ဂေါ်ရခါး၊ အမေက ရှမ်းပါ၊ ကိုယ်ငယ်ငယ်လေးကတည်းက သူပဲထိန်းကျောင်းလာခဲ့တာ၊ အမြဲတမ်း ကိုယ့်အနားမှာအရိပ်လို လိုက်တတ်တာ၊ ကိုယ် မလိုက်ခဲ့နဲ့ဆိုမှ နေခဲ့တာ၊ သူဆိုလည်း အိပ်ခန်းရှေ့ အခန်းထဲမှာ စောင့်အိပ်ပေးတာ၊ သူရှိရင် ကိုယ့်မှာဘာအန္တရာယ်မှမရှိဘူးပေါ့''

''ဟင် စိတ်ဝင်စားစရာပဲ၊ ကိုမျော်က ကိုယ်ရံတော်နဲ့ဘာနဲ့''

မဋ္ဌူ စကားကြောင့် ကိုမျော်ပခုံးလေးတွန့်ပြီးရင်း

''တစ်ခါတလေကျတော့လည်း တကယ်စိတ်ပျက်စရာ ကောင်းတယ်၊ ကိုယ့်ဖေဖေ စီစဉ်ပေးတာကြောင့်ပါ၊ အဟွန်း၊ မဋ္ဌူမှာလည်း အမြဲတမ်း ဘော်ဒီဂတ်ရှိပါတယ်''

''မဟုတ်တာ မဋ္ဌူ မှာ မရှိပါဘူး''

မဋ္ဌူ ဆိုတော့ ကိုမျော် ပြုံးပြုံးလေးစိုက်ကြည့်နေပြီးမှ

''မဋ္ဌူရဲ့ကြီးမေက ဘော်ဒီဂတ်ပဲလေ၊ မဋ္ဌူကို ကိုယ်တွေ့တိုင်း အနိုင်တိ ဖေါ်ခင်သူဇာပါတယ်၊ တကယ့် နဂါးတစ်ကောင်လိုပဲ၊ သူတည်တည်ကြီးနေရင် ကိုယ်တောင် ဖျားချင်တယ်''

''အင်း မဋ္ဌူလည်း ကြီးမေကိုကြောက်တာပါပဲ၊ ဒါပေမဲ့ ကိုမျော်က ဘာကြောက်စရာလိုလဲ၊ ကြီးမေက ကိုမျော်ကိုတောင်ခင်မင်လွန်းပါတယ်''

''အဲဒါကို ကိုယ် ကြောက်တာထင်တယ်၊ ဟား ဟား''

သူ့စကားသူသဘောကျပြီး ကိုမျော်ရယ်တော့ မဋ္ဌူလည်း ရယ်မိသည်။ ကြီးမေ ရှေ့မှာမှမဟုတ်တာလေ။





''ဒါတွေ ထားလိုက်တော့၊ မဋ္ဌူကို တစ်ခုမေးချင်လို့ နှိုပြာရောင် နှင်းခိုးရောင်ကို မဋ္ဌူ အမြဲဝတ်တယ်နော်''

ဒါပဲရှိတာလို့ နှုတ်က ဖြေတော့မိမလို့။ ပြီးမှ သတိဝင်လာပြီး ခေါင်းပဲညိတ်ပြလိုက်မိသည်။

'ကိုယ်လည်း အဲဒီအရောင်တွေကို သဘောကျတယ်၊ ကိုယ့်အဖေကလည်း နှိုပြာရောင်ကို ကြိုက်တယ်၊ ကိုယ်တို့ပတ္တမြားစံအိမ်တော်ထဲမှာဆို ခန်းဆီးတွေ၊ ကော်ဇောတွေ၊ လိုက်ကာတွေကအစ နှိုပြာရောင်တွေချည်းပဲ''

မဋ္ဌူ မျက်နက်ဝန်းလေးဝိုင်းကာ ငြိမ်သက်စွာပဲ နားထောင်နေလိုက်မိသည်။

ကိုမျော်က နှိုပြာရောင် ကြိုက်သည်တဲ့လား။ ဒါကြောင့်များ ကြီးမေက စီစဉ်ခဲ့တာလား။

တွေးရင်း စိတ်ထဲမှာ သံသယဖြစ်လာရပြန်သည်။ တည်တည်ငြိမ်ငြိမ်ရှိနေတဲ့ ကိုမျော်မျက်ဝန်းတွေထဲကို မဋ္ဌူ အကဲခတ်ကြည့်မိသည်။

ကိုမျော် မျက်ဝန်းပြာတွေက ရိုးသားဆဲဟု ထင်၏။ ထိုမျက်ဝန်းတွေရဲ့အနက်ရှိုင်းဆုံးထဲမှာ ဘာရှိမလဲဆိုတာတော့ မဋ္ဌူ မမြင်တတ်ပါ။

မဋ္ဌူ ရင်ထဲကအနက်ရှိုင်းဆုံးတစ်နေရာမှာတော့

ထင်းရှူးတန်းလေးမှာ ဆုံခဲ့ရသော မှူး ပုံရိပ်သာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဖြစ်လာမယ့် အခြေအနေတွေကို တွက်ဆကြည့်မိရင် မဍ္ဍူ
ရင်ထဲ စိုးထိတ်လာတာ အမှန်။ ခင်မင်စရာကောင်းသော ကိုမှော်ကို မဍ္ဍူ ခင်မင်ပါသည်။ ဒါပေမဲ့ အမြဲတမ်း တစ်ပတ်လျှင် နှစ်ရက်လောက် ပုံမှန်ရောက်လာတတ်သော ကိုမှော်ကြောင့် စိတ်တော့ရှုပ်ရသည်။

ကြီးမေကတော့ သိပ်ကိုကျေနပ်ကြည်နူးလို့ နေခဲ့သည်။ မဍ္ဍူ
မှာသာ

"သမီးတော်ပါပေတယ်၊ ကြီးမေ လိုချင်တာ ဒါပဲ၊ မောင်စိုင်းကို သမီး အချိန်တိုလေးအတွင်းမှာ ဒီအခြေအနေရောက်အောင် ဖန်တီးနိုင်တာ ကြီးမေ အရမ်းကျေနပ်တယ်"

ဟင့်အင်း လုံးဝမဟုတ်ဘူး ကြီးမေလို့ မဍ္ဍူ ရင်ထဲကပဲ ငြင်းနေမိသည်။ ဒါပေမဲ့ နှုတ်ကစကားသံတွေတော့ ထွက်မလာနိုင်ပါ။ ကြီးမေ





တ်ဆိုးအောင် မဍ္ဍူမပြုရဲပါ။

တကယ်ဆို ဒါ မဍ္ဍူ လုပ်တာ မဟုတ်ပါဘူး။ ကိုမှော် ကိုယ်တိုင်ပဲ တိုးဝင်လာတဲ့ကိစ္စကြီးဆိုတာ မဍ္ဍူ ဘယ်လိုရှင်းပြရမှာလဲ။

"မင်းတို့အခြေအနေ ထူးခြားလာရင် ကြီးမေကို ပြောနော် သမီး"

ကြီးမေ စကားအဓိပ္ပါယ်က ဘာလဲ။ မဍ္ဍူ တွေးကြည့်လိုက်ရုံနဲ့ ဗျာလိုက်တာ။ ကိုမှော်နဲ့မဍ္ဍူတို့ အခြေအနေ ထူးခြားလာရင်တဲ့။ အဲဒါ မဍ္ဍူ အကြောက်ဆုံးပါ ကြီးမေရယ်။

ကိုမှော်အပေါ်မှာ ဘာမာယာတစ်ခုမှမပါဘဲ မဍ္ဍူ ဘက်က ဆက်ဆံခဲ့တာပါ။ ရိုးသားစွာပဲ ခင်မင်ကျွမ်းဝင်ခဲ့တာပါ။ ကိုမှော်ရဲ့အတွင်းစိတ်ကိုတော့ မဍ္ဍူ မမြင်နိုင်ပါဘူး။

ကြီးမေကတော့ မဍ္ဍူကို ဘယ်အချိန် ကိုမှော်လာခေါ်ခေါ် ကြည်ဖြူကျေနပ်စွာနဲ့ လက်ခံခွင့်ပြုနေတာ ကြာတော့ မဍ္ဍူ ကြောက်လာတယ်။

ကိုမှော်က မဍ္ဍူကို တောင်ကြီးမြို့ရဲ့လှပတဲ့ ရှုခင်းတွေကို လိုက်ပြတတ်တယ်။ မွှန်းကြပ်စရာကောင်းတဲ့ ဟိုတယ်ရဲ့အခန်းထဲက မဍ္ဍူကို ခေါ်ထုတ်သွားတတ်တဲ့အတွက် ကျေးဇူးတင်မိပေမယ့်

"မဍ္ဍူ ထိုင်လေး ဒီရှုခင်းလေးက မလှဘူးလား၊ ကိုယ်တော့ စိတ်ညစ်နေခင်းတိုင်း ဒီနေရာလေးကိုလာကြည့်တယ်၊ စိတ်ကိုငြိမ်းချမ်းသွားစေတယ်"

မြူခိုးတွေဝေနေတဲ့ တောတန်းနဲ့ စိမ်းမှိုင်းမှိုင်း ထင်းရှူးရိပ်တန်း လှပတဲ့ သက်ငြိမ်ပန်းချီကားလေးလို လှပပါသည်။ ဒါပေမဲ့ မဍ္ဍူ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ ရှုခင်းအလှတွေကို အာရုံမဝင်စားနိုင်။

အနားမှာ ကိုမှော် ရှိနေပါလားဟူသော အသိစိတ်က တစ်ခုခု ကို စိုးထိတ်ကြောက်လန့်နေစေသလိုပဲ။

ကိုမှော်ကို မဥ္ဇူ ခင်မင်ပါတယ်။ အမြဲတမ်း တည်ငြိမ်အေး ချမ်းပြီး အပြုံးတွေနဲ့ကြည်လင်နေတဲ့ ကိုမှော်အသွင်က စိတ်ချမ်းသာစရာ ကောင်းသည်။

ညနေခင်းရဲ့နေရောင်ခြည်အလင်း စိုစိုလေးနဲ့ရှုခင်းကို ထင်းရှူး ပင်ရဲ့အမြင့်ဆုံးတစ်ခုမှာ ထိုင်ကြည့်နေတဲ့ ကိုမှော် ဘဝကို မဥ္ဇူ အားကျ လိုက်တာ။

"မဥ္ဇူနဲ့ကိုယ်ခင်တာ ကြာပြီ၊ မဥ္ဇူအကြောင်း ပြီးတော့ အန်တီ ဒေါ်ခင်သူဇာနဲ့ ဒေါ်ရွှေသစ်ဆိုတဲ့ အဒေါ်ကြီးအကြောင်း ကိုယ့်ကို ပြောပြ ပါလား"

မဥ္ဇူ သိပ်ကြောက်တဲ့ မေးခွန်းတွေကို ကိုမှော်မေးလာပြန်ပါပြီ။ မဥ္ဇူ ပင့်သက်မောလေးကို ရှိုက်ရင်း

"ဘာမှမထူးဆန်းတဲ့အကြောင်းပါ ကိုမှော်၊ မဥ္ဇူရဲ့တစ်ဦးတည်း သော ဆွေမျိုးရင်းချာက ကြီးမေလေ၊ သစ်သစ်ကတော့ မဥ္ဇူကို ငယ်ငယ် ကတည်းက ထိန်းကျောင်းလာတဲ့သူ၊ ရန်ကုန်မှာမနေချင်တော့တဲ့ ကြီးမေ က တောင်ကြီးကိုပြောင်းလာတယ် ဒါပါပဲ"

"ရန်ကုန်မှာ မဥ္ဇူလည်း မပျော်ဘူးလား"

မဥ္ဇူ ဘာဖြေရမှန်းမသိပါ။ တကယ်ဆို ရန်ကုန်မှာ မဥ္ဇူ နေခဲ့ ရတာ ငါးရက်လောက်ပဲကြာခဲ့တာလေ။

"မဥ္ဇူ ရှင်းမပြတတ်ဘူး၊ ကြီးမေဆန္ဒက အဓိကပဲလေ





တောင်ကြီးကလည်း နေထိုင်လို့ကောင်းပါတယ်"

"ဟုတ်တယ် တောင်ကြီးက နေလို့ကောင်းပါတယ်၊ ကိုယ့်အတွေ့ မြဲမို့ ပြောတာမဟုတ်ဘူး၊ ကိုယ်ကတော့ တောင်ကြီးကိုပဲချစ်တယ်"

တကယ့်ကို ကျေကျေနပ်နပ်နဲ့ ကိုမှော်ပြောသည်။

"ကိုမှော်က ဘယ်မှာနေတာလဲဟင်၊ ကိုမှော် ဖေဖေနဲ့နေရတာ ပေါ့ ဟုတ်လား"

"ကိုယ့်အကြောင်း စိတ်ဝင်စားလာပြီပေါ့၊ ဟင့်အင်း ကိုယ်က ဖေနဲ့ မနေတော့ပါဘူး၊ ဖေက ရှေးဆန်တော့ ဟာမိုနီမဖြစ်ဘူး၊ ပတ္တမြား အိမ်ကြီးကို ကိုယ်သဘောကျပါတယ်၊ ဒါပေမဲ့ ကိုယ့် အသက်နှစ်ဆယ် ပြည့်မွေးနေ့တုန်းက ဖေက ကိုယ့်စိတ်ကြိုက် တိုက်တစ်လုံးမွေးနေ့ လက်ဆောင်ပေးတယ်၊ အခု ကိုယ်နေတာ အဲဒီတိုက်ကလေးမှာပေါ့၊ လွတ်လပ်ငြိမ်းချမ်းတယ်၊ ကိုယ်နဲ့အတူ ဦးကာန်ချားလည်းရှိတယ်၊ ထမင်း ချက် ဒေါ်နန်းခန်းက မနက်တိုင်းလာချက်ပြုတ်ပေးတယ်၊ အဝတ်အစား ကိုလည်း တစ်ပတ်တစ်ကြိမ် လျှော်ဖွပ်ပြီးစီစဉ်ပေးတယ်၊ အားလုံး အဆင် ပြေပါတယ်၊ ကိုယ် ဝါသနာပါတဲ့ ခြံလုပ်ငန်းတွေကို သုံးရက်တစ်ခါ လောက် လိုက်စီမံတာကလွဲရင် ကျန်တာ အားလပ်ချိန်တွေပါပဲ"

"ကိုမှော်ဘဝ ကံကောင်းလိုက်တာနော်"

"အင်း ကျေနပ်စရာ ဘဝလို့ထင်ပါတယ်၊ ဒါပေမဲ့ ကိုယ့်မှာ ညီအစ်ကို မောင်နှမအရင်းအချာမရှိတော့ တစ်ခါတလေ အထီးကျန်သလို ခံစားရတယ်"

"မဥ္ဇူ စာနာနိုင်ပါတယ်၊ မဥ္ဇူ မှာလည်း အစ်ကို ညီမ ဆိုလို့ ခင်းကွဲတွေတောင်ရှိတာ မဟုတ်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



မဩူကို ကိုမှော် ငေးငေးရီရီလေး စိုက်ကြည့်သည်။ ကရုဏာ
နိုပ်တွေလား၊ စာနာစိတ်တွေလား၊ ရောင်စဉ်တို့တော့ ဖြာလဲ့နေသည်
"မဩူ ကိုယ်ခြိမ်နဲ့တိုက်ကို လာကြည့်ပါလား၊ မဩူရဲ့ကြီးမေဆီမှာ
ကိုယ် ခွင့်တောင်းကြည့်မယ်လေ"
"ဟင့်အင်း ကြီးမေကို ခွင့်မတောင်းပါနဲ့ ကိုမှော်၊ မဩူလည်း
မလာရဲဘူး"
မဩူ ဘယ်သူ့ကိုကြောက်နေတာလဲ၊ ကိုယ့်ကိုကြောက်တာလား
ကြီးမေကို ကြောက်တာလား"
"ဟင့်အင်း မဩူ ကြောက်တာမဟုတ်ပါဘူး၊ ဟို လေ နား
လည်လို့ပါ"
မဩူ ကတုန်ကယင်လေးနှင့်ပြောသည်။ ချက်ချင်း မျက်ရည်တွေ
ဝဲတက်လာတာကြည့်ရင်း ကိုမှော် မဩူ ပခုံးလေးကို လှမ်းကိုင်သည်
ထိတ်ခနဲဖြစ်ကာ မဩူ ဆတ်ခနဲတုန်သွားသည်။ မျက်ရည်
သော မျက်နက်ဝန်းလေးတွေက ကိုမှော်ကို အသနားခံသလိုကြည့်
"ဘယ်သူ့ကိုမှ မဩူ မကြောက်နဲ့၊ ကိုယ့်ကိုလည်း မကြောက်
မဩူကိုလှောင်အိမ်ထဲမှာ ချုပ်နှောင်ခံထားရတဲ့ သနားစရာ ငှက်က
တစ်ကောင်လို ကိုယ်မြင်တယ်၊ ဟိုတယ် အခန်းထဲမှာပဲ မွန်းကြပ်
မှာစိုးလို့ မဩူကို အပြင်ခေါ်ထုတ်ပေးတာပါ"
ကိုမှော်စိတ်ထဲက စေတနာကိုသိရတော့ မဩူ မျက်ရည်
အတားအဆီးမဲ့ ကျလာရသည်။
"ဟာ မငိုနဲ့လေကွာ ဘာလို့ငိုတာလဲ"
"ဟို ဟို မဩူလေ မငိုပါဘူး၊ မျက်ရည်တွေက အလိုလိုကျ





ဘာပါ ကိုမှော်ရဲ့"
"အဟင်း တကယ့် အရူးမလေးပဲ၊ ရော့ မျက်ရည်တွေသုတ်
ပစ်လိုက်တော့"
ဘောင်းဘီအိတ်ထဲက ဖြူသန့်နေသော လက်ကိုင်ပဝါခေါက်
လေးကို ထုတ်ကာ ကိုမှော်ကမ်းပေးသည်။ မဩူ မငုံ့မရဲလေးလှမ်းယူကာ
သုတ်ပြီးမှ ပြန်ကမ်းပေး၏။
"ယူထားလိုက်လေ၊ နောက်တစ်ခါ မျက်ရည်တွေ အလိုလို
ကျရင် သုတ်ပစ်လို့ရတာပေါ့ အဟင်း ဟင်း"
ရွှတ်နောက်နောက်လေးဆိုတော့ မဩူ ရှက်ပြုံးလေးနှင့် မျက်နှာ
လေးပန်းနုသွေးလွှမ်းသည်။
"ကဲ စောစောက မဩူ ကြောက်တာ ဘာလဲ ပြောပါဦး"
"ဟင့်အင်း မဩူ မပြောတတ်တော့ဘူး"
"မဩူ မပြောတတ်ရင် ကိုယ်ပြောကြည့်မယ်၊ ဟုတ်မဟုတ်
အသေအချာ နားထောင်နော်"
မဩူ ခေါင်းကလေးညိတ်ကာ သူ့စကားတွေကို နားစွင့်နေသည်။
"မဩူက သိပ်ငယ်သေးတယ်၊ အသက်ကြီး အဘွားအိုတစ်ဦးရဲ့
စောင့်ရှောက်မှုအောက်မှာ အထီးကျန်ရှင်သန်ခဲ့ရတယ်၊ အန်တီ ခင်သူဇာ
က ကိုယ့်ကိုပြောပြဖူးတယ် ဟုတ်လား"
မဩူ ခေါင်းကလေးညိတ်ပြသည်။
"မဩူ ယောကျ်ားလေးတွေနဲ့ ခင်ခင်မင်မင် မနေဖူးဘူး၊ ချစ်ရေး
ဆိုတာလည်း မခံခဲ့ရဘူး၊ ဒါပေမဲ့ မဩူက သိပ်လှနေတော့ မြင်သမျှ
ယောကျ်ားလေးတွေက ချစ်ချင်ကြတယ်၊ မဩူ ကြောက်နေတာ အချစ်



www.burmeseclassic.com

www.burmeseclassic.com



ပဲမဟုတ်လား''

''ဟင့်အင်း မဥ္ဇူ အဲလိုတော့ မထင်ဘူး၊ အချစ်ဆိုတာ ဒီ
မဟုတ်ဘူးထင်တယ် ကိုမျော်၊ မဥ္ဇူ စဥ်းစားကြည့်ဖူးတယ်၊ သူငယ်ချင်း
တွေနဲ့အချစ်အကြောင်း ပြောဆိုဆွေးနွေးဖူးတယ်၊ ဒါပေမဲ့ မဥ္ဇူ ယူဆတာ
က အချစ်ဆိုတာ ပိုပြီးမွန်မြတ်တယ်၊ ကိုးကွယ်စရာတစ်ခုလို့ ထင်တယ်''

''ဟုတ်တယ် တကယ့်အချစ်စစ်က အဲဒီလိုမျိုးပဲ၊ ဒါပေမဲ့ အချစ်
ဆိုတာ အမျိုးမျိုးရှိတယ် မဥ္ဇူ''

မဥ္ဇူ မျက်ဝန်းလေးတွေ မျက်တောင်ရှည်တို့ပုတ်ခတ်ကုန်သည်
ကိုမျော်ကို နားမလည်နိုင်သလိုလေး စိုက်ကြည့်ရင်း

''ဒါဆို လူတွေ သာမန်တွေကြတာ အချစ်မဟုတ်နိုင်ဘူးလား
ဟင်''

''ဟုတ်တော့ဟုတ်လိမ့်မယ်၊ ဒါပေမဲ့ မလေးနက်ပါဘူး''

မဥ္ဇူ ရင်ထဲ ဝမ်းနည်းသွားရသည်။ ဘုန်းသက်မှူး ပုံရိပ်
အာရုံထဲမှာ မြင်လာသည်၊ ကိုမျော်ပြောသလို မှူးက သူမအပေါ် မလေး
နက်တဲ့ ခင်မင်မှုနဲ့ဆက်ဆံနေခဲ့တာလား။

''မင်း သိပ်ငယ်ပါသေးတယ် မဥ္ဇူ၊ မင်းအရွယ်ငယ်ငယ်လေး
မင်း ဆက်ဆံနေရတဲ့ ပတ်ဝန်းကျင်က မသင့်တော်သေးဘူး''

''ပတ်ဝန်းကျင် ဟုတ်လားကိုမျော်၊ အခု ကိုမျော်နဲ့ဆက်ဆံ
ရတာကို ဆိုလိုတာလားဟင်''

''ဟုတ်တယ် ကိုယ်စဥ်းစားကြည့်လိုက်တော့ မဥ္ဇူရဲ့ကြီး
တောင်ကြီးကညွှန်ခံပွဲတွေကို လျှောက်သွားနေတာ မသင့်တော်သ
အခု ကိုယ်နဲ့အဖော်မပါဘဲ တစ်ယောက်တည်း လျှောက်မလိုက်သင့်ဘူး





လူတွေက လျှာရိုးမရှိတိုင်း အတင်းအဖျင်းတွေလျှောက်ပြောကြတာကို
ဥ္ဇူ ခံရမှာစိုးရိမ်တယ်''

''မဥ္ဇူကို လူတွေက ဘာတွေပြောကြမှာလဲ မဥ္ဇူ ဘာမှမလုပ်
တာ''

ရိုးစင်းလှတဲ့ မိန်းမပျိုလေးမျက်နှာလေးက တကယ့်ကို ပကတိ
အဖြူရောင်ပါလား။ မျက်ဝန်းနက်နက်လေးတွေက ပြာလဲ့ကြည်စင်လို့
ဘာအမည်းစက်မှမရှိအောင် ရိုးသားလှပါလား။

ကိုမျော် နွေးနွေးထွေးထွေးလေးပြုံးရင်း မဥ္ဇူ ခေါင်းကလေးကို
အမ်းပုတ်လိုက်သည်။ အစ်ကိုတစ်ယောက်က ညီမလေးကို နှစ်သိမ့်သလို
မျိုး

''ကဲ ဒီကိစ္စတွေ ခေါင်းရှုပ်မခံပါနဲ့တော့၊ မဥ္ဇူ စိတ်ရင်းအတိုင်း
ဖြူစင်စင်လေးပဲနေပါကွာ၊ မဥ္ဇူအတွက်ကော ကိုယ့်အတွက်ပါ ဘာမှ
ကြောက်စရာမရှိဘူး၊ ဟုတ်ပြီလား''

မဥ္ဇူ ခေါင်းကလေးညိတ်ပြသည်။ အလင်းရိပ်မှိန်ဖျော့လာတဲ့
ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်ရင်း ကိုမျော် ထရပ်လိုက်သည်။

''ကဲ ပြန်ကြစို့နော် မဥ္ဇူ ကိုယ်နဲ့လျှောက်သွားရတာ မင်း
ပျော်တယ်မဟုတ်လား''

''ဒီညနေ မဥ္ဇူ အရမ်းပျော်ပါတယ် ကိုမျော်''

''ဟုတ်ပြီ ဘာပဲဖြစ်ဖြစ် မဥ္ဇူ မှာလိုတဲ့အကူအညီရှိရင် ကိုယ့်
ကိုပြောနော်၊ ကိုယ် ကူညီဖို့ အသင့်ပါကွာ''

ကိုမျော် မျက်ဝန်းတွေထဲက ဖြူစင်မှုတွေကို မဥ္ဇူ အကြွင်းမဲ့
ယုံကြည်သွားမိတာ ဘာကြောင့်မှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

အလုပ်နားရက်တွေမှာ ကိုမျော်ကတော့ မဥ္ဇူကို ပုံမှန်အပြင်သို့ခေါ်သွားတတ်ပါသည်။ တောင်ကြီးမြို့အနှံ့ မဥ္ဇူကို လိုက်ပို့ပေးသည်။ အရင်က ကိုမျော်နှင့်အတူလည်ပတ်ရတာကို မဥ္ဇူ စိတ်ညစ်ညူးမိပေမယ့် နောက်ပိုင်းမှာတော့ မဥ္ဇူ ပျော်လာမိသည်။

ကိုမျော်ကလည်း မဥ္ဇူ စိတ်ညစ်အောင် မပြုမူတတ်တာကြောင့် ကျေနပ် စိတ်ချမ်းသာရသည်။

ကိုမျော် လာခေါ်မည်ဟု ပြောထားသည့် နေ့တွေမှာ မဥ္ဇူ ကိုယ်တိုင်စိတ်လိုလက်ရလေး ပြင်ဆင်ကာ စောင့်နေတတ်လာသည်။ ဒါကို ကျေနပ်စောင့်ကြည့်နေတတ်သည့် ကြီးမေကိုလည်း မဥ္ဇူ ဘာမှ စိတ်က တွန့်ဆုတ်ဆုတ် မဖြစ်ခဲ့တော့ပါ။

မဥ္ဇူ ဟိုတယ်ကို လန်းလန်းဆန်းဆန်းလေး ပြန်ရောက်လာ





ပိုင်းလည်း ကြီးမေက မေးတတ်ပါသည်။

"သမီး ပြန်လာပြီလား။ မောင်စိုင်းနဲ့ကားလျှောက်စီးရတာ ပျော်ရဲ့လားကွဲ့"

"ဟုတ်ကဲ့ ပျော်ပါတယ် ကြီးမေ၊ ကိုမျော်က အရမ်းခင်မင်စရာ ကောင်းပါတယ်၊ မဥ္ဇူကို ဘုရားပို့ပေးရုံမကဘူး၊ တောင်ကြီးရဲ့ရှုခင်းတွေ အနှံ့လိုက်ပြပေးတာ သိလား"

မဥ္ဇူ စိတ်က ရိုးသားစွာနှင့်ကြည်ကြည်နူးနူးလေး ဆိုမိတာပါ။ ကြီးမေ မျက်နှာက ကျေကျေနပ်နပ်ကြီး ပြုံးလို့

"ဟုတ်တယ် ကြီးမေ ခွင့်ပြုလိုက်တာ၊ မောင်စိုင်းက တည်ကြည်ရိုးသားလွန်းတယ်၊ ကြီးမေဆီမှာ ခွင့်တောင်းပြီးမှ မင်းကိုလိုက်ပို့ပေးတာလေ"

"ကိုမျော်လည်း ပြောပြပါတယ် ကြီးမေ"

"ဟုတ်ပြီ မင်း သူ့ကိုအကောင်းမွန်ဆုံး ဆက်ဆံပါလို့ ကြီးမေ မှာချင်တယ်၊ ကြီးမေ ပြောတာ မင်းနားလည်သလား"

မဥ္ဇူ အသေအချာ နားမလည်တာတော့ အမှန်။ ဒါပေမဲ့ ခေါင်းကလေးညိတ်ပြမိသည်။

"ကောင်းတယ်၊ ကဲ မင်းသွားနေတော့ မဥ္ဇူ ဒီညနေ ကြီးမေတို့ ဟိုတယ်ညစာခံပွဲကို တက်ကြမယ်၊ ဟိုတယ်ရဲ့နှစ်ပတ်လည်အထူးအစီအစဉ်ဆိုတော့ သိပ်စည်ကားသိုက်မြိုက်မှာ"

"ကြီးမေ ကိုဖိတ်ထားလို့လား"

"ဟုတ်တယ် နှစ်ယောက်စလုံးသွားကြမယ်၊ ရွှေသစ် တို့အတွက် သင့်တော်တဲ့ ဝတ်စုံရွေးပေးထား၊ မဥ္ဇူအတွက်တော့ သူ့စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ရွေးဝတ်ပါစေ''

စိတ်ကြိုက်ဆိုပေမယ့် မဠျူမှာ များများစားစား မရှိပါ။ ဒီဖိုင်း အသွင်စုံပေမယ့် ပုရွှးချယ်စရာက ခိုပြာရောင်နဲ့ မီးခိုးရောင်ပဲရှိတာပဲ။

''ဒီညတော့ မင်း အလှပဆုံးပြင်ဆင်ဖို့ လိုတယ်နော် မဠျူ''

''ဘာဖြစ်လို့လဲ ကြီးမေ''

''ဟင် စောစောက တို့ပြောတာ မေ့သွားသလား၊ ဒီပွဲမှာ မောင်စိုင်းလည်းရှိမှာ၊ တောင်ကြီးမြို့က လူကုံထံတော်တော်များများ ဆုံကြမယ့်ပွဲ၊ သူလာမှာ မင်းကို မောင်စိုင်းမပြောဘူးလား''

''ဟင့်အင်း မပြောဘူး ကြီးမေ''

ကြီးမေ မျက်နှာ အလိုမကျသလို မှုန်ကုပ်သွားသည်။ တစ်စုံ တစ်ခုအလိုမကျရင် ကြီးမေ မျက်ဝန်းတွေ ဒေါသရောင်လက်သွားတာ ကြောက်စရာကောင်းသည်ဟု မဠျူ ထင်သည်။

''ထူးဆန်းလိုက်တာ၊ မင်းကို ဟိုတယ်ပြန်ပို့ပေးရင်း သူပြော ပြမယ်လို့ တို့ထင်တာ၊ သူ့ကို မင်း ကောင်းကောင်းမွန်မွန်ဆက်ဆံ တယ်ဆိုတာ သေချာရဲ့လား''

''ကိုမော်နဲ့ မီး ပျော်ပျော်ရွှင်ရွှင် ပြန်ခဲ့ကြတာပါ ကြီးမေရယ်''

''ဒါဆို အရေးကြီးတာကို သူဘာလို့ မပြောရတာလဲ၊ သူ ရောက်လာမယ့်ပွဲမှာ မင်းပါရှိစေချင်ရင် သူ မင်းကိုလာဖို့ပြောရမှာပေါ့''

ကြီးမေ ပြောမှ မဠျူ သတိရလိုက်တာမို့

''ကြီးမေ ပြောမှ သတိရတယ်၊ မဠျူတို့နောက်နေ့ပြန်ဆုံရအောင် လို့ နှုတ်ဆက်တော့ သူက မကြာခင်မှာပြန်ဆုံမှာပါလို့ ပြောတယ်၊ ဒါ ဟိုတယ် ညစာစားပွဲကို ရည်ရွယ်ပြောတာ ထင်တယ်''





မဠျူ စကားကြားတော့မှ ကြီးမေ မျက်နှာက ရွှင်ပြုံးလာသည်။ မျက်ဝန်းထဲက ဒေါသရောင်စဉ်တွေ လွင့်စင်ကုန်တာ အထင်အရှား။

''တော်သေးတာပေါ့၊ အဲဒါကို မင်းဘာလို့ အရင်မပြောရတာလဲ တုံးငအမလေးရဲ့''

''မဠျူ မသိဘူးလေ''

''အင်း မင်း အဲဒီလောက် တုံးအလွန်းတာ ငါမကြိုက်ပါဘူး၊ အင်း ဒါပေမဲ့ ဒါလည်းကောင်းပါတယ်၊ ဘာပဲဖြစ်ဖြစ် မောင်စိုင်းက မင်းကို သဘောကျမှာပါ''

မဠျူ မျက်နှာလေးရဲရဲနီသွားရသည်။ ကြီးမေ စကားတွေက သိပ်ကို ပွင့်လင်းလွန်းတော့ မဠျူ နားရှက်သည်။

''မင်း ရှက်သွားတာလား''

''ဟို မဠျူ ဘာလုပ်ရမယ်၊ ဘာပြောရမယ်ဆိုတာ သေသေချာ ချာ သိထားသင့်တယ် ထင်တယ် ကြီးမေ၊ အခုချိန်ထိ ယောက်ျားလေး တွေနဲ့ မီး ရင်းရင်းနှီးနှီး မနေဖူးခဲ့ဘူး၊ အမေသဲက သိပ်တင်းကြပ်လို့ မီးမှာ ယောက်ျားလေး သူငယ်ချင်းတောင် မရှိခဲ့ဘူး''

''အေး အဲဒါ ကြီးမေ လိုချင်တဲ့ပုံစံလေ၊ မင်းကို အနှောင်အဖွဲ့ တွေ မရှိစေချင်လို့ပေါ့''

''ကြီးမေ စကားတွေ သမီး နားမလည်ဘူး၊ ဘာအနှောင်အဖွဲ့ လဲဟင်''

''အင်း မင်းရဲ့မေးခွန်းတွေ ငါဖြေရင် ချာလည်နေမှာပဲ၊ ဒီတော့ မင်း သိသင့်တာပဲပြောမယ်၊ ခုသေအချာမှတ်ထားနော်''

ကြီးမေ မျက်နှာက လေးနက်တည်ကြည်သွားသည်။ မဠျူ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို စူးစူးရဲရဲစိုက်ကြည့်ရင်း ကြီးမေ ပြတ်သားစွာပြောသည်။

"မင်း ယောက်ျားတွေ အများကြီး သိဖို့မလိုဘူး၊ လျှာရှိုးမ

တိုင်း အလိမ်အညာလှိုင်းတွေ ပြောပြီး ယုတ်မာတဲ့ယောက်ျားတွေ အမျာ

ကြီးပဲ၊ မိန်းမတွေဘဝမှာ ယောက်ျားတွေမရှိရင် ဘဝဟာ နေဝေ

အကောင်းဆုံးဖြစ်မှာ သေချာတယ်၊ အင်း ဒါကို အမိုက်မတွေက မသိ

ရှာဘူး၊ အချိန်လွန်မှ နောင်တရတတ်ကြတယ်"

ကြီးမေ အသံမှာ နာကျည်းရိပ်တွေ၊ မျက်ဝန်းတွေက ရှူ

တောက်ပလို့ ခံယူချက်တွေကို ဝန်ခံဖွင့်ဟထုတ်နေတာနဲ့တူသည်။

ကြီးမေကိုကြည့်နေရင်း မခွျူတောင် ကြက်သီးတဖြန်းဖြန်း

လာမတတ် ကြောက်နေမိ၏။

"ဒါကြောင့် ယောက်ျားလေးတွေကို သတိထား၊ တတ်နိုင်သ

ရှောင်၊ သရဲတစ္ဆေကို ရှောင်သလို ဝေးဝေးကရှောင်၊ မဟုတ်ရင်တော

မင်းစိတ်ဒုက္ခရောက်ပြီသာမှတ်၊ အများတစ်ခုခံရရင် မင်းတစ်ဘဝလုံ

နာကျင်ခံစားရလိမ့်မယ်၊ အဲဒါ မမေ့နဲ့ကြားလား"

မခွျူ တုန်တုန်ယင်ယင်လေး ခေါင်းညိတ်ပြမိသည်။ ပြီးမှ တစ်

တစ်ခုကို သတိရလိုက်မိသလို မျက်နက်ဝန်းလေးဝိုင်းသွားရင်း၏

"နေ နေပါဦး ကြီးမေ၊ ယောက်ျားတွေ ဒီလောက်ဆိုးရက်

မီးကို ဘာလို့ ကိုမျော်နဲ့ခင်မင် ရင်းနှီးခိုင်းနေရတာလဲ ဟင်"

ကြီးမေ မျက်ခုံးပါးလျှပ်လျှပ်တွေ တွန့်ကွေးပြီး မခွျူကို ကြည့်

သည်။ ပြီးမှ

"မင်းဘဝမှာ ပတ်သက် ဆက်နွယ်သင့်တဲ့ ယောက်ျား

စိုင်းမျော်သာ တစ်ယောက်တည်းမို့ပဲ ၊ အဲဒါကိုမမေ့နဲ့ တခြား ယောက်





တွေ မင်းအနားကပ်လာရင်တော့ စောစောက ကြီးမေ စကားတွေကို သတိရ"

"ဟုတ် ဟုတ်ကဲ့ပါ ကြီးမေ"

ကြီးမေရဲ့မျက်ဝန်းစူးစူးတွေကို ရင်မဆိုင်ရဲလို့ ခေါင်းညိတ်လိုက်ရသည်။ မခွျူ လက်မခံချင်ဘူး။

ကြီးမေ ပြောတာတွေ အမှားတွေပဲလို့ စိတ်ထဲကပြန်ငြင်းနေမိတယ်။

မခွျူအပေါ်မှာ ကိုမျော် ခင်မင်တာ ရိုးသားတည်ကြည်သလို ဘုန်းသက်မှူးကလည်း ကြီးမေ ပြောတဲ့ယောက်ျားမျိုး မဟုတ်ဘူးလို့ မခွျူ အကြွင်းမဲ့ယုံနေသည်။

"ဘာလုပ်နေတာလဲ မင်းသွားနားတော့လေ"

"ဟုတ် ဟုတ်ကဲ့ ကြီးမေ"

ကြီးမေ ရှေ့က ချာခနဲလှည့်ထွက်ခဲ့ရပေမယ့် မပြတ်တဲ့အတွေးတွေက ခေါင်းထဲမှာစီတန်းပါလာသည်။

အခန်းထဲရောက်တော့ အဝတ်အစားလဲရင်း ကြီးမေ စကားတွေကို ပြန်ဆန်းစစ်ကြည့်မိသည်။

ယောက်ျားတွေက မကောင်းဘူးတဲ့။ ယုတ်မာကြသတဲ့။

ကြီးမေစကားတွေက အမှန်တော့ မဟုတ်နိုင်ဟု ထင်သည်။ ကြီးမေမှာ ဒီလိုခံစားချက်တွေ ဘာလို့ရှိနေရတာလဲ။

"သမီးလေး"

အသံကြောင့် လှည့်ကြည့်တော့ အခန်းတံခါးဖွင့်ဝင်လာတာ သစ်သစ် ဖြစ်သည်။

www.burmeseclassic.com



''ညနေ လေးနာရီမထိုးခင် ပြင်ဆင်ထားဖို့ မမကြီး ပြောခိုင်း
လို့ သစ်သစ်လာပြောတာကွဲ့''

''ဟုတ်ကဲ့ သစ်သစ်၊ မီး တစ်ခုမေးချင်လို့''

''မေးလေ သမီးလေး ဘာမေးမလို့လဲ မေး''

မဥ္ဇူရဲ့ခုတင်မှာ အသာလေး ဝင်ထိုင်ရင်း သစ်သစ် ငေးငေး
လေးကြည့်သည်။

''ဟိုလေ ယောကျ်ားတွေက မကောင်းကြဘူးတဲ့၊ ကြီးမေက
ပြောတယ်၊ ဒါပေမဲ့ အဲဒီအထဲမှာ ကိုမှော် မပါဘူးတဲ့၊ သစ်သစ်လက်
သလား ဟင်၊ ကြီးမေ စကားတွေ မှန်နိုင်ပါ့မလား''

''အင်း မှန်သင့်သလောက် မှန်ပါတယ် သမီးရယ်''

''အကုန်တော့ မမှန်နိုင်ဘူး ထင်ပါတယ် နော် သစ်သစ်
ကိုမှော်ကိုပဲ မီးကိုခင်မင်တဲ့သူတွေရှိနိုင်ပါသေးတယ်နော်''

သစ်သစ် ခေါင်းကလေးညိတ်ပြရင်း ပြုံးသည်။

''တစ်ခုမေးချင်သေးတယ် သစ်သစ်၊ ကြီးမေက ဘာလို့
ယောကျ်ားတွေကို မုန်းနေတာလဲဟင်''

သစ်သစ်မျက်နှာပေါ်က အပြုံးတွေ ချက်ချင်းလွင့်ပြယ်ကုန်
သည်။ အခန်းတံခါးဆီကို မလှုံမလဲကြည့်ရင်း

''ဟင့်အင်း သစ်သစ်မသိပါဘူး၊ ဟုတ်ချင်မှလည်း ဟုတ်မှာပါ
သမီးလေးအတွက် စိုးရိမ်ပြီး ဆုံးမတာဖြစ်မှာပေါ့၊ ကဲ သမီး နားချိန်
မရှိဖြစ်နေမယ်၊ နားလိုက်ဦးနော်၊ တစ်ရေးနိုးရင် ပြင်ဆင်သင့်တာ ပြင်
တော့''

သစ်သစ် အခန်းထဲက ပြန်ထွက်သွားသည်။ ကြီးမေ အ





ကြောင်းကိုမေးတိုင်း သစ်သစ်ဘာလို့ ဒီလိုဖြစ်သွားတတ်တာလဲ။ မဥ္ဇူ
တွေးစားမရနိုင်ပါ။

မဥ္ဇူ နှုတ်ခမ်းလေးတွေ တင်းတင်းစေ့ကာ မကျေမနပ် အိပ်ရာ
ပေါ် လှဲချလိုက်သည်။

တောင်ကြီးက ဟိုတယ်တစ်ခုကို မဥ္ဇူတို့ရောက်နေခဲ့တာ ကြီးမေ
ရဲ့အစီအစဉ်။ ထိုထက်ပိုပြီး မဥ္ဇူ ဘာမှမသိ။ ဒီဟိုတယ်အခန်းက ပြည့်စုံ
ခမ်းနားပေမယ့် နေအိမ်တစ်ခုလို လွတ်လပ်မှုမရှိဟု ထင်မြင်မိ၏။

ဘယ်အချိန်ကာလတစ်ခုအထိ မဥ္ဇူတို့ နေကြမှာလဲ၊ ကြီးမေရဲ့
ရှေ့အစီအမံတွေက ဘာတွေလဲ။

မဥ္ဇူ မသိ။ သစ်သစ်ကော သိရဲ့လား မဆိုတတ်။ သစ်သစ်
သိရင်တောင် မပြောပြချင်တာကြောင့်လား။

စိတ်ရှုပ်စရာ အတွေးတွေကို မောင်းထုတ်ရင်း မဥ္ဇူ မျက်ဝန်း
တွေကို မှိတ်လိုက်သည်။ အာရုံထဲမှာ တိုးဝင်လာတာ ဘုန်းသက်မှူး။

ဒီညနေ ဟိုတယ် အခန်းထဲက ညစာစားပွဲကို သူကော
ရောက်လာမည်လား မသိ။

ကြီးမေရှေ့မှာ လာရောက်နှုတ်ဆက်လာရင်တော့ အခက်။
ဒါပေမဲ့ သူပေးခဲ့သော ကတိကို မဥ္ဇူ ယုံနေသည်။

ခင်မင်စရာကောင်းသော အပြုံးတွေနှင့် စွဲမက်စရာမျက်ဝန်း
တွေကို မဥ္ဇူ ပြန်တွေးရင်ခုန်ချင်သည်။ ကြီးမေ သိရင်တော့ အကောင်း
ဆုံးတော့ ဖြစ်လာမှာမဟုတ်ပါ။

ဒါပေမဲ့ မဥ္ဇူ အသိစိတ်က သူနဲ့ထပ်ဆုံချင်သေးသည်။ ဒါ
အတောင့်တဆုံးဆန္ဒတစ်ခုပဲဆိုတာ ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

မဠူတို့ စားပွဲဆီသို့ မကြာခဏ အကဲခတ်နေသော လူကို သတိထားနေမိခဲ့တာကြာပြီ။ ဒါကို ကြီးမေလည်း သိနေသည်။ ထိုလူ မျက်ဝန်းတွေက ကျီးကန်းတစ်ကောင်လို ဟိုဒီဝေ့ဝဲရင်း မဠူတို့ဝိုင်းမှာ အဆုံးသွားတတ်၏။

"တို့ဝိုင်းကို ဝေ့ဝေ့ကြည့်နေတဲ့ အဲဒီ အရှက်မရှိတဲ့မျက်နှာနဲ့ လူက ကျောက်စိမ်းသူဌေး အိုက်ပန်ဆိုတာပေါ့"

"အဲဒီ လူကြီးပုံစံက ကြောက်စရာကြီးနော် ကြီးမေ"

"ဟုတ်တယ် ဒါပေမဲ့ သူက သိပ်ချမ်းသာတယ်၊ အန္တရာယ် ကောင်းပါ"

အဆီပြန်နေတဲ့ မျက်နှာကြီးကို ကြည့်ပြီး ကြီးမေ ပြောတာ ဟုတ်မှာပဲလို့ ကောက်ချက်ချမိသည်။





"မဠူရေ တို့ သန့်စင်ခန်းသွားလိုက်ဦးမယ်၊ သတိထားပြီး နေဦး"

ကြီးမေက သူမကို စိတ်မချဟန်ဖြင့် ထသွားသည်။ ကြီးမေ ထသွားပြီး မကြာမီမှာပင် အိုက်ပန်ဆိုသောလူ မဠူ အနားသို့ရောက် လာ၏။

"ညီမလေး စကားနည်းနည်းပြောချင်လို့ ခဏထိုင်မယ်နော်"

"နေပါဦး ကျွန်မနဲ့ဘာများပြောစရာရှိလို့လဲ"

မဠူက ခပ်တည်တည်ဖြင့် မေးသည်။ အိုက်ပန်က ရယ်မောရင်း

"မင်းက စကားပြောပြတ်တော့ ကျုပ်ကလည်း လိုရင်းပဲ ပြော ရတာပေါ့၊ မင်း ဆွဲထားတဲ့ ပုလဲတွေအကြောင်း ပြောချင်လို့"

"ကျွန်မ ဆွဲထားတဲ့ ပုလဲတွေအကြောင်း ဟုတ်လား"

"ဟုတ်တယ် ပုလဲတွေက သိပ်လှပါတယ်၊ ဒါပေမဲ့ မင်း လိုင်ယ်ရှယ်တဲ့ မိန်းကလေးအတွက်တော့ စိန်တို့ ပတ္တမြားတို့နဲ့ ပိုလိုက်ဖက် မယ်လို့ ကိုယ်ထင်မိတယ်၊ မင်းဆန္ဒရှိမယ်ဆိုရင် ကိုယ်ချိန်းပေးလိုက်မယ်"

ဦးအိုက်ပန် ပြောသည်ကို မဠူ သဘောမပေါက်။ နောက်မှ ဆိုလိုရင်းကို နားလည်မိသည်။

"ရှင်ပြောချင်တာက ကျွန်မပုလဲတွေကို ပိုက်ဆံနဲ့ဝယ်မယ်ဆိုတဲ့ သဘောလား"

"သိပ်မှန်တာပေါ့၊ ညီမလေးရဲ့ပုလဲတွေကို ကြိုက်ဈေးပြော၊ အဲ မတန်တဆ ဈေးတော့မဟုတ်ဘူးပေါ့"

"ကျွန်မမှာ ဒီပုလဲတွေကို ရောင်းဖို့ အစီအစဉ် လုံးဝမရှိပါဘူး"

"ဒါဆို စိန်၊ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း ညီမလေး ကြိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လဲပေးမယ်၊ စိန်ကိုတော့ မိန်းကလေးအများစု ကြိုက်ကြတယ်''

''ဦးအိုက်ပန် ထင်ထားတာတွေ အကုန်မှားနေပြီ၊ ကျွန်ုမ ပုလဲတွေက ရောင်းဖို့လည်း မဟုတ်ဘူး၊ လဲဖို့လည်းမဟုတ်ဘူး''

မဒွါက နောက်ထပ်စကားထပ်မလာနိုင်အောင် ခပ်ပြတ်ပြတ် ပြောပစ်လိုက်သည်။ ဦးအိုက်ပန်ကလည်း လွယ်လွယ်နှင့်အလျှော့မပေး

''ဒီလို လွယ်လွယ် မဆုံးဖြတ်နဲ့လေ ညီမလေးရဲ့၊ စဉ်းစားပါဦး အခုပေးတဲ့ဈေးက မင်းတစ်သက်မှာရဖို့ မလွယ်ဘူး''

သူ့ဘက်ပါလာအောင် ဆွယ်တရားတွေ ဟောနေပြီဆိုတာကို မဒွါ ကောင်းကောင်းသဘောပေါက်မိပါသည်။

''ဆောရီးပါပဲ ဦးအိုက်ပန်၊ ရောင်းဖို့ အစီအစဉ် လုံးဝမရှိပါဘူး''

''ကျုပ်ကတော့ ဒီပုလဲတွေကို ရဖို့ဆုံးဖြတ်ပြီးပြီ၊ ကြိုက်ဈေး သာ ပြောပါ''

''ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မက ဒီပုလဲတွေကို ခန္ဓာကိုယ်ပေါ် မှာ အဆင်တန်ဆာအဖြစ် ဆင်မြန်းဖို့ပဲ ရည်ရွယ်ချက်ရှိပါတယ်''

ဦးအိုက်ပန် မျက်နှာက မာကျောခက်ထန်သွားသည်ဟု မဒွါ ခံစားမိလိုက်သည်။ သူက ဟန်ပါပါ ပြုံးလိုက်ပြီး

''ကိုယ့်မှာအကျင့်တစ်ခုရှိတယ်၊ လိုချင်မိပြီဆိုရင် မရရအောင် ယူတတ်တယ်၊ မင်းရဲ့ပုလဲတွေကို မင်းလိုချင်တဲ့ဈေးနဲ့ လိမ်လိမ်မာမာ ပေးလိုက်ရင် ကောင်းမယ်''

ဦးအိုက်ပန်ရဲ့စကားတွေက ခြိမ်းခြောက်နေသယောင်။

''ကျွန်မမှာ နောက်ထပ်ပြောစရာ စကားမရှိတော့ပါဘူး''

မဒွါ တော်တော် စိတ်ညစ်သွားမိသည်။ သူမဘက်က စကား





ဆွတုန်နေပြီဖြစ်သည်။ ဦးအိုက်ပန်ကလည်း လက်မလျှော့သေး။ သူ့ပုံစံ ာ ဘာကိုမှ နားမလည်ပဲဖြစ်ချင်တာကို တကယ်ဖြစ်အောင်လုပ်မည့် ပင်။

''ကျုပ်ကတော့ ပုလဲတွေကို မရရအောင် ယူရမှာပဲ၊ အခင် မင်မပျက်အောင် လိုက်လျောလိုက်ရင် ကောင်းမယ်လို့ ထင်တယ်''

မဒွါကို စိုက်ကြည့်နေတဲ့ သူ့မျက်လုံးတွေက ဒေါသရောင်တွေ ကို ဖုံးလွှမ်းထားသည့်ဟန်။ တစ္ဆေတစ်ကောင် သူမအနားမှာ လာရောက် ခြောက်လှန့်နေသလို ခံစားလိုက်ရသည်။

''ကျေးဇူးပြုပြီး သွားပါတော့ ရှင်၊ ကြီးမေပြန်ရောက်လာလို့ ရင် ပိုဆိုးကုန်လိမ့်မယ်၊ ကြီးမေက အရမ်းဒေါသကြီးတယ်''

ဦးအိုက်ပန်က စိတ်လျှော့လိုက်ဟန်ဖြင့် စဉ်းစားရင်း။

''ကောင်းပြီလေ၊ မင်းစဉ်းစားပါ၊ ကျုပ်ကတော့ ပုလဲတွေကို အောင်ဝယ်မှာပဲ''

ဦးအိုက်ပန် ထွက်သွားပြီး မရှေးမနှောင်းမှာပင် ကြီးမေ ပြန် ောက်လာ၏။ မဒွါ သက်မကိုချမိသည်။ တော်တော်မလွယ်တဲ့ လူကြီး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ကောသရီ ညှော်ခန်းထဲတွင် ဂနာမငြိမ်စွာဖြင့် ဟိုဒီလျှောက်နေမိသည်။ ညှော်ခန်းက လှလှပပ သားသားနားနား၊ သူမပိုင်ဆိုင်တဲ့ အဖိုးတန်ပစ္စည်းတွေက ဆွဲဆောင်မှုမရှိတော့။ သူမစိတ်ကို တစ်စုံတစ်ယောက်သောသူက စိုးမိုးထား၏။

နေ့လည်အချိန်ပင် ရောက်နေပြီ၊ မှူးကပေါ်မလာ၊ တစ်နေရာရာမျှားသွားနေသလားဟု တွေးမိသည်။ ဒါလည်း မဖြစ်နိုင်။ မှူးကဘယ်တော့မှ တစ်ယောက်တည်း သွားတတ်တဲ့အကျင့်မရှိ။ သူမနဲ့တွေ့ဖို့အတွက် မှူး သိပ်စိတ်မပါတာကိုတော့ သတိထားမိပါသည်။

တောင်ကြီးရောက်စက သူမနှင့်တစ်နေ့မတွေ့ရလျှင် မနေနိုင်သည့် မှူး။ အခုတော့ တဖြည်းဖြည်းနဲ့ပြောင်းလဲလာခဲ့ပြီ။ မှူး စိတ်တွေဘယ်လိုဖြစ်သွားတယ်ဆိုတာ ကောသရီ မတွေးတတ်တော့။





သူတို့နှစ်ယောက်ကြားမှာ အနေစိမ်းသွားတဲ့ အကြောင်းရင်းက ဘာလဲဆိုတာ သိချင်သည်။ ကောသရီ လမ်းလျှောက်ရင်း စဉ်းစားနေမိသည်။

အခုတလော မှူး တော်တော်ပြောင်းလဲသွားသည်ဟု သူမထင်သည်။ အရာရာမှာ လှုပ်ရှားသွေးဆူတတ်တဲ့ မှူးရဲ့စိတ်တွေ တည်ငြိမ်နေပြီ။ ဒီအကြောင်းရင်းကို သိဖို့ ကောသရီ ကြိုးစားရမည်။ မှူးရဲ့စိတ်ကို သူမ ကောင်းကောင်း မချုပ်ကိုင်နိုင်မှန်း သဘောပေါက်လာရသည်။

လမ်းလျှောက်နေရင်း နံရံဘက်တွင် ချိတ်ဆွဲထားသော မှန်ပေါ်မှာ သူမအရိပ်က ပေါ်နေ၏။ ကောသရီ ရပ်တန့်လိုက်ရင်း မှန်ထဲကို သေချာ စူးစိုက်ကြည့်လိုက်မိသည်။

မျက်ဝန်းနှစ်စုံရဲ့အကြားမှာ ဇရာရဲ့အငွေ့အသက် အရေးအကြောင်းလေးတွေ ထင်နေသည်။ နှုတ်ခမ်းတွေက အရင်လို ဖူးဖူးရွရွ ...တွေ မဟုတ်တော့။ လွန်ခဲ့တဲ့ ခုနစ်နှစ်ခန့်လောက်က နုပျိုခြင်းတွေ ... ပျောက်ဆုံးကုန်ပြီဖြစ်၏။

မှန်ထက်မှအကြည့်ကို လွှဲပစ်လိုက်မိသည်။ ယောကျ်ားတစ်ယောက်ကို အပိုင်ကိုင်နိုင်ဖို့ အဲဒီလောက် ခက်သလား။ ကိုယ့်ဘက်ပါ...ဖို့ မာယာတွေအမျိုးမျိုး ရှိတာပဲ။ စိတ်ကိုတင်းပြီး ကိုယ့်ကိုကိုယ်...ပေးလိုက်ရပေမယ့် စိတ်ထဲမှာ မွန်းကြပ်နေသည်။

လှပသွေးကြွယ်တဲ့ အချိန်အခါတုန်းက ကောသရီကို ဝိုင်းနေတဲ့ ယောကျ်ားတွေက ဒုနဲ့ဒေး။ ပန်းဝတ်ရည်နားက ပျားပိတုန်းတွေလို ...အလုမှာ ယစ်မူးနေကြသည်။ ကောသရီအတွက်တော့ အချစ်ဆိုတာ ...နိုက အဓိပ္ပါယ်မရှိခဲ့။ သူ့ခြေရင်းမှာ ဝပ်ဆင်းလာပြီဆိုလျှင် ငြီးငွေ့



www.burmeseclassic.com

www.burmeseclassic.com



လာတတ်သည်။ ဒီတော့ ရည်းစားကို ထည့်လဲထားသည်။

သူ့အပြုံးတစ်ချက်ဝေ့ပြီး လက်ညှိုးကလေးလှုပ်လိုက်တာနှင့် သူမ အလိုကျဆောင်ရွက်ပေးမည့်သူများသာ။

မျိုးကတော့ အများနဲ့မတူ။ မျိုး ကိုစတွေ့စဉ်ကတည်းက ကေသရီ သတိထားမိသည်။ မျိုးက သူမကြိုးဆွဲရာ လိုက်ကမည့်ရုပ်သေး ရုပ် တစ်ရုပ်မဟုတ်မှန်း သဘောပေါက်မိ၏။

မျိုးကို မြင်မြင်ချင်းပင် သူမ ချစ်သွားခဲ့မိပါသည်။ မျိုးက သူမတွေ့ဖူးခဲ့သော ယောကျ်ားတွေနဲ့မတူ။ မာနကြီးသည်။ မိန်းမတစ် ယောက်ကို ဒူးထောက်ခစားတတ်တဲ့ ယောကျ်ားမျိုးမဟုတ်ပေ။

ဒီအချက်များကပဲ မျိုးကို ပိုစိတ်ဝင်စားအောင် ဖွဲ့ဆောင်ထားခဲ့ မျိုးကို သူမ တကယ်ချစ်ခဲ့တာပါ။ လက်ထပ်ဖို့အထိ ဆုံးဖြတ်ထားမိသည်။

အစက မျိုး မိသားစုအကြောင်း၊ မျိုး ဘယ်လောက် ချမ်းသာ သလဲဆိုတာ ကေသရီ မသိခဲ့ပါ။ သက်မျိုးရွှေစင် စံအိမ်ကြီးနှင့် သက်မျိုး ရွှေစင်ကုမ္ပဏီ၊ အခြားလုပ်ငန်းစုများအကြောင်း သိရတော့ တော်တော် လေး အံ့သြသွားခဲ့ရသည်။

ဒီလုပ်ငန်းစုတွေဟာ မျိုးရဲ့ကျောထောက်နောက်ခံ၊ မျိုးဘဝရဲ့ အစိတ်အပိုင်းကြီးတစ်ခုဆိုတာ သိလာရသည်။ သက်မျိုးရွှေစင် အကြောင်း ပြောလျှင် အမြဲတမ်း လန်းဆန်းတက်ကြွနေတတ်တဲ့ မျိုး၊ သူ ဘယ် လောက် ချစ်မြတ်နိုးကြောင်းကို ကေသရီ နားလည်မိပါသည်။

သက်မျိုးရွှေစင်စံအိမ်နှင့် လုပ်ငန်းစုတွေဟာ ကေသရီအတွက် တော့ ပြိုင်ဘက်ပဲပေါ့၊ စီးပွားရေးကိစ္စတွေကို မျိုးရဲ့အလေးပေးမှုက ကေသရီအတွက် မဟာပြိုင်ဘက်ကြီးတစ်ခုပဲလေ။





အခြား မိန်းမတစ်ယောက်ထက်တောင် ပိုပြီး ကြောက်စရာ ကောင်းနေသည်။ တစ်ချိန်က ယောကျ်ားသားတွေအပေါ် လွှမ်းမိုးနိုင် ခဲ့တဲ့ ကေသရီ ကိုယ့်ကိုကိုယ် သံသယဝင်နေမိ၏။

သူတို့နှစ်ယောက်ရဲ့ပျော်ရွှင်မှုကြားမှာ အရိပ်မည်းတစ်ခု ယှက် သန်းနေ၏။ မျိုးကပိုပြီး တည်လာသည်။ အရင်ကလို ရယ်ရယ်မောမော မရှိတော့။ မျိုး စိတ်ထဲမှာ ဘာတွေဖြစ်နေသလဲ။

အိမ်ရှေ့မှာ လူခေါ်ခေါင်းလောင်းမြည်သံကြောင့် ကေသရီ လှုပ်ရှားသွားရသည်။ မျိုးပဲဖြစ်ရမည်ဟု တွေးမိ၏။ အခုလို ပုံစံကြီးနဲ့ မဖြစ်၊ ရွှင်ရွှင်ပြပြနှင့်နေပြမှဖြစ်မည်။ ယောကျ်ားလေးအများစုက ထုံထုံ ထိုင်းထိုင်းနှင့်ညည်းညူတတ်သည့် မိန်းမမျိုးကို သဘောမတွေ့တတ်ကြ ဆံပင်တွေကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်ပြီး တံခါးသွားဖွင့်လိုက် သည်။

"ဪ"

သူမ နာမည်ခေါ်လိုက်သံနှင့်အတူ လူကိုပါမြင်တွေ့လိုက်ရတဲ့ အခါမှာ ကေသရီ မင်တက်သွားမိ၏။ ပြီးမှ တအံ့တသြဖြင့် မေးလိုက် မိသည်။

"ကို ကိုကျော် တောင်ကြီးကို ဘာလာလုပ်တာလဲ ဟင်"

ကျော်စွာက ကေသရီကိုပြုံးပြီးကြည့်နေ၏။ သူ့ကိုတွေ့လိုက်ရ တဲ့ အခိုက်အတန့်မှာ အမူအယာပျက်ယွင်းသွားတဲ့ ကေသရီကိုကြည့်ရင်း

"ကိုယ့်ကိုတွေ့လိုက်ရလို့ လန့်သွားတာလား ကေ၊ ကိုယ် မြင်ဦးလွင်က လာခဲ့တာ"

ကျော်စွာက နှစ်လိုဖွယ် ပြုံးပြရင်းပြန်ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြင်ဦးလွင်က ဟုတ်လား"

"ဟုတ်တယ် ကေနဲ့ပြောစရာရှိလို့လာခဲ့တာ"

"လာ အထဲဝင်ပြီး ထိုင်လေ"

ကျော်စွာက ဆိုဖာမှာဝင်ထိုင်လိုက်သည်။ ကေသရီက သူ့ကို သေချာစွာ အကဲခတ်နေ၏။

ကြည့်ရတာတော့ ကျန်းကျန်းမာမာပဲဟု တွေးမိသည်၊ ကျော်စွာက ရုပ်မချောပေမယ့် လူကြီးလူကောင်းဆန်ပြီး ခန့်ညားသည်။ အရပ် ငါးပေရှစ်လက်မခန့်ရှိပြီး ခန္ဓာကိုယ်က တောင့်တင်းကြံ့ခိုင်သည်။ အသား လေးဆယ်ကျော်ပေမယ့် နုပျိုနေတုန်းပင်။

"ဒါကျော်က ပြင်ဦးလွင်ကို ဘာသွားလုပ်တာလဲ"

စကားဝိုင်းကို ကေသရီကပဲ စတင်လိုက်သည်။

"ဦးကြီးစံမြင့် ဆုံးပြီလေ၊ လွန်ခဲ့တဲ့ သုံးပတ်လောက်ကပဲ ဆုံးသွားခဲ့တာ"

"ဟုတ်လား။ နာရေးကြော်ငြာ ကေ မဖတ်လိုက်မိဘူး၊ သတင်းစာထဲတော့ ပါမှာပေါ့၊ ကေက အသက်သာစ်ရာပြည့်အောင်နေရလိမ့်မယ်လို့ ထင်ထားခဲ့တာ"

"အသက် ကိုးဆယ့်တစ်နှစ်ပြည့်ပြီး သုံးရက်နေတော့ ဆုံးတာပဲ ကိုယ်တော့ ဘာမှမခံစားရပါဘူး၊ သူက ကိုယ့်အပေါ်မှ မကောင်းခဲ့ဘဲ"

ကျော်စွာက နာကျည်းဟန်အပြည့်ဖြင့် ဆိုလေ၏။

"ကိုကျော်က သူ့အသုဘကိစ္စလာတာပေါ့၊ ဟုတ်လား"

"ဟုတ်တယ် အမွေကိစ္စပါ ပါတာပေါ့၊ ဦးကြီးက ကိုယ့်ကို အမွေတွေပေးခဲ့တယ်လေ"





"အမွေပေးခဲ့တယ်ဟုတ်လား။ ကေ ဝမ်းသာပါတယ် ကိုကျော်"

"အသုဘ ရက်လည်ကိစ္စတွေပြီးတော့ ပစ္စည်းတွေ စီမံခန့်ခွဲဖို့ကိစ္စတွေ လိုက်လုပ်နေရသေးတယ် လေ"

"ဒါဖြင့် ပြင်ဦးလွင်က တိုက်နဲ့ခြံကြီးကို ကိုကျော်ရလိုက်တာပေါ့"

"ဟုတ်တယ် ကိုယ်က အဲဒီခြံကြီးကို သဘောကျခဲ့တာလေ၊ ကိုယ် ပိုင်ဆိုင်ရလိမ့်မယ်လို့တော့ တစ်ခါမှမတွေးမိခဲ့ပါဘူး"

ပြောနေရင်းပင် ကျော်စွာ မျက်ဝန်းတွေက အရောင်တွေ လက်လာသည်။ ကေသရီက တိုးညင်းစွာ ရယ်လိုက်ရင်း

"ဦးကြီးက ရင်းရင်းနှီးနှီး ဖော်ဖော်ရွေရွေ မရှိပေမယ့် အဲဒီကို ကိုကျော် အမြဲသွားလေ့ရှိတယ်နော်"

"ကိုယ်က ဦးကြီးနဲ့မတည့်ပေမယ့် အဲဒီမှာ ပျော်တယ်လေ"

"အိမ်ကိုတော့ တော်တော်ပြည့်ရလိမ့်မယ် ထင်တယ်၊ မီးလင်းဖိုတို့ ရေချိုးခန်းတို့ ပြန်ပြင်ရလိမ့်မယ်"

"အဲဒါတွေအတွက် အားလုံးကိုယ်စီစဉ်ထားပါတယ်"

"ပြင်ဦးလွင်ရောက်ရင်တော့ စိတ်ချမ်းသာလွန်းလို့ ကိုကျော် ဝမ်းလာမှာ မြင်ယောင်သေးတယ်"

ကေသရီ ခေါင်းခါခါ လှည့်ခါခါလေးဖြင့် ဆိုလိုက်တော့ ကျော်စွာ မနေနိုင်သွားသည်။

"ဟင်း ဟင်း မဝနိုင်ပါဘူး၊ ဦးကြီးက ပိုက်ဆံနှမြောပြီး ပြီးစလွယ်ထားထားလို့ ခြံအလုပ်တွေလုပ်ရမှာ တစ်ပုံကြီး"

"ဒါပေမဲ့ ကိုကျော်က အဲဒါတွေလုပ်ရမှ ပျော်တာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကေသရီ ပြုံးတုံ့တုံ့လုပ်ရင်း ပြောလိုက်သည်။ ပြင်ဦးလွင်
ခြံကြီးထဲက ကြီးမားလှတဲ့ တိုက်ကြီးကို ကေသရီ တွေးကြည့်မိသည်
ကျော်စွာရဲ့ စိတ်ကူးယဉ် အိပ်မက်မက်ခဲ့တာတွေလည်း
အကောင်အထည်ပေါ်ခဲ့ပြီပေါ့။

ရန်ကုန် ဗိုလ်တစ်ထောင်ဘုရား လမ်းမပေါ်က တိုက်
ကေသရီက ကြိုက်ပေမယ့် ကျော်စွာက မနှစ်သက်ပေ။ သူက ပါတီ
တွေ၊ ထမင်းစားပွဲတွေကိုလည်း မနှစ်သက်သူ တစ်ယောက်ဖြစ်သည်

ကေသရီနဲ့တော့ ဆန့်ကျင်ဘက်တွေဖြစ်၏။ သူမကတော့ ဒါ
နဲ့ကင်းကွာပြီး နေနိုင်သူမဟုတ်။ ဟုတ်ပါသည် ပြင်ဦးလွင်က ကိုကျော်
အတွက် ပျော်ရွှင်စရာ နေရာတစ်ခုဖြစ်မှာ သေချာသည်။

တိုက်ကြီးနှင့်ခြံကြီးက အကျယ်ကြီး၊ အခြား သီးပင်စားပင်
ကလည်း ရှိသေး၏။ တိုက်ကြီးကိုတော့ ငွေကုန်ကြေးကျခံပြီး အတော်ပြ
ယူရလိမ့်မည်။ ဧည့်ခန်းက ပရိဘောဂတွေက အတော် ဟောင်းနွမ်း
ပြီဖြစ်သည်။

ခန်းဆီးအသစ်တွေ လှလှဝယ်ဘပ်၍ ပန်းချီကားတွေ ဘာ
ချိတ်ဆွဲလိုက်လျှင် သပ်ရပ်လှပသွားမှာ သေချာပါ၏။

မဟုတ်သေးပါဘူးဟု ကိုယ့်ကိုယ်ကို အပြစ်တင်မိသည်
ကေသရီ ဘာတွေတွေးနေမိသည်မသိ။ ပြန့်လွင့်နေတဲ့ အာရုံတွေ
အလျင်အမြန် ဖြတ်တောက်ပစ်လိုက်ရသည်။

ဒီကိစ္စတွေက ကေသရီနဲ့ ပတ်သက်မှုရှိတော့တာမှ မဟုတ်တဲ
ဒါကိုများ အိမ်နှင့်ခြံကို ပြင်ဆင်ဖန်တီးဖို့ ကိစ္စတွေကို ဘာကြော
တွေးနေမိရတာလဲ ဟု ကိုယ့်ကိုယ်ကို အပြစ်တင်မိသည်။





ကိုကျော်နဲ့ပြတ်ဆဲပြီး ရန်ကုန်အိမ်က ဆင်းခဲ့တာပဲ။ ထိုကတည်း
က ကေသရီ ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီးခဲ့ပြီးပြီဖြစ်၏။

"ကိုကျော့်ဘဝအတွက် ကေ ဝမ်းသာမိပါတယ်"

ကိုကျော်အတွက်ဆိုတာကို ကေသရီ တမင်တကာပင် လေး
လေးနက်နက် ပြောလိုက်မိသည်။

"ကေ ကို ကိုယ်ပြောချင်တာ တစ်ခုရှိသေးတယ်"

ကျော်စွာ မျက်နှာက တစ်ခုခုကို အားနာနေဟန်ဖြင့် တွန့်ဆုတ်
တုတ်ဖြစ်နေသည်။ သူဘာတွေကို အားနာနေရတာလဲ ကေသရီ မတွေး
တတ်တော့။ နောက်အိမ်ထောင်ပြုမယ့်အကြောင်း ပြောမလို့လားမသိ။
ဒီကိစ္စကရော သူမနှင့်ဘာဆိုင်လို့လဲ။ မနှစ်မြို့စရာကောင်းလွန်းတဲ့ အတွေး
တွေပေါ်လာကာ အံ့ဩစရာကောင်းလွန်းသည်။ ကိုကျော် နောက်အိမ်
ထောင်ပြုသည့်ကိစ္စက သူမနှင့်ဘာမှမပတ်သက်တော့ ဝမ်းသာစကား
တော့ဆိုဖို့ကောင်းသည်။

ကေသရီနဲ့ကိုကျော်က ကွာရှင်းပြတ်စဲပြီးသား။ လွတ်လပ်သူတွေ
ကွာရှင်းစဉ်က စတင်ကွာရှင်းခွင့်တောင်းခဲ့သူ၊ ကွာရှင်းချင်သူတွေက
ကေသရီ၊ ကိုကျော် မဟုတ်။ အခုမှ ဘယ်လိုဖြစ်ရတာလဲဟု ကိုယ့်စိတ်ကို
ကိုယ် ဒေါသထွက်နေမိသည်။

"ကေ ကေ ကိုယ်ပြောနေတာ ကြားရဲ့လား"

"ဟင် အင်း ဘာလဲပြောလေ၊ ကိုကျော်"

"ကျော်မြင့်အောင်နဲ့ပတ်သက်လို့ပါ"

"ကိုကျော့်ညီ ကျော်မြင့်အောင်က ဘာဖြစ်လို့လဲ"

"ပြဿနာက သူ့မိန်းမ နီလာခင်က စတာပဲ ကေ၊ ဒီမိန်းမက



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ ဘယ်လိုမှ စိတ်သဘောထားချင်း တိုက်ဆိုင်တာ မဟုတ်ဘူး။ အခု သူ နိုင်ငံခြားထွက်သွားပြီ ကေ''

''နီလာခင်ကို ကေ ကောင်းကောင်းမှတ်မိတာပေါ့၊ သူ့ပုံစံက ခပ်တုံးတုံးရယ်ပါ၊ သူ့ကြောင့် ကျော်မြင့်အောင်က ဘာဖြစ်လို့လဲ''

''ကဗျာရူး၊ စာရူးလို ကောင်တစ်ယောက်နဲ့လိုက်ပြေးသွားတယ်လေ၊ ဘယ်လိုမှဖျောင်းဖျလို့မရတဲ့အဆုံးမှာတော့ ကျော်မြင့်အောင်ကလည်း ကွာရှင်းပေးလိုက်တယ်''

''အဲဒါက အကောင်းဆုံးလမ်းပဲလေ''

ကေသရီက ကျော်စွာကို တစ်ချက်ကြည့်ရင်း ထောက်ခံစကားဆိုလိုက်သည်။

''ဒါပေမယ့် ကေရယ် ထောက်ထားစရာလေးတွေက ရှိသေးတယ်''

''ဘာထောက်ထားစရာတွေများလဲ ကိုကျော်ရဲ့''

''သား သမီးလေးတွေရှေ့ရေးက ရှိနေသေးတယ်လေ''

''ဟုတ်သားပဲ ကေ မေ့နေလိုက်တာ၊ ဘယ်နှစ်ယောက်လဲ''

''နှစ်ယောက် သားလေးက ခုနစ်နှစ်၊ သမီးလေးက ငါးနှစ်လေ၊ သူတို့လေးတွေကိုခေါ်ပြီး ကိုကျော် မွေးစားထားမလို့''

ကျော်စွာက တကယ်ကြည့်နူးကျေနပ်နေဟန်ဖြင့် ဆိုနေသည်။ ကေသရီ တော်တော် အံ့သြသွားမိသည်။ သေချာအောင် ထပ်မေးမိ၏။

''ဟုတ်တယ် ကေ၊ ကျော်မြင့်အောင်က အုပ်ထိန်းသူအဖြစ် ကိုယ့်ကို တရားဝင်လွှဲပေးခဲ့တယ်လေ၊ သူတို့ကို မွေးမယ်''

''ဟုတ်မှလည်း လုပ်ပါဦး ကိုကျော်ရယ်၊ ကလေးတစ်ယောက်





ရဲ့တာဝန်ဆိုတာက သေးလှတာ မဟုတ်ဘူး''

''ကိုယ် ကိုယ်တိုင်မွေးချင်လို့ ဆုံးဖြတ်ခဲ့တာပါ၊ သားလေးက ဉာဏ်ရည်ထူးခြားရှိပြီး သဘောကောင်းတယ်၊ သမီးလေးက ကိုယ့်အမေနဲ့တူတယ်၊ ချစ်စရာကောင်းတယ်၊ ကြီးလာရင် မိန်းမချောလေးဖြစ်မှာ''

သူက ဝင့်ကြွားစွာပြောနေ၍ ကေသရီ တအံ့တသြငေးကြည့်နေမိသည်။ သူမက နေရာမှထကာ ပြတင်းဝ၌ ကျောပေးပြီးရပ်လိုက်သည်။

သူတို့ဇနီးမောင်နှံဘဝမှာ ကိုကျော်လိုချင် တောင့်တခဲ့တာက ကလေးတွေနဲ့ပျော်ရွှင်စွာ မိသားစုအိမ်ကလေး။ ဒါပေမဲ့ ကိုကျော်က သဘောထားကြီးသူတစ်ယောက်ဖြစ်သည်။

ကေသရီ သားသမီးမရနိုင်ကြောင်းကို ဆရာဝန်ထံမှ ကြားခဲ့တော့ အပြစ်တင်စကားမဆိုခဲ့။ သည်းခံမှု၊ နားလည်မှုအပြည့်နှင့် ကေသရီအပေါ်မှာ ယခင်ကထက်ပို၍ ကြင်နာယုယခဲ့သည်။

ကေသရီကတော့ ထိုကိစ္စအတွက် မည်သို့မျှ မခံစားမိ။ သူကမှ ကလေးမချစ်တတ်ဘဲ။ အခုတော့ ထိုအကြောင်းအရာကို ကိုကျော်က မှတ်ထားခဲ့တာလား။ သူလိုချင်တဲ့အရာကို ကေသရီက ပေးနိုင်သူတစ်ယောက်မှမဟုတ်ဘဲ။

''ဒီကိစ္စကို ပြောပြချင်လွန်းလို့ ပြင်ဦးလွင်ကနေတောင် ကိုယ်အပြေးတပိုင်းလာခဲ့ရတာ၊ ကေသရီကို နှုတ်ဆက်ပါတယ်၊ ကိုယ်သွားတော့မယ်''

ကျော်စွာက ကေသရီကို နှုတ်ဆက်ပြီး ထမည်ပြုတော့ ကေသရီက ပြတင်းဝမှာရပ်နေရာမှ လှည့်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကလေးတွေကို မွေးမယ်ဆိုလို့ ဝမ်းသာပါတယ်"

ကေသရီက တိုးညင်းစွာဖြင့် ဆိုလိုက်သည်။ ကျော်စွာ က မယုံကြည်နိုင်တဲ့ မျက်ဝန်းများဖြင့် ကြည့်သည်။ ပြီးမှ ကျေနပ်သွားသည့် ဟန်ဖြင့်

"ကေ မင်းစကားအတွက် ကိုယ် ကျေနပ်မိတယ်၊ ကိုယ်က မင်း သဘောကျမယ်လို့ လုံးဝမထင်ထားခဲ့ဘူးလေ"

"ကေ ကဘာကို သဘောကျရမှာလဲ၊ တကယ်တော့ ဒီကိစ္စတွေ က ကေနဲ့ပတ်သက်ဆက်နွယ်မှုမှ မရှိတော့ဘဲ"

ကျော်စွာ သိသိသာသာကြီးကို မျက်နှာကြီးပျက်ယွင်းသွား၏။ ကေသရီထံမှ မျက်ဝန်းအကြည့်တွေကို လွှဲဖယ်လိုက်သည်။

"မင်းက ကိုယ့်ရင်ထဲမှာ ရှိနေဆဲပါ ကေ၊ မင်း မကြိုက်တာဆို ရင် အခုထိ ကိုယ်ဘာမှမလုပ်ချင်ခဲ့ဘူးလေ၊ မင်းက ရန်ကုန်ကလွဲပြီး ကျန်တဲ့နယ်မြို့တွေကို မနှစ်သက်တာ ကိုယ်သိပါတယ်"

နှစ်ယောက်သား မျက်ဝန်းအကြည့်ခြင်းဆုံသွား၏။ ပြီးမှ ကျော်စွာ စကားဆက်သည်။

"ပြင်ဦးလွင်ကို မင်းလာချင်ရင် အချိန်မရွေး ကိုယ်ကြိုဆိုပါ တယ် ကေ"

"ကိုကျော် ဘာတွေပြောနေတာလဲ ဟင်၊ ကေ ကို ကိုကျော်နဲ့ ပြန်ပေါင်းဖို့ တိုက်တွန်းနေတဲ့ သဘောလား"

ကေသရီ နားမလည်နိုင်သည့်ပုံစံဖြင့် ဆိုလိုက်တော့ ကျော်စွာ က ပခုံးတွေကို တွန့်ကွေးလိုက်ပြီး

"မင်းစိတ်ချမ်းသာစေချင်လို့ ကွာရှင်းပေးလိုက်ရပေမယ့် ကိုယ့်





စိတ်ထဲမှာ မင်းဟာ ကိုယ့်ဇနီးအဖြစ်ရှိနေဆဲပဲ ကေ"

"ကိုကျော် ကိုကျော်ရယ်"

ကေသရီ မျက်ဝန်းမှာ မျက်ရည်ကြည်တွေ ဝေ့ဝဲလာရသည်။ အရာရာမှာ သည်းခံခွင့်လွှတ်တတ်တဲ့ ကိုကျောင်ကိုမှ ကေ ရက်စက်မိ ခဲ့သည်ပဲ။ ကျော်စွာက ကေသရီ့လက်ကလေးကို ခပ်ဖွဖွဆုပ်ကိုင်ထား လိုက်၏။

"မင်း အိမ်ထောင်ပြုတော့ သိပ်ငယ်သေးတယ် ကေ၊ မင်းက ိပ်လှုပြီး ကိုယ့်အပေါ်မှာ သံယောဇဉ်လေးတော့ ရှိမယ်ထင်လို့ ကိုယ် ာက်ထပ်ခဲ့တာ၊ မင်း ကိုယ့်အပေါ်မှာ သံယောဇဉ်ရှိသေးတယ်ဆိုရင် ပြင်ဦးလွင်ကအိမ်ကို အချိန်မရွေးလာခဲ့ပါ"

အဆီးအတားမဲ့ မျက်ရည်တွေက ကေသရီ ပါးမို့မို့တစ်လျှောက် ဆင်းကျလာ၏။ ကျော်စွာ လက်ချောင်းတွေကို တင်းကျပ်စွာ ဆုပ်ကိုင် ထားလိုက်မိသည်။

"ကိုကျော်ရယ် ကေ့အပေါ် အဲဒီလောက် သဘောထားကြီးရ တာ ဘာကြောင့်လဲ"

"မငိုပါနဲ့တော့ ကေရယ်"

ကျော်စွာ က ကေသရီပါးထက်က မျက်ရည်စတွေကို တို့သုတ် ပေးလိုက်သည်။

"ကိုကျော်ပြောတာကို ကေ ဘယ်လိုသဘောရသလဲ ဟင်"

"ကေ စဉ်းစားပါရစေဦး၊ ကိုကျော်ရယ်"

"ကိုကျော်အတွက်တော့ ကေက အဖော်မွန်ကောင်းတစ် ယောက်ပါ၊ တစ်နေ့တော့ ကိုကျော်ဆီ ကေ ရောက်လာမယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ယုံတယ်''

ကျော်စွာ စကားတွေက ကေ့အတွက်တော့ အားဆေးတစ်ခွက်လိုပါပဲ။ ကေသရီအပေါ် တွယ်တာမြတ်နိုးသည့် ကျော်စွာလိုလူမျိုးက ရှားပါသည်။ ကြည့်နေရင်းတောင် ကျော်စွာ မျက်ဝန်းတွေ အရောင်လက်လာသည်ဟု ထင်မိသည်။

''ကေ ကေရယ်''

ကျော်စွာက ကေသရီခန္ဓာကိုယ်လေးကို ရင်ခွင်ထဲဆွဲသွင်းပြီး ပွေ့ဖက်ထားလိုက်သည်။ ကေသရီက ခေါင်းလေးကို တွင်တွင်ခါရမ်းပြီး ကျော်စွာလက်ထဲမှ ရုန်းထွက်ပြီး မျက်ရည်တွေ သုတ်လိုက်၏။

''ကိုကျော်ရယ် ကေကိုခွင့်လွှတ်ပါ၊ ကေ ကေလေ လူတစ်ယောက်ကို သိပ်ချစ်နေမိပြီ''

ကျော်စွာ မျက်ဝန်းတွေထဲက အရောင်တွေ မှေးမှိန်ကျသွားသည်။ ပျက်ယွင်းသွားတဲ့ မျက်နှာက အသက်ငါးဆယ်မက အိုစာသွားသည်ဟု ထင်ရသည်။

''အဲဒီလူက ဘုန်းသက်မှူး မဟုတ်လား''

ကေသရီ စကားမဆိုဖြစ် ခေါင်းကလေးအသာဆတ်ပြမိသည်။

''ကိုယ်သိသလောက်တော့ မှူးက လူတော်တစ်ယောက်ပဲ၊ လူကောင်းကလေးပါ၊ သူ့အဖေနဲ့ကိုယ်နဲ့ မိတ်ဆွေတွေလေ''

ကျော်စွာ စကားကြောင့် ကေသရီ မလုံမလဲဖြစ်သွားမိ၏။ စကားလုံးတွေက မှူးနဲ့သူမကို ယှဉ်ပြတာထက်ထိရောက်နေသည်။

''သူ့ကို ကေ သိပ်ချစ်တယ် ကိုကျော်''

''သူ့ဘက်ကရော မင်းကို ဘယ်လိုလဲ၊ လက်ထပ်ခွင့်တောင်း





ပြီလား ကေ''

ကိုကျော့် အမေးကြောင့် ကေသရီ ဆတ်ခနဲ တွန့်ဆုတ်သွားသည်။ ကိုကျော်စကားတွေက သူမကို အနေကျပ်စေသည်။

''သူ့ဘက်က စကားတော့ မစသေးဘူး။ ဒါပေမဲ့ သူ့ပုံစံကြည့်ရတာတော့ ပြောမထွက်လို့ပါ၊ သူ့မှာ အစီအစဉ်ရှိတာ ကေ သိပါတယ်''

''ကိုယ်တော့ ကေ့ကို နားမလည်နိုင်တော့ဘူး၊ အေးလေ စောင့်ကြည့်ရမှာပေါ့''

တွေးတောချိန်ဆဟန်ဖြင့် ကျော်စွာ ကဆိုလိုက်သည်။

''ကိုကျော် ကေရဲ့အချစ်ကို နားလည်မှုပေးပေးပါနော်၊ စိတ်ဆိုးပါနဲ့''

ကေသရီက တောင်းပန်သံအပြည့်ဖြင့် ဆိုလိုက်တော့ ကိုကျော်ကျေမနပ်ဖြစ်သွားပုံရသည်။

''ဘာလို့စိတ်ဆိုးရမှာလဲ မင်းအတွက် ကိုယ်ပြောပြနေတာ၊ သက်မှူးစံအိမ်ရဲ့သခင် မှူးနဲ့ပတ်သက်လို့ မင်း သိက္ခာတွေ ကျဆင်းစိုးလို့ပါ ကေ''

ကိုကျော်စကားတွေက ကေ့အသည်းကို အပ်နဲ့ထိုးဆွနေသလိုဖြစ်နေ၏။ ကိုကျော်က တစ်ခါတလေကျတော့ ရယ်စရာကောင်း၍ တစ်ခါတလေကျတော့ ချစ်စရာကောင်းသည်။

''ကိုကျော် အနေနဲ့ ကေသရီရဲ့ အချစ်ကိစ္စမှာတော့ ဝင်မပါနဲ့လို့ တောင်းပန်ပါရစေ''

ကေသရီက သနားခံသည့် ပုံစံဖြင့် တောင်းပန်တိုးလျှိုးနေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုကျော်ကတော့ မကျေမနပ်ဟန်ဖြင့်။

"ပါရမယ် ကေ၊ ဒီကောင့်ကို ကိုယ်ပြောချင်တာတွေ အများကြီး ရှိတယ်"

"ဟင့်အင်း ပြောလို့မဖြစ်ဘူး၊ မပြောရဘူး။ သူ့စိတ်ဆန္ဒမပါဘဲ နဲ့ ကေ့ကို လက်ထပ်ဖို့အတွက် တွန်းအားမပေးပါနဲ့"

ကေက အနူးအညွတ်တောင်းပန်နေမိသည်။ အချစ်မပါဘဲ ခြိမ်းခြောက်မှုကြောင့်ရမယ့် အချစ်မျိုးကို ကေ မလိုချင်၊ မှူးကရော လက်ခံပါ့မလား။

"ဘယ်လိုဖြစ်ရတာလဲ ကေရဲ့၊ ကေ ပြောတော့ စောစောကပဲ ဒီကောင့်ကိုချစ်တယ်ပြောပြီး၊ ပြီးတော့ သူကလည်း ကေ ပြောတာကို သိတယ်ဆို၊ လက်ထပ်ရမှာပေါ့"

ကိုကျော်က ဖွတ်အတင်းကို ပြောနေသည်။ ကိုကျော်အကျင့်က အဲဒီအတိုင်းပင်။ ပြောရခက်သော ကိုကျော်နှင့်တွေ့မှ သူမ အခက်တွေ့နေရပြီ။

"ကိုကျော် အဲဒီလို ဖွတ်လုပ်ရင် ကေ့ အရှက်သိက္ခာတွေ ကျဆင်းကုန်တော့မှာပေါ့၊ မလုပ်ပါနဲ့ တောင်းပန်ပါတယ်"

ကျော်စွာက တကယ်လုပ်တော့မည်ဟန်၊ ကြည့်နေရင်းပင် သူ့လက်တွေ တင်းတင်းဆုပ်ထားတာတွေ့တော့ ကေသရီ ကြောက်လာမိသည်။

"ကိုကျော် ပြင်ဦးလွင်ကိုပဲ ပြန်သွားပါနော်၊ နောက်မှ ကေ ကိုကျော်နဲ့လာပြီးတွေ့ပါ့မယ်"



BURMESE CLASSIC



"ကောင်းပြီလေ၊ ကေသရီ ကိုကျော်ကိုတော့ လာတွေ့ပါဦး၊ ကိုကျော်တစ်ယောက်တည်းဆိုတော့ အထီးကျန်လွန်းနေတယ်"

အခုမှ ကေ သက်ပြင်းမောကို ရှိုက်လိုက်မိသည်။ မှူးနှင့်ပတ်သက်လာရင် သူမဘက်က အစွန်းအထင်း အဖြစ်မခံချင်ပါ။ အခုလို အနေစိမ်းနေတဲ့အချိန်မှာ ကိုကျော် ဝင်ပါလာရင် ရှုပ်ကုန်လိမ့်မည်။ သူမ မျှော်လင့်ခြင်းတွေ ရှင်သန်နေဖို့ အရေးကြီးသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

မှူး အတွေးတွေထဲမှာ ရှင်းမရအောင် ရှုပ်ယှက်ခတ်နေသည်
မြူနဲ့ သူ့အပေါ်ကြားမှာ ဘာလို့ဂုက်ချက်တွေ ရှိနေသလဲဆိုတာ
သိပ်သိချင်နေ၏။ မြူကပဲ လူတွေစိတ်ဝင်စားအောင် ပေါ်လွင်အော
တမင်လုပ်ပြနေတာလား။ ဒါဆိုရင်တော့ သူမ အောင်မြင်ပါသည်။

မြူရဲ့အလှ၊ ဆန်းသစ်သော ဝတ်စားဆင်ယင်မှု၊ အဖိုးတ
ပုလဲတွေ ပြီးတော့ သူ့အပေါ်က စိုင်းမော်သာနဲ့သာ စကားပြောခွင့်ေ
တတ်တာတွေက လူတွေပါးစပ်ဖျားက သတင်းတစ်ပုဒ်ဖြစ်နေသည်

စိုင်းမော်သာဘက်က ကြည့်မည်ဆိုလျှင် သူတို့တူဝရီးတွေ
အရေးပေးဆက်ဆံခြင်းကို ခံရပေမယ့် သူတို့နောက်ကြောင်းကို ဘာ
တိတိကျကျ သိရှာသည် မဟုတ်ပါ။

မြူက ဟန်ဆောင်နေခြင်းမဟုတ်ဆိုတာကို မှူး သေချာ





သည်။ တစ်ခါတစ်ရံ စားသောက်နေရင်း မျက်ဝန်းချင်းဆုံမိတော့ သူမ
မျက်ဝန်းတွေထဲမှာ အကူအညီတောင်းခံနေသလို မှူး ထင်မိ၏။

သူမ ဘာတွေခံစားနေရလဲ၊ ဘယ်လို အခက်အခဲတွေ ကြုံနေ
ရလဲဆိုတာ မှူး သိချင်သည်။ တိတ်ဆိတ်တဲ့ တစ်နေရာကိုခေါ်သွားပြီး
သူမ အခက်အခဲတွေအကြောင်းကို မေးကြည့်ချင်မိပါသည်။

တကယ်တော့ မြူက အဖြူထည်သက်သက် လောကကြီး
အကြောင်း ဘာမှမသိရှာသူလေးပါ။ ဒီလောက် နုနယ်နေတဲ့ မိန်းကလေး
ရဲ့မျက်နှာလှလှလေးမှာ စိတ်မချမ်းမြေ့မှုတွေရှိနေတာတော့ အကျည်းတန်
လွန်းလှပါသည်။

မြူရဲ့အပေါ် ဒေါ်ခင်သူဇာက စိုင်းမော်သာမှလွဲပြီး တစ်ယောက်
ယောက်နှင့်မြူ စကားပြောလျှင် ပညာကောင်းကောင်းပြတတ်၏။ မြူ
ကို မှူး ကူညီဖေးမချင်ပေမယ့် ဘာမှမတတ်နိုင်တဲ့ဘဝ။

မြူနဲ့ စကားပြောခွင့်ရတာ စိုင်းမော်သာ ပြီးလျှင် သူ
တစ်ယောက်ပဲရှိ၏။ မှူးက မြူနဲ့အကြောင်းကို ဘယ်သူမှ မသိအောင်
သို့ဝှက်ထားသည်။ မြူကလည်း မှူးအပေါ် ခင်မင်ပြီး ယုံကြည်မှုရှိ၏။

မနက်စောစောတွင် လမ်းလျှောက်နေသော မြူ နံဘေးတွင်
မှူး ကားကိုထိုးရပ်လိုက်သည်။

"မိတ်ဆွေ အသစ်ရနေပါလား၊ ဘယ်ကတွေ့တာလဲ"

မြူကို ပတ်ချာလှည့်ပြီး တဝုတ်ဝုတ်ဟောင်နေတဲ့ ခွေးကလေး
ကို မေးထိုးပြရင်း မှူးက မေးလိုက်၏။

"မီး နောက်ကို အတင်းလိုက်လာတာလေ၊ မခွာတော့ဘူး"

"ဟုတ်လား၊ ဒီကောင် တော်တော်ဆိုးတဲ့ကောင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခက်တာက သူ့ကို ဟိုတယ်ထဲခေါ်သွားလို့မဖြစ်ဘူး။ သူ့ကိုယ်
ခြေထောက်တွေမှာ ညစ်ပတ်နေတာပဲ"

လေပူတစ်ချက် မှုတ်ထုတ်ရင်း စိတ်ညစ်နေရှာတဲ့ မဍ္ဈူ မျက်နှ
နဖတ်ဖတ်က ဝင်းစက်နေသည်။ မှူး တမေ့တမော ငေးကြည့်နေမိသည်

"ခွေးသန့်သန့်လေးတစ်ကောင် ကိုယ်ပေးမယ်လေ ဘယ်နှ
လဲ"

မဍ္ဈူက ပါးစပ်ကလေးအဟောင်းသားနဲ့ လန့်ဖျပ်သွားသွားပြ

"ဟင့်အင်း မပေးပါနဲ့၊ မယူပါရစေနဲ့ ကြီးမေက မွေးခွင့်ပေ
မှာ မဟုတ်ဘူး"

မှူးက ကားပေါ်မှဆင်းပြီး မဍ္ဈူ နံဘေးတွင် ရပ်လိုက်၏
ဒေါ်ခင်သစ်က ခပ်လှမ်းလှမ်းသို့ မယောင်မလည်နှင့်ထွက်သွားသည်
မှူးက လက်ပိုက်၍ မဍ္ဈူကို စိုက်ကြည့်ရင်းပြောလိုက်၏။

"မဍ္ဈူ ကြီးမေကို ဘာလို့ဒီလောက်တောင် ကြောက်နေရတာလ
ဟင်၊ ကြီးမေက ဒီလောက်ဆိုးပုံမရပါဘူး။ ကိုယ့်မှာ ခွေးမျိုးကောင်းလှလ
ချစ်စရာလေးတွေရှိတယ်၊ မဍ္ဈူ ကြိုက်တာရွေးယူပေါ့"

"ဟုတ်လား အစ်ကို၊ ခွေးပုလေးတွေဆိုရင် မီးက သိပ်ချစ်တာ
ဒါပေမဲ့ မဖြစ်နိုင်ပါဘူး အစ်ကိုရယ်၊ ကြီးမေ ခွင့်ပြုမှာမဟုတ်ဘူး"

အသံ အနေအထား တိုးညင်းသွားတာလေးက တကယ
ကြောက်ရွံ့နေကြောင်း ထင်ရှားနေ၏။ မဍ္ဈူ ကိုကြည့်ပြီး မှူး သနားသွာ
မိသည်။

"စိတ်ချပါ မဍ္ဈူရယ်၊ ကိုယ် အတင်းပို့မပေးလိုက်တော့ပါဘူ
ဒါပေမဲ့ မဍ္ဈူ ဘဝကို ဒီထက်ပိုနားလည်ရရင် သိပ်ကောင်းမှာပဲ"





"မီးလည်း အချုပ်ဖြစ်ပျက်နေတဲ့ကိစ္စတွေကို နားလည်ချင်မိခဲ့တာ
အမှန်ပါ အစ်ကိုရယ်၊ ကြီးမေက မီးကို ဘာမှမပြောပြထားဘူးလေ၊
သူ ညွှန်ကြားရာလုပ်နေရတဲ့ဘဝပါ"

"မဍ္ဈူ ဆီမှာ ကြီးမေအပြင် တခြားဆွေမျိုးတွေရှိဦးမှာပေါ့"

မဍ္ဈူ မျက်နှာအသွင်အပြင် တစ်မျိုးတစ်ဖုံပြောင်းလဲသွားခဲ့သည်။

"ဟင့်အင်း တစ်ယောက်မှမရှိပါဘူး။ ဒါနဲ့ အစ်ကို သွားစရာရှိ
သေးတယ်နဲ့တူတယ်၊ သွားတော့လေ"

မခင်သစ်ကို လှမ်းခေါ်ဖို့အတွက် ပါးစပ်လှမ်းပြင်ရင်း မဍ္ဈူက
ဟိုဒီလှမ်းကြည့်လိုက်သည်။ မှူးရဲ့လက်ချောင်းတွေက မဍ္ဈူရဲ့လက်ကောက်
ဝတ်ကို ဖမ်းဆုပ်ထားလိုက်၏။

"အို လွှတ်ပါ လက်ကိုလွှတ်ပါ"

မဍ္ဈူက အကြောက်အကန်ဖြင့် လက်ကိုအတင်းရုန်းနေလေ၏။
မှူးက ဘာတစ်ခွန်းမှမဆို လက်ကိုလည်းမလွှတ်ပေးဘဲ တင်းကျပ်စွာ
ကိုင်ထားသည်။ ပြီးတော့ မဍ္ဈူကို စိုက်ကြည့်နေ၏။

မဍ္ဈူက ရုန်းကန်နေသည်ကို ရပ်တန့်လိုက်ပြီး မှူး ကိုမော့
ကြည့်လိုက်တော့ အကြည့်ခြင်းဆုံသွားသည်။

မမြင်နိုင်သော သံလိုက်ဓာတ်တစ်မျိုးက သူတို့နှစ်ဦးရဲ့မျက်ဝန်း
နှစ်စုံကြားမှာ ဖြတ်သန်းသွား၏။

နှစ်ယောက်စလုံး အသက်ရှူတွေမှားသွားပြီး မင်တက်နေမိ
သည်၊ ဒါက မမြင်နိုင်တဲ့ စွမ်းအားဘာစ်မျိုးကြောင့်လား။ လောကကြီး
တစ်ခုလုံးကို ခေတ္တခဏ မေ့သွားသည်။

ခွေးဟောင်သံ ရုတ်တရက်ပေါ်လာမှ သတိပြန်ဝင်လာမိပြီး



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ရှက်ရွံ့စွာဖြင့် မဉ္ဇူ မျက်လွှာချသွားလေ၏။ မဉ္ဇူ လက်ကလေးကို မျိုး လွှတ်ပေးလိုက်သည်။ နှစ်ဦးစလုံးကြားမှာ ရင်ခုန်သံတွေ အငွေ့မပြယ် သေး။

"ထင်းရှူးတောအုပ်ဘက်ကို မဉ္ဇူ လာတတ်သလား ဟင်"

"ဟင့်အင်း အဲဒီဘက်ကိုသွားတာ ကြီးမေ မကြိုက်လို့ မသွား ရဘူး၊ ဘုရားကိုတော့ မနက်ပိုင်းသွားရတယ်"

မဉ္ဇူ စိတ်လှုပ်ရှားမှုကြောင့် အသံတွေတုန်ယင်နေသည်။ မျိုး နှင့်ခဏဖြစ်ပျက်ခဲ့သော အဖြစ်က အခုထိ အရှိန်မသေနိုင်သေး။ မျိုးက ဘာမှဆက်မမေးတော့ ကားဆီကို လျှောက်သွား၏။

ကားပေါ်သို့တက်လိုက်ပြီး စက်မနှိုးသေးဘဲ မဉ္ဇူကို မျိုး ငေး ကြည့်နေမိသည်။ မဉ္ဇူ ကလည်း မော့အကြည့်နှင့်အကြည့်ခြင်း ထပ်မံ ဆုံပြန်သည်။ မျိုးက ရဲဝံ့စွာဖြင့် စိုက်ကြည့်နေ၏။

မဉ္ဇူ ခန္ဓာကိုယ်တွင်းရှိ သွေးတွေပြောင်းပြန်စီးဆင်းကုန်ကြပြီ။ တစ်ကိုယ်လုံး ရှိန်းပိန်းထူပူပြီး မျက်နှာတစ်ခုလုံး ထူအမ်းသွားရသည်။ မျိုးရဲ့မျက်ဝန်းအကြည့်တွေကို တိမ်းရှောင်ပစ်လိုက်သည်။

မျိုး ကားစက်ကိုနှိုးလိုက်ပြီး နှုတ်မဆက်ဘဲ မောင်းထွက်ခဲ့၏။ သူ ဘာဖြစ်နေတာလဲ၊ မဉ္ဇူနှင့်ပတ်သက်လာလျှင် ရင်ထဲက ဝေဒနာကို မျိုး ကိုယ့်ဘာသာ မေးခွန်းထုတ်နေမိသည်။

မဉ္ဇူရဲ့အလှတရားတွေက မျိုးကို အစဉ်သဖြင့် စိုးမိုးနိုင်လွန်း ပါ၏။ မိုးနိုးရောင် အဝတ်အစားနှင့်မဉ္ဇူက ဆောင်းဦးကာလ နံနက်စော စော သက်မှူးစံအိမ် ရေကန်ပေါ်မှ မြူခိုးငွေ့လေးတွေလိုပါပဲ။

■ ■ ■



## အခန်း (၁၈)

"ကန်ထရိုက်တာကြီး ဦးဝေဖြိုးက သူ့မွေးနေ့ညစာခံပွဲကို ဖိတ် [illegible]တယ်၊ သူက မြို့မျက်နှာဖုံး၊ ဒီလို ညစာခံပွဲမျိုးမှာ အထင်ကရ [illegible]လ်တွေ လာမှာမို့ တို့ ဒီပွဲကို တက်မှဖြစ်မယ်"

ခင်မကြီးက ဖိတ်စာကို ကိုင်ထားရင်း မဉ္ဇူကို လှမ်းပြောလိုက် [illegible]။ မဉ္ဇူ စိတ်တွေ တော်တော်ရှုပ်ထွေးနေမိ၏။ ကြီးမေ ဘာတွေလုပ် [illegible]ည်ဆိုတာကို နားမလည်နိုင်တော့။

"ဘယ်တော့တဲ့လဲ ကြီးမေ"

"အခုပဲ တို့သွားနေတာ အဲဒီပွဲလေ"

ကန်ထရိုက်တာကြီး ဦးဝေဖြိုး၏တိုက်ကြီးက ခန့်ထည်လှသည်။ [illegible]ယ်ဝန်းလှတဲ့ ညစာခန်းကြီးနှင့်ထမင်းစားခန်းမကြီးအတွင်းမှာ အရောင် [illegible]ွေးစုံလင်လှတဲ့ လူထုပရိသတ်ကြီးက အသီးသီးနေရာယူထား၏။



www.burmeseclassic.com

www.burmeseclassic.com



နေရာတိုင်းမှာ တန်ဖိုးကြီး ပရိဘောဂတွေနှင့် ခင်းကျင်းပြင်ဆင် ထားသည်က မျက်စိတဆုံးငေးမောမိသည်အထိ။ နေရာတိုင်း စားပွဲတိုင်း မှာ အရောင်သွေးစုံ၊ အမျိုးအစားစုံလင်တဲ့ ပန်းတွေကို အလှထိုးပြီး ပန်းအိုးလှလှကြီးတွေနှင့် ခြယ်သထားသည်။

ခြံဝင်းကျယ်ကြီးထဲက သစ်ပင်တွေအပေါ်မှာ ရောင်စုံတရုတ်မီး ပုံးတွေကို ချိတ်ဆွဲထား၏။ လူသွားလမ်းတလျှောက် ရောင်စုံမီးလုံးတွေ အလှဆင်သွယ်တန်းထားသည်က ရှုမငြီးစဖွယ်။

ခင်မကြီးနှင့်ညည်းခံစားပွဲဝိုင်းမှာ နှစ်ယောက်တည်းထိုင်နေရ အဖြစ်ကို မဥ္ဇူ စိတ်ပျက်နေမိသည်။ စိတ်ကူးယဉ်ဆန်စွာ လှပနေ ခြံကြီးရဲ့အလှက မဥ္ဇူ ကိုဆွဲဆောင်ထားသည်။

အခုနေ တစ်ယောက်ယောက်လာပြီး မဥ္ဇူကို ခြံကြီးထဲခေါ်သွား ရင် ကောင်းမှာပဲဟု တွေးမိ၏။ ဒါမှ အလှဆင်ထားတာတွေကို အနီး ကြည့်ရှုရမည်ဖြစ်သည်။

ညည်သည်တွေထဲမှာ မှူးလည်း တစ်ယောက်အပါအဝင် သည်။ သူထိုင်နေသော စားပွဲက မဥ္ဇူတို့စားပွဲနှင့် နည်းနည်းအလှမ်း နေ၏။ မှူးရဲ့နံဘေးမှာ ထုံးစံအတိုင်း ကေသရီက အတူယှဉ်တွဲလျက် ပါလာသည်။

ကေသရီက ခရမ်းရောင်ဇာဝတ်စုံကို ဆင်မြန်းလို့ ကျော့ လှပနေ၏။ စိုင်းမော်သာတို့ သူငယ်ချင်းတစ်စုကတော့ အကြောင်း တစ်ခုကို ရယ်မောပြောဆိုနေကြသည်။

ကျောက်စိမ်းသူဌေး ဦးအိုက်ပန်က သူ့မိတ်ဆွေနှစ်ယောက် ထိုင်ရင်း သူမတို့ဝိုင်းကို ကွက်ကြည့်ကွက်ကြည့် လုပ်နေသည်။





အရင်က ဟိုတယ် ထမင်းဆောင်ထဲတွင် မြင်တွေ့ဖူးခြင်း သည့် လူတော်တော်များများကို မဥ္ဇူ မြင်တွေ့နေရသည်။

ကြည့်လေရာလူတိုင်း ကိုယ့်အဖော်နှင့်ကိုယ် ပျော်ရွှင်နေကြ၏။ သူတွေကိုကြည့်ရင်း ကိုယ်နှင့်ရွယ်တူ အပေါင်းအသင်းတွေနဲ့ဆို ဒီပွဲက ပိုကောင်းမှာပဲဟု မဥ္ဇူ တွေးနေမိပါသည်။

ကြီးမေကို တစ်ချက်ငဲ့ကြည့်မိတော့ ကြီးမေက ကွာရှေ့မပျက် သောက်နေ၏။ တောင်ကြီးမြို့ကိုရောက်ခဲ့တာ မဥ္ဇူ သိပ်ကံကောင်း သည်။ ကြီးမေက ဝတ်ကောင်းစားလှနှင့် အဖိုးတန်တွေကို မကြာခဏ ဆင်ပေးတတ်၏။ တွေးရင်း ကြီးမေကို ကျေးဇူးတင်လာမိသည်။

"မီးကို ကြီးမေ တောင်ကြီးခေါ်လာတာ ဘယ်လိုကျေးဇူးဆပ် ရမယ်မှန်း မသိတော့ပါဘူး။ ကြီးမေသာ အခုလိုမခေါ်ရင် အဘွားသဲနဲ့ ပြီး အပြင်လောကအကြောင်းလည်း မဥ္ဇူ ဘာမှသိမှာမဟုတ်ဘူး"

ခင်မကြီးက ထင်မှတ်မထားသည့်ဟန်ဖြင့် မဥ္ဇူကို လှမ်းကြည့် သည်။

"အခုလို ကျော့ကျော့လေးနေရတာ ကြီးမေ ကျေးဇူးကြောင့်ပါ။ ကြီးမေကို အရမ်းကျေးဇူးတင်မိပါတယ်"

ချိုချိုလွင်လွင် အသံကလေးဖြင့် မဥ္ဇူက ကျေးဇူးတင်စကား ဆိုလိုက်မိသည်။ ခင်မကြီးက အလိုမကျဟန် အပြည့်ဖြင့် လှည့်ကြည့်ပြီး မချဉ်ပေါက်နေတဲ့အသံဖြင့် ပြောလိုက်၏။

"မင်းက ပါးစပ်ကသာ ကျေးဇူးတင်နေတာပါ၊ တို့ ပြောတဲ့ စကားကိုတော့ တိတိကျကျ တစ်ခါမှမနာခံဖူးဘူး"

ကြီးမေရဲ့အပြစ်တင်သံနှောနေတဲ့ စကားကြောင့် မဥ္ဇူ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ဝိုင်းစက်ပြူးကျယ်သွားရသည်။

"မီး မေ့နေတာ တစ်ခုခုများရှိခဲ့သလား ကြီးမေ၊ ဘယ်စကား

ကို မနာခံခဲ့တာလဲ၊ ကြီးမေ ပြောသမျှကို မီး အမြဲလိုက်နာခဲ့တာပဲ"

"ဟုတ်ပါတယ် တို့ စကားပြောလောသွားလို့ပါ၊ တို့ ပြောတာ

တို့ နိုင်းတဲ့အလုပ်ကို လုပ်တဲ့နေရာမှာ တို့လိုချင်တာကို မင်းကော

ကောင်း သဘောမပေါက်လွယ်တာကို ပြောတာ"

ခင်မကြီးက သရော်သံအပြည့်ဖြင့် မဇ္ဈူ ကိုပြောလိုက်၏။

နားမလည်နိုင်စွာဖြင့် မျက်လွှာချပြီး ခေါင်းကိုငုံ့ထားမိပါသည်။

"ကြီးမေ နိုင်းသလိုမဖြစ်ခဲ့ဘူးဆိုရင် မီး စိတ်မကောင်းပါဘူး

မီး ဘာကိုသဘောမပေါက်ဘူးဆိုတာ ကြီးမေ ရှင်းပြပါလား"

"မျှင်းမှာ မျက်လုံးတွေရှိရဲ့လား၊ ဟိုမှာ ဝိုင်းမှော်သာကို

လား၊ ပျော်လို့မြူးလို့ အဲဒီအုပ်စုထဲမှာ ဘာလို့ မင်းမပါတာလဲ၊ ဒီ

အတူတက်ရောက်ဖို့ သူ မင်းကိုဘာကြောင့် မဖိတ်တာလဲ"

ခင်မကြီးက တစ်ဖက်ဝိုင်းဆီမှ ဝိုင်းမှော်သာတို့အုပ်စုကို

ငေါ့ပြပြီး မဇ္ဈူကို ပြစ်တင်စကားဆိုလိုက်သည်။

မဇ္ဈူ ဘာပြန်ပြောမည်ဆိုတာကို ခင်မကြီး စောင့်ဆိုင်းနေ

သူ့မျက်နှာက ဒေါသကြောင့် တင်းမာခက်ထန်နေသည်။ တင်းတင်း

ထားသော နှုတ်ခမ်းတွေက ရင့်ရော်နေ၏။

"မီး မီးနဲ့အတူ မသွားချင်လို့ ဖြစ်ပါလိမ့်မယ်"

"မနေ့ညကလည်း မင်းတို့နှစ်ယောက်တည်း ကားလျှော

မောင်းကြသေးတယ် မဟုတ်လား။ ညနေခံပွဲကို အတူတက်ရောက်ဖို့

တောင် ဘာကြောင့် သူ့ကိုမင်း မပြောဘဲနေခဲ့တာလဲ"





သူမရှေ့က အစားအသောက်တွေကို အမိပ္ပါယ်မဲ့စွာ မဇ္ဈူ ငေး

ကြည့်နေမိသည်။ ဝိုင်းနှင့်သူမကို ကြီးမေ ဘယ်လိုသဘောထားတာလဲ။

ကြီးမေ ဘာတွေလျှောက်လုပ်နေတယ်ဆိုတာ မဇ္ဈူ မတွေးတတ်တော့။

ဝိုင်း ကိုယ်တိုင်ကရော မဇ္ဈူခေါင်းတွေ ချာချာလည်သွားရ၏။

"မင်းမှာ ဒီလောက်အစွမ်းအစမရှိတော့ ရှေ့ဆက် ငါပဲကြည့်ပြီး

စီစဉ်ရတော့မှာပဲ"

ကြီးမေ မဇ္ဈူကို အားမရဟန်ဖြင့်ပြောပြီး အတန်ငယ် စဉ်းစား

နေသည်။ ပြီးမှ

"ဒီဝိုင်းကို သူလာပြီး စကားပြောရအောင်ဆိုပြီး မင်း သူ့ကို

ခေါ်လိုက်ပါ၊ ပြီးရင် နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် စကားပြော

နိုင်မယ့် နေရာကိုခေါ်သွားပါ မဇ္ဈူ"

"မီး မလုပ်နိုင်ဘူး ကြီးမေ"

ကြောက်လန့်တကြား အသံကလေးဖြင့် မဇ္ဈူ ငြင်းလိုက်သည်။

ခင်မကြီး၏ ဒေါသကို မဇ္ဈူသွားဆွလိုက်မိသလို ဖြစ်သွားရ၏။ ခင်မကြီး

ဒေါသတကြီးလေသံဖြင့်

"မင်း အဆင်ပြေအောင် လုပ်နိုင်မယ်လို့ တို့ ယုံကြည်ပါ

တယ်၊ ကြိုးစားကြည့်လိုက်စမ်းပါ မဇ္ဈူ"

"ကြီးမေရယ် မီးကိုသနားပါ၊ လူတွေအများကြီးနဲ့ သူထိုင်နေတဲ့

ဝိုင်းအထိ သွားဖို့ဆိုတာ မီး မဝံ့ရဲပါဘူး၊ မီး ကိုသနားပါနော်"

မဇ္ဈူ မျက်ရည်လေး ရစ်ဝိုင်းပြီး ချက်ချင်းပဲထငိုတော့မလို

ဖြစ်နေတော့ ဒေါ်ခင်မကြီး အံကိုတင်းခနဲကြိတ်ရင်း စိတ်ကိုလျှော့ချရ

သည်။ လူပုံအလယ်မှာ အရှက်ကွဲရအောင် ဒီကောင်မလေးလုပ်နေမြ



www.burmeseclassic.com

www.burmeseclassic.com



ထင်ရဲ့။

အနားက ဖြစ်သွားတဲ့ စားပွဲထိုးလေးကိုမြင်မှ ဒေါ်ခင်မကြီး မျက်နှာဝင်းခနဲ ဖြစ်သွားပြီး လှမ်းခေါ်လိုက်သည်။

"ဘာအလိုရှိပါသလဲ အန်တီ"

"စာရွက်တစ်ရွက်နဲ့ဘောပင်တစ်ချောင်းလောက် ခဏရှာပေးလို့ရနိုင်မလား"

"ဗျာ ဟုတ်ကဲ့ ရပါတယ်၊ ခဏလေးစောင့်ပါ"

စားပွဲထိုးလေး ထွက်သွားသည်။ ခဏကြာတော့ စာရွက်နဲ့ ဘောပင်ပါလာသည်။

"ကျေးဇူးပဲ သား။ ရော့ မင်းအတွက်"

ငွေတစ်ထောင်တန်တစ်ရွက်ပေးပြီး ဒေါ်ခင်မကြီး စာရွက်နဲ့ ဘောပင်ကို မဋ္ဌူဆီ ကမ်းပေးသည်။

"သူ့စားပွဲဝိုင်းအထိ မင်းမသွားရဲလို့ ငါ စီစဉ်ပေးတာ၊ ဒီစာရွက်မှာ မင်းစာရေးပါ၊ မောင်စိုင်းကို အရေးတကြီးကိစ္စ ပြောစရာရှိလို့ အမြန်လာခဲ့ပါလို့ ရေးလိုက်ပါ မဋ္ဌူ"

သည့်တစ်ခါ မဋ္ဌူ ထပ်ငြင်းရင် ကြီးမေ ဒေါသကို ဘယ်လို့ အသနားခံလို့ရတော့မှာ မဟုတ်တာ သိနေတာမို့ မဋ္ဌူ ကြီးမေပြောသည့် အတိုင်း စာရေးလိုက်ရသည်။ မဋ္ဌူ မျက်နှာလေး သွေးဆုတ်ဖြူလျော့လို့၊ စာဆုံးတော့ ကြီးမေ လှမ်းယူသည်။

စားပွဲထိုးလေးကိုပဲခေါ်ပြီး ကိုမော်ကို လက်ညှိုးထိုးပြကာ စာကို ပေးခိုင်းနေသည်။ မဋ္ဌူ ရှက်လွန်းလို့ ထွက်ပြေးချင်လိုက်တာ။

"သူရောက်လာရင် မင်းနှုတ်က တစ်ခုခုပြောဖို့ စဉ်းစားထားပါ





ရှူ"

"ဟင် မီး ဘာပြောရမှာလဲ ပြောစရာမှမရှိတာ"

"ဒီလောက်အထိ မင်း တုံးအတာကို ငါမကြိုက်ဘူး၊ တစ်ခုခု ဉ်းစားပေါ့၊မင်းမှာ ဦးနှောက်ရှိတယ်၊ အဲဒီလောက်အထိ ငါထပ်ပြီး ကြံပေးနေရမှာလား"

မဋ္ဌူ စိတ်ညစ်မွန်းကြပ်လွန်းလို့ ဘာလုပ်ရမှန်းမသိ။ စားပွဲထိုး လေးက မဋ္ဌူရဲ့ စာကို လှမ်းပေးနေတာ မြင်နေသည်။

ကိုမော် ရောက်လာရင်ဘာပြောရမှာလဲ။ မဋ္ဌူ မသိပါ။

ကိုမော်ကတော့ ပြောဖူးသည်။ အကူအညီလိုရင် သူ့ကိုပြော ခဲ့။ အခု မဋ္ဌူ ဘာမှတောင်းဆိုစရာမရှိ။ ကြီးမေ ဖွတ်စီစဉ်တဲ့ကိစ္စ။ ဘယ်လောက် ရှက်စရာကောင်းသလဲ။

"မောင်စိုင်း လာနေပြီ"

ကြီးမေ သတိပေးသံက မဋ္ဌူ နားထဲပုံးကြဲချလိုက်တဲ့အတိုင်း။ ကြည့်လိုက်တော့ ကိုမော် လျှောက်လာနေ၏။ မီးခိုးရောင်ကုတ်နဲ့ ဘင်းဘီရှည်ဝတ်ဆင်ထားသော စတိုင်က ရှင်းသန့်နေသည်။

မဋ္ဌူ မျက်လွှာပင့်မကြည့်ရဲ။ ကြီးမေက ဟန်ဆောင်ကောင်း တာ။

"တူမောင် နေကောင်းတယ်နော်၊ ပျော်ပျော်ရွှင်ရွှင် စားသောက် နေတာ မြင်ရလို့ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ ခင်ဗျ၊ အန်တီတို့လည်း အဆင်ပြေပါတယ်နော်"

"ပြည့်စုံပါတယ်ကွဲ့၊ သမီးလေး မောင်စိုင်းရောက်နေပြီလေ"

သည့်တော့မှ မဋ္ဌူ မျက်လွှာပင့်ကြည့်သည်။ မျက်ဝန်းလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



က ဘောင်းပန်နေပုန်မို့ သူ မျက်မှောင်လေးတွန့်သွားသည်။ ပြီး
ကြီးမေဘက်ကိုလှည့်ကြည့်ရင်း

"အန်တီ မဥ္ဇူကို ပန်းခြံထဲခေါ်သွားဖို့ ကျွန်တော့်ကိုခွင့်ပြု
ခင်ဗျာ"

"ခေါ်သွားပါ တူမောင်"

ကြီးမေက ခွင့်ပြုလိုက်ပေမယ့် မဥ္ဇူ မှာတော့ ရှက်သွေးဖြာ
ဆဲ။ ပတ်ဝန်းကျင်ကို မငုံ့မရဲခေါင်းလေးငေ့အကြည့်မှာ မဥ္ဇူကို စိုက်ကြ
နေတဲ့ မျက်နှာ ပြည့်ပြည့်ဖောင်းဖောင်းကြီးကို ရိပ်ခနဲမြင်လိုက်သည်

"ဦး အိုက်ပန်"

မဥ္ဇူ နှုတ်က တိုးတိုးလေးရေရွတ်သံကို ကိုမှော် မကြား
မဥ္ဇူ စိတ်ထဲမှာတော့ ထွက်ပေါက်တစ်ခုရသွားခဲ့သည်။ ကိုမှော်
ဦးအိုက်ပန်အကြောင်း ပြောပြရမည်။

မဥ္ဇူ ပုလဲတွေကို ဖွတ်ဝယ်ဖို့ပြောပြီး ကြိမ်းဝါးသွားတဲ့
တွေကို အမှန်အတိုင်းပြောပြဖို့ တွေးလိုက်ရင်း ကိုမှော်နဲ့အတူလိုက်ခဲ့သ

"ကောင်မလေးက သိပ်လှတာပဲနော်"

ကေသရီရဲ့ရေရွတ်သံကြားကတည်းက ဘယ်သူလဲလို့ 
သက်မှူး မေးစရာမလိုပါ။ မဥ္ဇူကို သူမြင်ထားခဲ့ပြီးပြီ။ စိုင်းမှော်သာ
ယောကျာ်းနဲ့ ရင်းရင်းနှီးနှီး မြင်ရတာတော့ ရင်ထဲမှာ အလိုမကျ

"မ ပြောတာကြားရဲ့လား ဘုန်းရဲ့"

"ကြားတယ်၊ သိတယ်၊ ဒီနေ့ ညစ်ခံပွဲမှာ အလှဆုံးမိန်းက
ပဲ"

မှူး အသံက နက်နက်ရှိုင်းရှိုင်းမို့ ကေသရီ မျက်ခုံးလေး





တောင် တန်းသွားခဲ့သည်။

"သိပ်လှတယ်လို့ ထင်တာ ဘုန်းတစ်ယောက်တည်း မဟုတ်ဘူး
နော်၊ ဦးအိုက်ပန်ကြီးကိုကြည့်လိုက်စမ်းပါဦး၊ မျက်လုံးကြီးတွေ ကျွတ်ကျ
တော့မလားဘဲ အဟင်း ဟင်း"

ကေသရီ စကားကြောင့် မှူး ဦးအိုက်ပန်ရဲ့ဝိုင်းကို လှမ်းကြည့်မိ
သည်။ အဆီပြန်နေတဲ့ မျက်နှာကြီးပေါ်က မျက်ဝန်းတွေက မဥ္ဇူလေး
ပျောက်ဆုံးသွားမှာစိုးတဲ့အတိုင်း သံလိုက်လိုကပ်ပါသွားသလားပဲ။

ဒီလူကြီးရဲ့အကြည့်ရိုင်းရိုင်းတွေကို မှူး ဒေါသဖြစ်သွားရသည်။
ခုချက်ချင်း မျက်လုံးတွေကိုပြေးပြီး ထိုးဖောက်ချင်စိတ်တောင် ဖြစ်လာမိ
သည်။

စိုင်းမှော်သာကိုလည်း မနာလို၊ ဦးအိုက်ပန်ကိုလည်း ဒေါသ
ဖြစ်မိ၏။

သူကလေးရဲ့ရိုးသားမှုနဲ့ နုပျိုတဲ့အလှတွေက သန့်စင်လွန်းပါ
သည်။ ဦးအိုက်ပန်လို ပန်းစားဘီလူးလို လူစားမျိုးနဲ့ဘယ်လိုနည်းနဲ့မှ
သင့်တော်တာ သေချာသည်။

"ဘုန်း ဘာဖြစ်တာလဲဟင်"

သူ့မျက်နှာက ဒေါသတွေကို ကေသရီ မြင်တွေ့သွားသည်ထင်
သည်။ တအံ့တသြနှင့်မေး၏။

"ဘာဖြစ်လို့လဲ ဘာမှမဖြစ်ပါဘူး"

"ဘုန်း မျက်နှာတစ်မျိုးဖြစ်သွားသလားလို့၊ စိတ်အနှောင့်အ
ယှက် ဖြစ်သွားသလားဟင်"

"မဟုတ်ပါဘူး ပင်ပန်းနေလို့"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ပြတ်ပြတ်ပဲပြောပြီး စားသောက်ခန်းမထဲက ထွက်သွားတဲ့ မဈူတို့နှစ်ယောက်ကို ဘုန်းသက်မျိုး လိုက်ကြည့်နေမိသည်။ ဒီမိန်းကလေးကလည်း လူတွေသတိထားမိအောင် လုပ်နေပြန်သည်။

အင်းလေ မဈူလေးတွဲတဲ့လူက စိုင်းမော်သာဆိုတော့ သိက္ခာတော့ ကျစရာမရှိ။ အဆင်းရော အချင်းပါ ပြည့်စုံတဲ့ယောက်ျား တစ်ယောက်ဟု သူ လက်ခံပါသည်။

တစ်ခုပဲ စိုးရိမ်သည်။ မဈူလေးရဲ့ရိုးသားမှုကို ဒီကောင် အခွင့်အရေးမယူဘူး ပြောနိုင်မလား။ ယုံကြည်ဖို့ သူ ဇဝေ်ပါ။

တွေးရင်းနဲ့ ရင်ထဲက ဒေါသတွေရှန်းကြွလာပြန်သည်။ ပန်းခြံထဲမှာ စိုင်းမော်သာနှင့်အတူယှဉ်တွဲရှိနေမယ့် မဈူလေးကို မြင်ယောင်လာမိ၏။

ပန်းရနံ့လေးတွေ သင်းပျံ့လို့၊ ညမီးရောင်တွေက မှိန်ဖျော့ဖျော့ မီးရောင်မှုန်တရီမှာ မဈူ မျက်နှာနုနုကလေး၊ ဝင်းနှစ်ချောမွေ့နေတဲ့ အသားလေးတွေ၊ လေးကိုင်းသဏ္ဍာန် နှုတ်ခမ်းစိုစိုလေးများကို စိုင်းမော်သာ သတိထားမိမှာ အမှန်။

ယောက်ျားတစ်ယောက်ရဲ့ ရိုးသားမှုနဲ့သိက္ခာဆိုတာ ဘယ်လောက်အထိ ရှိနိုင်မှာလဲ။ မဈူရဲ့ကိုယ်လုံးကလေးကို သိုင်းဖက်ပြီးနမ်းဖို့ ကြိုးစားနေသည်လား။

ကြောက်စိတ်နဲ့ တုန်ယင်နေမယ့် မဈူလေးမျက်နှာကို ရိပ်ခနဲ တွေးမြင်လာသည်။

ရှိသမျှ အသိစိတ်တို့ကြိုးစားချုပ်ထိန်းပြီး နေရာမှာဆက်ထိုင်နေဖို့ မျိုး အစွမ်းကုန်ကြိုးစားထားရသည်။





''ဦးအိုက်ပန် ပြန်တော့မယ် ထင်တယ်''

ကောသရီအသံကြားမှ မျိုး သတိထားမိ၏။ စားပွဲက ထရပ်ပြီး မိတ်ဆွေတွေကို ဦးအိုက်ပန် နှုတ်ဆက်နေသည်။

ပြီးတော့ သူ့တပည့်ကို တီးတိုးပြောနေတဲ့ မျက်နှာကြီးက မနှစ်မြို့ဖွယ်ရာပြုံးလို့။

မျိုး အကြည့်ကိုချက်ချင်း လွှဲပစ်လိုက်မိသည်။

■ ■ ■

''မဈူရဲ့ကြီးမေကို ဒီအကြောင်း ပြောပြပြီးပြီလား''

မဈူ ခေါင်းကလေးခါရမ်းသည်။ ကိုမော်ကို ဦးအိုက်ပန် ကိစ္စကိုပြောပြခဲ့ပေမယ့် ကြီးမေကိုတော့ မပြောဖြစ်ခဲ့ပါ။

''ဦးအိုက်ပန်နဲ့စကားပြောရပ့်မလားဆိုပြီး စိတ်ဆိုးမှာပေ့ါ၊ ဒါပေမဲ့ အဲဒီတုန်းက မဈူ စားပွဲမှာ သူလာထိုင်ပြီး ပြောတာကို ဘယ်လို မောင်းထုတ်ရမလဲ ကိုမော်ရယ်''

''ရဲမျိုးနဲ့စိုင်းနဲ့က သိပ်ခင်ကြတာ၊ မဈူ သိပ်ပြီးစိတ်ပူမနေပါနဲ့၊ စိုင်းပြောလိုက်ရင် သူကြည့်ပြီး လုပ်ပေးမှာပါ''

''ကျေးဇူးပါပဲ၊ စိုင်းကိုဒုက္ခပေးသလို ဖြစ်နေပြီနော်''

''ဒုက္ခမဟုတ်ပါဘူး။ ဒီအကြောင်းတွေ စိုင်းကို မဈူ ပြောပြတာ ဝမ်းသာပါတယ်၊ ဒါနဲ့ပတ်သက်လို့ နောက်တစ်ခါ စိတ်မပူတော့ဘူးဆိုတာ ကတိပေးမလား''

''ကတိ''

မဈူက ရေရွတ်လိုက်၏။ သူတို့ အချိန်အတော်ကြာအောင် တစ်ယောက်ကို တစ်ယောက် ပြုံးပြီးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"တောင်ကြီးကနေ မဥ္ဇူတို့ ဘယ်တော့လောက်ပြန်မလဲ၊ ဘယ်ကိုပြန်ရမှာလဲ ဟင်"

စိုင်း၏မေးခွန်းကို အချိန်အတန်ကြာသည်အထိ မဥ္ဇူ မပြောနိုင်ခဏနေမှ တုံ့ဆိုင်းဆိုင်းလေးဖြင့် ပြန်ပြောလိုက်သည်။

"စိုင်းမေးတာကို မဥ္ဇူ မဖြေချင်လို့ မဟုတ်ပါဘူး၊ မဥ္ဇူ ကိုယ်တိုင် အတိအကျပြောနိုင်တဲ့ အရည်အချင်းမရှိလို့ပါ စိုင်းရယ်"

မဥ္ဇူရဲ့ဘဝက တကယ့်ကို သနားစရာ၊ စိုင်း စာနာမိပါ၏။ ညှိုးရော်သွားတဲ့ မျက်နှာလေးကို စိုင်း ကရုဏာသက်စွာစိုက်ကြည့်နေမိသည်။

စိုင်းရဲ့ရင်ထဲမှာ အမည်ဖော်မရတဲ့ ဝေဒနာတစ်ခု ဖြစ်ပေါ်လာရ၏။ စိုင်းရဲ့မျက်နှာ ချက်ခြင်းဆိုသလိုပဲ လေးနက်တည်ကြည်သွားသည်။

"မဥ္ဇူကို စိုင်း ကူညီချင်ပါတယ်၊ ဒါပေမဲ့ စိုင်း နားမလည်နိုင်တာက"

စိုင်းက ရုတ်တရက်စကားကို ရပ်ပစ်လိုက်သည်။

မဥ္ဇူကလည်း စိုင်းပြောမည်ကို နားစွင့်နေ၏။ ခဏ ငြိမ်သက်သွား၏။ ပြီးမှ စိုင်းက

"ဒီအကြောင်းတွေ မပြောတော့ဘူးနော်၊ အချိန်လည်းမရှိတော့ဘူး၊ စိုင်း မိတ်ဆွေတွေဆီကို ပြန်သွားရဦးမယ်၊ မနက်ဖြန်မှ တွေ့ကြတာပေါ့၊ အဲဒီကျရင် စိုင်း ပြောပြမယ်"

"ကောင်းပါပြီ စိုင်းသဘောပါ"

"မနက်ဖြန် ညနေ သုံးနာရီ စိုင်းလာခေါ်မယ်၊ မဥ္ဇူ တစ်ယောက်တည်း လိုက်ခဲ့ရမယ်နော်"





စိုင်းနှင့်မဥ္ဇူ ညွှန်းနံ့ထဲသို့ ပြန်ဝင်လာခဲ့ကြ၏။ တကယ်ဆိုလျှင် ...ကြ ပန်းခြံထဲမှာ နေချင်သေးသည်။ ကောင်းကင်ပြာကြီးထက်မှာ ...မှုန်ကျဲထား ကြယ်လေးတွေရယ်၊ သင်းပျံ့ပျံ့ပန်းရနံ့တွေ၊ ပြီးတော့ ...ာင်စုံမီးလုံးလေးတွေ ယှက်ဖြာနေတဲ့ မြင်ကွင်းတွေက အေးချမ်းလွန်း...သည်။

ကြောက်စရာကောင်းတဲ့ ပဋိကူမှုင်တွေကို ရက်လုပ်ပြီးစောင့်နေ...တဲ့ ကြီးမေ ရှိရာညွှန်းခံထဲသို့ မဥ္ဇူ ပြန်မသွားချင်။

"ဘယ်လိုလဲ"

ခင်မကြီးက လေသံခပ်အုပ်အုပ်ဖြင့် မေးလိုက်သည်။

"စိုင်းမော်သာက မနက်ဖြန် ညနေ မဥ္ဇူကို လာခေါ်မယ်တဲ့"

"ကောင်းတဲ့ သတင်းတစ်ခုပဲ"

ခင်မကြီးရဲ့အသံက ကျေနပ်မှုအပြည့်နှင့် နွေးထွေးနေ၏။

"ကဲ တို့တွေ ဟိုတယ်ကို ပြန်ကြရအောင်"

အခုမှ မဥ္ဇူ စိတ်သက်သာသွားရသည်။ တူဝရီးနှစ်ယောက် ...ပြန်ရန်အတွက် အိမ်ရှင်ကိုသွား၍ နှုတ်ဆက်ကြ၏။

ဘုန်းသက်မှူးတို့နေတဲ့စားပွဲကို မဥ္ဇူ တစ်ချက်လှမ်းကြည့်မိ...တော့ မှူးနှင့်သူ့ သူငယ်ချင်းတွေလည်း ပြန်ဖို့ထနေကြပြီ။

ဆင်ဝင်အောက်သို့ ရောက်သည်နှင့် အခြားဧည့်သည်တွေ ...ည်းဆင်းလာကြ၏။ ကားတစ်စီးက ဆင်ဝင်အောက်တွင် ထိုးရပ်လိုက်...ပြီး ကားမောင်းသူဆင်းလာသည်။

"ဦးဝေဖြိုးက လိုက်ပို့ပေးဖို့ မှာလိုက်လို့ ကားပေါ်တက်ကြပါခင်ဗျာ"


www.burmeseclassic.com

www.burmeseclassic.com



သူမတို့နှစ်ယောက်ကို ပြောပြီးသည်နှင့် ကားတံခါးကို အသေ
သင့်ဖွင့်ပေးထား၏။ ခင်မကြီးက ကားပေါ်သို့တက်ရန် ခင်မကြီး အနီး
ကပ်၍ လက်မောင်းကိုကိုင်ပြီး တိုးတိုးလေးပြောလိုက်သည်။

ကြီးမေ ဆတ်ခနဲ အမူအယာပျက်အောင် တုန်လှုပ်သွား
ထိုလူပြောသံ တစ်စွန်းတစကို မဠ္ဍု ကြားလိုက်ရသည်။

"ကျွန်တော် ပြောတာကို နားထောင်ပါ"

ခင်မကြီး လှည့်ကြည့်လိုက်ရာ မဠ္ဍုကိုတွေ့သွား၏။

"ကားထဲဝင်တော့ မဠ္ဍု"

အလိုမကျဟန်ဖြင့် ခပ်ဆတ်ဆတ် အမိန့်ပေးလိုက်သည်။

ကြီးမေ နိုင်းတဲ့အတိုင်း မဠ္ဍု ကားပေါ်တက်လိုက်ရသည်
ကားပေါ်သို့ရောက်တော့ တစ်ဖက်စွန်းသို့ ရွှေ့ထိုင်လိုက်သည်။

ထိုအချိန်နှင့်တဆက်တည်းမှာပင် ကားတံခါးက ပိတ်သွား
ကားက အရှိန်ပြင်းစွာဖြင့် မောင်းထွက်သွားတော့၏။

လျှင်မြန်သော အရှိန်ကြောင့် ကားက လေပေါ်မှာလွင့်နေသ
မဠ္ဍု ကြောက်လန့်တကြားဖြင့် ထအော်မိသည်။

"ဟို ဟို နေပါဦး၊ ဟိုမှာတစ်ယောက်ကျန်ခဲ့ပြီ၊ ကျွန်မ အဒေ
ကျန်ခဲ့လို့ပါရှင်"

ကားမောင်းတဲ့သူက ဘာကိုမှမကြားတဲ့ ပုံစံဖြင့် မောင်းမြဲတို
မောင်းနေ၏။ မဠ္ဍု စိတ်တိုသွားမိသည်၊ ဒီလူနားများလေးနေရော့ သလ
မသိဟု တွေးမိ၏။ မဠ္ဍုက ကားမောင်းနေသူ၏ပခုံးကို ပုတ်လိုက်သည်

"ဒီမှာရှင့် ဒီမှာ"

ထိုလူက တစ်ချက်ကလေးမလှုပ်၊ ဘယ်လိုဖြစ်တာပါလိမ့်





ဆုံးဆန်းလိုက်တာဟု စိတ်ထဲမှာပြောမိသည်။ အတွေးတစ်ခုက မဠ္ဍု
ခေါင်းထဲရောက်လာ၏။

ဘာတွေဖြစ်ကုန်ပြီလဲ မသိ။ ဦးအိုက်ပန်ရဲ့မိတ်ဆွေကြီးက
ကြီးမေကို ဘာတွေများ ပြောလိုက်သည်မသိ။ ထိုအကြောင်းကို မဠ္ဍု
သိချင်နေမိသည်။

ကြီးမေကရော ဘာကြောင့် လန့်သွားရတာလဲ၊ ရှုပ်ထွေးပွေလီ
လှန်းတဲ့ အကြောင်းအရာတွေက ခေါင်းကို နောက်ကျစေ၏။

ဘာတွေမှန်းလဲ မသိ။ မဠ္ဍု ရှည်လျားစွာ သက်ပြင်းချမိသည်။

လူတိုင်း တစ်ယောက်နှင့်တစ်ယောက် ပွင့်ပွင့်လင်းလင်း ဖြူ
ဖြူစင်စင် ဆက်ဆံကြရင် ဘယ်လောက်ကောင်းမလဲဟု မဠ္ဍု တွေးနေမိ
သည်။ ကားပြတင်းပေါက်မှ အပြင်ကိုကြည့်လိုက်တော့ ဟိုတယ်ကို
မောင်းနေတာ မဟုတ်။

"ဘယ်ကိုမောင်းနေတာလဲ ကျွန်မ ရွှေလိပ်ပြာဟိုတယ်ကို
သွားမှာ"

မဠ္ဍုက တုန်လှုပ်စွာဖြင့် အော်ပြောနေပေမယ့် ကားမောင်းသူ
က လှည့်၍ပင်မကြည့်။ ဒုက္ခပါပဲဟု သူမ ညည်းညူမိ၏။

ပထမတော့ ညှို့သည်များပြီး ကြိုလာတာဟု မဠ္ဍု ထင်မိသည်။
ဒီမှ သံသယစိတ်ဖြင့် ကားတံခါးတွေကို စစ်ကြည့်မိရာ သောခတ်ထား
တာ တွေ့ရသည်။

မဠ္ဍု မယုံကြည်နိုင်စွာဖြင့် ကြောက်လာမိ၏။ အသံကိုမြှင့်၍
ခပ်ကျယ်ကျယ်လေး လှမ်းအော်လိုက်မိသည်။

"ရပ် ကားကိုရပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းသူကတော့ မကြားသလိုပင် မလှုပ်မယှက်။ နောက်ဆုံး မဋ္ဌု လက်လျှော့၍ ငြိမ်သက်နေလိုက်သည်။ ကားက ခြံကြီးတစ်ခြံအတွင်းသို့ ချိုးကွေ့၍ဝင်သွား၏။

ခြံကြီးရဲ့အလယ်ဗဟိုတည့်တည့်မှာတော့ ကြီးမား ခန့်ထည်လွန်းလှတဲ့ အဖြူရောင် ;နှစ်ထပ်တိုက်ကြီးတစ်လုံးက ဝင့်ကြွားစွာငြိမ်သက်နေသည်။

တကယ့် လူကုံထံ ဒိတ်ဒိတ်ကျဲတွေမှနေနိုင်မည်ဆိုတာ မဋ္ဌုကောင်းကောင်းသဘောပေါက်မိ၏။

ကားကရပ်သွားပြီး တံခါးကိုလာရောက်ဖွင့်ပေးသည်။ အစေအပါးဖြစ်ဟန်တူတဲ့ လူသုံးယောက် ကားနားသို့ရောက်လာကြသည်။

''မှားနေပြီထင်တယ်၊ ကျွန်မကို ရွှေလိပ်ပြာပဟိုတယ် ပြန်ပို့ပေးပါ''

မဋ္ဌုက ကားမောင်းသူကိုပြောပေမယ့် သူက ငြိမ်သက်စွာဖြင့် ကားဒက်ဘုတ်ပေါ်မှ ဖုန်များကိုသုတ်နေ၏။

လူသုံးယောက်ထဲ အသက်အကြီးဆုံး လူကြီးက မဋ္ဌုရှေ့မှာလာရပ်ပြီး ပြားဝပ်ကျိုးနွံစွာဖြင့်

''အိမ်ထဲကို ကြွပါ အစ်မလေး''

မဋ္ဌု ပြောနေ၍ အကြောင်းမထူးမှန်း သဘောပေါက်မိ၏။ မတတ်သာသည့်အဆုံး မီးစင်ကြည့်ကမည်ဟု ဆုံးဖြတ်ရင်း တိုက်ကြီးထဲသို့ လှမ်းဝင်လိုက်သည်။

အိမ်ကြီးထဲသို့ လှမ်းဝင်လိုက်သည်နှင့်ရှုမငြီးစရာ ရင်သပ်ရှုမောစရာတွေနှင့် မဋ္ဌု ကြုံရတော့၏။ သားနားလိုက်တဲ့ ဧည့်ခန်းမကြီးခန်းလုံးပြည့်ခင်းထားတဲ့ မွေးပွကော်ဇောကြီးက နင်းရက်စရာမရှိ။

လှေကားကွေးကွေးဝိုက်ဝိုက်ကြီးအတိုင်း တက်၍ အသက်ကြီးကြီးလူကြီးက ဦးဆောင်ခေါ်သွားသည်။ လှေကားထိပ်သို့ရောက်တော့ ဋ္ဌု စိတ်ထဲမှာ အလိုလိုကြောက်လာမိသည်။

ပြီးမှ စိတ်ကိုတင်းရင်း မဋ္ဌု ကွက်ပေါ်ရလိုရငြား ပြောလိုက်၏။

''ဒီက အိမ်ရှင်နဲ့ စကားပြောချင်တယ်၊ အိမ်ရှင်ကို ခေါ်ပေးပါ''

ခေါ်ဆောင်သွားသူက ချိုသည်၊ ခါးသည် ဘာမှမပြော။ အခန်းသင်ခန်းဆီသို့သာ ဦးဆောင်ခေါ်သွား၏။ အခန်းဆီရောက်တော့ တံခါးကိုနွန်းဖွင့်ပြီး မဋ္ဌုကို ဝင်စေသည်။

မဋ္ဌု အခန်းကိုဝေ့ဝိုက်ကြည့်မိ၏။ နောက်မှာကြားလိုက်ရသောအသံကြောင့် မဋ္ဌု ကြောက်ရွံ့သွားမိသည်။ တကျိုကျိုနှင့်တံခါးပိတ်လိုက်တဲ့အသံက မဋ္ဌု အတွက် တကယ်ကြောက်စရာကောင်းပါသည်။

''ကျွန်မကို မှားပြီးတော့ ဒီနေရာခေါ်လာတာပါ ရှင်''

''ကံကြမ္မာက မဋ္ဌုကို ဒီနေရာပို့ပေးလိုက်တာပါ ဗျာ''

အသံလာရာဆီသို့ မဋ္ဌု ကြည့်လိုက်မိတော့ ဦးအိုက်ပန်ကိုတွေ့လိုက်ရသည်။ မဋ္ဌု တအံ့တဩဖြင့် မင်သက်သွားမိ၏။

''ဟင် ဦးအိုက်ပန်ပါလား။ မဋ္ဌု ကိုမှားပြီးခေါ်လာတာ မဟုတ်ဘူးလား''

''ကျုပ်က အင်မတန် မှားခဲ့ပါတယ်''

မဋ္ဌု အကြည့်က တံခါးရှိရာသို့အမှတ်မထင် ရောက်သွား၏။ ဦးအိုက်ပန်က မဋ္ဌု ကိုကြည့်နေပေမယ့် အေးဆေးစွာဖြင့် မတ်တပ်ရပ်ပြီး တော်ပိုက်ကြည့်နေသည်။







www.burmeseclassic.com

www.burmeseclassic.com



မဋ္ဌူ တံခါးလက်ကိုင်ကိုလှည့်၍ ဖွင့်လိုက်ပေမယ့် မပွင့်။ တံခါး
ကို သော့ခတ်ထားခြင်းဖြစ်၏။

ဦးအိုက်ပန်က ရွှေးဒီဒီးကျနေတဲ့ မဋ္ဌူကိုကြည့်ရင်း သဘောကျ
စွာဖြင့် ရယ်မောနေလေသည်။

ဦးအိုက်ပန်ရဲ့သရော်တော်တော်အပြုံးနှင့်ရယ်သံကြီးက ကြောင်
မတ်ဖွယ်ကောင်းလွန်းသည်။

မဋ္ဌူ တစ်သက်နှင့်တစ်ကိုယ် ဒီလိုကြောက်စရာအဖြစ်မျိုး
တစ်ခါမှ မကြုံဘူးခဲ့။ စိတ်ကိုဝင်းရင်း ခေါင်းကိုမော့ထားလိုက်သည်။

"အတင့်ရဲလှချည်လား။ ဒါကဘာသဘောလဲ ကျွန်မကို ဘာ
ဒီလိုပိတ်ထားရတာလဲ"

"ဘာလို့ ပိတ်ထားရတာလဲ ဟုတ်လား။ မင်းကို ဒီနေရာမှာ
ရှိနေစေချင်လို့ပေါ့"

"ကျွန်မ ပျောက်နေတာကို ကျွန်မအဒေါ် မသိဘဲနေမလား
အခုလောက်ဆို ရဲစခန်းကို အကြောင်းကြားထားပြီးလောက်ပြီ"

"ဟား ဟား ဟား မင်းအဒေါ် ရဲစခန်းမတိုင်ရဲပါဘူးကွာ"

"ရှင့်ကိုတောင်းပန်ပါတယ် ဦးအိုက်ပန် ကျွန်မကို ရွှေလိပ်ပြာ
ပိုတယ်ကို ပြန်ပို့ပေးပါ၊ ဒီလိုလုပ်တာ မကောင်းပါဘူး။ ရှင့်အတွက်လည်း
ဘာအကျိုးမှရှိမှာ မဟုတ်ဘူး"

မဋ္ဌူက လေသံပျော့လေးဖြင့် ဦးအိုက်ပန်ကို နားချကြည့်
သည်။ အဆိုပြုနေတဲ့ မျက်နှာကြီးဖြင့် ဦးအိုက်ပန် ရယ်မောနေသည်က
ကြောက်စရာ။

"မင်း ဒေါသထွက်တာလေးက သိပ်ချစ်စရာကောင်းတာ





သိလား၊ အဲဒီလို မိန်းမချောလေးတွေ ရန်လိုနေရင် ကျုပ်က သိပ်ချစ်
ဘတ်တာပဲ သိလား"

"ကျွန်မ ရှင့်ကို အနူးအညွတ်တောင်းပန်ပါတယ်၊ ကျွန်မကို
ပြန်ပို့ပေးပါနော်"

"မင်း ကျုပ်ကို လှည့်စားဖို့ မကြိုးစားပါနဲ့၊ မင်းရော မင်း
အဒေါ်ရော သိပ်တော်ကြပါတယ်၊ ဒါပေမဲ့ ဒီအချိန်မှာတော့ ကျုပ်က
အောင်နိုင်သူတစ်ယောက်ပဲ"

"ရှင် ဘာတွေလာပြောနေတာလဲ၊ ရှင့်ပြောစကားတွေကို ကျွန်မ
တစ်ခုမှ နားမလည်ဘူး။ ကျွန်မ ဆန္ဒမပါဘဲ ဘာလို့ လိမ်ပြီးခေါ်လာ
တာလဲ၊ တံခါးဖွင့်ပေးပါ ဦးအိုက်ပန်"

"ကောင်းလိုက်တဲ့ စကားလုံးတွေပါလား၊ မင်းတော်တော်
သရုပ်ဆောင်ကောင်းတာပဲ၊ မင်းအဒေါ်ရဲ့ခြေရာကို နင်းနိုင်ပါပေတယ်၊
ဟင်း ဟင်း ဒါတွေက အရေးမကြီးသေးပါဘူးလေ"

ဦးအိုက်ပန်က စကားကိုဖြတ်တောက်လိုက်ပြီးနောက် မဋ္ဌူ
ရှိရာသို့ လက်ကိုဆန့်တန်းရင်း ချဉ်းကပ်လာသည်။

"ရှင် ရှင် တော်တော် ယုတ်မာပါလား၊ ကျွန်မကို မထိနဲ့"

ဦးအိုက်ပန်က လက်ကိုပြန်ရုပ်ရင်း သဘောကျစွာ ရယ်လိုက်
သည်။

"ယုတ်မာတာ မဟုတ်ပါဘူး မဋ္ဌူလေးရယ်၊ ချစ်လွန်းလို့ပါ၊
ကျုပ်တို့နှစ်ယောက်တည်းရှိနေတာ ဘာမှမကြောက်နဲ့နော်၊ မင်းနဲ့ကျုပ်
ကြားမှာ ဖုံးကွယ်ထားစရာ မလိုပါဘူးကွာ၊ မင်း ဘယ်သူလဲဆိုတာ
ကျုပ် သိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံစံက မထီတရီ၊ အခဲပြန်နေတဲ့ မျက်နှာကြီးပေါ်က အပြုံ ကလည်း တစ်မျိုးမို့ မဍ္ဍူ ကြောက်သထက် ကြောက်လာမိတယ်။ မဍ္ဍူ စိတ်ထဲက ဖျတ်ခနဲသတိရလိုက်မိတာက လည်တိုင်မှာဆင်ထားတဲ့ ပုလဲ သွယ်တွေ။

"ကျွန်မ ပုလဲတွေကို ရှင်လိုချင်တယ်ဆိုရင် ကျွန်မပေးပါ့မယ် ကျွန်မကို ချက်ချင်းလွှတ်ပေးပါနော်"

ဦးအိုက်ပန် ရယ်ပြုံးပြုံးနဲ့ခေါင်းကို ခါရမ်းသည်။

"မင်း ပုလဲတွေကို ကျုပ် စိတ်မဝင်စားတော့ဘူး၊ မင်းကို ကျုပ်ပေးမယ့် တခြားလက်ဆောင်တွေနဲ့အတူ သိမ်းထားလိုက်ပေတော့ ကျုပ် စိတ်ဝင်စားတာ မင်းကိုပဲ"

မဍ္ဍူ ဒူးတွေ ညွှတ်ခွေသွားချင်လာသည်။ ကြောက်စိတ်က ထိန်းမရချင်။ တံခါးဆီသို့ ပြေးပြီး လက်ကိုင်ကိုလှည့်ဖွင့်ကြည့်သည်။

ဦးအိုက်ပန်က ထိုင်ရာမပျက် စိမ်ပြေနပြေကြည့်နေရင်း ဟက်ခနဲရယ်လိုက်သည်။

"သော့ခတ်ထားတယ်၊ မင်း ဒီအခန်းကထွက်နိုင်တဲ့နေရာဆိုလို့ ကျုပ်ရဲ့အိပ်ခန်းတစ်ခုပဲရှိတယ်၊ ဟဲ ဟဲ အဲဒီကို မင်းသွားချင်သွားတော့ ကျုပ် ခဏနေရင် လိုက်ခဲ့မှာပေါ့"

ပြောရင်း ဘယ်ဘက်အခန်းဆီကိုလက်ညှိုး ညွှန်ပြသည်။ မဍ္ဍူ မျက်ဝန်းတွေကို ဖျတ်ခနဲလိုက်ကြည့်မိတော့

မီးရောင်မှိန်ဖျော့ဖျော့လင်းနေတဲ့ အခန်းထဲမှာ စက်ဝိုင်း ပုံသဏ္ဌာန် ခုတင်ကြီးနဲ့မွှေ့အုံးတွေဆင့်ကာ ဆင့်ကာ ထပ်ထားတဲ့ အိပ်ခန်း ကြီး။





မဍ္ဍူ ကြောက်လွန်းလို့ တောင့်တောင့်လေးဖြစ်သွားခဲ့သည်။ ပြီးမှ တံခါးဆီက ပြန်လှည့်လာရင်း ဦးအိုက်ပန်နှင့်အဝေးဆုံး အခန်း ထောင့်မှာ တုန်တုန်ယင်ယင်လေး ရပ်နေမိသည်။

ခုချိန်မှာ မဍ္ဍူ အော်ဟစ်အကူအညီတောင်းခံရင်လည်း ကယ် ယ့်သူ ရောက်လာစရာမရှိဘူးလို့ တွေးမိသည်။ ဒါ သူ့ရဲ့အိမ်၊ သူ့ရဲ့ နေရာ။

ကြံရာမရနှင့်မဍ္ဍူ စိတ်ကိုတင်းလိုက်ရသည်။

ခုချိန်မှာ အရေးကြီးဆုံးက ဟန်မပျက်ထိန်းနေခြင်းကသာ ွှေ့အတွက် အကျိုးရှိနိုင်မှာ သိလာရသည်။

ဦးအိုက်ပန်က မဍ္ဍူမျက်နှာကို အကဲခတ်ကြည့်နေခဲ့သည်။ ဘာကိုမှ စိုးရိမ်စရာမလိုအောင် သေချာပိုင်နိုင်သူ အသွင်နဲ့။

"မင်းရှုံးပြီဆိုတာ သိမှတော့ လိမ္မာလိုက်ပါ ကလေးရာ၊ အင်မတန် လည်ပတ်ပြီး အတွေ့အကြုံရင့်ကျက်တဲ့ မင်းရဲ့အဒေါ်ဆိုတဲ့ သူကလည်း ဘာမှမကယ်နိုင်ပါဘူး၊ ဟို မိုးကုတ်သူဌေးသား စိုင်းမော် ဘာကို မင်းတို့ အပိုင်ဖမ်းဖို့ စိတ်ကူးထားကြတာ ကျုပ်သိတာပေါ့"

"ဟင့်အင်း အဲဒါ လုံးဝမဟုတ်ဘူး၊ မဟုတ်ရပါဘူး"

မဍ္ဍူ ရှက်လည်းရှက်ပြီး မျက်နှာလေးရဲရဲနီကာ ငြင်းဆိုသည်။

"ဟုတ်တာ မဟုတ်တာလည်း ကျုပ် စိတ်မဝင်စားဘူး၊ ဒါပေမဲ့ ဒါ ဟိုမိန်းမကြီးရဲ့စိတ်ကူးတွေဆိုတာ သိတယ်၊ အတော်တော့ ချီးကျူး ကောင်းသား၊ ကျုပ်ကလည်း ကျောက်စိမ်းသူဌေးပါပဲကွ၊ စိုင်းမော်သာ လောက်မချမ်းသာပေမယ့် မနိမ့်ပါဘူး၊ အဟဲ ဟဲ"

ပြောရင်းနဲ့ မဍ္ဍူ အနားတိုးကပ်လာသည်။ တရိပ်ရိပ် နီးကပ်



www.burmeseclassic.com

www.burmeseclassic.com



လာလေလေ ကြောက်စရာကောင်းသော မျက်နှာကြီးကို မဌူ ရှုံရှာ ထိတ်လန့်လာလေလေ။

"ကျွန်မကို မထိနဲ့နော် လူယုတ်မာကြီး ထိရဲထိကြည့် ကျွန်မ ရှင့်ကို သတ်ပစ်မယ်"

"ဟား ဟား မင်းအတော်ခေါင်းမာပါလား။ ကြိုက်တယ်၊ ကျုပ် ကလည်း ဒါမျိုးလေးမှ သဘောကျတာ မင်းနဲ့နေရရင် အတော် ပျော်စရာ ကောင်းမှာပါ။ ကဲ မင်းကို ကျုပ် ဆယ်မိနစ်အချိန်ပေးမယ်၊ အိပ်ရာနံဘေး ဗီရိုထဲမှာ ပါးပါးလွှာလွှာ အဝတ်အစားတွေရှိတယ်၊ ချောင်ချောင်ချိချိ သက်သက်သာသာဖြစ်အောင် မင်း လဲလှယ်လိုက်ပါ၊ နောက်ဆယ်မိနစ် ဆို ကိုယ်ပြန်လာမယ်နော်၊ အချစ်ကလေး"

ဦးအိုက်ပန် မျက်ဝန်းတွေထဲမှာ ပြင်းပြတဲ့ အာသာဆန္ဒတွေကို မဌူ အထင်အရှားမြင်နေရသည်။

ရမ္မက်လွှမ်းခြုံနေသည့်အကြည့်တွေနှင့် မဌူ ခန္ဓာကိုယ် ထက် အောက်ခြေဖျားမှ ဆံဖျားအဆုံး ဦးအိုက်ပန် တစ်ချက်ကြည့်သည်။ ပြီးမှ အသာပြန်လှည့်ကာ အခန်းတံခါးသော့ဖွင့်ထွက်သည်။

မဌူ မိုက်မိုက်မဲမဲ ပြေးရင်ဆိုင်ပြီး လိုက်ထွက်ပြေးမလားစဉ်း စားမိ၏။ မဖြစ်သေးပါ။ အခွင့်အရေးရသည့် ဆယ်မိနစ်ဆုံးရှုံးသွားတာပဲ အဖတ်တင်လိမ့်မည်။

အခန်းအပြင်က တံခါးချက်ပိတ်သံက ချောက်ခနဲ။

မဌူ အဖြစ်က ကြောင်ရမ်းကားတစ်ကောင်လက်ထဲမှ သနား စရာ ကြွက်ငယ်လေးပမာ ဖြစ်နေရသည်။ မသနားလို့မရနိုင်တော့တာ သေချာပြီပဲ။

■ ■ ■





မျက်ဝန်းတွေကို လက်နှစ်ဖက်နှင့်မဌူ အုပ်ထားမိသည်။ ဘဝဏတော့ မဌူ မေ့လဲသွားမလားလို့တောင် ထင်မိသည်။ ဒါပေမဲ့ ဒီလိုဖြစ်သွားရင် မဌူ ဘဝဆုံးမှာ စိတ်က သတိပေးနေသည်။

ဟုတ်တယ် မဌူ မေ့လဲလို့မဖြစ်ပါ။ အချိန်က ဆယ်မိနစ်လို့ ဘိုမ်ဿာကောင်ကြီးက ပြောသွားခဲ့သည်။ အခုတောင် တစ်မိနစ်လောက် ကုန်ဆုံးသွားပြီလားမသိ။

ကြံရာမရသည့် ကြောက်စိတ်က ရင်ထဲတိုးဝင်လာပြန်သည်။ တံခါးကို လက်သီးဆုပ်တွေနှင့် ထုရိုက်ဟာစ်အော်ပစ်ချင်မိသည်။ ဒါပေမဲ့ အကျိုးမရှိဘူးဆိုတာ အသိစိတ်က သတိပေးနေသည်။

ရင်တစ်ခုလုံးပေါက်ကွဲထွက်လုမတတ်။ ရင်ခုန်သံတွေက ကြောက်စိတ်ကြောင့် ပြင်းထန်နေသည်။

တစ်ခုခုတော့ လုပ်ရမည်။ မဌူ မြန်မြန်လုပ်မှ။

ပြတင်းပေါက်တွေကို သတိရလို့ နီးရာပြတင်းပေါက်ဆီကို ပြေး သွားပြီး ခန်းဆီးတွေကို ဖယ်ကြည့်သည်။ ချက်ချထားတဲ့ ပြတင်းတံခါး တွေကို ဖွင့်လိုက်တော့ ဒီနေရာကနေ သူမ ထွက်မပြေးရဲဘူးလို့ ဒီလူ ကြီး တစ်ထစ်ချယုံကြည်ထားတာ နားလည်လိုက်သည်။

အပြင်ဘက်မှ နံရံကပ် ကျောက်လမ်းလေးက ကျဉ်းကျဉ်းလေး သာရှိသည်။ အောက်ဘက်ရောက်ခဲ့ရင်တောင် ခြံဝင်းနဲ့အဝေးကြီး။

ပြတင်းက လှမ်းကြည့်တော့ လမ်းကိုမြင်နေရသည်။ အော်ဟစ် ပြီး အကူအညီတောင်းရင် ရနိုင်မည်လား။ အချည်းနှီးပဲဖြစ်မှာသေချာ၏။

တိတ်ဆိတ်နေသော လမ်းမှာ မည်သူမှရှိပုံမပေါ်။ ရှိဦးတော့ မဌူ အော်လိုက်သည်နှင့် ဘယ်သူမှရောက်မလာခင် ဦးအိုက်ပန် ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာမှာပါ။

မဥ္ဇူကို အခန်းထဲပြန်ဆွဲသွင်းပြီး အောက်ထပ်က မေးမြန်းလာသူတွေကို သူ့နည်းသူ့ဟန်နဲ့ ရှင်းပြလို့ အလွယ်လေးဖြစ်သည်။ မဥ္ဇူ မကောင်းဆိုးဝါး လူယုတ်မာကြီးရဲ့အကျဉ်းသားဖြစ်နေရပြီ။

သူ့ အနိုင်ထက်ပြုသမျှကို ခံရတော့မှာလား။ ဟင့်အင်း မဥ္ဇူ ဒီလိုတော့ အဖြစ်မခံနိုင်ပါ။

ပြတင်းပေါက်က ခုန်ချရမည်လား။ ဒါဆိုအနည်းဆုံး ခြေကျိုး လက်ကျိုးဖြစ်မှာ သေချာ၏။ ပြတင်းတံခါး အောက်ကိုငုံ့ကြည့်တော့ တိုက်အပြင်က အုတ်လမ်းကလေးက ကျဉ်းကျဉ်းလေး။ ဘာပဲဖြစ်ဖြစ် စွန့်စားကြည့်ရသည်။

ပြတင်းပေါက် သုံးပေါက်ရှိတာမို့ အဲဒီ သုံးပေါက် လွန်မြောက်ရင် လွတ်မြောက်ခွင့်ရှိနိုင်သည်။ ပြတင်းပေါက်တွေ အောက်ခြေမှာ တောက်လျှောက်ပြေးနေသော ကျောက်တန်းကလည်း ထောင့်ချိုးမှာ ဆုံးသွားသည်။

တခဏတော့ ဖွင့်ထားတဲ့ ပြတင်းဝမှာ မဥ္ဇူ ငြိမ်ငြိမ်ကလေး ရပ်နေမိသည်။ ညလေပြည် လေညင်းကလေးက မျက်နှာပေါ်ကို အေးစိမ့်စိမ့်ဖြန့်ပက်လာသည်။ မဥ္ဇူ ဘုရားကို အာရုံပြုပြီး လက်အုပ်ကလေး ချီလိုက်၏။

ပြီးမှ ပြတင်းပေါက်ပေါ်တက်ပြီး အပြင်က ကျောက်တန်းဆီကို ကျော်ပြီး သတိနဲ့ဆင်းသည်။ ပထမခြေလှမ်းများမှာ လွယ်ကူနေခဲ့သည်။ ပွင့်နေသော ပြတင်းဘောင်ကို ကိုင်ပြီး နံရံကိုမျက်နှာပြုလျှောက်ရတာ လွယ်သည်။





ဒါပေမဲ့ ပြတင်းပေါက်ကိုကျော်လွန်လာပြီး ဖြည်းဖြည်းရွှေ့လျှားရသည်။ ဒီလိုတရွေ့ရွေ့လှမ်းရင်းက နောက်ဆုံး ဘယ်လက်ကိုဆန့်ထုတ်ပြီး ရာဇမှတ်ကွက်ကို မဥ္ဇူ ဆုပ်ကိုင်မိသည်။

ရာဇမှတ်ကွက်က နံရံတွေကို ခိုင်ခိုင်မြဲမြဲ တွယ်ကပ်ရိုက်ထားတာကို တွေ့ရလို့ မဥ္ဇူ ဝမ်းသာသွားရသည်။

သေသေချာချာ ဂရုစိုက်ပြီးပြီး ကျောက်တန်းပေါ်ကို ခြေထောက်တွေ မြဲမြဲအောင်နင်းသည်။ နောက်ကိုလန်ကျသွားခဲ့လျှင် ဟူသော အတွေးက စိတ်ကို ထိတ်လန့်စေသည်။

သို့ပေမယ့် မျက်ဝန်းထဲမှာ ဦးအိုက်ပန်၏မျက်နှာကြီးမြင်မိတော့ သူမကိုယ်သူမ စိတ်တင်းကာ အားပေးရသည်။

အောက်ကိုတွယ်ပြီး ဆင်းခဲ့တော့ ပထမခြေလှမ်းတွေက မဥ္ဇူ ဆင်သလောက် မခဲယဉ်းလှပါ။ နှင်းဆီတွေ၊ နွယ်ပင်တွေရှိရာကို ရောက်သာခဲ့တော့ ခက်ခဲလာသည်။

နွယ်ပင်တွေကြားထဲ ခြေကုပ်နင်းဖို့နေရာ မနည်းရှာယူရ၏။ ဆုပ်ရှားလိုက်တိုင်း ဆူးတွေက အဝတ်အစားတွေကို ငြိလို့စုတ်ပြဲကုန်သည်။

လည်ဂုတ်မှာ စူးခနဲ စပ်ဖျင်းဖျင်းခံစားမှု၊ လက်မောင်းတွေမှာ ရာခြစ်ဒဏ်ရာတွေ၊ ဒါပေမဲ့ မဥ္ဇူ ဂရုမစိုက်နိုင်ပါ။

မြေပြင်ပေါ် ရောက်လုခါနီးမှ အပေါ်ကအသံတစ်သံကို မဥ္ဇူ ကြားလိုက်ရသည်။ အုံ့ဩတကြီးနဲ့အော်သံ။ ပြီးမှ ဒေါသသံလွှမ်းတဲ့ အမိန့်ပေးသံ။

"ဟော့ကောင်တွေ လာကြစမ်း၊ မရှိတော့ဘူး တောက်"

သားကောင်လွတ်သွားတဲ့ သားရဲတိရစ္ဆာန်တစ်ကောင်ရဲ့ မကြေ



www.burmeseclassic.com

www.burmeseclassic.com



မြောင်းအော်သံမျိုးဖြစ်သည်။ အော်သံက ဦးအိုက်ပန်အသံမှန်း မ္ဍူ
သိသည်။

သူ့တပည့်တပန်းတွေကို ရှာဖွေဖို့ အမိန့်ပေးနေတာ မ္ဍူ နား
လည်မိသည်။ သူ့လက်ကလွတ်ဖို့ အခွင့်အရေးဆုံးရှုံးသွားမှာစိုးတဲ့စိတ်
နဲ့ မ္ဍူ ကြိုရာမရစွာ သစ်သားထစ်ကလေးတွေက မဆင်းတော့ဘဲ
ထိတ်လန့်စွာ ခုန်ချပစ်လိုက်သည်။

အမြင့်ကြီး မဟုတ်ပေမယ့် မြေကြီးပေါ်ကို ဘုန်းခနဲပြုတ်ကျ
သွားသည်။ နင်းဆီဆူးတွေနဲ့ ငြိမိနေတဲ့ ထဘီပြဲသွားတာလည်း ဂရု
မစိုက်နိုင်ပါ။ နာရမှန်းလည်း မသိ။

မြေကြီးပေါ်က လူးလဲထပြီး မ္ဍူ ကြောက်လန့်စွာပဲ ပြေးခဲ့
သည်။ ပန်းခင်းတွေကို ဖြတ်ပြေးလာတာလည်း မသိဘဲ ကားဝင်ထွက်
လမ်းမပေါ်ကို ရောက်သွားခဲ့သည်။

ပြေးရင်းလွှားရင်း နောက်တက်က လူသံတွေနဲ့အတူ ဦးအိုက်ပန်
ရဲ့အသံကို ကြားသည်။

"ရအောင် ဖမ်းခဲ့ကြ၊ မလွတ်စေနဲ့ တော် တော်တော် ဒုက္ခပေး
တဲ့ ဟာလေး ငါကွာ"

ခြံကို ကာရံထားတဲ့ အုတ်တံတိုင်းနိမ့်နိမ့်ဆီကို မ္ဍူ ရောက်တာ
နဲ့ လမ်းမပေါ်မှာ ကားတစ်စီး တရကြမ်းမောင်းဝင်လာသည်ကို မ္ဍူ
မြင်လိုက်ရသည်။

စူးရှတဲ့ မီးရောင်ကြောင့် မ္ဍူ မျက်ဝန်းတွေစုံမှိတ်ပြီး ခြေလှမ်း
ရပ်နေမိတုန်း ကားကအနီးမှာ ဘရိတ်နင်းရပ်သွားခဲ့၏။

"ကျွီ"





ကားက ထိုးရပ်သွားခဲ့ပြီး မ္ဍူ မျက်ဝန်းတွေဖွင့်ကြည့်တော့
အုတ်တံတိုင်းအတိုင်း တွယ်တက်လာသော ယောကျ်ားတစ်ယောက်ကို
မြင်သည်။

"ကို ကိုမျော်"

အသေအချာပါပဲ။ မ္ဍူ မြင်နေရတဲ့ စိုင်းမျော်သာ။ ဖွင့်ထားတဲ့
ကားမီးရောင်ကြောင့် ထင်ထင်ရှားရှား မြင်နေရသည်။

မ္ဍူ သတိထားမိတော့ သူ့ရင်ခွင်ထဲမှာ မ္ဍူ ရောက်နေခဲ့သည်။

"မီး မီးကိုခေါ်သွားပါ၊ ကိုမျော် မြန်မြန် ခေါ်သွားပေးပါ"

မောဟိုက်ဆို့နစ်သံလေးနှင့် မ္ဍူဆိုမိသည်။ ကိုမျော် အံကို
တင်းတင်းကြိတ်ရင်း မ္ဍူ ခန္ဓာကိုယ်လေးကို ဆွေ့ခနဲပွေ့ချီလိုက်သည်။

ပြီးတော့ ခြံဝင်းတံခါးကို ပြေးသည်။ ကံကောင်းထောက်မစွာ
သော့က ပိတ်မထားဘဲ ချိတ်ထားတာမို့ မ္ဍူကို ပခုံးထက်ထမ်းပိုးကာ
ကိုမျော် ချိတ်ထားသော သော့ကိုဖြုတ်ချသည်။

မ္ဍူ ကားပေါ်ရောက်တော့ ကိုမျော် ဘာမှစဉ်းစားမနေတော့ပါ။
ကားကို မောင်းထွက်ခဲ့တော့သည်။

ခြံတံခါးဆီ ပြေးလိုက်လာသော လူအုပ်ကို နောက်ကြည့်မှန်ထဲမှ
မြင်နေရသည်။

မ္ဍူ လွတ်မြောက်ခဲ့ပြီပေါ့။

အခုမှပဲ ကားကိုမောင်းနေရင်း မ္ဍူကို ကိုမျော် အသေအချာ
လှည့်ကြည့်မိသည်။

"ဟင် မ္ဍူ လက်မှာသွေးတွေ"

အထိတ်တလန့် ရေရွတ်ရင်း အိတ်ထဲက လက်ကိုင်ပဝါ အဖြူ



www.burmeseclassic.com

www.burmeseclassic.com

လေးကို ကိုမှော် ထုတ်ယူသည်။ မဥ္ဇူနှဲဆုံတိုင်း ကိုမှော်ဆီက လက်ကိုင်ပဝါလေးတွေ ဆုံးရှုံးတတ်စမြဲ ထင်ရဲ့။

''ရ ရတယ် ကိုမှော်''

မဥ္ဇူအသံက လည်ချောင်းဝမှာ တစ်ဆို့နေသည်။ ကြောက်စိတ်ကြောင့် မဥ္ဇူ အသံတွေပျက်ယွင်းနေခဲ့၏။

''မီး မီးကို ကိုမှော် ကယ်ခဲ့တာ၊ ကိုမှော်သာ ရောက်မလာရင် မဥ္ဇူ ဘဝ အဟင့် ဟင့်''

စကားသံတွေ ထွက်မလာဘဲ မဥ္ဇူ မျက်ရည်တွေနှင့်ရှိုက်သံတွေပဲ ထွက်လာသည်။ ကိုမှော်က မဥ္ဇူကို အားပေးသလို ပြုံးကြည့်ရင်း

''ကိုယ်က ဟိုလူယုတ်မာကြီးနဲ့ ရင်ဆိုင်ချင်တာ မဥ္ဇူ ပါနေလို့သာပေါ့''

''ဟင့်အင်း ဟင့်အင်း ပြန်မသွားပါနဲ့ ကိုမှော်ရယ်၊ မဥ္ဇူကိုသာ ခေါ်သွားပေးပါ၊ အခု ဘာမှအရေးမကြီးဘူး''

ကိုမှော် ပင့်သက်ရှိုက်ရင်း ဒေါသတွေကို မျိုချသည်။ သူသာ ရောက်မလာခဲ့ရင် မဥ္ဇူ အခြေအနေကို မတွေးရဲပါ။

ကိုမှော်ကားကိုရပ်တော့ မဥ္ဇူ အနောက်ကို ထိတ်လန့်တဲ့ မျက်ဝန်းလေးတွေနဲ့ လှည့်ကြည့်သည်။

''မကြောက်ပါနဲ့ မဥ္ဇူ၊ ဒီလူတွေ လိုက်မလာရဲပါဘူး''

မဥ္ဇူ လက်က သွပ်ဆူးကြိုးနဲ့ခြစ်မိတဲ့ ဒဏ်ရာကို ကိုမှော် လက်ကိုင်ပဝါလေးနှင့်စည်းနှောင်ပေးသည်။ နီရဲသော သွေးတို့က ပဝါဖြူလေးမှာ ရဲရဲနီသွားသည်။

''ဒဏ်ရာက အတော်နက်တယ်ထင်တယ်၊ ဒီလိုသွေးထွက်နေ





တို့ မဖြစ်ဘူး၊ ကိုယ့်အိမ်က သိပ်မဝေးတော့ဘူး၊ အိမ်မှာဝင်ပြီး ဆေးထည့်လိုက်နော်၊ မဥ္ဇူ ကို ကိုယ်ပြန်ပို့ပေးမယ်''

စိုးရိမ်ပူပန်စိတ်တွေ ကိုမှော် မျက်ဝန်းတွေထဲမှာ အရိပ်ထင်နေမှန်း မဥ္ဇူ မြင်နေရသည်။ ခုချိန်မှာ လုံခြုံစိတ်ချရတဲ့ နေရာတစ်ခုကိုပဲ မဥ္ဇူ တောင့်တသည်။

''ကိုမှော် ဒုက္ခမများဘူးဆိုရင် သွားလေ''

''ဟာ ဘာလို့ ဒုက္ခများရမှာလဲ၊ ကိုယ် မဥ္ဇူ ဒဏ်ရာကို ဆေးထည့်၊ ပတ်တီးစည်းပေးမှာပေါ့''

ကြောက်စိတ်လွှမ်းနေတုန်းက ကိုယ့်ဒဏ်ရာကို မဥ္ဇူ သတိမထားမိသေးမယ့် အခုလို သွေးတွေရဲနေတာကိုမြင်တော့ မဥ္ဇူ မျက်နှာလေး ဖြူလျော်လျော်ဖြစ်နေသည်။

ကိုမှော်က ကားလေးကို သူ့အိမ်ဘက်သို့ ဦးတည်လိုက်သည်။

''ဘယ်လိုဖြစ်တာလဲဆိုတာ ကိုယ့်ကိုပြောပါဦး မဥ္ဇူရယ်''

''ဦး ဦးအိုက်ပန်ကြီးပေါ့''

''ဒါ ကိုယ်သိတယ် ညစ်ခံပွဲထဲက ကိုယ့်မိတ်ဆွေတွေနဲ့ ပြန်ထွက်လာတော့ ကြီးမေက မဥ္ဇူကို ကားတင်ပြေးလို့လို့ အော်ပြောတယ်၊ ရှေ့က ကားတစ်စီးမောင်းထွက်သွားတာလည်း ကိုယ်မြင်တယ်၊ ကြီးမေ ဆီအားမှာရှိနေတာလည်း ဦးအိုက်ပန်ရဲ့လူယုံတော်တွေပဲလေ၊ အဲဒီမှာ မဥ္ဇူ ပြောခဲ့တာ ပြန်သတိရပြီး ကိုယ့်ကားနဲ့လိုက်ခဲ့တာပဲလေ၊ ဘုရားမလို့ အချိန်မီလေးပဲ မဥ္ဇူရယ်''

''ဟုတ်တယ် မဥ္ဇူ သိပ်ကံကောင်းတယ်''

တစ်လမ်းလုံး ကိုမှော် မေးတာဖြေရင်း မဥ္ဇူ ဒဏ်ရာက နာကျင်



www.burmeseclassic.com

www.burmeseclassic.com

လာတာမို့ မျက်နှာလေး ရှုံ့မဲ့နေသည်။

"ကဲ ကိုယ့်အိမ်ရောက်ပြီ၊ ဘာမှမစိုးရိမ်နဲ့တော့နော်"

ကိုမျော်က ကားကိုခြံဝင်းထဲကွေ့ဝင်သည်။ မဥ္ဇူ စိတ်တွေ လုံခြ

သွားသလို ခံစားလိုက်ရသည်။

ဆင်ဝင်အောက်မှာ ကားလေးထိုးရပ်သည်နှင့် ကိုမျော် တံခ

ဖွင့်ဆင်းရင်း မဥ္ဇူ ကိုပွေ့ချီဖို့ ဟန်ပြင်၏။

"ရ ရတယ် မဥ္ဇူ လျှောက်နိုင်ပါတယ် ကိုမျော်၊ စောစော

အရမ်းကြောက်ပြီး မောနေလို့"

"ဒါဆို လာ ဖြည်းဖြည်းလျှောက်နော်"

ညေ့ခန်းထဲအထိ ကိုမျော် မဥ္ဇူ ကိုတွဲခေါ်လာသည်။ မီးလင်

အနီးမှာထိုင်ခုံလေးချပေးကာ ကိုမျော်က ထိုင်စေသည်။

"မဥ္ဇူ ချမ်းနေမှာစိုးလို့ သွေးများများထွက်ရင် ချမ်းတတ်တယ်

ကဲ ခဏလေးစောင့်နော်၊ ကိုယ် ဆေးသေတ္တာ သွားယူလိုက်ဦးမယ်"

မဥ္ဇူကို ထားရစ်ခဲ့ပြီး ကိုမျော် အိပ်ခန်းထဲပြန်ဝင်သွားသည်

မကြာလိုက်ပါ ကိုမျော် ဆေးသေတ္တာနှင့်ပြန်ထွက်လာသည်။

"မဥ္ဇူ တစ်ခုခုသောက်မလား၊ ကော်ဖီဖြစ်ဖြစ်ပေါ့"

"ဟင့်အင်း ဘာမှမသောက်ချင်သေးဘူး၊ မဥ္ဇူ အခုမှ ရင်တု

ပြေတုန်းပဲ ရှိသေးတယ်၊ ကိုမျော်"

"ကဲ ဒါဆို ပြီးမှသောက်၊ အစေ့ထဲကျမှ ဦးကန်ချားက မ

ဘူး၊ ဒီနေ့ သူ ဖဖအိမ်သွားတယ်၊ မနက်ဖြန်မှ ပြန်လာမှာလေ"

သည်အိမ်ထဲမှာ ကိုမျော်တစ်ယောက်တည်းဆိုသော အသိ

လည်း မဥ္ဇူကို စိုးရိမ်စိတ်မဝင်စေပါ။ ကိုမျော်ကို အကြွင်းမဲ့ယုံကြည်နေ





ဘာ ဘာကြောင့်မှန်းမသိ။

အနာကိုဆေးထည့် ပတ်တီးစည်းနှောင်ပြီးတော့မှ ကိုမျော် မဥ္ဇူ

ကိုမော့ကြည့်ရင်း

"နာနေသေးလား ဟင်"

"မနာတော့ဘူး သက်သာနေပါပြီ"

"မဥ္ဇူကို ကိုယ်လိုက်ပို့ပေးမှာပါ၊ ကြောက်စိတ်ကလေးပြေ

အောင်တော့ နားလိုက်ဦးနော်"

"ဦးအိုက်ပန်နဲ့တွေ့ခဲ့ရတဲ့ တခဏဟာ မဥ္ဇူ အတွက် ငရဲခန်း

ထဲရောက်ခဲ့သလိုပဲ ကိုမျော်ရယ်၊ မဥ္ဇူ အရမ်းကြောက်တာပဲ"

"ဘာမှမကြောက်နဲ့တော့ အားလုံး ပြီးသွားပြီပဲ၊ ဒီလူကြီးကို

ကိုယ်ရင်ဆိုင်ချင်သေးတယ်"

"တော်ပါတော့ ကိုမျော် ရန်မီးမပွားစေချင်ဘူး"

မဥ္ဇူ စိုးရိမ်စိတ်နဲ့ တောင်းပန်မိတာပါ။ ကိုမျော် တစ်ခုခု ဖြစ်မှာ

ကိုလည်း စိုးရိမ်မိ၏။

"အင်းပါလေ ကိုယ် ကတိပေးတယ်၊ မဥ္ဇူ သိက္ခာကိုငဲ့ကွက်ပြီး

ဒီကိစ္စကိုမေ့ထားပေးမယ်"

"ကျေးဇူးတင်ပါတယ် ကိုမျော်ရယ်"

"ကျေးဇူးတင်ဖို့ မလိုပါဘူးကွာ၊ မဥ္ဇူကို ကိုယ်က နှမသားချင်း

အနာစိတ်နဲ့ကူညီတာပါ၊ အဲဒီ ဦးအိုက်ပန်ဆိုတဲ့ လူကြီးက နာမည်ပျက်

တွေရှိတယ်၊ နောက်ဆို မဥ္ဇူ သတိထားရှောင်ပါ"

"မဥ္ဇူ သူ့ကိုမသိဘူး၊ မြင်တောင်မမြင်ဖူးဘူး"

မဥ္ဇူ စကားကို သူအကြွင်းမဲ့ယုံသည်။ မဥ္ဇူ က ငယ်ငယ်ရွယ်



www.burmeseclassic.com

www.burmeseclassic.com



ရွယ် ချောချောမောမောလေး။ အုပ်ထိန်းသူကလည်း အမျိုးသမီးတွေ
ဦးအိုက်ပန် စော်ကားဝံ့တာပဲဖြစ်သည်။

တကယ်ဆို သတ္တိရှိသောသူ မဟုတ်ဆိုတာ သူသိသည်။

''ကိုယ့်ကို စိတ်မဆိုးဘူးဆိုရင် အကြံပေးချင်တယ်''

''အို မဋ္ဌူ ဘာလို့စိတ်ဆိုးရမှာလဲ၊ ပြောပါ စိတ်မဆိုးပါဘူး''

''မဋ္ဌူ တို့က မိန်းမသားတွေချည်းလေ၊ နေတာကလည်း ဟိုတယ်မှာဆိုတော့ ဒီလူကြီး အထင်သေး မလေးစားဘူး။ မဋ္ဌူရဲ့ကြီးမေ အနေနဲ့ တောင်ကြီးမှာနေဖို့ ရည်ရွယ်တယ်ဆိုရင် လူရှိသေရှင်ရှိသေ ကိုယ့်ခြံကိုယ့်ဝင်း အိမ်ရာနဲ့နေသင့်တယ်''

ကိုမျော်စကားတွေက မငြင်းနိုင်အောင် မှန်နေသည်။ ဒါပေမဲ့ ဒါက မဋ္ဌူ ဖန်တီးနိုင်သည့်ကိစ္စမဟုတ်သလို ကြီးမေကိုလည်း အကြံမပေး ရဲပါ။

အားလုံးသည် ကြီးမေရဲ့အစီအမံတွေဆိုတာ ပြောရခက်လိုက် တာ။

''နောက်ပြီး တောင်ကြီးမြို့က လူကုံထံညည့်ခံပွဲ ပါတီပွဲတွေ မှန်သမျှ မဋ္ဌူတို့ရောက်နေတာ မသင့်တော်ဘူး၊ စိတ်မဆိုးနဲ့နော် ကိုယ် စေတနာအမြင်နဲ့ပြောတာ''

ကိုမျော်ရဲ့စေတနာနှင့်အကြံပေးချက်ကို မဋ္ဌူ လက်ခံသည်။

ဒါပေမဲ့ မဋ္ဌူ မှာပြောခွင့်ဆိုခွင့်မရှိတော့လည်း ခက်သည်။ နှုတ်ဆိတ်နေပုံမှတစ်ပါး မဋ္ဌူ မပြောတတ်ပါ။

''ကိုယ်က အကြံပေးတာပါ၊ ဒါပေမဲ့ ဘာမှလည်း မစိုးရိမ်ပါနဲ့ ဒီလူကြီး လုပ်ချင်တာလုပ်လို့မရဘူး၊ ကိုယ်ရှိပါတယ်''





ကိုမျော်ကို မဋ္ဌူ အားကိုးတကြီးငေးကြည့်ရုံကလွဲပြီး ဘာမှ ပြောနိုင်ခဲ့ပါ။

''ကဲ ဒဏ်ရာက သွေးတော့တိတ်သွားပြီထင်တယ်''

စကားလမ်းကြောင်းပြောင်းကာ ကိုမျော်ပြောသည်။ မဋ္ဌူရဲ့ မျက်နှာအရိပ်အကဲကို ဖတ်နိုင်စွမ်းသော ကိုမျော်ကိုတော့ လေးစားမိ သည်။

''ကိုမျော်က ကျွမ်းကျင်သားပဲ၊ မဋ္ဌူ ဆရာဝန်ဆီတောင် သွားဖို့မလိုတော့ဘူး ထင်တယ်''

''ဒီညတော့ သွားဖို့မလိုပါဘူး၊ မနက်ဖြန်တော့ သွားပြလိုက်ဦးနော်၊ တော်ကြာ အနာရင်းနေမှာစိုးလို့၊ အခုချိန်မှာ မသိမသာပေမယ့် ဘကြားနေရာတွေမှာ အတွင်းဒဏ်ရာတွေရချင်ရနေမှာ''

ပြောရင်းနဲ့ ကိုမျော် မဋ္ဌူ လက်က ဆူးခြစ်ရာ ပွန်းပဲ့ရာတွေကို ကြည့်သည်။ ကြောက်စိတ်နဲ့ အန္တရာယ်က လွတ်လိုစိတ်ပြင်းပြပြီး ဘာမှ သတိမထားမိနိုင်တဲ့ မဋ္ဌူ အခုမှ သူ့အဝတ်အစားတွေကို ငုံ့ကြည့်မိသည်။

ချိုပြာရောင် ပွဲထိုင်အဝတ်အစား အသစ်တွေက စုတ်ပြဲရာတွေ နဲ့ အတော်ကိုပျက်ဆီးသွားခဲ့ပါလား။

''မဋ္ဌူ အဝတ်အစားတွေကိုတော့ ဘယ်ဆရာဝန်ကမှ ဖာထေး ပေးနိုင်မှာ မဟုတ်ဘူးဆိုတာ သေချာတယ်''

မီးရောင်အောက်မှာ ဆံပင်လေးတွေက လက်လက်ဖြာပြီး ဆိုးရဲဖြစ်နေတဲ့ သူ့အသွင်ကို မဋ္ဌူ အခုမှရှက်အမ်းအမ်းလေးဖြစ်ရသည်။ ဘကယ့်ကို ဖြူစင်လှတဲ့ သိုးငယ်လေးလိုပါပဲလားဟု သူ တွေးလိုက်မိ ၏။ တက်ရဆင်းရ ပြေးလွှားရနဲ့ မဟုရာဆံနွယ်ကြီးတွေကလည်း ဖွာလန်



www.burmeseclassic.com

www.burmeseclassic.com



ကျဲနေပုံက ရယ်ချင်စရာ။

မျက်လွှာလေးချပြီး နှုတ်ခမ်းလေးတွေက ရှက်ပြုံးလွှမ်းနေပုံက ကလေးငယ်လေးလိုရှိသည်။

ကိုမှော်စိတ်ထဲမှာသာ မဥ္ဇူသက ဆိုတဲ့ကောင်မလေးကို မြင် တိုင်း ကလေးငယ်လေးလို ခံစားနေမိတာ။ ဘယ်ယောက်ျားသားမဆို အရွယ်ရောက်ပြီး မိန်းမတစ်ယောက်ဆိုတာတော့ သတိမပြုဘဲမနေနိုင်

ပါးကလေးတွေ သွေးရောင်လွှမ်းပြီး နှုတ်ခမ်းလေးတွေက ရယ် ချင်စရာဖြစ်နေနိုင်သည်။ ကျော့ရှင်းသော ခန္ဓာကိုယ်လေးက ရမ္မက် အမြင်တွေနှင့်ကြည့်မိလျှင်တော့ စွဲမက်စရာ။

ဦးအိုက်ပန် ကိုယ်တိုင် ပြုမူခဲ့တာကိုပဲ ကြည့်လေ။

သူ တစိမ့်စိမ့်ကြည့်ရင်း မဥ္ဇူလေးအတွက်စိုးရိမ်နေမိတာ ကြီးမေဆိုတဲ့ အဒေါ်ကကော တွေးမိရဲ့လား စဉ်းစားချင်စရာ။ သူ့လို သူစိမ်းယောက်ျားလေးနှင့်မဥ္ဇူကို ယုံကြည်နေပုံကပဲ သံသယဝင်ချင်စရာ ဖြစ်နေသည်။

တွေးရင်း သူ့စိတ်ထဲမှာ အလိုမကျဖြစ်လာသည်မို့ မဥ္ဇူ မျက်နှာ လေးကို အသေအချာစိုက်ကြည့်မိသည်။

ရိုးသားသော မျက်ဝန်းလေးတွေက သံသယဆိုလို့ မြူတစ်မှုန် တောင် ထင်ရက်စရာမရှိ။ ဒါဆို ကြီးမေ ကြောင့်လား။

မမျှသိပ်နိုင်သော သံသယတွေအတွက် သူ သိဂုက်မထားနိုင် တော့။

"ကိုယ့်ကို မင်းအမှန်အတိုင်း တစ်ခုခုပြောစမ်းပါ မဥ္ဇူ"

မဥ္ဇူ မျက်နှာလေးကို စိုက်ကြည့်ကာ သူ မေးခွန်းထုတ်





လိုက်သေး၏။ အခန်းတံခါး ဂုန်းခနဲပွင့်လာတာမို့ လှည့်ကြည့်မိသည်။

မျက်ဝန်းစူးစူးတွေနဲ့ အခန်းဝမှာရပ်နေသူက ဘုန်းသက်မှူး။

မဥ္ဇူ မယုံနိုင်စွာ မျက်ဝန်းလေးတွေပြူးကျယ်ပိုင်းစက်လို့။ မြင် ရတဲ့ အရပ်အမောင်းနဲ့ မတ်မတ်ရပ်နေတဲ့ သူ့မျက်နှာက မာတင်းတင်း။ မျက်လုံးတွေက ဒေါသနဲ့ မီးဝင်းဝင်းတောက်လို့နေ၏။

"မင်းက ဒီလိုခေါ်လာတာကိုး"

ဘုန်းသက်မှူး ခပ်မာမာပြောပြီး အခန်းထဲကိုဝင်လာသည်။ တစ်ချက်ကြည့်လိုက်တာနဲ့ မဥ္ဇူရဲ့စုတ်ပြတ်နေတဲ့ အဝတ်အစားနဲ့ ဖရို ဖရဲအသွင်ကို သတိပြုမိသွားသည်။

သူ့နှုတ်ခမ်းတွေက ကြောက်စရာကောင်းလောက်အောင် တင်း တင်းစေ့ထားရင်း ခြေလှမ်းတွေက အနားကို အလျင်မြန်ဆုံးရောက်လာ သည်။

"မင်း လူယုတ်မာ"

တင်းတင်းဆုပ်ထားတဲ့ လက်သီးက ကိုမှော် ပါးချိတ်ကို ရိုပ်ခနဲ ထိုးဝင်ကျလာ၏။

"အစ်ကို မလုပ်ပါနဲ့"

မဥ္ဇူ အလန့်တကြားတားဖြစ်ပေမယ့် မရတော့ပါ။ ဘုန်းသက် မှူးရဲ့ ဒေါသတွေက ထိန်းချုပ်မနိုင်တော့။

"မင်း ဘာမှဝင်မပြောနဲ့ မဥ္ဇူ။ ဒီလူကြီးလူကောင်း အခွင့် အရေးကောင်းကို ကိုယ် ဘာထင်သလဲဆိုတာ မပြောရသေးဘူး"

"ခင်ဗျားကို ကျုပ် ဆက်သည်းမခံဘူးနော်၊ ဘယ်သူမှကျုပ်ကို ဒီလို မစော်ကားဖူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး အခု ငါစော်ကားတယ်ကွာ၊ အမျိုးကောင်းသမီးလေးကို စော်ကားတဲ့ကောင် တောက်"

"ခွပ်"

"အင့်"

ဒုတိယလက်သီးကို ကိုမှော် ရှောင်သည်။ ဒါပေမဲ့ မေးရိုးကို ရှပ်ထိသွားခဲ့သည်။ ကိုမှော် မျက်ဝန်းတွေ ဒေါသရောင်လက်ဖြာသွားသည်။

အိမ်ပေါ်ရောက်လာပြီး စော်ကားတိုက်ခိုက်နေသည့် ဘုန်းသက်မှူးကို ထိပ်တိုက်ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်၏။

"မင်း လွန်နေပြီ ကဲ ကွာ"

မထင်မှတ်ဘဲ တုံ့ပြန်လာသော လက်သီးက ဘုန်းသက်မှူး ညာဘက်ပါးရိုးဆီ ထိထိမိမိ ထိသည်။ ဘုန်းသက်မှူး မျက်နှာကြီး ရှုံ့မဲ့ နီပြီးသွားခဲ့သည်။

"မင်း ဘယ်လောက်သတ္တိရှိသလဲ လာစမ်း"

"ကောင်းပြီ စော်ကားတာတော့ ကျုပ်လက်မခံဘူး"

နှစ်ဦးသား အပြန်အလှန် လက်သီးချက်တွေ ဆင့်ကဲသွားသည် ထိတာလည်းထိ၊ ရှောင်တာလည်းရှောင်နှင့် ရန်ပွဲက ဒေါသတွေသင့်နေ၏

"မ မလုပ်ကြပါနဲ့ မဥ္ဇူ တောင်းပန်ပါတယ် အဟင့် ဟင့်"

မဥ္ဇူ အထိတ်တလန့်နှင့်အော်ဟစ် တောင်းပန်ပေမယ့် မ နှစ်ဦးသား လုံးထွေးသွားကြသည်။

တားမရသည့်အဆုံး မဥ္ဇူ မျက်ဝန်းလေးတွေ ချောက်ချား ဝိုင်းစက်လို့ရပ်ကြည့်နေရတော့သည်။





ဘယ်ကဘယ်လို ရောက်လာသည်မသိသော ဘုန်းသက်မှူး နှင့် ကိုမှော်တို့ သူတစ်ပြန် ကိုယ်တစ်လှည့် လုံးထွေးနေတာကြည့်ကာ မဥ္ဇူ ဘာမှဝင်မပြောနိုင်။

လုံးထွေးနေရင်းက ကိုမှော်က ဘုန်းသက်မှူးကို အပေါ်က အပ်မိုးခွထိုင်မိသွားသည်။

ကိုမှော် လက်သီးကိုတန်းပြီး အမြောက် မဥ္ဇူ စိုးရိမ်သွားမိ သည်က ဘုန်းသက်မှူးအတွက်

"ကိုမှော် မလုပ်ပါနဲ့"

ရူးရူးရှရှ အော်ဟစ်ထားတဲ့ မဥ္ဇူ အော်သံကြောင့် ကိုမှော် င်သက်တွန့်သွားပြီး လှည့်ကြည့်သည်။

"ခွပ်"

"အင့်"

အောက်မှာလဲကျနေတဲ့ ဘုန်းသက်မှူး အခွင့်ကောင်းကို အပိုင် နိုင်အသုံးချပြီး မေးရိုးကို လှန်ထိုးပစ်သည်။

"အို အစ်ကို မလုပ်ပါနဲ့၊ မလုပ်ပါနဲ့"

မဥ္ဇူ အော်ဟစ်တောင်းပန်သည်။ သူ့ကိုယ်ပေါ်က လွင့်စင်သွား သော စိုင်းမှော်သာတစ်ယောက် ကြမ်းပြင်ပေါ်က ကုန်းထဖို့ ကြိုးစားနေ သည်။

ဘုန်းသက်မှူး ကုန်းထပြီး ဖက်ပိုးကို လက်ဝါးဖောင်းနှင့်ရိုက် ချပစ်လိုက်သည်။

"မ မလုပ်ပါနဲ့ မလုပ်ပါနဲ့ အစ်ကို အဟင့် ဟင့် ဟင့်"

ရှိုက်ကြီးတငင် အော်ငိုနေတဲ့ မဥ္ဇူအသံကြားမှ ဘုန်းသက်မှူး



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်လိုက်မိသည်။ မျက်ရည်စတွေနဲ့ငိုကြွေးနေတဲ့ မဥ္ဇူလေး သူ့ကို နစ်ဦး ရန်ပွဲကြောင့် ထိတ်လန့်နေပြီထင်ရဲ့။

စိုင်းမော်သာ တစ်ယောက်ကြမ်းပြင်မှာ မှောက်လဲကျနေပြီး

မဥ္ဇူ ကြောက်ကြောက်လန့်လန့် ခြေလှမ်းတွေနဲ့ လဲကျနေသော စိုင်းမော်သာ အနီးပြေးကာ ငုံ့ကြည့်သည်။

"အို"

မျက်နှာတစ်ခုလုံး ဖူးယောက်လျက် သွေးတွေရဲရဲနီနေသော စိုင်းမော်သာ မျက်နှာကိုမြင်လိုက်တာမို့ မဥ္ဇူ မျက်ဝန်းတွေပြာဝေသွား ခဲ့သည်။

ခန္ဓာကိုယ်လေးက အရုပ်ကြိုးပြတ်သလို ပုံလဲကျသွား၏။

"မဥ္ဇူ မဥ္ဇူလေး"

ဘုန်းသက်မှူး သတိနှင့်အလိုက်သင့် ထွေးပွေ့လိုက်နိုင်၍သာ ပြိုလဲကျမသွားခဲ့တာဖြစ်သည်။

"မဥ္ဇူ မဥ္ဇူ"

သူ့ခေါ်သံကို မဥ္ဇူ မကြားနိုင်တော့ပါ။ သွေးသံရဲရဲ စိုင်းမော်သာ မျက်နှာကိုကြည့်ကာ ကြောက်လန့်မေ့မျောသွားခဲ့ပြီထင်သည်။

ဘုန်းသက်မှူး ဘာမှစဥ်းစားမနေတော့ဘဲ မဥ္ဇူ ကိုပွေ့ချီကာ ည‌ေ‌ည့်ခန်းထဲက ပြေးထွက်ခဲ့သည်။

ခြံဝအထိ မဥ္ဇူကိုပွေ့ချီပြေးလာသော ဘုန်းသက်မှူးကို မြင် တော့ ခြံရှေ့ကားပေါ်မှထိုင်စောင့်နေသည့် ဒရိုင်ဘာ မောင်စိန် အလန့် တကြားပြေးဆင်းလာရင်း

"ဆ ဆရာ ဘာတွေဖြစ်လာတာလဲ"





"ဘာမှမဖြစ်ဘူး။ ငါတို့ရန်ပွဲကိုမြင်ပြီး သူ ကြောက်ပြီး သတိလစ် သွားတာ"

"ဒါနဲ့ ဟို ဟိုကောင်ကော"

"သူ သတိမေ့ကျန်ခဲ့ပြီ၊ မစိုးရိမ်နဲ့ သေလောက်တဲ့ဒဏ်ရာ မဟုတ်ပါဘူး။ ကဲ ကားကိုမောင်းစမ်းကွာ"

"ဟုတ် ဟုတ်ကဲ့"

ကားနောက်ခန်းလေးထဲမှာ မဥ္ဇူကို သူပွေ့ချီရင်း ဝင်ထိုင်သည်။ ဒရိုင်ဘာက ကားကို ဂူးခနဲမောင်းထွက်သည်။

"မဥ္ဇူ မဥ္ဇူ"

သတိလစ်နေဆဲ မဥ္ဇူလေး ရင်ဘတ်မှာ နားကိုကပ်ပြီး သူ နားထောင်ကြည့်သည်။ နှလုံးခုန်သံက တဒိတ်ဒိတ်တိုးနေဆဲမို့ စိုးရိမ်စိတ် တို့ ပြေလျော့ရသည်။

"ဘယ် ဘယ်ကိုမောင်းရမလဲ ဆရာ"

"ရွှေလိပ်ပြာဟိုတယ်ကို မောင်း"

ရှေ့ခန်းက ဒရိုင်ဘာ အမေးကို ဘုန်းသက်မှူး ဖြေရင်း မဥ္ဇူ ကိုလည်း ထွေးပွေ့ထားရသည်။

ငြိမ်သက်နေဆဲ မျက်နှာလေးကို ငုံ့ကြည့်ကာ သူထွေးပွေ့ဖက် ထား၏။ ရင်ထဲမှာ တသိမ့်သိမ့် ကြည်နူးစိတ်က ရန်ပွဲတုန်းက ဖြစ်ရပ် တို့ ပြန်စဥ်းစားရင်း ခံစားရသည်။

စိုင်းမော်သာ၏ ထိုးနှက်ချက်တွေအောက်မှာ သူ အလူးအလဲ ခံနေရစဥ်က စိုးရိမ်တကြီး အော်ဟစ်လိုက်သော မဥ္ဇူ အသံလေးကို ကြားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သံကောင့်သား မင်းသက်သွားတာကို အခွင့်ကောင်းယူကာ သူ အပိုင်ထိုးလိုက်နိုင်၏။ သူ့အတွက် မဥ္ဇူလေး စိုးရိမ်တတ်ခဲ့တာ သူ့ကို သံယောဇဉ်ကြီးလို့ပဲဟု သူယုံသည်။

မျက်နှာပေါ်မှာ စိုင်းမော်သာ လက်ချက်ဖြင့်ရခဲ့သော ဒဏ်ရာဒဏ်ချက်တွေ ကျန်နေခဲ့ပေမယ့် သူ ကျေနပ်ပါသည်။

မဥ္ဇူလေးရဲ့ဘဝကို သူကယ်တင်နိုင်ခဲ့သည်။ သူ ပုံးရိမ်မိတာက ဦးအိုက်ပန်နှင့် အခုတော့ စိုင်းမော်သာဆိုတဲ့ ကောင်ရဲ့ယုတ်မာမှုက အထင်အရှား။

မဥ္ဇူလေးရယ်။ မင်းတစ်ခုခုဖြစ်ခဲ့ရင် ကိုယ် ရင်ကျိုးရမှာ သေချာတယ်။

ရင်ထဲက စကားတွေပဲ့တင်ရင်း မဥ္ဇူ ခန္ဓာကိုယ်ကို ထွေးပွေ့ထားသည့် တစ်ချိန်လုံး ညှော်ခံပွဲမှာကျန်ရစ်ခဲ့သော ကေသရီကို ဘုန်းသက်မှူး မေ့လျော့နေခဲ့တာ အမှန်။

■ ■ ■



## အခန်း (၁၉)

မျက်ဝန်းတွေကို မဥ္ဇူ ဖွင့်လိုက်တော့ အိပ်မက်ဆိုးက လန့်နိုးလာသည်ဟုပဲ ထင်နေမိသည်။

မဥ္ဇူ ရောက်နေတာ တရိပ်ရိပ် မောင်းနှင်နေတဲ့ ကားတစ်စီးရဲ့နောက်ခန်းထဲမှာဖြစ်သည်။ မဥ္ဇူ အနားမှာ ပူးကပ်ထိုင်ရင်း သိုင်းဖက်ထွေ့ထားသည့် မှူးရဲ့ရင်ခွင်ထဲမှာ။

မဥ္ဇူ မော့ကြည့်မိတော့ စိုးရိမ်ပူပန်စွာ ငုံ့ကြည့်နေတဲ့ မှူးရဲ့မျက်ဝန်းတွေကိုမြင်ရသည်။ ဝင်းမွတ်ရှင်းသန့်နေတဲ့ မှူး မျက်နှာပေါ်မှာ အညိုအမည်းစွဲထင်နေဆဲ ဒဏ်ရာဒဏ်ချက်တွေ ရှိနေဆဲ။

''ဘာမှမကြောက်နဲ့နော် မဥ္ဇူလေး ဘာမှမဖြစ်တော့ဘူး''

မဥ္ဇူ ခန္ဓာကိုယ်လေးကို သိုင်းဖက်ထားရင်း မှူး အသံတိုးတိုးလေးနှင့်ပြောသည်။ မဥ္ဇူ ရင်ထဲမှာ ကြည်နူးလုံခြုံနေသလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပတ်တီးဖြူဖြူ စည်းနှောင်ထားတဲ့ မဥ္ဇူလက်ကလေးကို ညင်သာစွာ မှူး ဆုပ်ကိုင်ထားတာမြင်မှ မဥ္ဇူ ဖျတ်ခနဲ သတိရလိုက်မိသည်။

"ကိုမော် ကိုမော်ကော အစ်ကို"

"စိုင်းမော်သာလား။ သူ့အိမ်မှာ ဖလက်ပြကျန်ခဲ့တာမို့ ဒီကောင် ဂ်ကောင်းပါတယ်၊ ကိုယ်က အသေသတ်ပစ်ချင်နေတာ"

မဥ္ဇူ အလန့်တကြားနဲ့ ခေါင်းလေးခါရမ်းပစ်ရင်း

"ဟင့်အင်း သူ သူ ဘာလုပ်လို့လဲ၊ ဦးအိုက်ပန်ရဲ့လက်က မီး ကို သူကယ်တင်ခဲ့တာပါ၊ မဥ္ဇူကို ခေါ်သွားတာ ဦးအိုက်ပန် အစ်ကိုရဲ့"

"ဘာ ဦးအိုက်ပန် ဟုတ်လား မဥ္ဇူ"

မှူး မယုံနိုင်စွာ ရေရွတ်ရင်း မဥ္ဇူကိုကြည့်နေသည်။

"ဟုတ်တယ် ကိုမော်က မီးကို ကယ်လိုက်တာပါ၊ မီး ရှင်းပြဖို့ ကြိုးစားနေတာ၊ အစ်ကိုက နားမထောင်ဘူးလေ"

မော့ကြည့်နေသော မျက်ဝန်းရွဲကြီးတွေနဲ့ စိုလဲ့နီမြန်းနေတဲ့ နှုတ်ခမ်းလေးတွေကို မှူး ငေးစိုက်ကြည့်နေမိသည်။

"ဘာတွေဖြစ်ခဲ့တာလဲဆိုတာ ကိုယ့်ကို အသေအချာ ရှင်းပြစမ်းပါဦး မဥ္ဇူရယ်"

ရင်ခွင်ထဲမှာ မှိမှိလေးထိုင်နေရာက မဥ္ဇူ ခန္ဓာကိုယ်လေးကို ပြန်မတ်ထိုင်သည်။ သိုင်းဖက်ထားတဲ့လက်တွေကို ဖြေလျော့ပြီး မဥ္ဇူ ပခုံးလေးကို သူဆုပ်ကိုင်ထားမိဆဲ။

"ဦးဝေဖြိုးအိမ်က ပြန်တော့ မီးနဲ့ကြီးမေကို သူတို့ပြန်ပို့ပေးတယ်ထင်မိတာ၊ သူတို့က မီးတစ်ယောက်တည်းကို ခေါ်သွားကြတာ ဦးအိုက်ပန် အိမ်ရောက်တော့ မီးဘဝပျက်တော့မလို့ အခွင့်အရေးရတဲ့ အချိန်လေးမှာ ဖြစ်ချင်ရာဖြစ်ထွက်ပြေးရင်း နောက်ကလိုက်လာတဲ့ ကိုမော် မီးကို ကယ်တင်ခဲ့တာပါ အစ်ကိုရယ်"



အစအဆုံး ပြန်ရှင်းပြနေရင်း မျက်ဝန်းလေးတွေက ပြန်ပြီး ထိတ်လန့်လာတာကို မှူး မြင်နေရသည်။ တကယ့်ကို ကြောက်စရာကောင်းတဲ့ ရေခန်းကြီးက မဥ္ဇူလေး ကံကောင်းထောက်မခဲ့တာပါလား။

မဥ္ဇူ ခန္ဓာကိုယ်လေးကို သူ့ပခုံးမှာမှီထားခိုင်းစေရင်း တင်းတင်းလေးဖက်ထားမိပြန်သည်။ ပတ်တီးဖြူဖြူလေး စည်းနှောင်ထားဆဲ မဥ္ဇူ လက်ကလေးကို မှူး နှုတ်ခမ်းမှာဖိကပ်ပြီး မြတ်နိုးစွာ နမ်းလိုက်သည်။

"တောက် အတော်ယုတ်မာ ပက်စက်လွန်းတဲ့ လူကြီးပဲ၊ ကိုယ် ဒီလူကြီးနဲ့ ရင်ဆိုင်တွေ့ဦးမယ်၊ စိုင်းမော်သာကိုတော့ ကိုယ်ကျေနပ်အောင် တောင်းပန်ရမှာပေါ့"

"မီးကို ကိုမော် ကားတင်ပြေးတယ်လို့ အစ်ကို ထင်လို့လားဟင်"

"အင်း ကိုယ်ထင်မိတာပေါ့၊ ကိုယ် ကေသရီနဲ့အပြင်ထွက်လာခဲ့တော့ ကြီးမေ မူးမေ့လဲနေပြီ၊ ဦးအိုက်ပန်ရဲ့တပည့်တစ်ယောက်က ပြုစုပေးနေတယ်၊ ဝိုင်းနေတဲ့လူတချို့ကိုမေးကြည့်တော့ သူ့တူမကို ကားတင်ပြေးသွားလို့တဲ့လေ၊ လမ်းမကိုကိုယ်လှမ်းကြည့်တော့ စိုင်းမော်သာရဲ့ကားနောက်ပိုင်းလေးကို မြင်လိုက်တာ၊ ဒါကြောင့် သူခေါ်သွားတာလို့ပဲ ထင်လိုက်တာပါ"

"အဲဒါ မီးကို ကိုမော် ကယ်တင်ဖို့လိုက်တာပဲ"

"ကိုယ် ဒါတွေမှ မသိခဲ့တာ၊ ညှော်ခံပွဲထဲမှာ မဥ္ဇူနဲ့တွေ့တဲ့





www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတာ ပိုင်စိုးပိုင်နင်း ပြုမူနေတာတွေကို ကိုယ်မြင်ကတည်းက စိတ်တိုနေတာ၊ စိုင်းမော်သာ နောက်ကိုချက်ချင်းလိုက်ဖို့ လုပ်ပေမယ့် ကိုယ့်ဒရိုင်ဘာ ကားထဲမှာမရှိလို့ လိုက်ရှာရသေးတယ်၊ ကားသော့က သူ့ဆီမှာကိုး''

''ဒါဆို မမ ကေသရီကော ဟင်''

''အင်း မဉ္ဇူ အခုပြောမှ သတိရတော့တယ်၊ ကိုယ် ကေသရီကို အဲဒီမှာပဲ ပစ်ထားခဲ့မိတယ်''

''အားနာစရာ အစ်ကိုရယ်၊ ဒုက္ခပါပဲ''

''မတတ်နိုင်ဘူးကွာ၊ မဉ္ဇူ တစ်ယောက်ကိစ္စကလွဲရင် အဲဒီ အချိန်မှာ ကိုယ့်စိတ်ထဲမှာ ဘာမှမရှိတော့ဘူး''

မျိုး မျက်ဝန်းတွေထဲကို ငေးစိုက်ကြည့်ပြီး မဉ္ဇူ ရင်ခုန်သံတွေ တသိမ့်သိမ့်လှုပ်ခတ်လာရသည်။ မျိုး စကားအဓိပ္ပါယ်က ဘာလဲ၊ မဉ္ဇူ ရင်ထဲမှာ ကြည်နူးကျေနပ်မိတာတော့ အသေအချာ။

ပွေ့ဖက်ထားဆဲ သူ့ရင်ခွင်ထဲက မရုန်းဖယ်ချင်သလို စိုက်၍ ကြည့်နေတဲ့ မျက်ဝန်းတွေကိုလည်း မဉ္ဇူ ရင်မဆိုင်ရဲပါဘူး။

''ကိုယ် မင်းလေးကို စွဲလန်းနေတာ ဝန်ခံတယ် မဉ္ဇူ၊ မင်းကို ကိုယ် ချစ်မိသွားပြီ''

''အို''

ရှက်သွေးက မဉ္ဇူ ပါးပြင်နှစ်ဖက်မှာ ပန်းနုရောင်လွှမ်းသွားသည်။ မျိုးလက်တွေက တင်းတင်းပွေ့ဖက်လို့ မဉ္ဇူ ပါးတစ်ဖက်နှင့်သူ့ပါးကို အပ်ထားသည်။

''ပေးထားတဲ့ကတိအတိုင်း ကြီးမေရှေ့မှာ မဉ္ဇူကို ကိုယ် စကား





ပြောခွင့်မရှိလို့ပေါ့၊ မဟုတ်ရင် စိုင်းမော်သာ အနားက မဉ္ဇူကိုခွဲခေါ်သွားခဲ့ ချင်တာ၊ ကိုယ် မင်းလေးကို ချစ်တယ်၊ မင်းကော ကိုယ့်ကို ဘယ်လို သဘောထားသလဲ သိပါရစေ''

''မီး မီးမပြောတတ်ဘူး အစ်ကို၊ အခုချိန်မှာ မီး ရှက်တာပဲ သိတယ်''

မျိုး ရင်ခွင်ကျယ်ကြီးထဲမှာ မဉ္ဇူ မျက်နှာလေး ဝှက်ထားမိသည်၊ မျိုးကလည်း တင်းတင်းသိမ်းဖက်ထားလို့ ရင်ခုန်သံတွေကိုတောင် မဉ္ဇူ တဒိတ်ဒိတ်ကြားနေမိသလို၊

''ကိုယ်သိပါတယ် မဉ္ဇူရယ်၊ မင်းရဲ့ဖြူစင်တဲ့မျက်ဝန်းလေးတွေ က အဖြေရှိတယ်၊ ကိုယ် မင်းကို မြတ်မြတ်နိုးနိုးကို ချစ်သွားတာ သိလား''

မဉ္ဇူ ဆံနွယ်လေးတွေကို သူ တရှိုက်မက်မက် ငုံ့နမ်းသည်။ ပြီးတော့ နဖူးပြေပြေလေးကို တစ်ချက်ငုံ့နမ်း၏။

မဉ္ဇူ မျက်ဝန်းလေးတွေ မှေးစင်းငြိမ်သက်နေမိသည်။

မျှော်လင့်ထားသော အနမ်းတို့ထပ်ပြီး ကျရောက်မလာခဲ့ပါ။ မဉ္ဇူ မျက်ဝန်းလေးတွေ ဖွင့်ကြည့်တော့ စူးစူးနစ်နစ် ငေးကြည့်နေတဲ့ မျိုးရဲ့မျက်ဝန်းလေးတွေက ကြည်လဲ့နေသည်။

''မဉ္ဇူလေးကို ဟိုတယ်ရှေ့အထိ ကိုယ်လိုက်ပို့ပေးမယ်၊ မနက်ဖြန်ကျရင် ကိုယ်တို့တွေ့ရအောင်နော်''

မဉ္ဇူ ခေါင်းကလေးညိတ်မိသည်။

နှလုံးသားဆီက ကြည်နူးလှိုက်ဖိုမှုတွေက အဆုံးသတ်တော့ ည်မထင်။ မျိုးကို မဉ္ဇူ တကယ်ချစ်ခဲ့တာပါ။ ဒီအတွက် ကြီးမေ



www.burmeseclassic.com

www.burmeseclassic.com



သိရင်ဘယ်လိုမှ လက်မခံနိုင်တာကိုလည်း သိနေသည်။

ဒါပေမဲ့ မဥ္ဇူ ဒီအချိန်မှာ ကြီးမေရဲ့ဒေါသတွေကိုလည် မကြောက်တော့ပါ။ မျိုးရဲ့ ရင်ခွင်ထဲမှာ အရာရာကို မဥ္ဇူ မေ့ထားနိုင်

ဒါ အချစ်ရဲ့ တန်ခိုးတွေကြောင့်လားတော့ မဥ္ဇူ မသိပါ။

မဥ္ဇူ သိတာ မျိုးကို သိပ်ချစ်သည်။

■ ■ ■



## အခန်း (၂၀)

အရုဏ်ဦးရဲ့အလင်းရောင်ဖျော့ဖျော့က အပြင်မှာပေါ်ထွက်လာပြီထင်သည်။ တစ်ညလုံး မျိုး အိပ်မပျော်နိုင်ခဲ့တာ အသေအချာ။

ယောက်ယက်ခတ်နေတဲ့ အတွေးတွေနဲ့ မျိုး အာရုံထဲမှာ တစ်ညလုံး မင်းမူနေခဲ့တာ မဥ္ဇူနဲ့ ကေသရီ။

တောင်ကြီးကို သူ လာခဲ့စဉ်က ကေသရီနဲ့ရှေ့ဆက်ကြမည့် အနာဂတ်ကိုဆွေးနွေးဖို့ဖြစ်သည်။ သူ ဆုံးဖြတ်ထားခဲ့သည်က ကေသရီကို လက်ထပ်မည်။ မာမီနှင့်သူ့အသိုင်းအဝိုင်းက ဘယ်လောက်ပဲ ဆန့်ကျင်ပါစေ သူ ကေသရီကို မစွန့်လွှတ်နိုင်ဟု ။

အခုတော့ အားလုံးသည် မယုံနိုင်စွာ ပြောင်းလဲသွားခဲ့သည်။

မဥ္ဇူသက ဆိုသော မိန်းကလေးသည် သူ့ဘဝကို သည်လောက်အထိ ပြောင်းလဲသွားစေမည်ဟု မထင်ခဲ့မိပါ။



www.burmeseclassic.com

www.burmeseclassic.com



အသေအချာ တွေးကြည့်မှ အမှန်တွေကို သူ မြင်တွေ့သိလာ သည်။ ကေသရီကို သူ ချစ်ခဲ့ မဖြစ်နိုင်ပါ။

ကေသရီကို နှောင်တွယ်ခဲ့တာဆိုလျှင် ဘာကြောင့်များ အလျှင် တကူ သူ့နှလုံးသားက ထွက်ခွာသွားစေမှာတဲ့လဲ။ အနားမှာ ကေသ ရှိနေလျက်နဲ့တောင် မဥ္ဇူက သူ့နှလုံးသားထဲအထိ လှုပ်ခတ်စေခဲ့တ အံ့သြစရာကောင်းသည်။

တကယ်ဆို ဖြူစင်သော ဒီမိန်းကလေးက သူ့ကို ဘာမှယ နှင့်မှ မစွဲဆောင်ခဲ့ပါ။ မညှို့ယူခဲ့ပါ။ သူ့နှလုံးသားကသာ မဥ္ဇူ မညှို့ယူ နှင့် တွယ်ငြိသွားခဲ့ရတာဖြစ်သည်။

ဒါ အချစ်ကလွဲလို့ ဘာဖြစ်နိုင်မှာတဲ့လဲ။

သူ့ရင်ခွင်ကျယ်ထဲမှာ ခေါင်းကလေးအပ်ထားတဲ့ မဥ္ဇူ မျက်န လေးကို မြင်လာမိသည်။ မနမ်းရက် မထိရက်အောင် မြတ်နိုးစရာကော တဲ့ မိန်းကလေးကို သူကြုံခဲ့ရပြီ။

ကေသရီကို သူတွယ်ငြိခဲ့တာ ပူလောင်ပြင်းပြတဲ့ ရမ္မက်တွေ ဆိုတာ တွေးမိလာသည်။ မဥ္ဇူကိုတော့ အဲဒီရမ္မက်တွေ ကင်းစင်ခဲ့တ အသေအချာ။

ရင်ခုန်သံက တငြိမ့်ငြိမ့်လေးလှုပ်ခတ်လို့ လှပသော နှုတ်ခ လေးတွေကို မထိရက်၊ မနမ်းရက် မြတ်နိုးခဲ့မိတာဖြစ်သည်။

မျက်တောင်ကော့ကြီးတွေ ပိတ်ပြီး သူ့အလိုလို ကြည်ဖြူနေခဲ့ မဥ္ဇူလေးအသွင်ကို မမေ့နိုင်သေးပါ။ အခွင့်အရေးမယူခဲ့တဲ့ သူ့စိတ် တောင် သူ အံ့သြခဲ့ရသေးသည်။

အိပ်မရသည့် မျက်ဝန်းတွေကြောင့် မှူး အိပ်ရာပေါ်က ဆ





လိုက်မိသည်။ ရေချိုးခန်းဝင် ကိုယ်လက်သန့်စင်ပြီးတော့ လူက ချမ်း စိမ့်စိမ့်ဖြစ်လာသည်။

မီးလင်းဖိုဘက် ထွက်ခဲ့တော့ ကေသရီ ဓာတ်ပုံလေးက သူ့ကို ခထိတရီ ပြုံးကြည့်နေသည်။

ဟုတ်ပါရဲ့ ။ ကေသရီကို သူမေ့ထားခဲ့မိတာ ပြန်တွေးကြည့်တော့ သိပ်ကို ရိုင်းစိုင်းသွားခဲ့သည်။ ကေသရီ စိတ်ဆိုးနေသည်လား။

ညကလည်း ဖုန်းမဆက်ပါ။ သူကလည်း ဖုန်းဆက်ဖို့ မေ့နေ သည်။ ကေသရီနှင့်သူ့ကိစ္စကို ပြတ်သားစွာရှင်းဖို့တော့ လိုသည်။

မဥ္ဇူနှင့်ပတ်သက်ပြီး သူ့ဘက်က ရှင်းလင်းရမှာ ကေသရီ ကိစ္စပဲဟု စဉ်းစားမိလာ၏။ ကေသရီ သူ့ကို ဘယ်လိုသတ်မှတ်မည်လဲ သိချင်လှ၏။

မာမိနဲ့ကေသရီ ဆန္ဒကျင်ကြသော အသိုင်းအဝန်းအားလုံး ကို ကန့်လန့်တိုက်ချင်စိတ်ကြောင့် သူ ဆုံးဖြတ်ခဲ့တာ အချိန်မီလေးပါ ပဲလား။

ကော်ဖီတောင် မသောက်ချင်။ အခန်းထဲဝင်ပြီး အဝတ်အစား ကိုလဲလှယ်ဝတ်သည်။ သိုးမွေးဂျာကင်ကို အပေါ်က ထပ်ဝတ်သည်။

ဆင်ဝင်အောက်ကိုရောက်တော့ ဒရိုင်ဘာ ဦးနီက သူ့ကို တအံ့ တသြလှမ်းကြည့်ရင်း

"ဆရာလေး အစောကြီး ဘယ်သွားမလို့လဲ"

"ကျွန်တော် အပြင်သွားမလို့ ဦးနီ"

"ဟုတ်ကဲ့ အသင့်ပါပဲ ဆရာလေး"

"မဟုတ်ဘူး၊ ဦးနီ လိုက်မပို့နဲ့၊ ကျွန်တော့်ဘာသာ မောင်း



www.burmeseclassic.com

www.burmeseclassic.com



သွားပါ့မယ်''

ဦးနီ ခေါင်းညိတ်နာခံသည်။ သူ ကားတံခါးဖွင့်ကာ တက်လိုက်

၏။ မည္သူနှင့်ဆုံဖူးသော တောတန်းလေးရှေ့မှာ ကားကိုဖြတ်မောင်းတော

ရင်ထဲမှာ လှုပ်လှုပ်ခတ်ခတ် ခံစားရသည်။

အချစ်ဆိုတာ ဆန်းကြယ်လှပါလား။

မှူး နှလုံးသားက အခုမှပဲ အချစ်ကိုတွေ့ခဲ့တာ ထင်ရဲ့။

■ ■ ■

## အခန်း (၂၁)

''ဘုန်း လာမယ်ဆိုတာ မ သိတယ်''

''မ ကို ကျွန်တော် တောင်းပန်စရာရှိတယ်''

မှူး တည်တည်ငြိမ်ငြိမ်ပဲ ဆိုမိသည်။ ကေသရီက သူ့ရှေ့က

ဆိုဖာထိုင်ခုံမှာ ညင်ညင်သာသာလေး ဝင်ထိုင်သည်။

ကြက်သွေးရောင် ညဝတ်အင်္ကျီရှည်ကြီးကို အဖြူရောင် ခါးစည်း

ပါစည်းနှောင်ထားတဲ့ ကေသရီအသွင်က ရင်ခုန်ချင်စရာကောင်းသည်။

မျက်နှာချင်းဆိုင် ဆိုဖာထိုင်ခုံမှာ ခြေတစ်ဖက်ချိတ်ဝင်ထိုင်တဲ့

ကေသရီက ခုချိန်မှာ သူ့ ရင်ခုန်သံတွေကို မပိုင်စိုးနိုင်တော့တာ

သေချာနေသည်။

''ကော်ဖီ သောက်ဦးလေ ဘုန်း''

တစ်ငုံတောင် မသောက်ရသေးတဲ့ ကော်ဖီခွက်ကို တစ်ချက်





www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း ကေသရီပြောသည်။ ဘုန်း ခေါင်းတစ်ချက်ညိတ်ပြီး ကော်ဖီ ခွက်ကို လှမ်းယူပုံက အသက်မဲ့ စက်ရုပ်တစ်ရုပ်နဲ့တူနေသည်။

ဘုန်း ဘာတွေဖြစ်နေတာလဲ။ ကေသရီ အသက်တောင် မရှူ နိုင်ပါ။ မနေ့ညက တစ်ညလုံး တွေးပြီး ကြောက်ခဲ့ရသော စိတ်တွေက ပြန်ပြီး တိုးဝင်လာသလိုပါပဲ။

တောင်ကြီးရောက်ခဲ့ပြီးမှ ပြောင်းလဲသွားခဲ့သော ဘုန်းသက်မှူး ရဲ့အပြုအမူတွေကို ကေသရီ မသိတာမှ မဟုတ်တာ။

ဘုန်း ပြောင်းလဲသွားတာ အသေအချာ။

မော့သောက်နေတဲ့ ကော်ဖီခွက်ကို ပြန်ချပြီး လှမ်းကြည့်တဲ့ ဘုန်း မျက်ဝန်းတွေထဲမှာ ကေသရီ စိုးရိမ်နေသော အရိပ်တွေရှိနေပြီ ထင်၏။ မနေ့က ဘုန်း ပြုမူသွားတဲ့ အပြုအမူက ကေသရီ နှလုံးသားကို ဓားသက်ထက်နဲ့ ထိုးစိုက်ခဲ့သလို ခံစားခဲ့ရသည်။

"မနေ့က ကိစ္စအတွက် ကျွန်တော် ရိုင်းစိုင်းသလိုဖြစ်သွားရင် တောင်းပန်ပါတယ် မ၊ မချူ အတွက် စိုးရိမ်လွန်ပြီး မ ကို ထားခဲ့သလို ဖြစ်သွားတာလေ"

"ရတယ် ဘုန်း ၊ အဲဒါ မ ခွင့်လွှတ်နိုင်တယ်"

"ကျွန်တော် မ ကိုပြောစရာတွေ ရှိသေးတယ်"

"ကော်ဖီတွေကို အရင်သောက်လိုက်ပါဦး ဘုန်းရယ်၊ ပြီးမှ အေးအေးဆေးဆေး ပြောလည်းရပါတယ်"

ကေသရီ ဆိုတော့ ဘုန်းသက်မှူး ပင့်သက်မောကိုချရင်း ကော်ဖီ ခွက်ကို ပြန်ကောက်ယူသည်။

ပခုံးကားကားနဲ့ ရှင်းသန့်ချောမွေ့လှတဲ့ မျက်နှာသွင်ပြင်ကို





ကေသရီ ငေးကြည့်နေမိသည်။ အမြဲတမ်း မြင်တွေ့ဖူးသော မျက်နှာဖြစ် ပေမယ့် ကေသရီစိတ်ထဲမှာ သည်နေ့မှ ဘုန်းအသွင်က ပိုမိုစွဲမက်စရာ ကောင်းနေသည်ဟု ထင်မိသည်။

ဘုန်း လည်တိုင်ကိုဖက်တွယ်ကာ ရင်ထဲက ခံစားချက်တွေကို ဖွင့်ဟပြောပစ်လိုက်ချင်တာ။

ဟိုးအရင်တုန်းက ဘုန်းအပေါ် သူမ တွယ်ငြိခဲ့တာ အချစ်ဆို သော အရာထက် ဘုန်းသက်မှူးရဲ့ ပိုင်ဆိုင်မှုနဲ့ယောကျ်ားပီသ ခန့်ညား မှုတွေကသာ အဓိကကျခဲ့၏။

မနေ့ကတော့ သူမရှေ့မှောက်မှာ ဘုန်းသက်မှူး မချူသက ဆိုသော မိန်းကလေးကို အရေးစိုက်သွားတာ မြင်တော့ ရင်ထဲမှာ ခံစား လိုက်ရသည်။

ဘုန်းသက်မှူးဆိုသော ယောကျ်ားတစ်ယောက်ကို တကယ် စွန့်လွှတ်ရတော့မှပဲ ကေသရီ ထိတ်လန့်သွားရ၏။

မနေ့က ဖြစ်ရပ်က ကေသရီကို တစ်ညလုံး အိပ်မပျော်ဖြစ်ရ သည်။ ဘုန်း သူမအနားကနေ တခြားသော မိန်းမတစ်ယောက်ဆီပါ သွားမှာတွေးရင်း ရင်ထဲမှာ ဆို့နစ်လာမိ၏။ မနာလိုဝန်တိုစိတ်နဲ့ ကေသရီ နှလုံးသားတွေ တစ်စစီဖွဲ့ခြွေခံလိုက်ရသလို နာကျင်ရ၏။

ဟိုးအရင်က ဘုန်းကို ကေသရီ ရင်ထဲက နှစ်နှစ်ကာကာ ချစ်မှန်းမသိခဲ့ပါ။ အခုတော့ ကေသရီ သိခဲ့ရပြီ။

သူမ နှလုံးသားက ဘုန်း မရှိလို့ မဖြစ်ပါ။ ဘုန်း အသိုင်းအဝန်း က သူမကို မကြည်ဖြူတာလည်း သိသည်။ ဒါကို မခံချင်စိတ်နှင့် ဘုန်း ကို အရတွဲပြခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



သူမထက် ဘုန်း အသက်ငယ်ပေမယ့် ယောက်ျားပီသ ခန့်ညား မှုကြောင့် ကေသရီ အားကိုးမိသည်။ ဘုန်းက ချစ်မိပြီဆိုလျှင် အခြား သူတွေထက် ပိုချစ်တတ်တာ ကေသရီ အသိဆုံး။

"မ ကို ကျွန်တော် ပြောစရာတွေ အများကြီးရှိတယ်"

ကြားလိုက်ရတဲ့စကားသံကြောင့် ကေသရီ တွန့်ခနဲ ဖြစ်သွား ရသည်။ မော့ကြည့်တော့ ဘုန်း မျက်နှာကတည်ငြိမ်လို့

"ပြောစရာဆိုတာထက် ဝန်ခံချင်တာရယ်၊ တောင်းပန်ချင်တာ ရယ်ပါ"

ဝန်ခံချင်တာတဲ့။ တောင်းပန်ချင်တာတဲ့။ ဘုန်း ဘာကို ဆိုလို တာလဲ ကေသရီ သဘောပေါက်မိသလိုပါပဲ။

ကေသရီ အနားက ဘုန်း ထွက်သွားချင်ပြီပေါ့။ ကေသရီထက် နုပျိုပြီး ချစ်စရာကောင်းတဲ့ မဍ္ဍူဆီမှာ သူ့နှလုံးသားတွေ ငြိတွယ်သွား ပြီလား။

ဘုန်းကို ကေသရီ လက်လွှတ်ဆုံးရှုံးလိုက်ရပြီဆိုတာ လုံးဝ သေချာခဲ့ပြီထင်ရဲ့။ ကေသရီ ရှေ့မှောက်မှာ ရှိနေပေမယ့် ဘုန်းရဲ့မျက်ဝန်း တွေက ဟိုးအဝေးကို ငေးနေသလိုပဲလေ။

သေချာပါတယ်။ ဘုန်းသက်မှူးရဲ့ နှလုံးသားက မဍ္ဍူဆီမှာ ရောက်သွားခဲ့ပြီဆိုတာ။

တစ်ညလုံး စဉ်းစားထားတဲ့ တုံ့ပြန်မှုတစ်ခုတော့ ကေသရီ လုပ်မှဖြစ်တော့မည်။ ဒါ ဘုန်းကိုချစ်မိတဲ့ ကေသရီဘက်က ပထမဆုံး ပေးဆပ်ခြင်းပါ။

ဘယ်ယောက်ျားကိုမှ မချစ်ခဲ့ဘူးတဲ့ ကေသရီ ဘုန်းကို ချစ်ခဲ့





တယ်။ ဒါကို ဘုန်းသိမှာ မဟုတ်တော့ပါ။ ကေသရီ ပြောခွင့်လည်း ရှိတော့ပါ။

ပင့်သက်မောကိုရှိုက်ရင်း ကေသရီ ထရပ်လိုက်မိသည်။

"မ အရင်ပြောပါရစေ ဘုန်း"

ဘုန်း ကေသရီကို မော့ကြည့်သည်။ ကေသရီ ခြေလှမ်းတွေက မီးလင်းဖိုနားကို တရွေ့ရွေ့လှမ်းသွား၏။

"ဒီည ဘာဖြစ်တယ်ဆိုတာ ဘုန်း မပြောခင် မ အရင်ပြောပါ ရစေ၊ မနေ့ညဦးက ကိုကျော်စွာ မ ဆီရောက်တယ်"

"ဟင် ကိုကျော်စွာ လာတယ် ဟုတ်လား"

"ဟုတ်တယ် ပြင်ဦးလွင်ကနေလာတာတဲ့၊ သူ့ဦးကြီး ဦးစံမြင့် ဆုံးသွားပြီတဲ့၊ သူ့ကိုလည်း အမွေတွေပေးခဲ့တယ်တဲ့"

"ဟုတ်လား ပြောပါဦး မ"

"သူကပြောတယ်၊ သူ့ညီကလည်း မိန်းမနဲ့ကွာရှင်းလိုက်ပြီတဲ့ မိန်းမက နောက်အိမ်ထောင်ပြုမှာမို့ ကလေးနှစ်ယောက်ကို ထားခဲ့တယ်၊ အဲဒီ ကလေးတွေကို သူက မွေးစားတယ်လေ၊ အခု ကလေးတွေကို သူ့ဦးကြီး အမွေပေးခဲ့တဲ့ ပြင်ဦးလွင်က အိမ်ကြီးကိုခေါ်သွားမယ်တဲ့"

ကေသရီက မီးလင်းဖိုနံဘေးမှာ ရပ်ရင်း ပြတင်းတံခါးအပြင် ဘက်ကိုကြည့်ကာ ပြောနေသည်။ မျူး ငြိမ်သက်စွာ နားထောင်လို့နေမိဆဲ။

"ကိုကျော် ပြောတာ နောက်တစ်ခုရှိသေးတယ်၊ မ လာနေမယ် ဆိုရင် ပြင်ဦးလွင်က အိမ်မှာ အခန်းတစ်ခန်း အဆင်သင့်ပါပဲတဲ့"

ကေသရီ စကားစဖြတ်ပြီး ဘုန်းကိုကြည့်သည်။ ဘုန်း မျက်ဝန်း တွေထဲမှာ လှုပ်ခတ်မှုတွေတစ်ခုမှ မရှိ။ ပကတိ တည်ငြိမ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ မ ကိုပြန်ပေါင်းချင်တယ်၊ မနဲ့သူ ကွဲကွာခဲ့ကြပေမယ့် သူ့စိတ်ထဲမှာ မ ကိုသူ့ဇနီးလို့ပဲထင်နေဆဲပဲဟဲ့"

"ကိုကျော်စွာက မ ကိုတကယ်ချစ်ရှာသူပါ၊ မ အတွက် အကောင်းဆုံးအဖော်လို့ ကျွန်တော် ယုံကြည်တယ်"

ဘုန်း နှုတ်က ထွက်လာသည့်စကားက ကေသရီ ရင်ထဲကို စူးစူးနစ်နစ် တိုးဝင်သည်။ ဒါ ဘုန်းရဲ့အဖြေပဲပေါ့။

"မ ကိုသိပ်အဆိုး မထင်ပါနဲ့ ဘုန်း၊ မ ဆုံးဖြတ်လိုက်တယ် ကိုကျော်နဲ့မိဘမဲ့ကလေးနှစ်ယောက်ကို ထိန်းသိမ်းစောင့်ရှောက်မယ်၊ အိမ်ရှင်မဘဝကို မ အလိုရှိတယ်၊ မ သူ့ဆီပြန်သွားမှ ဖြစ်မယ်လေ၊ အဲဒါ ဘုန်းကို ပြောပြချင်လို့"

တောက်ပဝင်းလက်သွားတဲ့ ဘုန်း မျက်ဝန်းတွေထဲက အရိပ်တွေကို ကေသရီ ငေးကြည့်မိသည်။ ဝမ်းသာသွားပြီလား ဘုန်း။ မင်း ပြောရခက်နေတဲ့ စကားတွေအတွက် မ လည်းမကြားရပါဘူး။

"မ ဘယ်တော့သွားမှာလဲ ဟင်"

"နှစ်ရက်အတွင်း မ ရန်ကုန်ပြန်မယ်၊ ပြီးတာနဲ့ ပြင်ဦးလွင်ကို သွားမယ်၊ ဒီတောင်ကြီးက ခြံနဲ့တိုက်ကိုတော့ နောက်မှ အပြီးရောင်းဖို့ စီစဉ်မယ် ဘုန်း"

ကေသရီ နှုတ်က သည်လောက်အထိ ယတိပြတ်စကားတွေကို ကြားရမည်ဟု မှူး ထင်မှတ်မထားခဲ့မိပါ။

ခင်ပွန်းဟောင်းဆီ ပြန်တော့မည်ဆိုတော့ မ အတွက် သူ ကျေနပ်ဝမ်းသာပါသည်။

"ကျွန်တော် မအတွက် ဝမ်းသာပါတယ် မ၊ အကောင်းဆုံးကို မ ဆုံးဖြတ်လိုက်တာပါပဲ၊ ကျွန်တော့်သည်း မကိုပြောချင်တာ၊ မနဲ့ကျွန်တော် ဘတ်လမ်းကိုဖြတ်ဖို့ပါပဲ၊ ကျွန်တော် အချစ်ကိုရှာတွေ့ခဲ့ပြီ မ"

"အချစ် ဟုတ်လား ဘုန်း"

"ဟုတ်တယ် မ၊ ကျွန်တော် မဥ္ဆုလေးကိုချစ်တယ်၊ ဘာ ဘယ်မက်မှုမှမပါဘဲကို ချစ်မိတာ၊ ကျွန်တော့် ဘဝမှာတစ်ခါမှ မခံစားရ ဖူးတဲ့ အချစ်ပါ"

ကြည့်စမ်း ဘုန်း မျက်ဝန်းတွေထဲမှာ တောက်ပနေတဲ့ ရောင်စဉ် တွေ။ ကေသရီ တစ်ခါမျှ မမြင်ဘူးတဲ့အရာတွေပေါ့။ ဒါ အချစ်ကြောင့် လား။

ကေသရီနဲ့တွေ့တိုင်း ဘုန်း အသွင်က မာကြောကြောနဲ့ ပြင်း ထန်နေတတ်ခဲ့တာ။ ဒီလိုသိမ်မွေ့မှုတွေ တစ်ခါမှမရှိခဲ့။ မ ကိုကျွန်တော် ချစ်တယ်ဟု နှုတ်ကပြောရင်း အနမ်းတွေဝေခဲ့တာ။ အချစ်ကြောင့် မဟုတ်ဘူးပေါ့။

"အချစ်ဆိုတာ ပူလောင်တဲ့ရမ္မက်တွေ မဟုတ်ပါဘူး မရယ်၊ ဒါကို ကျွန်တော် သိလိုက်ပါပြီ၊ ကိုကျော်စွာကလည်း မကို အဲဒီလို ချစ်ခဲ့တာလို့ ကျွန်တော် ယုံတယ်၊ မ ကံကောင်းပါတယ်"

ကံကောင်းတယ်တဲ့လား ဘုန်းရယ်။ အချစ်ဆိုတဲ့ ခံစားမှုတစ်ခု ကို ပိုင်ဆိုင်ခံစားလိုက်ရပြီးမှ အဲဒီ အချစ်ကို မရနိုင်တော့တာ မ ကံ ကောင်းတာတဲ့လား ဘုန်းရယ်။

နှုတ်ဆက်စကားဆိုပြီး ဘုန်း ထွက်သွားတော့ အပြင်ဘက်မှာ နံနက်ခင်းက နေခြည်နုနုနဲ့လှပလို့နေသည်။

ကေသရီ ညှော်ခန်းထဲမှာ တောင့်တောင့်လေးရပ်နေမိသည်။







www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်သွားတဲ့ အခန်းထဲမှာ ဘာဆိုဘာမှ မရှိတော့တာ သေချာသည်။ ဘုန်းသက်မှူး ဆိုတာ ကေသရီ အနားက ဒါအပြီးအပိုင် နှုတ်ဆက်ထွက်သွားခဲ့တာ သေချာခဲ့ပြီ။

ဘုန်း ထိုင်သွားတဲ့ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်လိုက်မိချိန်အထိ ကေသရီ သက်မဲ့ရုပ်တုတစ်ခုလိုပဲ ရှိသည်။

ပါးပြင်တွေမှာ ပူနွေးလာတဲ့ခံစားမှုကြောင့် လက်နဲ့စမ်းသပ်ကြည့်တော့ မျက်ရည်တွေပါလား။

ယောက်ျားတစ်ယောက်ကြောင့် မျက်ရည်မကျဖူးတဲ့ ကေသရီဆိုတဲ့ မိန်းမငိုနေမိတာလား။

ဟုတ်တယ်။ ကေသရီ ငိုကြွေးပါရစေ။ တစ်သက်မှာ တစ်ခါပဲ ခံစားပိုင်ဆိုင်ဖူးတဲ့ အချစ်အတွက် ကေသရီ ငိုကြွေးပါရစေတော့။

အချစ်ဆိုတဲ့အရာအတွက် ကေသရီ မျက်ရည်ကျတတ်ခဲ့ပြီလေ။

■ ■ ■



## အခန်း (၂၂)

နံနက်ခင်း နေခြည်နုနုကို မျက်နှာမော့ကြည့်နေသည့် ပန်းကလေးတွေကို မှူးငေးကြည့်နေမိ၏။

ရင်ထဲမှာ ကြည်နူးစိတ်တွေနဲ့ ပျော်ရွှင်နေတာတော့ အမှန်ပင်။

ဘုရားပေါ်မှာ မှူး ရောက်နေခဲ့တာကြာပြီ။ မဠ္ဍုရောက်လာမယ်ဆိုတာ မှူး အကြွင်းမဲ့ယုံသည်။

ဒါကြောင့်လည်း မှူး ဘုရားရင်ပြင်ပေါ်က ထိုင်စောင့်နေမိတာ မိနစ်နှစ်ဆယ်ကျော်ပြီ။

မှန်ဦးဝမှာ ရိုပ်ခနဲမြင်လိုက်သော နီပြာရောင်ဝတ်စုံလေးနှင့် မဠ္ဍု ကိုမြင်လိုက်တော့ မှူး ဆတ်ခနဲထရပ်လိုက်မိသည်။

လှေကားထစ်ဖြူဖြူလေးတွေအတိုင်း လှမ်းတက်လာတဲ့ မဠ္ဍုက မှူးကို အပြုံးနဲ့နှုတ်ဆက်သည်။ ဘုရားဝင်းထဲမှာ အလှေ့ကျပေါက်နေ



www.burmeseclassic.com

www.burmeseclassic.com



သော တောပန်းလုလုလေးတောင် မှေးမှိန်သွားသလိုပါပဲ။

"မဥ္ဇူလေး လာမယ်ဆိုတာ ကိုယ်သိတယ်"

"ရောက်နေတာ ကြာပြီလား ကို"

"ဟင့်အင်း မကြာသေးပါဘူး၊ လာကွာ ဘုရားဝတ်ပြုရအောင် နော်၊ ဘုရားပန်းတွေကော၊ ဆီမီးတွေကော ကိုယ်ဝယ်ထားတယ်"

မဥ္ဇူ ခေါင်းကလေးညိတ်သည်။ နှစ်ဦးသား ရုပ်ပွားတော် ရှေ့မှောက်မှာ ဦးခိုက်ဝတ်ပြုလိုက်သည်။ ပြီးမှ ဘုရားပန်းအိုးမှာ ပန်းတွေ ပူဇော်သည်။ ဆီမီးနှင့်အမွှေးတိုင်တွေ ထွန်းညှိပူဇော်တော့ မှူးက အလိုက် တသိနှင့်မီးခြစ်ကလေးထုတ်ပေးသည်။

မဥ္ဇူ လက်အုပ်ကလေးချီကာ တီးတိုးဆုတောင်းနေတာကို မှူး ရပ်ငေးကြည့်ရင်း စောင့်ပေးသည်။ ပြီးမှ မဥ္ဇူ ပြုံးပြုံးလေး သူ့ကိုလှမ်း ကြည့်သည်။

"မဥ္ဇူနဲ့ကိုယ် စကားပြောချင်တယ်"

"မီး တစ်ယောက်တည်းပါ ကိုရဲ့၊ ဒီမနက် သစ်သစ် နေမ ကောင်းလို့ မီး တစ်ယောက်တည်းလာခဲ့တာလေ"

"ဟုတ်လား ဒါဆို ပိုပြီးကောင်းတာပေါ့၊ ဒါပေမဲ့ ဘုရားရင်ပြင် ပေါ်ကြီးမှာ သင့်တော်ပါ့မလားဟင်"

မဥ္ဇူ နွေးနွေးကလေးပြုံးပြီး မှူးကိုကြည့်သည်။

"သင့်တော်ပါတယ် ကိုရယ်၊ မီးတို့က အပူတွေ သောကတွေကို ဖယ်ထားပြီး ဘုရားကိုတိုင်တည်ကြတာ မဟုတ်လား၊ ဒီတော့ ပျော်ရွှင် မှုတွေကိုလည်း ဘုရားရှေ့မှောက်မှာ ဘာလို့မတိုင်တည်နိုင်ရမှာလဲ ကိုရဲ့"

ဒီလိုကျတော့လည်း ကလေးဆန်လွန်းသည့် မဥ္ဇူက ရင့်ကျက်





နေပြန်၏။

"မဥ္ဇူ ပျော်နေတာပေါ့ ဟုတ်လား"

ရင်ထဲမှာ အပျော်တွေပြည့်သိပ်နေတာမို့ မဥ္ဇူ ခေါင်းကလေးပဲ ညိတ်ပြနိုင်သည်။ ဒါပေမဲ့ သူမ ကိုယ်လုံးလေးတုန်ခါနေပြီး မှူး ဆုပ်ကိုင် ထားတဲ့ လက်ကလေးတွေလည်း တုန်ယင်နေသည်ကို မှူးသိနေသည်။

"ကိုယ် ဘာပြောချင်သလဲဆိုတာ မဥ္ဇူ သိမှာပါ၊ ကိုယ် မဥ္ဇူ လေးကို လက်ထပ်ချင်တယ်၊ ယောကျ်ားတစ်ယောက်က မိန်းမတစ် ယောက်ကို ချစ်နိုင်တာထက်ပိုပြီး မဥ္ဇူလေးကို ကိုယ်ချစ်တယ်၊ ကိုယ့်ကို လက်ထပ်ပြီးရင် မဥ္ဇူကို တစ်သက်လုံး ကိုယ်ကာကွယ်စောင့်ရှောက်မှာ ယုံပါ"

ချစ်ရည်လည်နေတဲ့ မျက်ဝန်းတွေထဲမှာ ပျော်ရွှင်မှုတွေနဲ့ ဝင်းပ နေတဲ့ အဖြေကို မှူး မြင်နေရသည်။ ဒါပေမဲ့ မဥ္ဇူ နှုတ်ဖျားလေးက ဖြေတဲ့အဖြေကိုပဲ မှူး စောင့်နေသည်။

"မဥ္ဇူလည်း ကို့ကို သိပ်ချစ်ပါတယ်"

တိုးတိုးညင်ညင်အသံလေးက ရင်ထဲက လွင့်လာတဲ့ ဆည်း လည်းသံလေးဟု ခံစားရသည်။ မဥ္ဇူ လက်ကလေးကို တင်းတင်းဆုပ်ကိုင် ပြီး မှူး ညင်သာစွာ နမ်းရှိုက်လိုက်သည်။ စုံစုံမက်မက် မြတ်မြတ်နိုးနိုး သန့်စင်တဲ့ အနမ်းဆိုတာ သူပဲအသိဆုံး။

ပခုံးဝိုင်းဝိုင်း အိအိလေးက မှူးပခုံးစွန်းကို ခေါင်းကလေး မှီ ထိကပ်လာ၏။

"ချစ်တယ် မဥ္ဇူရယ်၊ မဥ္ဇူလေးက ကိုယ့်ဘဝပါ"

မဥ္ဇူ မျက်နှာလေးကိုမော့ကြည့်သည်။ ပြီးမှ ရှမ်းရှမ်းပပ ပြုံး ရင်း တိုးတိုးလေးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ခြင်းမေတ္တာဆိုတာ သိမ်မွေ့နူးညံ့ပေမယ့် ခိုင်ကျည်ပါတယ် ကိုရယ်"

"မဥ္ဇူ ယုံတယ်ပေါ့"

"မြင့်မြတ်တယ်၊ ကြည်ညိုစရာကောင်းတယ်လို့ မီး အကြွင်း ယုံပါတယ် ကို၊ မီး ကို့ကို အဲဒီလောက်ထိချစ်တာပါ"

သန့်ရှင်းကြည်လင်တဲ့ အသံလေးကို ကြားရတော့ မှူး ရင်ထဲ ချမ်းမြေ့လာမိသည်။ သည်လိုခံစားမှုမျိုး ကေသရီနဲ့တုန်းက မခံစားရ ခဲ့ပါ။ မဥ္ဇူလေးမျက်နှာလေးကို ငေးမောနေရတာနဲ့ ရင်ထဲချမ်းမြေ့သည်

ဒါ အချစ်လို့ မှူး ယုံသည်။

"မီး တို့ပြန်တော့မနော်"

ပင့်သက်နက်နက်လေး ရှိုက်ရင်း မဥ္ဇူ ဆိုသည်။ သူတို့နှစ်ဦး လက်တွဲပြီး ရင်ပြင်ပေါ်က ဆင်းခဲ့ကြသည်။

"ကို့ကားပါသလားဟင်၊ မပါရင် အတူလမ်းလျှောက်ပြန်ကြ မယ်လေ"

"ပါတယ် မဥ္ဇူ ကိုယ်လိုက်ပို့ပေးမှာပေါ့၊ ခဏလေးစောင့်နော်"

ရပ်ထားတဲ့ ကားဆီကို မှူး ခပ်သွက်သွက်သွားတာ မဥ္ဇူ ငေးကြည့်မိသည်။ ထောင်ထောင်မောင်းမောင်း ခန့်ညားတဲ့အရုပ်အမောင်း နဲ့ ကို့အသွင်က မဥ္ဇူကို မြင်ကတည်းက မြတ်နိုးချစ်မိသွားခဲ့တာ။

ရပ်ထားတဲ့ပါရာဒို ကားပေါ်တက်ပြီး မဥ္ဇူ အနားကို မှူး မောင်းလာသည်။ တံခါးကိုဖွင့်ပေးတော့ မဥ္ဇူ ဝင်ထိုင်လိုက်သည်။

"ထင်းရှူးတောလမ်းလေးက ဖြတ်ပြန်ကြမယ်နော် မဥ္ဇူ ကိုယ် တို့ဆုံခဲ့ကြတဲ့ နေရာလေးကိုကြည့်ချင်လို့"

မဥ္ဇူ နှုတ်ခမ်းလေးတွေ ပြုံးကာ ခေါင်းကလေးညိတ်သည်။





ကားလေးက ရှင်းလင်းတိတ်ဆိတ်သည့် မြို့အပြင် လမ်းက လေးအတိုင်း မောင်းထွက်လာသည်။

"ဟင် ဒါ ဦးအိုက်ပန်ပဲ"

မျက်နှာချင်းဆိုင်က အသောနှင်ပြီးစီးလာတဲ့ မြင်းညိုကြီးပေါ်က လူကို မသဲကွဲပေမယ့် မှူး မှတ်မိနေသည်။ မဥ္ဇူက မျက်ဝန်းလေးတွေ ဝိုင်းစက်ထိတ်လန့်နေပြီ။

"ပြ ပြဿနာထပ်မဖြစ်ပါနဲ့ ကိုရယ်"

တင်းခနဲ ဖြစ်သွားတဲ့ ဒေါသကိုဖြေလျှော့ပြီး မှူး ခေါင်းညိတ်ပြသည်။ ဦးအိုက်ပန်ကို မကျေနပ်ပေမယ့် မဥ္ဇူရှေ့မှာ ပြဿနာမဖြစ် စေချင်လို့ပါ။

"သူ့ကိုမြင်ရင် မဥ္ဇူ ကြောက်မှာစိုးလို့ သတိပေးတာပါ၊ ဘာမှ မကြောက်နဲ့၊ ဒီလူကြီးကို ဂရုစိုက်မနေနဲ့"

မဥ္ဇူ ခေါင်းကလေးညိတ်ပြရှာသည်။ သူ့ကားကိုမှတ်မိသွားလို့ ကားမှန်ထဲက နှစ်ယောက်စလုံးကို မြင်သွားသော ဦးအိုက်ပန်မျက်နှာက တင်းခနဲ။

သူ့လမ်းသူသွားမယ်ထင်ထားပေမယ့် ဦးအိုက်ပန်က မှူးကား ရှေ့မှာ မြင်းကိုထိပ်တိုက် ဦးတည်ရပ်လာတာမို့ မှူး အံ့အားသင့်သွား သည်။

"ခင်ဗျား ဘာလုပ်တာလဲ ဦးအိုက်ပန်"

"ခင်ဗျားနဲ့စကားပြောချင်လို့ ရပ်လိုက်တာ ဦးဘုန်းသက်မှူး၊ ကဲ ခင်ဗျားဆင်းခဲ့မလား၊ ကျွန်တော် လာရမလား ပြော"

မဥ္ဇူ ခန္ဓာကိုယ်လေး တုန်နေတာကို မှူး သိသည်။ မှူး



www.burmeseclassic.com

www.burmeseclassic.com



အံကိုတင်းခနဲကြိတ်ကာ မဉ္ဇူကို ငဲ့ညှာစွာနှင့် ဦးအိုက်ပန်စကားကို နား
ပြလိုက်၏။

ကားတံခါးဖွင့်ဆင်းတော့ မဉ္ဇူ သူ့လက်ကိုလှမ်းဆွဲကာ တာ
သည်။

''မစိုးရိမ်နဲ့မဉ္ဇူ ဘာမှမဖြစ်စေရဘူး။ ကိုယ် ကတိပေးတယ်''

မဉ္ဇူ ကိုပြောပြီး ကားရှေ့လမ်းမှာ ပိတ်ရပ်ထားတဲ့ ဦးအိုက်ပ
ဆီ သူလျှောက်ခဲ့သည်။ ဦးအိုက်ပန်က မြင်းပေါ်က လွှားခနဲ ခုန်ဆင်
ပြီး သူ့ကိုကြိုသည်။

''ဘာပြောမှာလဲ''

ဘုန်းသက်မှူး အသံက မာဆတ်ဆတ်။

''နေ့လယ်လောက် ခင်ဗျားဆီ ကျွန်တော် လာတော့မလို့
ဘုန်းသက်မှူး။ ဘာလို့လဲဆိုရင် ခင်ဗျားကို ကျွန်တော်ပြောမယ့်စကား
ဂုဏ်သရေရှိအမျိုးသမီးတစ်ယောက်ရှေ့မှာ မပြောသင့်ဘူးဗျ ဟား ဟား''

စကားအဆုံးမှာ ကားထဲမှ မဉ္ဇူကိုလှမ်းကြည့်ကာ ဦးအိုက်ပ
ရယ်သည်။ သူ့ရယ်သံက လှောင်သံစွက်နေ၏။

''ဦးအိုက်ပန် ခင်ဗျား ဘာပြောမှာလဲ၊ ပြောစမ်းဗျာ၊ ပြီးရ
ခင်ဗျား ကျုပ်ရှေ့က ထွက်သွားတော့ မဉ္ဇူလေးကားပေါ်ပါလာလို့ ကျ
သည်းခံနေတာနော်''

ဒေါသကိုချုပ်ထိန်းရင်း မှူးဆိုတော့ ဦးအိုက်ပန် ဟက်ဟ
ရယ်ရင်း

''အပျွန်း အပြစ်ကင်းစင်တဲ့ အပျိုလေးကို ကာကွယ်ဖို့ ခင်ဗျ
အဖြစ်သည်းနေတာလား။ ဒီမှာ ဘုန်းသက်မှူး။ ကျုပ်အလှည့်စားခံ





သိသိလေးလိုလလို ခင်ဗျားလည်း အလှည့်စားခံရတော့မယ် ထင်တယ်''

''ဟော့လူ ခင်ဗျား ဘာတွေပြောနေတာလဲ''

''နတ်မိမယ် လှရိပ်မြုံပိုင်ရှင် နာမည်ကြီး ခင်မကြီးနဲ့အတူ
နေမှတော့ ဘယ်မိန်းကလေးမှ ကြာရှည် အပျိုစင်မဖြစ်နိုင်တော့ပါဘူး
ဗျာ၊ ခင်ဗျား ကြားဖူးမှာပေါ့၊ ရန်ကုန်မှာ နတ်မိမယ် လှရိပ်မြုံ အမည်ခံ
ပြီး ဆိုင်မှာအလုပ်လုပ်နေတဲ့ မိန်းမချောလေးတွေကို သူဌေးတွေနောက်
တိတ်တိတ်လေးထည့်ပေးတတ်တဲ့ နာမည်ကြီး ခင်မကြီးဆိုတာလေ''

''ဘာ ဘာဗျ ခင်ဗျား''

''ဆက်နားထောင်ဦးလေ၊ အဲဒီ ခင်မကြီးက တောင်ကြီးရောက်
တော့ ခင်သူဇာတဲ့၊ အရောင်ရှိကတော် မုဆိုးမ ဒေါ်ခင်သူဇာပေါ့ဗျာ၊ ခင်ဗျား
လည်း ရန်ကုန်မှာနေခဲ့တာပဲ ဗျာ သိမှာပါ၊ ဟုတ်ပြီလား''

မှူး မယုံနိုင်စွာ မင်သက်နေသည်။ ဦးအိုက်ပန်က မြင်းပေါ်
လွှားခနဲခုန်တက်ပြီး ထွက်သွားသည်။

ဦးအိုက်ပန် ပြောသွားသည့် ဒေါ်ခင်မကြီးကို သူသိသည်။
ပတ်သက်ဆက်နွှယ်ဖူးသော မိတ်ဆွေတွေက ပြဖူးလို့မြင်ဖူး၏။

နက်ပြောင်နေတဲ့ ဆံပင်ကို ခေတ်ဆန်ဆန် ထုံးဖွဲ့ပြီး မိတ်ကပ်
တွေ နှုတ်ခမ်းနီတွေ ဆိုးထားတတ်တဲ့ မိန်းမကြီး။ အမြဲတမ်း ပြုံးနေတတ်
သော မျက်နှာက ထူးထူးခြားခြားမို့ အလွယ်တကူ မမေ့နိုင်။

ဒါပေမဲ့ အခု ဒေါ်ခင်သူဇာက ခင်မကြီးထက် အသက်ပိုကြီး
ပြီး ဆံပင်ဖြူတွေက ဖွေးနေပြီ။ ဆေးဆိုးမထားလို့လား။ မဖြစ်နိုင်ပါဘူး။
သူ့စိတ်ထဲက ထင်တာပဲဖြစ်မှာ။

နတ်မိမယ် လှရိပ်မြုံက ဆံပင်ညှပ်တာ နာမည်ကြီးတာမို့ မှူး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကြိမ်လောက်ရောက်ဖူးသည်။ ဒါပေမဲ့ သတင်းတွေကြားတော့ မှ
ထပ်မသွားဖြစ်တော့ပါ။ ဒါမျိုးကို သူရွံသည်။ ဝါသနာလည်းမပါ။

ဒေါ်ခင်မကြီးရဲ့မျက်နှာကိုတော့ မှတ်မိနေ၏။

သူ့ခြေလှမ်းတွေ ကားဆီပြန်ရောက်ခဲ့တော့ နေရောင်သမ်းထား
တဲ့ မဍ္ဍူလေးမျက်နှာ ဝင်းအိအိလေးကိုမြင်နေရသည်။

အို ဘယ်လိုမှမဖြစ်နိုင်။ ဦးအိုက်ပန် သူ့ကိုလိမ်ညာသွားခဲ့တာ
ပဲဖြစ်လိမ့်မည်။

''သူ ဘာပြောတာလဲ ကို၊ သူနဲ့မပတ်သက်ပါနဲ့နော်၊ သူက
လူယုတ်မာဆိုတာ မီး သိတယ်''

''ပြဿနာရှာဖို့ကြံတာ ဒါပေမဲ့ သူပြောတာတွေကို ကိုယ် မယုံ
ချင်ဘူး၊ ခင်မကြီးဆိုတဲ့ အမျိုးသမီးကိုတော့ ကိုယ်သိတယ် မဍ္ဍူ''

မဍ္ဍူ မျက်နှာကွက်ခနဲ ပျက်သွားတာ မှူး သတိထားမိသည်
မှူး မျက်မှောင်တွေ တွန့်ကုပ်သွားရင်း

''သူ့အကြောင်း မဍ္ဍူ ကြားဖူးသလား''

မဍ္ဍူ ဖျတ်ခနဲ အကြည့်ကိုရှောင်လွှဲရင်း အတန်ကြာ နှုတ်ဆိတ်
ဆွံ့အနေသည်။ ပြီးမှ လေသံတိုးတိုးနဲ့

''ကြားဖူးပါတယ် ကို''

မှူး ဘယ်လိုမှ မယုံနိုင်အောင် အံ့ဩသွားရင်း ကားတံခါးကို
ဆွဲဖွင့်၏။ ပြီးမှ အထဲမှာ တိတ်ဆိတ်စွာ ထိုင်နေသော မဍ္ဍူလက်ကိုဆွဲ
ပြီး ကားပေါ်က ဆင်းသည်။

''ကိုယ်ပြောမယ် နားထောင်၊ မင်းရဲ့သစ္စာစကားကို ကိုယ်
ယုံတယ်၊ မင်း ကြီးမေလို့ခေါ်တဲ့ မိန်းမကြီးက ဒေါ်ခင်မကြီး မဟုတ်ဘူး





ဆိုတာ မင်း သစ္စာဆိုပြ''

''ဟင့်အင်း မီး ဟိုလေ သူ သူက''

မဍ္ဍူ မျက်နှာလေး တိတ်ဆိတ်စွာနှင့် ထိတ်လန့်ချောက်ချားနေ
တာ မှူးကြည့်ရင်း ရင်ထဲမှာ ဆစ်ခနဲ နာကျင်သည်။

''ဒါ ဟုတ်တာပေါ့၊ မဍ္ဍူ မငြင်းနိုင်ဘူး မဟုတ်လား''

မှူး အသံတွေက လိုသည်ထက် ပိုမိုကျယ်လောင်သွားခဲ့မှာ
သေချာသည်။ မဍ္ဍူ မျက်ဝန်းလေးတွေ ဝိုင်းစက်ပြီး ငေးကြည့်နေဆဲ

''မင်းဝန်ခံတယ် မဟုတ်လား မဍ္ဍူ၊ ဒီလိုဆို ဦးအိုက်ပန်
ပြောတာ မှန်တာပေါ့၊ မင်းလှည့်စားတာကို ခံရဖို့ ငါလည်း သိသိလေး
ခံလိုတယ်၊ မင်းကိုငါယုံခဲ့တယ် မဍ္ဍူ၊ ဟန်ဆောင်မှုတွေကို ငါ တကယ်လို့
ထင်ခဲ့မိတယ်၊ မင်းကို လက်ထပ်ဖို့ ငါတောင်းဆိုခဲ့တယ်၊ မင်းတို့ရဲ့
လှည့်စားချက်က ကောင်းလိုက်တာ တကယ်တော်ပါတယ်''

နာကျည်းဒေါသတွေကြောင့် သူ့စကားသံတွေ ပြင်းထန်နေခဲ့
သည်။ မဍ္ဍူ ဘာမှမတုံ့ပြန်နိုင်ဘဲ တုန်တုန်ယင်ယင်လေး ကြည့်နေရှာ
သည်။

''ဒါပေမဲ့ မအောင်မြင်တော့ဘူး မဍ္ဍူ၊ ငါ ရန်သူလို့ထင်တဲ့လူက
င့်ကို ကယ်တင်ခဲ့တာပဲ၊ ဒီမှာ မင်းရဲ့ကြီးမေလို့ပြောတဲ့ မိန်းမကြီးဆီ
သွားပြီး မျက်နှာဖုံးစွပ်ထားတဲ့ မသတီစရာ မင်းကို ငါ မျက်နှာဖုံးခွာ
ချလိုက်ပြီဆိုတာ ပြောပြလိုက်တော့၊ မင်းကို ငါရွံတယ်၊ မုန်းတယ်၊
မင်းမျက်နှာကို ဘယ်တော့မှ မမြင်ပါရစေနဲ့တော့''

စကားဆုံးသည်နှင့် ကားတံခါးကိုဆွဲဖွင့်တက်ပြီး မှူး ကားကို
ဒုန်းနဲ့မောင်းထွက်သွားသည်။ မဍ္ဍူ မျက်ရည်စတွေ ရစ်ဝိုင်းလို့ ကျောက်

www.burmeseclassic.com



ရှုပ်ထုလေးလို ကျန်ရစ်ခဲ့သည်။

မဥ္ဇူ မျက်နှာလေး ဖြူလျော်သွေးဆုတ်လို့ မျက်ဝန်း နက်နက်တွေထဲမှာလည်း အံ့ဩမယုံနိုင်မှုတွေ ရောင်စဉ်ဖြာလို့

"ကို"

မဥ္ဇူ အော်သံကို မှူး မကြားနိုင်သလို အသံလှိုင်းတွေကလည်း နှုတ်ကထွက်မလာနိုင်ခဲ့။

ဘုရားရင်ပြင်ပေါ်မှာတုန်းက ချစ်ရေးဆိုပြီး လက်ထပ်ခွင့်တောင်းခဲ့တဲ့ ချစ်သူက ချက်ချင်းပဲ နာကျည်းမုန်းတီးသွားခဲ့တယ်ဆိုတာ ယုံနိုင်စရာတောင်မရှိ။

ဒါပေမဲ့ ဒါအိပ်မက်မဟုတ်ဆိုတာလည်း မဥ္ဇူ သိပါသည်။

မဥ္ဇူ မသိနိုင်တာ ဘာတွေဖြစ်သွားခဲ့တာလဲ။ ကို ဘာကို မုန်းသွားခဲ့တာလဲ။

ကံကြမ္မာက ဘယ်လိုအပြုံးတွေနဲ့ သယ်ဆောင်လာခဲ့တာလဲ။

မဥ္ဇူ သိချင်လိုက်တာ။

■ ■ ■



## အခန်း (၂၃)

မျက်ရည်စတွေနဲ့ မဥ္ဇူ တစ်လမ်းလုံးရှိုက်ငိုခဲ့ရတာ ဟိုတယ်ရောက်ခါနီးမှပဲ ပွတ်သုတ်ပစ်လိုက်ရသည်။

မဥ္ဇူ မျက်ရည်တွေကို ကြီးမေ မြင်လို့မဖြစ်ဘူးလေ။ အမှန်တရားတွေကို ကြီးမေ သိရင် မဥ္ဇူ ကိုပဲဒေါသတွေထွက်ကာ ပြဿနာရှာဦးမှာ သေချာလှသည်။

ဘုန်းသက်မှူး ဆိုတဲ့ ယောကျ်ားတစ်ယောက်နဲ့ မဥ္ဇူ ချစ်သူတွေဖြစ်ခဲ့ကြတာတွေ၊ နောက်တော့ ချက်ချင်းပဲ မဥ္ဇူကို ချစ်ပါသည်ဆိုသော ယောကျ်ားက ခါးခါးသီးသီး မုန်းသွားတာ ကြီးမေ မသိပါ။

ကြီးမေရဲ့ ဟန်ဆောင်မှုတွေ ပေါ်သွားတာ ဘာကြောင့်ဆိုတာ မဥ္ဇူ ဘယ်လိုပြောရမလဲ၊ ကြီးမေကကော ဘာကြောင့် ဟန်ဆောင်ခဲ့တာလဲ။ ကိုကကော ကြီးမေ ဟန်ဆောင်တာလေးနဲ့ မဥ္ဇူကိုဘာလို့ မုန်းရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ။

မဥ္ဖူ မသိနိုင်သော မေးခွန်းတွေက အများကြီး။ ဒါပေမဲ့ ကြီးမေလည်း ဖြေမှာမဟုတ်။ မေးလည်း မမေးရဲပါ။

နောက်ဆုံးတော့ မဥ္ဖူ ကိုနှင့်တွေ့ခဲ့သော ဘုရားရင်ပြင်ပေါ်ကိုပဲ ရောက်ဖြစ်ခဲ့သည်။ မဥ္ဖူကို သတိရစိတ်လေးနှင့် ကို ရောက်လာမည်လား မျှော်လင့်မိသည်။

နာနာကျည်းကျည်း ခါးသီးစွာဆိုသွားသော စကားတွေအတွက် အမှန်တရားကို မဥ္ဖူ မေးချင်ပါသည်။ ရှင်းပြခွင့်လေး ရချင်သည်။

ဒါပေမဲ့ ဒီနေ့လည်း ကို ရောက်မလာပါ။

အပြန်လမ်းမှာ မဥ္ဖူ တစ်ယောက်တည်း မျက်ရည်ဝဲကာ ငိုကြွေးပြန်ခဲ့ရတာပဲ အဖတ်တင်သည်။

ဟိုတယ်ကို ပြန်ရောက်တော့ သစ်သစ်က တံခါးဝက စောင့်နေသည်။

''သမီးလေး ပြန်လာရင် မမကြီးက သူ့အခန်းထဲလာခဲ့ဦးတဲ့''

''ဟုတ်ကဲ့ သစ်သစ်''

''ဟင် သမီးလေး မျက်လုံးတွေ နီရဲနေတာပဲ ဘာဖြစ်လို့လဲ''

''ဟို အဲ ဘာမှမဖြစ်ပါဘူး သစ်သစ်၊ မျက်လုံးထဲ အမှိုက်ဝင်သွားလို့ပါ''

သစ်သစ်ကို မှသာဝါဒကံ ကျူးလွန်ပြီး ညာလိုက်ရသည်။ ကြီးမေ အခန်းထဲရောက်တော့ ကြီးမေနှင့်အသင့်တွေ့သည်။

''သမီး ဘုရားသွားတယ်ဆို''

''ဟုတ်ကဲ့ ကြီးမေ အခုမှ ပြန်ရောက်တာပါ''





''သမီးနဲ့မောင်စိုင်း တွေ့ကြသေးလား၊ အိုက်ပန်ကိစ္စအတွက် သမီးကို သူက ကယ်တင်ခဲ့တာကို ကျေးဇူးတင်ကြောင်း ကြီးမေ ပြောချင်လို့ပါ''

''ကိုမော်နဲ့မတွေ့ဖြစ်သေးပါဘူး ကြီးမေ၊ ဟို သူ မအားလို့ထင်တယ် ဘုရားကိုမလာပါဘူး''

''ဟင် ဒါဆို မင်းအခု ဘုရားက တစ်ယောက်တည်းပြန်လာတာပေါ့''

မဥ္ဖူ ခေါင်းကလေးညိတ်တော့ ကြီးမေ မျက်ဝန်းစူးစူးတွေက မဥ္ဖူ ခန္ဓာကိုယ် ထက်အောက်စုံဆင်း အကဲခတ်သလိုကြည့်သည်။

''မင်းတစ်ယောက်တည်း သွားလာနေတာ အန္တရာယ်ရှိတယ်၊ အရင်လို မဟုတ်တော့ဘူး။ အိုက်ပန်ဆိုတဲ့ကောင် အန္တရာယ်ကို သတိထားရမယ်''

ကြီးမေ စကားတွေကို မဥ္ဖူ ခေါင်းကလေးငုံ့ကာ နားထောင်နေလိုက်၏။ ကြီးမေက မဥ္ဖူကို အကြည့်မရှုပ်သိမ်းဘဲ မေးခွန်းထုတ်သည်။

''အိုက်ပန် သမီးကို ဘာတွေပြောခဲ့သေးသလဲ ကြီးမေ သိချင်တယ်''

''သူပြောတဲ့စကားတွေကို မီး နားမလည်ဘူး ကြီးမေ၊ သူက မီးကို ဆယ်မိနစ် အချိန်ပေးပြီး သူ့ဆန္ဒကို လိုက်လျောခိုင်းတယ်၊ အဲဒီမှာ မီး ထွက်ပြေးရင်း ကိုမော်နဲ့ဆုံဖြစ်တာပါ''

''သူ့စကားတွေ မင်းနားမယောင်နဲ့ ဒီကောင်က လူယုတ်မာပဲ၊ အဲဒါ ဖြစ်ပြီးတဲ့ ပြဿနာတွေထားလိုက်တော့၊ အခုကိစ္စမှာ မောင်စိုင်းက မင်းကို ကယ်တင်လိုက်တာ သိပ်ကောင်းတဲ့ အခြေအနေတစ်ခုပဲ''

ကြီးမေ ဘာကိုဆိုလိုသည်ဆိုတာ မဥ္ဖူ နားလည်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမော်နှင့်မဠူကို ကြီးမေ နီးစပ်စေချင်တာ ကြာခဲ့ပြီပဲ။

ကြီးမေရဲ့စိတ်ဆန္ဒကို သိနေသော မဠူ ကိုယ်တိုင်ကလည်း အမှန်တရားကို အတိအကျမပြောပြဖြစ်ခဲ့ပါ။ ထိုနေ့က ပြဿနာကို ကြီးမေ မေးတော့ ကိုမော်နှင့် ကိုတို့ပြဿနာကို သိုဝှက်ထားခဲ့သည်။

ကိုမော် ရောက်လာမှ တောင်းပန်ပြီး အကျိုးအကြောင်းပြော မည်ဟု တွေးယားခဲ့မိ၏။

"မောင်စိုင်း ဒီကိုရောက်မလာတာ သုံးရက်ရှိပြီပေါ့၊ ဘာဖြစ်လို့ သူ ရောက်မလာတာလဲ"

"အဲဒီကိစ္စက ကိုမော်နဲ့ ဦးအိုက်ပန် တပည့်တစ်ယောက် ထိုး ကြကြိတ်ကြဖြစ်သေးတယ် ကြီးမေ"

"ဟင် ဒီလောက်ထိ ဖြစ်ခဲ့သလား"

"ဟုတ်တယ် ကြီးမေ အဲဒီလူကို ထိုးကြိတ်အနိုင်ယူပြီး မိုးကို သူ ကယ်တင်ခဲ့ရတာ"

"အေးကောင်းတယ်၊ မင်းအပေါ် မောင်စိုင်း ဒီလောက်အထိ သံယောဇဉ်တွယ်တာ တာကိုပဲ ငါ ကြားချင် မြင်ချင်တယ်၊ မင်းဘက်က လည်း သူ့ရဲ့စေတနာကို ကျေးဇူးတင်သင့်တယ်"

"မဠူ ကျေးဇူးတင်စကားသူ့ကိုပြောခဲ့ပါတယ် ကြီးမေ"

"အေး ကောင်းတယ်၊ မောင်စိုင်းကို မင်းဘက်က အကောင်း ဆုံးဆက်ဆံဖို့ ကြီးမေ ထပ်ပြောချင်တယ်၊ အမှန်ဆို အချိန်တွေက လောက်တောင် မကြာသင့်ဘူး၊ တစ်ခုခု ထူးခြားသင့်ပြီ"

မဠူ ဘာပြောရမည်လဲ။ ကြီးမေ ဆန္ဒတွေ ဖြစ်မလာနိုင်ဘူး ဆိုတာ ကြီးမေ သိသွားလျှင် ဘာတွေဖြစ်လာမည်လဲ။

ကြီးမေ မျက်နှာကို မဠူ လှမ်းကြည့်မိသည်။





စူးရှသော မျက်ဝန်းတွေထဲမှာ လျှို့ဝှက်မှုတွေနဲ့ ကြောက်စရာ ာင်းတာသေချာ၏။

အမှန်တွေကိုသာ မဠူ အခုပြောလိုက်လျှင် ကြီးမေ ဝုန်းခနဲ ပေါက်ကွဲမှာ သေချာသည်။

"မနက်ဖြန်တော့ မောင်စိုင်း ရောက်လာမှာသေချာတယ်၊ သူ ရောက်လာရင် မင်း အလှပဆုံး ပြင်ဆင်ဖို့လိုအပ်တယ် မဠူ"

"ဟုတ်ကဲ့ ကြီးမေ၊ သမီး သွားတော့မယ်နော်"

"အေး ကောင်းပြီ၊ သွားနိုင်ပြီ"

ကြီးမေရှေ့က မဠူ ခေါင်းကလေးငုံ့ပြီး ထွက်ခဲ့သည်။ အခန်းဝ ရောက်မှ ကြီးမေ လှမ်းခေါ်သည်။

"မဠူ"

"ရှင် ကြီးမေ"

"အရေးကြီးတာ တစ်ခုမှာရဦးမယ်၊ ဒီရက်ပိုင်းမှာ မင်းကို ာင်စိုင်း လက်ထပ်ခွင့်တောင်းလာရင် မင်း မငြင်းပါနဲ့"

မဠူ မျက်နက်ဝန်းလေးတွေ ဝိုင်းကာ ထိတ်လန့်သွားသည်။ မှ သတိဝင်လာရကာ ခေါင်းကလေးကို မငုံ့မရဲညိတ်ပြမိ၏။

"အေး သွားတော့ ကြီးမေ စကားတွေကို မင်း ဘယ်တော့မှ မေ့နဲ့နော်"

ဒုတိယအကြိမ် ခေါင်းကလေးညိတ်ကာ မဠူ အခန်းထဲက ွက်ခဲ့၏။ ရင်ထဲမှာတော့ စိတ်ညစ်ညူး ရှုပ်ထွေးသွားရသည်။

ကြီးမေက အမိန့်တွေပေးနေပြီ။

ဘယ်လိုအခက်အခဲရှိရှိ လာခဲ့ပါဟု ဆိုသော ဘုန်းသက်မှူး

www.burmeseclassic.com



ကလည်း မညှူကို ဥပက္ခာပြုသွားခဲ့ပြီ။

မညှူ ဘာလုပ်ရမလဲ ဟင်။ ကိုရယ် မညှူ အပြစ်ကို မြင်လှည့် ပါဦးရှင်။

■ ■ ■



## အခန်း (၂၄)

ညက တစ်ညလုံး မညှူ အိပ်မပျော်နိုင်ပါ။

အတွေးတွေနှင့် ချာလည်ရင်း မျက်ဝန်းတွေ ကြောင်နေခဲ့သည်။ ကို့ ကိုလည်းသတိရသည်။ ကြီးမေရဲ့အမိန့်ဆန်လွန်းသော ဆန္ဒတွေ ကိုလည်း စိုးရိမ်ထိတ်လန့်ရသည်။

မညှူအတွက် ခံစားနားလည်ပေးမည့်သူ တစ်ယောက်မှမရှိတော့။ သည်အဖြစ်ကိုလည်း ဝမ်းနည်းရသည်။

မျက်ရည်စတွေ ဝဲရင်း မိုးလင်းလုလုမှာ မညှူ မှေးခနဲအိပ်ပျော် သွားခဲ့ရသည်။

အဝတ်အစားလဲပြီး မညှူ ထွက်ခဲ့တော့ ကြီးမေ အခန်းတံခါးက ပိတ်မထားပါ။ မညှူ ဝင်ခဲ့တော့ သစ်သစ်က ခုတင်ပေါ်မှာရှိနေဆဲ။

"သစ်သစ် ဒီမနက် ဘုရားမသွားဘူးလား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးသွားမလို့လား၊ သစ်သစ်လိုက်ခဲ့မယ်လေ"

အိပ်ရာကထဖို့ မမြွေသစ် လှုပ်ရှားလိုက်တာနဲ့ မျက်နှာ မဲ့ရှုံ့သွားတာကို မဥ္ဇူ မြင်သည်။ မဥ္ဇူ သစ်သစ်အနားကို သွက်သွ ကလေး ပြေးသွားလိုက်ရင်း

"နေမကောင်းရင် မထပါနဲ့ သစ်သစ်ကြည့်ရတာ သိပ်ပင် နေပုံပဲ"

"အ ကျွတ် ကျွတ် လေးဘက်နာကြောင့် တစ်ညလုံး အိပ် အောင် နာကျင်နေတယ် သမီးလေးရယ်၊ ဈေးထောင်းတော့လည်း ပဲပေါ့ကွယ်"

"အရမ်းနာနေရင် ကြီးမေကို ပြောပြီး ဆရာဝန်ပြ သစ်သစ် ရဲ့ မီး ဘုရားက ပြန်လာရင် ကြီးမေကို ပြောပေးမယ်နော်"

ဒေါ်မြွေသစ်က မဥ္ဇူ မျက်နှာလေးကိုမော့ကြည့်ရင်း လက် လေးကို လှမ်းဆုပ်ကိုင်သည်။

"သမီးလေးက ငယ်ရွယ်ပြီး သိပ်ချစ်စရာကောင်းလိုက် စိတ်ထားလေးကလည်း သိပ်ကောင်းတယ်ဆိုတာ သစ်သစ်သိတ မကောင်းမှုတွေလွတ်အောင် ရှောင်နော်၊ လောကကြီးမှာ သိပ်ဆိုး ယုတ်မာတဲ့သူတွေရှိတယ် သမီး။ သူတို့ကို မဆက်ဆံနဲ့၊ အပြစ်ကင် ပြီး မြင့်မြင့်မြတ်မြတ်နေပါ ကလေးရယ်"

သစ်သစ် လှိုက်လှိုက်လှဲလှဲ ပြောနေလို့ မဥ္ဇူ ခေါင်းက ညိတ်ပြုံးပြမိသည်။ သစ်သစ် မျက်နှာအိုအိုပေါ်က ဝေဒနာတွေနဲ့ မချမ်းမှုတွေကို မဥ္ဇူ ကယ်တင်ပေးချင်လိုက်တာ။

ဒါပေမဲ့ တွေးကြည့်တော့ မဥ္ဇူ ကိုယ်တိုင်ကကော ကိုယ့်ကိုကို တောင် ချမ်းမြေ့စေနိုင်လို့လား။





သစ်သစ် လက်ဖဝါးလေးကို ဆုပ်ကိုင်ပြီး မဥ္ဇူ ဟန်ဆောင် ထားလိုက်ပါသည်။

"သမီးအတွက် စိတ်မပူပါနဲ့ သစ်သစ်ရယ်၊ သိပ်ပြီး ကြည်နူး စရာကောင်းတဲ့ ဘဝကိုလည်း သမီး ကြုံဖူးတယ်၊ နောက်မှ သစ်သစ် ကိုပြောပြမယ်နော်၊ သစ်သစ်ကိုပဲ သမီး ရင်ဖွင့်ခွင့်ရှိမယ်ထင်ပါရဲ့"

မဥ္ဇူ စကားကြောင့် သစ်သစ်မျက်နှာလေး ကြည်လင်သွား သည်။ မဥ္ဇူရဲ့မျက်ဝန်းထဲက ကြည်နူးမှုတွေ သစ်သစ်ရဲ့မျက်ဝန်းတွေထဲ မှာ ပြန်ရောင်စဉ်ဟပ်နေခဲ့ဘလား။

မဥ္ဇူ လက်ကလေးကို ဆုပ်ကိုင်ဆေးရင်း သစ်သစ်မျက်နှာပေါ်က အပြုံးတွေ မှေးမှိန်သွားသည်။ လှိုက်ခါတုန်နေတဲ့ အသံနဲ့ မဥ္ဇူကို တိုး တိုးလေးမေးသည်။

"သမီးနဲ့မောင်စိုင်းတို့ ချစ်ကြိုက်နေကြပြီလား ဟင်"

"ဟင့်အင်း သစ်သစ် ဟင့်အင်း"

မဥ္ဇူ ခေါင်းကို သွက်သွက်ကလေးရမ်းပြီး ပြောလိုက်မိသည်။

"ကိုမှော် မဟုတ်ပါဘူး သစ်သစ်ရယ်၊ တခြားတစ်ယောက်ပါ၊ ဒါပေမဲ့ ကြီးမေကို ပြန်မပြောပါနဲ့နော်"

သစ်သစ် မျက်ဝန်းတွေ ပြန်ကြည်လင်တောက်ပသွားရင်း ခေါင်းညိတ်သည်။

"မောင်စိုင်း မဟုတ်ဘူးလား၊ အင်း ကောင်းပါတယ်ကွယ်"

"ဟင် သစ်သစ်ကကော ကိုမှော်ကို သဘောမကျဘူးလား၊ ကိုမှော်နဲ့ကြီးမေကိုပဲ သဘောမတူချင်ဘူးပေါ့"

"သစ်သစ် သိသမျှတော့ မောင်စိုင်းက တကယ်တော်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပီသတည်ကြည်ပြီး စိတ်ထားကောင်းတဲ့ သူငယ်ပါ၊ ဒါပေ
သမီးလေးနဲ့တော့ သစ်သစ် သဘောမတူချင်ဘူး''

''ဟင် ဘာဖြစ်လို့လဲ သစ်သစ်''

''သစ်သစ် မပြောသင့်ဘူးလေ၊ ဒါပေမဲ့ သစ်သစ် ဆုတောင်း
ထားသလို ဖြစ်မလာတာ သစ်သစ် သိပ်ဝမ်းသာတယ်''

မဥ္ဇူ အံ့သြရသည်။ သစ်သစ်က ကြီးမေနဲ့ဆန္ဒ မတူဘူးပေ
ဒါဆို မဥ္ဇူ ဘက်မှာ သစ်သစ်ရှိနေသေးတာပဲပေါ့။

''မီးလေ ကိုမှော်ကို ခင်မင်ပါတယ်၊ ဒါပေမဲ့ ကြီးမေ ပြောသ
ချစ်လို့မရတာ အမှန်ပဲ သစ်သစ်၊ ကြီးမေက ကိုမှော်နဲ့နီးစပ်အော
ဖန်တီးပေးတိုင်း မီး အနေခက်တယ် သိလား''

သစ်သစ် ခေါင်းကလေးညိတ်ထောက်ခံသည်။

ညွှေ့ခံပွဲမှာတုန်းက ကိုမှော်ဆီကို စားရေးပြီးခေါ်ရတာကို တွေ
မိတိုင်း မဥ္ဇူ ရှက်မိသည်။

ဒါပေမဲ့ မဥ္ဇူ တစ်ခုတော့ ကံကောင်းပါသည်။ အဲဒီတုန်း
ကြာရာမရဖြစ်ပြီး ဦးအိုက်ပန်ကိစ္စ ကိုမှော်ကိုပြောပြခဲ့သည်။

ဒါကြောင့်လည်း ဦးအိုက်ပန် ကားနှင့်ခေါ်ပြေးတော့ ကိုမှေ
ရိပ်မိသွားကာ မဥ္ဇူကို ကယ်တင်နိုင်ခဲ့တာပေါ့။

''ကဲ သမီးလေး ဘုရားသွားမလို့ဆို သွားလေ၊ သစ်သ
မလိုက်တော့ဘူးနော်''

''မလိုက်ပါနဲ့ သစ်သစ်၊ သစ်သစ်အတွက် မီး ဆုတောင်းပေး
ခဲ့မှာပေါ့''

''သာဓုပါ သမီးလေးရယ်''





အခန်းထဲက မဥ္ဇူ ထွက်ခဲ့၏။ ကြီးမေ သည်အချိန်ဆို ဟိုတယ်
စားသောက်ခန်းထဲမှာ ကော်ဖီ သောက်နေပြီထင်သည်။

ကြီးမေနှင့်မဆုံချင်တာမို့ ဟိုတယ် နောက်ပေါက်ကပဲ ထွက်ခဲ့
သည်။ ဘာပဲဖြစ်ဖြစ် သည်မနက်တော့ ဘုန်းသက်မှူးနှင့်ဆုံချင်သည်။

မဥ္ဇူ ကို မမုန်းလိုက်ပါနဲ့ဟု တောင်းပန်ချင်သည်။ ကို ဘာတွေ
အထင်လွဲနေတာလဲ မဥ္ဇူ ရှင်းပြချင်သည်။

ရင်ထဲမှာ ပြောချင်သည့် စကားလုံးတွေက အပြည့်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် မဍ္ဂူ ဘုရားဘက်ထွက်ထ
ကို ကြီးမေ တကယ်ဆို သဘောကျမှာ မဟုတ်ပါ။ ဒါပေမဲ့ ကြံရာမရသည့်
အဆုံး မဍ္ဂူ လိမ်ညာမိ၏။

"ကိုမှော်နဲ့မဍ္ဂူ ဘုရားမှာ တွေ့တယ် ကြီးမေ၊ သူက မဍ္ဂူ
နေ့တိုင်း ဘုရားလာဖို့ ချိန်းလို့ မဍ္ဂူ သွားတာပါ"

"ဘာရယ် မောင်စိုင်းနဲ့မင်း အခြေအနေက ဒီအထိရောက်နေ
ပြီလား"

"ဟို အဲ သူ့ဘက်က ပွင့်ပွင့်လင်းလင်းတော့ မပြောသေး
ဘူး"

ကြီးမေ မျက်ဝန်းတွေက မဍ္ဂူ စကားတွေကို စိတ်ဝင်စားစွ
နားစိုက်နေမှန်း ထင်ရှားသည်။ ကြီးမေကို မလိမ်စဖူး လိမ်ညာမိနေပြီ





ထိုအတွက် ခွင့်လွှတ်ပါဟု စိတ်ထဲကတော့ မဍ္ဂူ ကန်တော့ တောင်းပန်မိသည်။

ဒီလိုမှ မဍ္ဂူ မလိမ်ညာရင် အပြင်ထွက်ခွင့် ရမှာမဟုတ်ပါ။ ကို နှင့်ဆုံနိုင်ဖို့လည်း မျှော်လင့်လို့ရမည်မဟုတ်။ မဍ္ဂူကို စိတ်ဆိုးပြေတဲ့ အခါ ကို ဘုရားပေါ်ကိုရောက်လာမည်ဟု ယုံသည်။

"မောင်စိုင်းက ဘာလို့ကြီးမေဆီတောင် မလာရတာလဲ"

"ဒီရက်ပိုင်းမှာ သူ့အလုပ်တွေ အရမ်းများနေတယ်တဲ့ ကြီးမေ ကြီးမေကိုလည်း ပြောခိုင်းတယ်၊ မီး ပြောဖို့မေ့နေလို့ပါ"

"အင်း ဒါက အရေးမကြီးပါဘူး၊ အရေးကြီးတာ မင်းတို့ ပုံမှန်ဆုံနေကြဖို့ပဲ"

ကြီးမေကတော့ ယုံသွားခဲ့သည်။ တကယ်တမ်းကျ ကိုမှော် ဒီရက်ပိုင်းမှာ လုံးဝရောက်မလာပါ။ ဦးအိုက်ပန်ရဲ့ပြဿနာ နောက်ပိုင်းမှာ ကိုမှော် ပျောက်နေတာ တစ်ပတ်တောင်ပြည့်တော့မည်။

မဍ္ဂူ တွေ့ချင်တာလည်း ကိုမှော်မဟုတ်။ ဘုန်းသက်မှူးကို တွေ့ချင်တာမို့ ဘုရားကို နေ့စဉ်ရောက်ဖြစ်နေခြင်းဖြစ်သည်။

ကို တကယ်ပဲ မဍ္ဂူကို မုန်းတီးသွားတာလား။ နေရက်နိုင်လိုက်တာ။ ကို ကိုတွေ့နိုင်တဲ့ မောရဝတီအထိ မဍ္ဂူ လိုက်ချင်ပေမယ့် အဲသည် လောက်ထိ သတ္တိမရှိပါ။

မြတ်ဘုရားရှေ့မှာ ဒေါသတွေပြေလို့ မဍ္ဂူဆီ အမြန်ဆုံးပြန် ရောက်လာစေဖို့ ဆုတောင်းသည်။ ပြီးလျှင် မုခ်ဝကို မြင်နေရတဲ့ ရင်ပြင် လေးပေါ်က မျှော်ငေးရတာ မဍ္ဂူရဲ့အလုပ်တစ်ခု။

ဘုရားမုခ်ဦးရှေ့ သစ်ရိပ်အောက်ကို ငြိမ့်ခနဲ ထိုးရပ်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



မိမ်ခံကားကြီးက ကိုမှော်ရဲ့ကားဖြစ်နေသည်။

မဥ္ဇူ မျှော်တာ တစ်ယောက်၊ အခုတော့ ရောက်လာတာ တစ်ယောက်ဖြစ်နေသည်။ ကားပေါ်က ဆင်းလာသော ကိုမှော်က စပို့ရှပ် အပြာနုကို အနက်ရောင်ဘောင်းဘီနှင့်တွဲဝတ်ဆင်ထားသည်။

မဥ္ဇူ ရင်ထဲမှာ ထိတ်ခနဲ။ ကိုမှော် ဟိုတယ်အထိလိုက်သွားခဲ့တာလား။ ကြီးမေနှင့်သာဆုံလျှင်

မဥ္ဇူ လိမ်ညာခဲ့တာတွေ ဘူးပေါ်သလိုပေါ်တော့မည်။

စိုးရိမ်စိတ်ကလေးနှင့် မဥ္ဇူ ရင်ကလေးတုန်နေပေမယ့် မဥ္ဇူဆီကို တန်းတန်းမတ်မတ် လျှောက်လာတဲ့ ကိုမှော်ကတော့ တည်ငြိမ်လွန်းသည်။

''မဥ္ဇူ ဘုရားသွားတယ်ဆိုလို့''

''ဟင် ကြီး ကြီးမေနဲ့ ကိုမှော် တွေ့ခဲ့တာလား ဟင်''

''ဟင့်အင်း ဒေါ်ရွှေသစ်နဲ့တွေ့ခဲ့ပဘာပါ၊ သူ ပြောပြလိုက်တာ ကြီးမေ အိပ်ပျော်နေတယ်''

ရင်ထဲက အလုံးကြီး ခုမှပဲ ကျသွားခဲ့သည်။

''မဥ္ဇူ နေကောင်းရဲ့လား''

''ကောင်း ကောင်းပါတယ်၊ ကိုမှော် နေမကောင်းဖြစ်နေသလားလို့ပဲ စိုးရိမ်နေတာ''

''ကိုယ် ကောင်းပါတယ်၊ ဒီရက်အတွင်း အပြင်တော့ မထွက်ဖြစ်ဘူး၊ ခြံထဲက သီးနှံတွေ ခွတ်ချိန်ဆိုတော့ ခြံထဲမှာပဲလေ၊ အခုတော့ မဥ္ဇူကို တောင်းပန်စရာရှိလို့ လာခဲ့တာ''

''တောင်းပန်စရာ ဟုတ်လား၊ ဘာတောင်းပန်မှာမို့လဲ ကိုမှော်





မဥ္ဇူကတောင် ကျေးဇူးတင်ရမှာ တောင်းပန်ရမှာပါ''

''ဟင့်အင်း ကိုယ့်ကို ကျေးဇူးတင်ဖို့ မလိုဘူး''

''အို မဟုတ်တာ၊ ကျေးဇူးတင်ရမှာပေါ့၊ အဲဒီနေ့က မဥ္ဇူကြောင့် တွေ့ပြီးဘာမှမပြောနိုင်ခဲ့ဘူး၊ မဥ္ဇူ သိပ်မှားသွားတယ်''

တောင်းပန်ဟန်လေးနှင့် မဥ္ဇူဆိုတော့ ကိုမှော် ခေါင်းကိုခါရမ်းပြသည်။

''မလိုပါဘူးကွာ၊ ကိုယ်နားလည်ပါတယ်၊ အဲဒီတုန်းက ဘုန်းသက်မျိုး အထင်လွဲမယ်ဆို လွဲလောက်တာကို၊ သူကလည်း မဥ္ဇူအတွက် အရမ်းစိုးရိမ်နေခဲ့တာလေ''

မဥ္ဇူ ဘာပြောရမှန်းမသိပါ။ ဘုန်းသက်မျိုး အမည်ကို ကြားမိရုံနှင့် ရင်ထဲမှာ လှိုင်းဖိုဝမ်းနည်းလာ၏။ ငိုချင်စိတ်ကို ဟန်ဆောင်တင်းရင်း နှုတ်ဆိတ်နေလိုက်သည်။

''အဲဒီနေ့ညက အကြောင်းကို ကိုယ်စဉ်းစားတယ်၊ ဘာပဲဖြစ်ဖြစ် မဥ္ဇူကို ကိုယ့်အိမ်အထိ ခေါ်မသွားသင့်ပါဘူး။ မဥ္ဇူလက်က ဒဏ်ရာကို စိုးရိမ်လွန်းသွားခဲ့လို့ပါ၊ အဖော်တစ်ယောက်မှမပါဘဲ မဥ္ဇူကို ကိုယ့်အိမ်အထိ ခေါ်သွားတာ မသင့်ပါဘူး၊ ပတ်ဝန်းကျင်က ထင်ကြမယ့် သံသယတွေကို ကိုယ်မေ့သွားတယ်''

''ဘယ်သူမှ မတွေ့ပါဘူး ကိုမှော်ရယ်''

မဥ္ဇူ ပေါ့ပေါ့လေးပဲပြောလိုက်သည်၊ ကိုမှော် တည်တည်ငေးငေးလေး စိုက်ကြည့်ရင်း

''ကိုတုန်းသက်မျိုး တစ်ယောက်တော့ တွေ့သွားတယ်လေ''

''ကို အဲ သူက အဲဒီလိုထင်မှာ မဟုတ်ပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြဖို့ စကားစလိုက်ပြီးမှ မဍ္ဍူအသံကလေးက တိမ်ဝင်သွားသည်။ ခုချိန်မှာ ဘုန်းသက်မှူးကို မဍ္ဍူ ဘယ်လိုမှမတွေ့နိုင်ပါ။ သူကလည်း မဍ္ဍူကို အထင်လွဲနေချိန်မှာ အာမခံချက်မျိုး မဍ္ဍူ မပေးရဲ။

"ကိုဘုန်းသက်မှူးက လူကြီးလူကောင်းတစ်ယောက်ပါလေ၊ သူ ကိုယ့်ကို ဖုန်းဆက်တောင်းပန်ခဲ့တယ်"

"ဟင် သူ ဖုန်းဆက်တယ် ဟုတ်လား"

"အင်း ဆက်တယ်၊ ဒါပေမဲ့ မဍ္ဍူ ကိစ္စကိုတော့ ဘာမှမပြောခဲ့ပါဘူး၊ ကိုယ်က အထင်လွဲမှာစိုးလို့ ရှင်းပြတော့ မလိုအပ်တော့ပါဘူး ဆိုပြီး ဖုန်းချသွားတယ်၊ မဍ္ဍူကို သူ အထင်လွဲနေသလား"

ကိုမျော် မေးခွန်းတွေကို မဍ္ဍူ ဘယ်လိုဖြေရမည်လဲ၊ အမှန်တရားကို မဍ္ဍူ မဖြေတတ်၊ မဖြေနိုင်ပါ။ ကြီးမေ လျှို့ဝှက်ထားသော အကြောင်းတွေကို နောက်ထပ်တုတ်ဖော်ပြရမည်လား။

"သူနဲ့မဍ္ဍူ အထင်လွဲနေကြရင် ကိုယ် ရှင်းပေးမလို့ပါ"

"ဟင့်အင်း မဍ္ဍူတို့ ဘာမှမဖြစ်ပါဘူး ကိုမျော် ပြီးတော့ ဒီကိစ္စကို ကြီးမေ မသိပါစေနဲ့နော်၊ ကြီးမေ သိပ်စိတ်ဆိုးလိမ့်မယ်"

မဍ္ဍူ စကားတွေကို နားမလည်နိုင်သလို ကိုမျော် မျက်ခုံးတွေ တွန့်ကြည့်နေသည်။ မဍ္ဍူ ဘာမှမပြောတတ်တော့။ ရင်ထဲမှာသာ လှိုက်ဖို ဝမ်းနည်းလာရင်း မျက်ရည်စတွေ အလိုလို စီးကျလာ၏။

"ဟာ မငိုနဲ့လေ မဍ္ဍူ၊ ဘာဖြစ်လို့လဲ ကိုယ်က စေတနာနဲ့ ကူညီမှာပါ မဍ္ဍူကို ကိုယ်နားလည်တယ်"

"ကိုမျော်ကို ယုံပါတယ်၊ ဒါပေမဲ့ မဍ္ဍူ ကိုသနားရင် မကူညီပါနဲ့နော်၊ ကြီးမေ လည်းမသိပါစေနဲ့ နော် နော်"





"ကိုယ် ကတိပေးတယ် မဍ္ဍူ၊ မင်း မျက်ရည်တွေ သုတ်လိုက်တော့နော်"

မဍ္ဍူ ခေါင်းကလေးညိတ်ကာ လက်ဖဝါးနှစ်ဖက်နှင့် ပွတ်သုတ်နေတော့ သူ အိတ်ထဲက လက်ကိုင်ပဝါလေးကို ထုတ်ပေးရင်း

"ဒါနဲ့ သုတ်လိုက်မဍ္ဍူ၊ မဍ္ဍူရဲ့လျှို့ဝှက်ချက်တွေကို ကိုယ်မသိပေမယ့် မမေးတော့ပါဘူး။ ကဲ ဘုရားဝတ်ပြုပြီးရင် ပြန်ကြရအောင်နော်"

"ဟို ဟိုလေ မဍ္ဍူ ပြောတာ မမေ့ပါနဲ့နော်"

မင်းဘာကြောင့် ဒီလောက် စိုးရိမ်နေရတာလဲ ချာတိတ်ရယ်လို့ သူမေးလိုက်ချင်ပေမယ့် မမေးဖြစ်ခဲ့ပါ။

ဖြူစင်လှသော ကလေးမလေးရဲ့မျက်ရည်တွေကို သူ မမြင်တွေ့ချင်တော့ပါ။

"ကိုယ် ကတိကို မင်းအကြွင်းမဲ့ယုံပါ မဍ္ဍူ"

မျက်နက်ဝန်းလေးထဲ စိုးရိမ်မှုတွေ ပြေသွားခဲ့သည်ကို သူ မြင်သည်။ ပင့်သက်ရှိုက်ရင်း မဍ္ဍူ ပခုံးလေးကို တွဲထူရပ်စေလိုက်၏။

ပန်းလေးတစ်ပွင့်လို လှပနူးညံ့တဲ့ ကောင်မလေး။

မင်းရင်ထဲက သောကတွေကို ကိုယ်ရင်ဆိုင်ဖြေရှင်းပေးချင်ပါခဲ့၊ ဒါပေမဲ့ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"မင်း ငါ့ကို လိမ်ညာတယ် မဥ္ဇူသက၊ ပေးထားတဲ့ ကတိကို မင်း ဘက်ကဖောက်ဖျက်ခဲ့တယ်၊ ဒါ ငါ စိတ်အဆိုးဆုံးပဲ"

ကြီးမေ မျက်ဝန်းတွေ စူးရှနေသည်။ မျက်နှာက ဒေါသတွေ ရောင်စဉ်ဖြာနေတာမို့ ရဲရဲနီနေသည်။

မဥ္ဇူ ဘာပြောရမှန်းမသိ။ ကြောက်စိတ်ကြောင့် ခန္ဓာကိုယ်လေး တုန်ခါနေတာကိုပဲ သိသည်။ သစ်သစ်ကိုယ်တိုင်လည်း မျက်နှာပျက်လျက် မဥ္ဇူကို ငေးကြည့်နေရှာသည်။

"မင်းကိုငါ မျှော်လင့်တာ ဘုန်းသက်မှူးနဲ့မဟုတ်ဘူး"

"ဟို ဟို သူကလည်း ကိုမျော်လိုပဲ အရာရာပြည့်စုံတဲ့"

"တော်စမ်း"

ဒေါ်ခင်မကြီး အသံက ဟိန်းထွက်လာသည်။ မီးဝင်းဝင်





တောက် မျက်ဝန်းတွေက မဥ္ဇူကို ပြာကျသွားစေလောက်၏။

တဆတ်ဆတ်တုန်နေသော ခန္ဓာကိုယ်ကို ဒေါ်ခင်မကြီး သတိနှင့်ချုပ်ထိန်းရင်း စိတ်ကိုလျှော့သည်။ စားပွဲပေါ်က ရေဖန်ခွက်ကို တစ်ကျိုက်မော့သောက်၏။

"ဒီမှာ မဥ္ဇူသက ဘုန်းသက်မှူးဆိုတဲ့ ယောက်ျားက ဘယ်လောက်ပဲ ပြည့်စုံနေပါစေ၊ ငါလက်မခံနိုင်ဘူး၊ မင်းကိုငါ လက်ခံကြိုးစားနိုင်းတာ စိုင်းမော်သာပဲ၊ အဲဒါ ငါ တစ်သက်လုံး ဒုက္ခမျိုးစုံရင်ဆိုင်ပြီး ကြိုးစည်ခဲ့တဲ့ကိစ္စ၊ ဒီတော့ ဘယ်လိုနည်းနဲ့မှ ဖျက်လို့မရဘူး၊ မင်း နားထောင်ပါ၊ နောက် ဆယ်မိနစ်အတွင်း စိုင်းမော်သာ ဒီအခန်းထဲရောက်လာလိမ့်မယ်၊ မင်း ဘာတစ်ခွန်းမှမစွက်ဘဲ ထိုင်နေပါ"

မဥ္ဇူ သစ်သစ်ကို အားကိုးတကြီး လှမ်းကြည့်မိသည်။ ဒါကို မြင်သော ဒေါ်ခင်မကြီးက

"ရွှေသစ် ဧည့်သည်လာရင် ဧည့်ခံဖို့ ကော်ဖီအသင့်စီစဉ်ထားပါ၊ သွားတော့"

သစ်သစ်အခန်းထဲက ထွက်သွားခဲ့သည်။ ကြီးမေ မျက်နှာကို မဥ္ဇူ မဝံ့မရဲမော့ကြည့်တော့ မျက်ဝန်းစူးစူးတွေက မဥ္ဇူဆီက မခွာသေးပါ။

"မင်းကိုတို့ မမုန်းချင်ဘူး မဥ္ဇူ၊ ဒီတော့ တို့ စေခိုင်းသမျှ မင်း နာခံပါ၊ မင်းကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် ငါ ရုန်းကန်ခဲ့တာတွေ၊ ငါ ဘာကြောင့် ဒီလို စီမံရတယ်ဆိုတာတွေ အချိန်တန်တော့ မင်း သိရမှာပါ၊ ခုချိန်မှာတော့ မင်း ဘာမှသိခွင့်မရှိဘူး"

မဥ္ဇူအတွက် ရွေးချယ်ခွင့်မရှိတော့ဟု နားလည်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြီးမေကို မဥ္ဇူ ကြောက်ပါသည်။

ကြီးမေ စီစဉ်သည့်အတိုင်း ဆယ်မိနစ်မပြည့်မီမှာပဲ ကိုမှော် ရောက်လာခဲ့သည်။

"ထိုင်ပါ မောင်စိုင်း၊ မင်းကို အန်တီ စောင့်နေတာ"

"ဟုတ်ကဲ့ပါ ကြီးမေ၊ အရေးကြီးကိစ္စဆိုလို့ ကျွန်တော် ချက်ချင်း လာခဲ့တာ"

"ကြီးမေ ပြောမှာပေါ့၊ အရင်ဆုံး ကော်ဖီလေးတော့ သောက် လိုက်ပါဦး"

သစ်သစ် လာချပေးသော ကော်ဖီကို ကြီးမေ စကားအတိုင်း သူ တစ်ငုံသောက်သည်။ မျက်ဝန်းတွေက မဥ္ဇူကိုတစ်ချက် အကဲခတ် ကြည့်၏။

မဥ္ဇူ ငိုကြွေးထားသည်လား။ ဘာတွေဖြစ်နေသည်လဲ။

"အိုက်ပန်ကိစ္စတုန်းက သမီးလေးကို မင်းအိမ်အထိ ခေါ်သွား ခဲ့တယ်နော်"

"ဗျာ ဟုတ်ကဲ့ မဥ္ဇူ ဒဏ်ရာကို ဆေးထည့်ပေးဖို့ပါ"

"အန်တီ သိတယ်၊ ကျေးဇူးလည်းတင်တယ် မောင်စိုင်း။ ဒါပေမဲ့ အဲဒီ ပြဿနာက ပတ်ဝန်းကျင်မှာ အတော့်ကို သတင်းကြီးနေပြီ"

"ဗျာ"

"အန်တီ တူမလေး မင်းအိမ်ကိုပါသွားတဲ့ကိစ္စကို မြင်လိုက်တဲ့ သူတွေက သတင်းလွှင့်ကြတာလေ၊ ဦးအိုက်ပန်လက်ထဲက မင်း ခေါ်ထုတ် ပြီး ခေါ်သွားတာတဲ့၊ ဒေါ်စိန်မမရဲ့ ညည်ခံပွဲမှာ အားလုံးက အန်တီကို ဝိုင်းမေးကြတယ်၊ ဘယ်လိုမှ ဖြေရှင်းမရအောင် အန်တီ သိက္ခာကျခဲ့ရတာ





အမှန်ပဲ"

ကြီးမေ ဘာတွေပြောနေတာလဲ မသိ။ ကိုမှော် မျက်နှာက မြှန်းလို့ ချောက်ချားအံ့ဩသွားသည်။

"အန်တီရဲ့သိက္ခာ တူမလေးရဲ့သိက္ခာအပြင် မောင်စိုင်းရဲ့ဂုဏ် သိက္ခာပါ ထိခိုက်သွားတဲ့ကိစ္စကြီးကို အန်တီဖြေရှင်းဖို့ ခက်ခဲနေပြီ မောင်စိုင်း"

"ဟို ဟို ကျွန်တော်တို့ဘက်က ရိုးသားခဲ့ကြပါတယ် အန်တီ"

"အန်တီ အကြွင်းမဲ့ယုံတယ်၊ ဒါပေမဲ့ ဖြေရှင်းပြဖို့ ခက်ခဲတာ ခင်း တွေးမိမှာပါ"

ကိုမှော် နှုတ်ဆိတ်ပြီး မဥ္ဇူကို လှမ်းကြည့်သည်။ မဥ္ဇူ မျက်နှာ လေးနီမြန်းပြီး မျက်ရည်ဝဲနေတာ ကိုမှော် ဘယ်လိုထင်သွားခဲ့သည်မသိ။

"ကျွန်တော် သဘောပေါက်ပါပြီ အန်တီ၊ အဲဒီကိစ္စအတွက် ဒူကိုတောင် ကျွန်တော် တောင်းပန်အသိပေးခဲ့ဖူးပါတယ်၊ ကျွန်တော် သတိလက်လွတ်ဖြစ်သွားတဲ့ကိစ္စအတွက် တာဝန်ယူရှင်းမှာပါ"

"မောင်စိုင်း သမီးလေးကို လက်ထပ်မယ်လို့ ဆိုလိုတာလား"

"အို မဟုတ်တာ"

"သမီး ကြီးမေ စကားပြောနေရင် ဝင်မပြောနဲ့လေ၊ မောင်စိုင်း အဖြေကို ကြီးမေ သိပါရစေကွယ်"

"ဟုတ်ကဲ့ ကျွန်တော် မဥ္ဇူကို လက်ထပ်ပါ့မယ် အန်တီ"

"ကိုမှော်"

မဥ္ဇူ အလန့်တကြားခေါ်မိသည်။ ကြီးမေ စကားဆက်ခွင့် ပေးဘဲ ကျေနပ်စွာပြုံးရင်း



www.burmeseclassic.com

www.burmeseclassic.com



"မောင်စိုင်းကို အန်တီ သဘောကျပါတယ်၊ အဲဒီစကား အတွက်လည်း ကျေးဇူးတင်ပါတယ်၊ သမီးလေးအတွက် မောင်စိုင်းကသာ သင့်တော်တဲ့ ခင်ပွန်းလောင်းလို့ အန်တီ ယုံကြည်တယ်"

"ကျွန်တော် ယောကျ်ားတစ်ယောက်ပါ အန်တီ၊ အားလုံးရဲ့ သိက္ခာနဲ့ ကျွန်တော့်ဖဖရဲ့ သိက္ခာကို မထိခိုက်စေရပါဘူး"

"ကဲ ဒါဆို တို့များ ပတ္တမြားစံအိမ်ကို ဘယ်တော့လာခဲ့ရမလဲ မောင်စိုင်း"

"ကျွန်တော့်ရဲ့ ဖဖနဲ့တွေ့ဖို့လား အန်တီ"

"ဟုတ်တယ်လေ၊ ဦးစောခွန်နောင်နဲ့ ကြီးမေ တွေ့ဆုံဖို့ အချိန်တန် အခ်နေပြီလေ"

ကြီးမေအသံက ပြတ်သား ခိုင်မာနေသည်။ သူမအာရုံထဲမှာ စိတ်တက်ကြွလန်းဆန်းမှုတွေကို မဥ္စူ မြင်တွေ့နေသည်။ မဥ္စူအရဲ့ ပြီး ကြီးမေကို လှမ်းကြည့်ရင်း

"ခဏနေပါဦး ကြီးမေ၊ ကိုမှော်ကို မီး အဖြေမပေးရသေးဘူး"

ကြီးမေရဲ့မျက်ဝန်းစူးစူးတွေက မဥ္စူ ခန္ဓာကိုယ်လေးကိုတောင် ကျုံ့သွားစေ၏။

"သမီး ဘာမှပြောစရာမလိုတော့ဘူး၊ မောင်စိုင်းရဲ့ဖဖနဲ့ ကြီးမေ လိုက်တွေ့ပြီး စီစဉ်ရမှာပေါ့၊ ဒါအားလုံးရဲ့ သိက္ခာနဲ့ဆိုင်တယ်၊ လော ကြီးမှာ ကိုယ်ကျင့်သိက္ခာတရားဆိုတာ အသက်ထက် အရေးကြီးတယ် ဒါ တန်ဖိုးရှိတဲ့လူတွေရဲ့ အပြုအမူလေ"

"ကျွန်တော် လက်ခံပါတယ် အန်တီ၊ ကျွန်တော် ဖဖနဲ့အန် တွေ့ချင်တယ်ဆိုရင် တားမြစ်စရာဘာမှမရှိပါဘူး၊ ဒါပေမဲ့ ဒီကို ကျွန်တော်





လာတာ ဖဖ လုံးဝမသိပါဘူး၊ ဒါကြောင့် မင်္ဂလာသတင်းကို ကျွန်တော့် နည်း ကျွန်တော့်ဟန်နဲ့ ဖဖကို အသိပေးပါရစေ"

"သိပ်ကောင်းတယ် မောင်စိုင်း၊ အန်တီ သဘောတူပါတယ်၊ မင်းဘက်က အသိပေးပြီးတာနဲ့ အန်တီတို့လူကြီးတွေ ဆုံကြတာပေါ့၊ သမီးလေးကို လက်ထပ်ခွင့်ကို မောင်စိုင်းကိုယ်တိုင် မင်း ဖဖရှေ့မှာ တောင်းဆိုပေါ့"

"ကျွန်တော် ကန့်ကွက်စရာမရှိပါဘူး ခင်ဗျာ"

"ကြီးမေ မဥ္စူ ပြော"

"တော်တော့ သမီး၊ ကဲ မောင်စိုင်း ပြန်နိုင်ပါပြီ၊ မင်းကို ဘုမလေးရဲ့ခင်ပွန်းအဖြစ် အန်တီ အကြွင်းမဲ့ လက်ခံလိုက်ပြီ"

"ဟုတ်ကဲ့ ကျွန်တော် ပြန်မယ် အန်တီ၊ မဥ္စူ ကိုယ်ပြန်ဦး မယ်၊ နောက်မှ ကိုယ်တို့နှစ်ယောက် ဆုံကြစို့"

ဟင့်အင်းလို့ မဥ္စူ ငြင်းလိုက်ချင်တာ။ ဒါပေမဲ့ ကြီးမေ ဒေါသ ဆူ ကြီးမားလာမှာကြောက်နေသည်။ ကိုမှော်က ဂုဏ်သရေရှိတဲ့ ယောကျ်ားပီပီ မဥ္စူကို လက်ထပ်မယ်တဲ့။

မဖြစ်နိုင်။ မဖြစ်သင့်။ ကြီးမေ ဘာကြောင့် ဒီလို ဖန်တီးလိုက် ရတာလဲ။

ကိုမှော် နှုတ်ဆိတ်ပြီးထွက်သွားတဲ့အထိ ကြီးမေ တိတ်ဆိတ်စွာ ရပ်နေသည်။ အတန်ကြာမှ မဥ္စူကို စိုက်ကြည့်ရင်း

"မင်း ငါ့ကိုတော်လှန်ဖို့ ဘုန်းသက်မျိုးကို အားကိုးနေသလား ညှာသက"

"မ မဟုတ်ပါဘူး ကြီးမေ၊ ကိုမှော်ကို လိမ်ညာပြီး မဥ္စူ



www.burmeseclassic.com

www.burmeseclassic.com



လက်မထပ်ရဲဘူး၊ မဖြစ်သင့်ဘူး ကြီးမေရယ်"

"ဖြစ်ရမယ် ဒါဖြစ်သင့်တဲ့ကိစ္စ တို့တောင့်တခဲ့တဲ့ ကိစ္စပြ ဆိုတာ မင်း သိသင့်တယ်၊ မင်း ဘယ်လိုမှ ဖျက်ဆီးခွင့်မရှိဘူး မ ငါ ဒီအချိန်ထိ အသက်ရှင်နေတာ အဲဒီအတွက်ပဲ"

"ကြီးမေ ဆန္ဒတွေ ဘာတွေလဲ၊ မဥ္ဇူ ဘာမှမသိရပါလား"

"မကြာခင် ပွဲသိမ်းတော့မှာပါ၊ အဲဒီကျမှ မင်းသိရမယ်ေ ကဲ ဒီရက်မှာ မင်း အခန်းထဲကလုံးဝ မထွက်ပါနဲ့ ဒါ အမိန့်ပဲ"

မဥ္ဇူ ဘယ်လိုမှ လွန်ဆန်ခွင့်မရနိုင်တော့ဘူးဆိုတာ သေ ပါပြီ။ မဥ္ဇူ အနားမှာ ဘုန်းသက်မှူးလည်း ရှိမနေခဲ့ပါ။

ကြီးမေရဲ့စီမံမှုတွေထဲမှာပဲ မဥ္ဇူ နှလုံးသားကို စတေးလိုက် တော့မှာလား။

ရက်စက်လိုက်တာ ကြီးမေရယ်။

■ ■ ■



## အခန်း (၂၈)

ကားထဲမှာ တိတ်ဆိတ်နေသည်။ မဥ္ဇူ စကားပြောချင်ပေမယ့် စကားတစ်လုံး စလိုက်တာနှင့် ကြီးမေငေါက်ပြီး ချက်ချင်းပိတ်နိုင်းမှာ သေချာသည်။

ကြီးမေသည်နေ့ကျမှ ခန့်ထည်စွာပြင်ဆင်ဝတ်စားထားပေမယ့် မာတင်းနေသော မျက်နှာကို မဥ္ဇူ အနီးကပ်ဆုံးမြင်နေသည်။

ကားကို ကိုမော်ကိုယ်တိုင် မောင်းလာသည်။

ကြီးမေလည်း တိတ်ဆိတ်လို့၊ သစ်သစ် မျက်နှာကတော့ အရင် ကထက်ပိုပြီး အိုစာနေသည့်အတိုင်း ထင်မှတ်ရ၏။ ကိုမော်နဲ့သဘော မတူချင်သည့် သစ်သစ်ကော ဘာမှမတတ်နိုင်ဘူးတဲ့လား။

မဥ္ဇူ ငိုချင်စိတ်ကို ချုပ်ထိန်းထားရတာ ပင်ပန်းလိုက်တာ။

တွယ်ရာမဲ့ဘဝကို စဉ်းစားရင်း မဥ္ဇူ ရင်ထဲမှာ မွန်းကြပ်လာ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

ညက အိပ်မပျော်လို့ စိတ်ကိုမကြည်လင်။ လူက နုံးချိလို့ ပြိုလဲသွားချင်မိသည်။ ကြီးမေ ဖွတ်ဝတ်နိုင်းခဲ့သော နိုပြာရောင် သတို့ သမီးဝတ်စုံ ဂါဝန်လေးက လှပေမယ့် မဥ္ဇူ စိတ်က မသတီပါ။

ကားက ပတ္တမြားစံအိမ်အနီးသို့ရောက်လာပြီ။

ခြံကျယ်ကြီးအလယ်မှာ ခန့်ညားထည်ဝါလှသော တိုက်ကြီးက ရှုမောစရာကောင်းအောင်လှသည်။ သံပန်းတံခါးကို ခြံစောင့်ကြီးက ဖွင့်ပေးသည်။

ကွန်ကရစ်လမ်းမအတိုင်း မောင်းဝင်ခဲ့တော့ ချာချာလည်နေ သော ရေပန်းတွေ တပ်ဆင်ထားသော မြက်ခင်းလွင်ပြင်ကြီး။

တစ်ဖက်မှာက အရောင်စုံ၊ အသွေးစုံ ပန်းခြံကြီးက ငေးမော မဆုံး။ ငေးမောလောက်အောင် လှပလွန်းပေမယ့် မဥ္ဇူ အာရုံမဝင်စား နိုင်သလို စိတ်ကလည်း မလန်းဆန်းနိုင်ပါ။

ဆင်ဝင်အောက်မှာ ကားထိုးရပ်တော့ ကိုမှော် တံခါးဖွင့်ဆင်း သည်။ ပြီးမှ ကြီးမေ ထိုင်နေရာ နောက်ခန်းတံခါးကို ဖွင့်ပေးသည်။

ကြီးမေက တည်ငြိမ်တဲ့ အပြုံးနှင့် ကားပေါ်က ဆင်းသည်။ မဥ္ဇူ ထွက်လာတော့ မဥ္ဇူ လက်ကိုကိုင်ပြီး အဖြူရောင်ကျောက်ပြားတွေ ခင်း ထားသည့် လှေကားထစ်တွေအတိုင်း အိမ်ကြီးထဲသို့လှမ်းသည်။

တင်းတင်းဆုပ်ထားတဲ့ ကြီးမေ လက်တွေက မဥ္ဇူ ကို အမှား တစ်ခုမှမလုပ်မိအောင် သတိပေးနေသလိုပါပဲ။

"ဖဖ ဘယ်မှာလဲ"

ညေ့ခန်းထဲမှာ အသင့်စောင့်နေတဲ့ လူကြီးက ရိုကျိုးတဲ့အသံ





နဲ့ ကိုမှော် အမေးကိုဖြေသည်။

"ရှိပါတယ် လူလေး၊ ဧည့်သည်တွေကို စောင့်နေပါတယ်"

အားလုံးကို ဦးဆောင်ပြီး လူကြီးက ဦးဆောင်ခေါ်သွားခဲ့သည်။

အိမ်ကြီးက ကျယ်ဝန်းသလို ခမ်းနားထည်ဝါမှုတွေက အံ့သြ ငေးလောက်သည်။ စိတ်ရှုပ်ညစ်ညူးနေသည့် ကြားကတောင် မဥ္ဇူ ထည်ဝါလှတဲ့ အိမ်ထောင်ပရိဘောဂတွေကို သတိမပြုဘဲမနေနိုင်ဖြစ်ရ သည်။

အဆောင်ဆောင် အခန်းခန်းကို ဖြတ်သန်းပြီးမှ နောက်ဆုံး အခန်းကြီးတစ်ခုရှေ့မှာ ရပ်လိုက်ကြသည်။ သီးသန့်ဧည့်ခန်းဆောင်ကြီး တစ်ဆောင်ဟု မဥ္ဇူ တွေးလိုက်မိရဲ့။

မပေါ်ဂနီရောင် တောက်ပနေသော ကနုတ်အလှတွေနှင့် စားပွဲ ပုပုရှည်ရှည်လေးနံဘေးမှာ အိညက်သော ဆိုဖာကြီးတွေက မီးခိုးရောင် ဘာခန်းဆီးတွေက နိုပြာရောင်ဖြစ်သည်။

စားပွဲထိပ်ဆိုဖာအိအိကြီးမှာ ထိုင်နေသော ယောကျ်ားကြီးက ထရပ်သည်။

ဒါ ကိုမှော်ရဲ့ ဖဖပဲဖြစ်လိမ့်မည်။

စူးရှတောက်ပသော မျက်ဝန်းတွေက မဥ္ဇူဆီမှာ အတန်ကြာ ငေးမောသွားခဲ့သည်။ မဥ္ဇူလည်း လူကြီးကို ပြန်ငေးကြည့်နေမိသည်။

မြင့်မြင့်ချင်းပင် ရှင်းသန့်သော ဥပမိရုပ်နှင့် မြင့်မားသော အရပ်အမောင်းနှင့် ခန့်ထည်သော ယောကျ်ားကြီးပါပဲဟု မဥ္ဇူစိတ်က မှတ်ချက်ပြုမိ၏။

သေသပ်ကျနစွာ ဖြီးသင်ထားသော ဆံပင်တွေက ဖြူစပြုနေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ချောမောခန့်ညားမှုမှာတော့ ကိုမှော်အတိုင်းပါပဲလား။ မဠူ ဆီမှာ ဦးတည်နေတဲ့ အကြည့်ကိုပြန်ရုပ်သိမ်းပြီး ဦးစောခွန်နောင် ပြုံးသည်။

သူ့အပြုံးကလည်း ခွဲမက်စရာ၊ ကိုမှော်ကို ပြုံးကြည့်ရင်း

''သား ဒီနေ့ လာမယ်ဆိုတာ သိတယ်၊ ဒီလောက် စောမယ်မထင်ဘူး''

''စောစောထွက်ဖြစ်တာ ဖဖကို ကြိုမပြောမိလို့ ခွင့်လွှတ်ပါဖဖ၊ သား မိတ်ဆက်ပေးပါရစေ သူက ဒေါ်ခင်သူဇာပါ''

ကြီးမေကို ညွှန်ပြပြီး ကိုမှော် မိတ်ဆက်ပေးသည်။ ကြီးမေမျက်ဝန်းတွေက ရှုံးရှုလို့ ဦးစောခွန်နောင်ကို မျက်တောင်မခတ်ဘဲ ကြည့်နေသည်။

''သူကတော့ အန်တီရဲ့တူမ မဠူသက ပါ ဖဖ''

မဠူ လေးစားရိုသေမှုနဲ့ပြုံးပြမိသည်။ ဦးစောခွန်နောင် မျက်နှာတန်းတန်းတွေ မကွေးညွတ်သွား၏။ ပြီးမှ မဠူ လက်ကလေးကို လှမ်းဆုပ်ကိုင်သည်။

''မဠူသက တဲ့လား။ ကြားဖူးသလိုပဲ''

''သား ပြောပြထားတယ်လေ ဖဖ''

ကိုမှော်က ဝင်ပြောသည်။ ဦးစောခွန်နောင် ခေါင်းညိတ်ပြီးအားလုံးကို ထိုင်ဖို့ အချက်ပြသည်။

ဆိုဖာတွေမှာထိုင်မိကြစဉ်မှာပဲ ကြီးမေက စိတ်မရှည်သလိုပြောသည်။

''ကဲ မောင်စိုင်း မင်း အဖေရှေ့မှာ သမီးလေးကို လက်ထပ်ခွင့်တောင်းမှာ အန်တီ ကြားချင်တယ်''





ကြီးမေ အသံက အမိန့်ဆန်နေသည်။ ကိုမှော် မျက်နှာထွက်ခနဲပျက်သွား၏။ ဒါပေမဲ့ အခိုက်မှီ ပြန်ထိန်းရင်း တည်တည်ငြိမ်ငြိမ်နှင့် ခေါင်းညိတ်လိုက်ကာ

''ဟုတ်ကဲ့ပါ အန်တီ၊ ကျွန်တော့်ကလည်း ပြောမလို့ပါ ဖဖသား မဠူကို လက်ထပ်ခွင့်တောင်းထားပါတယ်''

''ဟုတ်လား''

ဦးစောခွန်နောင် အကြည့်တွေက မဠူဆီလွင့်ဝဲလာရင်း

''ကလေးရဲ့မိဘတွေက ဘယ်သူတွေလဲ''

မဠူ ဘာဖြေရမှန်းမသိ တုံ့ဆိုင်းနေတုန်း ကြီးမေ အသံကကျယ်ကျယ်လောင်လောင် ထွက်လာသည်။

''ပြောလိုက်စမ်း မဠူ။ တကယ့်အမှန်ကို မင်းပြောလိုက်၊ သူကြားပါစေ''

အမိန့်သံဆန်သလို မာတင်းတင်းနှင့် ကြီးမေအသံကြောင့် မဠူသည့်ကြည့်မိသည်။ ကြီးမေ မျက်ဝန်းတွေ အရောင်ပြာလဲ့နေပုံကကြောက်စရာပါလား။

ကိုမှော် ကြီးမေကို မယုံသလို ငေးကြည့်နေပေမယ့် ဦးစောခွန်နောင်ကတော့ တည်တည်ငြိမ်ငြိမ်နှင့် မဠူအဖြေကို နားစွင့်နေသည်။

''ဖြေလိုက်လေ မဠူ''

ကြီးမေ ထပ်ပြောမှ မဠူ အသံတိမ်တိမ်လေး လွင့်ထွက်သွား၏။

''မီးကာ ဒေါ်ခင်မငယ်ရဲ့သမီးပါ''

ဦးစောခွန်နောင် မျက်နှာကွက်ခနဲ ပျက်ပြီး ပါးစပ်တွေ ပွင့်ဟသွားပေမယ့် ဘာသံမှထွက်မလာ။ ကြီးမေ အမေးသံက ထပ်ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း အသက်က ဘယ်လောက်လဲ"

"ဆယ့် ဆယ့်ကိုးနှစ်ပါ"

"မင်း ဘယ်မှာမွေးတယ်ဆိုတာကော ပြောပြလိုက်ဦးလေ"

ခင်မကြီး အသံက စူးစူးရှရှ ထွက်ပေါ်လာသည်။ မဉ္ဇူ အံ့ဩ ထိတ်လန့်စွာ ကြည့်လိုက်တော့ ကြီးမေ မျက်နှာကြီး နီရဲနေ၏။

ဦးစောခွန်နောင် မျက်ဝန်းတွေက ကြီးမေကို စူးစူးငေး စိုက်ကြည့်ရင်း

"မင်း မင်းခင်မကြီးလား၊ ဒီအကြောင်းတွေကို ဘာလို့ ကျုပ် အသိမပေးခဲ့တာလဲ"

အထိတ်ထိတ် အလန့်လန့် ထွက်လာတဲ့မေးခွန်း။ ကြီးမေအ ထွက်အောင် ရယ်လိုက်သည်။ ရယ်သံက ကျေနပ်အားရဝမ်းသာ အသံနဲ့ရယ်သံမျိုး။

"အဟင်း ဟင်း ဒီမေးခွန်းကို ရှင်မေးသင့်တယ်၊ ဘာကြော အသိမပေးခဲ့သလဲဆိုရင် ခင်မငယ်က ရှင့်ကိုမသိစေချင်လို့တဲ့၊ သူ သေ နီးဆဲဆဲမှာ ရှင့်ကိုလုံးဝအသိမပေးပါနဲ့လို့ ကျွန်မကို ကတိတောင်း မသိစေခဲ့တာဘဲ"

ဘာတွေဖြစ်ကုန်တာလဲ၊ မဉ္ဇူ မျက်လုံးလေးဝိုင်းကာ ကို ကိုကြည့်တော့ ကိုမော်လည်း မယုံနိုင်စွာ အံ့ဩမင်သက်လို့နေသည်

"အခုလည်း ကျွန်မနှုတ်က ပြောတာမဟုတ်ဘူးနော်၊ ဘာသာ ရှင်သိတာ၊ သိပုံကလည်း ရှင့်ရဲ့တစ်ဦးတည်းသော သာ ချစ်လှစွာသော သားက လက်ထပ်ခွင့်တောင်းဆိုခဲ့ရင်း သိခဲ့ရတာ မဉ္ဇူသကဆိုင ာ ရှင် အနိုင်ကျင့်တာမခံနိုင်လို့ ကျွန်မဆီပြန်ပြေးလာ





ခင်မငယ်ရဲ့သမီးပေါ့ရှင်"

"မင်း မင်း ဒါတွေသိရက်နဲ့"

ဦးစောခွန်နောင် မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူလျော်ပြီး တုန်တုန်ယင်ယင် အသံလှိုင်းတွေ တွန့်ဆုတ်ကုန်သည်။

"ဟုတ်တယ် ဒီပြဿနာကို ရှင်ဘယ်လိုရှင်းမလဲ၊ ကျွန်မသိချင် တယ်၊ အခု ရှင့်သားက မဉ္ဇူသကကို လက်ထပ်ခွင့်တောင်းဆိုခဲ့ပြီ၊ လွန်ခဲ့တဲ့ ဆယ့်ကိုးနှစ်ကျော်က ဟောဒီပတ္တမြားစံအိမ်ကိုခေါ်လာပြီး ရှင် ကျောရရုံ ကြံစည်ခဲ့တဲ့ ခင်မငယ်ရဲ့သမီးကို ရှင် ချွေးမတော်ရတော့မယ်"

ကြီးမေရဲ့ အသံက ခါးသီးမှုတွေ၊ အမုန်းအညှိုးတွေ ဖုံးလွှမ်း နေသည်။ မဉ္ဇူ ကြောက်လန့်ချောက်ချားလွန်းလို့ အနားမှာရှိနေတဲ့ ကိုမော် ကို အားကိုးတကြီးကြည့်လိုက်မိသည်။

ကိုမော်က မဉ္ဇူ ကြောက်လန့်နေတာကို သိမြင်တာမို့ လက်ဖဝါး လေးဆုပ်ကိုင်အားပေးထား၏။

ဖဖနဲ့ကြီးမေတို့ရဲ့ အတိတ်က ပြဿနာတွေက ဘာတွေလဲ။ သူ မသိနိုင်ပါ။ လက်ရှိမှာတော့ ဒီပြဿနာကို ဖန်တီးခဲ့တာ ကြီးမေဟု သူ သဘောပေါက်လာသည်။

မဉ္ဇူ လက်ကလေးကို ဆုပ်ကိုင်ထားရင်း မကြောက်ဖို့ အားပေး နေရပေမယ့် သူလည်း ဘာမှမသိသောကိစ္စမို့ မင်သက်တိတ်ဆိတ်စွာ ငေး ကြည့်ငေးနေရသည်။

ဒေါသတွေ တလိပ်လိပ်ကြီးနေတဲ့ ကြီးမေတို့ ဖဖက တည်ငြိမ် စွာ ငေးကြည့်ရင်းပြောသည့် စကားသံတို့က တိုးတိတ်ပေမယ့် ခပ်မာမာ။

"ခင်ဖျားညီမ အကြောင်းကို ကျုပ်စုံစမ်းသေးတယ်၊ သူ ဆုံးပါး



www.burmeseclassic.com

www.burmeseclassic.com



သားပြီလို့ပဲ သိရတယ်၊ ခင်မကြီး''

''ဟုတ်တယ် သူသေရတာ ရှင့် ပယောဂပါတယ်၊ ရှင် စုံစမ်းတယ် ဟုတ်လား၊ ရှင့်ဆီက သူ ထွက်ပြေးလာပြီး ရှစ်လကြာမှ ရှင် စုံစမ်းတာ မဟုတ်လား၊ သူမွေးတဲ့ကလေးကို ကျွန်မလက်ထဲထားခဲ့တာကို ရှင် မသိအောင် ကျွန်မ ရှောင်တိမ်းခဲ့တယ်၊ ကလေးကျန်ရစ်ခဲ့တာကို ရှင့်ကို အခုမှသိစေချင်တာ၊ အပြစ်မရှိရှာတဲ့ အမျိုးကောင်းသမီးလေးတွေကို ရှင် အရှက်သိက္ခာမရှိ ဖျက်ဆီးပစ်ခဲ့တာတွေအတွက်တော့ တန်ရာတန်ဖိုးကို အခုပေးဆပ်ရတော့မယ် စောခွန်နောင်''

စက်သေနတ်ပစ်သလို တရစပ်ထွက်လာသော ခင်မကြီး အပြစ်တင်စကားတွေကို ဦးစောခွန်နောင် ခေါင်းခါရမ်းရင်း

''မဟုတ်ဘူး၊ ခင်မျှားညီမကို ကျုပ် မဖျက်ဆီးပါဘူး၊ ကျုပ်နဲ့ ခင်မငယ် နှစ်ဦးကြည်ဖြူစွာ လက်ထပ်ခဲ့ကြတာပဲ''

''ဘာ ရှင့်ကို ခင်မငယ် လက်ထပ်တယ် ဟုတ်လား''

မယုံကြည်သလို ခင်မကြီး အော်ဟစ်မေးသည်။ သူမ ဒေါသသင့်နေသလောက် ဦးစောခွန်နောင်က တည်ငြိမ်လွန်းသည်။

''ဟုတ်တယ် ကျုပ်တို့လက်ထပ်ခဲ့ကြတယ်၊ အဲဒါ ခင်မျှား မသိခဲ့ဘူးလား၊ တရားရုံးမှာ နှစ်ဦးသဘောတူလက်ထပ်ခဲ့ကြတဲ့စာချုပ်ကို ကြည့်ချင်သေးရင် ကျုပ်ဆီမှာအခုထိ ရှိသေးတယ်''

''ဒါ ဒါ ကျွန်မ မသိပါလား၊ လုံးဝ မသိခဲ့ဘူး''

လည်ချောင်းဝမှာ တစ်ခုခုတစ်ဆို့သွားသလို မွန်းကြပ်လာတော့ ခင်မကြီးလက်နဲ့အသာ ဆုပ်ကိုင်စမ်းမိသည်။ သူ့ကိုစိုက်ကြည့်နေတဲ့ ဦးစောခွန်နောင် မျက်ဝန်းတွေက စူးရှတောက်ပနေပါလား။





''ခင်မျှား ညီမ အကြောင်းကို ခင်မျှား ဒီထက်ပိုသိဖို့ ကောင်းတာပေါ့၊ ခင်မျှား အကြောင်းတွေတော့ ကျုပ်သိထားတယ်၊ ခင်မျှားက ကိုယ်ကလွဲပြီး ဘယ်သူ့အကြောင်းမှ မသိဘူး၊ ကျုပ်တို့ အိမ်ထောင်ရေးကို ဖျက်ဆီးတာလည်း ခင်မျှားပဲ၊ ခင်မငယ်ကို ခင်မျှား ချစ်ကောင်းချစ်မယ်၊ ဒါပေမဲ့ ခင်မျှား အချစ်က ကြောက်စရာကောင်းတဲ့ အချစ် အတ္တကြီးလွန်းတဲ့ အချစ်မျိုးပဲ''

ဦးစောခွန်နောင် ပေါက်ကွဲပြောနေတော့ ကြီးမေ မျက်နှာကြီး ညိုမည်းလို့ မျက်လုံးတွေက စူးစူးရဲရဲ။

''ငယ်ငယ်က ကျုပ်ကို ချစ်ပေမယ့် ခင်မျှားကို ကြောက်တဲ့စိတ်က ပိုက်နေတယ်၊ ကျုပ်နဲ့လက်ထပ်ပြီးတဲ့အကြောင်း ခင်မျှားဆီကို စာရေးအသိပေးခိုင်းတော့ သူ ငြင်းတယ်၊ သူ့အစ်မစိတ်ဆိုးမှာကြောက်တယ်တဲ့၊ ယောကျ်ားတွေကို မုန်းတီးတဲ့ ခင်မျှား စိတ်ဓာတ်မျိုး ငယ်ငယ် ရင်ထဲကို ထည့်ပေးချင်နေတဲ့ ခင်မျှားကို သူ ဒသိပ်ကြောက်ခဲ့ရှာတယ်၊ နောက်ဆုံး ခင်မျှားပြန်လာရင် ရင်ဆိုင်ရမှာကြောက်ပြီး သူ ကျုပ်အနားက ထွက်ပြေးတဲ့အထိပဲ၊ အဲဒီလောက်အထိ ခင်မျှားကို သူကြောက်မုန်း ကျုပ်နောက်ကျမှ သိခဲ့ရတယ်''

ကြီးမေ မျက်နှာကြီးက ကြောက်စရာကောင်းအောင် ရဲရဲနီလာသည်။ မျက်ဝန်းတွေထဲက သွေးကြောနီနီတွေက စူးရဲလို့ ဦးစောခွန်းနောင် စကားတွေကို ခေါင်းတွင်တွင်ခါရမ်း ငြင်းဆိုတယ်။

အသံတွေက တစ်ဆို့ထားသလို ထွက်မလာနိုင်ရှာဘူး။

''ကျုပ်တို့ အိမ်ထောင်ရေးပြိုကွဲတာ ခင်မျှားကြောင့်၊ ခင်မျှားညီမသေရတာလည်း ခင်မျှားကြောင့်၊ ခင်မငယ်ကို တကယ်တမ်း သတ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာလည်း ခင်ဗျားပဲ ခင်မကြီး''

"မဟုတ်ဘူး ရှင် ညာနေတာ၊ ညီမလေးကို ရှင် ဖျက်ဆီးခဲ့တာ နှိပ်စက်လို့ စွန့်ပြေးလာတာလို့ ကျွန်မသိထားခဲ့တယ်၊ ဒါကြောင့် ရှင့်ကို ဖျက်ဆီးချင်တယ်၊ ရှင့်သားဘဝကိုလည်း ဖျက်ဆီးချင်တယ်၊ အခု ကျွန်မ လုပ်နိုင်ပြီလေ၊ ဒီအခိုက်အတန့်ကို ရှင် ဘယ်တော့မှ မေ့နိုင်မှာမဟုတ်ဘူးဆိုတာ သေချာတယ်''

''မင်း အတွေအဆိပ်တွေ သိပ်ကြီးမားနေပြီ ခင်မကြီး''

''ဟုတ်တယ် ညီမလေးအတွက် နာကျည်းချက်တွေနဲ့ ကျွန်မ လောင်မြိုက်ခဲ့တဲ့ကာလတွေ အရှည်ကြီးပဲ၊ မဥ္ဇူလေးကို စောင့်ရှောက်ပြုစုပြီး ကျွေးမွေးခဲ့တာ ဘယ်ကရတဲ့ ပိုက်ဆံလို့ ရှင်ထင်သလဲ၊ ရှင့်သမီးကို ရှင်တို့လို ယောကျ်ားတွေ အာသာဆန္ဒပြင်းပြင်းနဲ့''

''တိတ်စမ်း''

ဦးစောခွန်နောင် အသံကြီးဟိန်းထွက်သွားတယ်။

ကြီးမေ မျက်နှာပေါ်က ဒေါသရိပ်တွေ ပျောက်ကွယ်ပြီး ရှုံ့မဲ့လာတာကိုလည်း မဥ္ဇူ မြင်နေရသည်။

အသားတွေ တဆတ်ဆတ်တုန်နေရင်း ကြီးမေ လက်တွေက ရင်ဘတ်ကိုဖိတယ်၊ ကြီးမေ ဘာဖြစ်တာလဲ။

မဥ္ဇူ ထိတ်လန့်စွာနဲ့ ထရပ်ချိန်မှာပဲ ကြီးမေ မျက်ဝန်းတွေ ပြူးကျယ်ပြီး ဆိုဖာပေါ်ကို အရုပ်ကြိုးပြတ်လဲကျသွားခဲ့သည်။

''ကြီးမေ ကြီးမေ လုပ်ပါဦး''

■ ■ ■



## အခန်း (၂၈)

ခင်မကြီး သုံးရက်သာ လောကကြီးထဲမှာ ဆက်နေထိုင်ခွင့်ရခဲ့သည်။ သတိကတော့ လုံးဝပြန်မလည် လာခဲ့ပါ။

ဝေဒနာအရှိန်နှင့် သတိလစ်မေ့မျောနေသော ခင်မကြီးကို မရွှေသစ်က သစ္စာရှိစွာနှင့်ပြုစုသည်။ မဥ္ဇူလည်း နေ့ညမလပ် ကြီးမေ ခုတင်အနီးမှာရှိသည်။

ဦးစောခွန်နောင်က သူ၏ပတ္တမြားစံအိမ်ကြီးထဲမှာပဲထားပြီး ဆရာဝန်ပင့်ကုသပေးနေတာကို ခင်မကြီး သိရှာမည်မဟုတ်၊ နှလုံးခုန်သံမှန်ကာ အသက်ရှူနေဆဲပေမယ့် သတိပြန်မလည်လာသော ကြီးမေ အသိအာရုံတွေ ဘယ်ဆီရောက်နေမည်လဲ မဥ္ဇူ မတွေးတတ်ပါ။

ဆရာဝန်ကြီးကတော့ အဖြစ်နိုင်ဆုံး အခြေအနေကို ကြိုအသိပေး ပြောထားခဲ့ပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အပြင်းအထန် လေဖြတ်သွားတယ်၊ ရက်အနည်းငယ်ပဲ ခံနိုင်လိမ့်မယ်၊ ထူးထူးခြားခြား ကံကောင်းပြီး အသက်ရှင်ရင်တောင်မှာ တစ်သက်လုံး လေဖြတ်သွားမှာပဲ"

ကြီးမေကို ကြည့်ကာ မဥ္ဇူ မျက်ရည်လေးဝဲနေသည်။ သစ်သစ်ကလည်း မျက်ရည်စို့စို့။ ကြီးမေ မျက်နှာက မြင်မကောင်းအောင် ရွဲ့စောင်းနေပြီ။ ဟိုးတစ်ချိန်က ချောမောလှပခဲ့သူဆိုတာ ယုံနိုင်စရာတောင် မရှိပါ။

ကြီးမေ သတိပြန်လည်လာမလား မဥ္ဇူ အကြာကြီးဘိုင်စောင့်ပေးမိ၏။ ရင်ထဲမှာ ကြီးမေအတွက် စိုးရိမ်ပူပန်မှု တစ်ခုကလွဲလို့ ဘာမှ မရှိ။ ဘာကိုမှ ခံစားလို့မရနိုင်ပါ။

ကြီးမေဆိုတာ မဥ္ဇူရဲ့ တစ်ဦးတည်းသော အဒေါ်။ ပြီးတော့ မဥ္ဇူဘဝ တစ်ခုလုံးကို ကယ်တင်ကျွေးမွေးပြုစုခဲ့တာလေ။

မဥ္ဇူအတွက် သည်ကာလလေးက ရပ်တန့်နေသလိုပဲ။ အတိတ်နဲ့အနာဂတ်ကြားမှာ မှောင်မိုက်နေတဲ့ ဟင်းလင်းပြင်ကြီး၊ အဲဒီ နေရာတစ်ခုမှာ မဥ္ဇူ အသိမဲ့စွာ ရောက်နေသလိုမျိုး။

မဥ္ဇူ မျှော်လင့်ချက်တွေ ကင်းမဲ့သွားခဲ့သည်။ တတိယမြောက် နေ့မနက်ဦးမှာပဲ ကြီးမေ လောကကြီးကိုစွန့်ခွာသွားခဲ့သည်။

"ကြီးမေ ရယ် အဟင့် ဟင့်"

မဥ္ဇူ ကြေကွဲဝမ်းနည်းစွာ ငိုမိသည်။ သစ်သစ်က မဥ္ဇူကို နှစ်သိမ့်ရင်း မျက်ရည်တွေ စီးကျလို့။ ကြီးမေနဲ့သစ်သစ်တို့ သံယောဇဉ်တွေက နည်းနည်းလေးမှ မဟုတ်တာပဲလေ။

"သမီး စိတ်ကိုလျှော့လိုက်ပါ၊ အားလုံး အကောင်းဆုံးလုပ်ခဲ့





တာပဲ၊ ကဲ ဖဖနဲ့ ခဏလောက်လိုက်ခဲ့ပါကွယ်"

ဦးစောခွန်နောင်က နှစ်သိမ့်ပြီး မဥ္ဇူကိုခေါ်သွားတယ်။ သစ်သစ်ကလည်း မျက်ရည်စတွေကြားက မျက်ရိပ်ပြခေါ်လို့ ပါလာသည်။

အခန်းကျယ်ကြီးက မှန်တံခါးကြီးတွေ တပ်ဆင်ထားလို့ နေရောင်ခြည်နဲ့လင်းနေသည်။ ဒါပေမဲ့ မဥ္ဇူ စိတ်ထဲမှာတော့ မှုန်မှိုင်းတဲ့ မြူတွေကိုဖြတ်ပြီး ကြည့်နေရသလို ခံစားမိသည်။

"ထိုင်ကြဦးလေ သမီးနဲ့မြေးသစ်တို့ သိပ်ကို ပင်ပန်းနေပြီ"

ဖဖက ဆိုဖာ ထိုင်ခုံမှာ အိအိကြီးတွေဆီ လက်ညှိုးညွှန်ပြရင်း ပြောသည်။ ဒီရက်ပိုင်းမှာ ဖဖ ခမျာလည်း အိပ်ပျက်ခဲ့ပုံပါ။ ဖြူတဲ့ မျက်နှာက သွေးရောင်ကင်းလို့ မျက်ကွင်းလေးတွေတောင် ခပ်ညိုညို။

မဥ္ဇူနဲ့ သစ်သစ် ထိုင်လိုက်မိကြသည်။ ဖဖကလည်း မဥ္ဇူ အနားမှာ ဝင်ထိုင်သည်။

"သမီးကို ဖဖ ပြောချင်တာတွေ အများကြီး၊ ခင်မကြီး ကျန်းမာရေးကြောင့် မျိုသိပ်ထားခဲ့တာ၊ အခု ဖဖ ရင်ထဲမှာ ဝင်းကျစ်နေတဲ့ စကားတွေကိုပြောပါရစေ၊ သမီး နားထောင်ပေးပါနော်"

မဥ္ဇူကော သစ်သစ်ပါ ဖဖ စကားတွေကို ငြိမ်သက်စွာ နားထောင်နေလိုက်သည်။

ဖဖနဲ့မေမေ ဒေါ်ခင်မငယ်တို့ရဲ့ အတိတ်ဇာတ်ကြောင်းကို မဥ္ဇူတို့ နားထောင်ခဲ့ကြရသည်။ ဖဖ စကားသံတွေက နှစ်ပေါင်းများစွာ မျိုသိပ်ထားခဲ့ရတာတွေကို အခုနောက်ဆုံးမှ ရေကာတာကျိုးပေါက်သလို ဖွင့်ချနေသလိုရှိသည်။

စကားဆုံးတော့ ဖဖ မောဟိုက်သွားသလို ငြိမ်သွား၏။ မဥ္ဇူ



www.burmeseclassic.com

www.burmeseclassic.com



မသိခဲ့တဲ့ ဖဖနဲ့မေမေတို့ရဲ့ အတိတ်က ရင်နင့်နာကျင်စရာမို့ မဉ္ဇူ မျက်ရည်ဝဲလို့။

သစ်သစ်က ပင့်သက်ရှိုက်ရင်း ဖဖကိုခွင့်တောင်းသလို ကြည့်၏။

''မမကြီး ဆုံးပါးသွားပြီဆိုတော့ သစ်သစ် သိထားခဲ့တာတွေကို ပြောပြတော့မယ် သမီးလေး နားထောင်ပေးပါ၊ သူ အသက်ရှင်နေသ၍ မပြောဖို့ မမကြီးသစ္စာဆိုနိုင်းထားခဲ့လို့ သစ်သစ် ရင်ထဲမှာပဲ မွန်းကြပ်ချုပ်တည်းထားခဲ့ရတဲ့စကားတွေပဲ သမီး''

သစ်သစ် စကားသံတွေက တိုးညှင်းပြီး တည်ငြိမ်စွာထွက်လာသည်။ ဖဖကော မဉ္ဇူပါ မျက်ဝန်းလေးတွေ မင်သက်ငေးမော နားထောင်နေ၏။

ခင်မကြီးဆီမှာ သစ်သစ် နှစ်နှစ်ဆယ်ကျော် အမှုထမ်းခဲ့ပုံတွေပြီးတော့ သစ်သစ်သိလာတဲ့ ခင်မကြီးရဲ့ထူးဆန်းတဲ့ စိတ်သဘာဝကိုလည်း သစ်သစ်က ပြောပြသည်။

''မမကြီးနဲ့သစ်သစ်က ဟိုးငယ်ငယ်ကတည်းက သိကျွမ်းခဲ့တာ၊ မမကြီးက အဖေကို နာကျည်းမုန်းတီးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့မိသားစုကို ပစ်ထားပြီး ဥပက္ခာပြုသွားလို့လေ၊ အဖေတူ အမေကွဲ ညီမလေး ခင်မငယ်ကိုတော့ စိုးမိုးလွန်းတဲ့အချစ်နဲ့ ချစ်ရှာတယ်၊ သူ့အချစ်က မျက်ကန်းအချစ်လို့ဆိုရမလားပဲ၊ အဲဒီ ညီမလေးမှာ ဦးစောခွန်နောင်နဲ့ ကိုယ်ဝန်ရှိလာတော့ မမကြီး သိပ်နာကျည်းသွားတယ်၊ ခင်မငယ်ကို အနိုင်ကျင့် စော်ကားလိုက်တယ် ထင်သွားတယ်လေ''

''ခင်မငယ်ကလည်း အစ်မကြီးကို ဘာမှမပြောခဲ့ဘူး၊ သမီးလေးမွေးဖွားရင်း ခင်မငယ် တိမ်းပါးတော့ ဦးစောခွန်နောင်ကို သိပ်





နာကျည်းသွားတယ်၊ လက်စားချေဖို့ အစီအမံကို အကွက်ချစီစဉ်တော့တာပဲ၊ သမီးကို အဝေးမှာထားခဲ့ပေမယ့် သမီး အနာဂတ်အတွက်တော့ သူ ရွံရှာမုန်းတီးလှတဲ့ အလုပ်လုပ်ပြီး ငွေကြေးရှာဖွေခဲ့တယ်၊ လှရိပ်မြုံကို ဗန်းပြပြီး မိန်းကလေးတွေနဲ့ငွေကြေးရှာဖွေခဲ့တာ သမီးလေးကို သစ်သစ် မပြောရက်ဘူး''

သစ်သစ်ဆိုမှ မဉ္ဇူ နားလည်လာခဲ့တော့သည်။ ဦးအိုက်ပန် ဘာကြောင့် မဉ္ဇူကို စော်ကားမော်ကား စကားတွေ ပြောခဲ့တာလဲဆိုတာ။ ကို ဘာကြောင့် မဉ္ဇူကို စက်ဆုပ်သွားခဲ့တာလဲဆိုတာ အခုတော့ မဉ္ဇူ ကောင်းကောင်း သဘောပေါက်ခဲ့ပါပြီ။

''အင်း ခင်မကြီးရဲ့အတ္တကြီးလွန်းတဲ့ အချစ်ကတော့ သိပ်ကိုကြောက်စရာကောင်းပါလား''

ဖဖ ထိတ်လန့်သလို ရေရွတ်သည်။ မဉ္ဇူ မျက်ဝန်းထဲမှာ ကြီးမေ မျက်နှာကိုမြင်ယောင်လာ၏။

ကြီးမေ အကြံတွေက ရက်စက်ကြီးမားလိုက်တာ။ ဒါပေမဲ့ မဉ္ဇူ ကြီးမေကို မမုန်းရက်ပါ။ မေမေ့ကိုချစ်ခဲ့သလို မဉ္ဇူကိုလည်း ကြီးမေ ချစ်ခဲ့တာတော့ ယုံသည်။

ဒါပေမဲ့ ကြီးမေရဲ့အချစ်က အတ္တအဆိပ်တွေနဲ့ နှောင်ဖွဲ့ထားတဲ့ အချစ်ပါပဲ။

''သမီးလေးရယ် ဖခင်ဝတ္တရား မကျေခဲ့သလိုဖြစ်ခဲ့တဲ့ ဖဖကိုတော့ သမီးလေး နားလည်ခွင့်လွှတ်နိုင်သလားဟင်''

ဖဖက မဉ္ဇူ ပခုံးလေးကို ဆုပ်ကိုင်ရင်းမေးသည်။ မျက်ဝန်းပြာပြာတွေထဲမှာ ဖဖရဲ့ ခံစားချက် ဝေဒနာတွေကို မဉ္ဇူ ခံစားမြင်တွေ့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အနှိုင်းမဲ့မိဘရဲ့ မေတ္တာအင်အားတွေနဲ့ ဖေဖေ မျက်ဝန်းတွေက ငြိမ်းချမ်းအေးမြနေတာကို အကြွင်းမဲ့ယုံသည်။

"မီး ဖေဖေကို ခွင့်လွှတ်နိုင်ပါတယ်၊ ဖေဖေလည်း ကြီးမေကို ခွင့်လွှတ်ပေးပါနော်"

"သမီးလေးရယ် သူ့ကိုဖေဖေ ခွင့်လွှတ်ပါတယ်၊ လက်စားချေလိုမှုတစ်ခုတည်းနဲ့ သူ့ခမျှာ ဘယ်လောက်များ စိတ်ဆင်းရဲခဲ့ရှာမလဲ၊ အကုသိုလ် ငရဲမကြောက် ပူလောင်ခဲ့တဲ့ သူ့နှလုံးသားကို ဖေဖေ ခွင့်လွှတ်လိုက်ပါပြီကွယ်"

မဋ္ဌူ မျက်ဝန်းထဲက မျက်ရည်တွေ ယိုစီးကျလာတာ ဘာကြောင့်မှန်းမသိပါ။ ဝမ်းသာလွန်းလို့လား။ ဝမ်းနည်းလွန်းလို့လား မဋ္ဌူ မသိ။

ပါးပြင်ပေါ်က မျက်ရည်စတွေကို နွေးထွေးနူးညံ့တဲ့ လက်ချောင်းလေးတွေနဲ့ ဖေဖေ ညင်သာစွာ ပွတ်သုတ်ပေးလာသည်။

မဋ္ဌူ ရင်ထဲမှာ တစ်ခါမှ မခံစားဖူးတဲ့ ကြည်နူးချမ်းမြေ့ခြင်းတွေ တလှိုက်လှိုက် ခံစားလာရ၏။

အိပ်မက်ဆန်လှတဲ့ ဘဝကြီးက မဋ္ဌူ လန့်နိုးခဲ့ပြီထင်ပါရဲ့။

■ ■ ■



## အခန်း (၂၉)

မဋ္ဌူ ဘဝလေး တကယ် အေးချမ်းခဲ့ရပါပြီ။ အိပ်တယ်၊ နိုးတယ်၊ စားတယ်၊ ပြီးတော့ ပြန်အိပ်တယ်၊ အိပ်ချိန်နဲ့ နိုးချိန်ကြားမှာ အချိန်ဘယ်လောက်ကြာတယ်ဆိုတာတောင် မသိခဲ့ပါ။

မဋ္ဌူ သိတာ တစ်ခုပဲရှိပါသည်။ မဋ္ဌူ ဘာကိုမှမကြောက်တော့တာပဲဖြစ်သည်။

နိုးလာတိုင်းလည်း မဋ္ဌူ အနားမှာ သစ်သစ်ရှိနေသည်။ ဟန်ဆောင်မှုတွေ စိုးရွံ့အားငယ်မှုတွေ တစ်ခုမှမရှိတော့သည့် ဘဝမှာ မဋ္ဌူ ဘဝ တကယ်ပဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်တတ်ခဲ့ပါပြီ။ အိပ်မက်တောင်မမက်။

မဋ္ဌူ မနက်ခင်းတိုင်း ရွှင်ရွှင်လန်းလန်းနှင့် ဘဝကို ပြန်လည်ခံဆိုင်ဖို့ အသင့်။ ပြတင်းပေါက်ကျယ်ကြီးတွေမှ နေရောင်ခြည်နွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



လေးက ဖြာကျနေသည်။

ပြာလဲ့နေသောကောင်းကင်ကြီးနဲ့ ခြံဝင်းထဲက ပန်းရနံ့တွေက မဒ္ဒူ စိတ်ကို လန်းဆန်းစေ၏။

လှပတဲ့ မြင်ကွင်းတွေကို မဒ္ဒူ ငေးမောနေတုန်းမှာ အခန်း တံခါးခေါက်သံ သဲ့သဲ့လေးကြားသည်။ နီပြာရောင် ညဝတ်ဂါဝန်ရှည်ကြီး ကို မသိမသာမပြီး မဒ္ဒူ တံခါးဖွင့်ပေးလိုက်တော့

မဒ္ဒူ ရောက်လာပြီးမှ ပတ္တမြားစံအိမ်မှာ ခေါ်သားတဲ့ အိမ်ဖော် မိန်းကလေး မိခမ်းနော် ချစ်စဖွယ်အပြုံးလေးနှင့်ရပ်နေသည်။

"မမ နိုးပြီလား ဟင်၊ ကော်ဖီနဲ့မုန့် စားတော့မလားရှင့်"

မဒ္ဒူ ပြုံးလိုက်ရင်း မိခမ်းနော်ကို ကြည့်သည်။

"အင်း ခဏနေရင် ယူလာခဲ့နော် မိခမ်း"

"ဟုတ်ကဲ့ မမ ဆရာဝန်ကြီးက ပြောတယ်၊ ဒီမနက် မမ အိပ်ရာက နိုးလာရင် နေကောင်းတော့မှာတဲ့ မမကို အာဟာရဖြစ်အောင် ဂရုစိုက်ကျွေးပါတဲ့"

မိခမ်းနော် အသံလေးက ဝဲတဲတဲနဲ့ချိုသာသာလေးမို့ မဒ္ဒူ စိတ်ဓာတ်တွေ တက်ကြွလာရသည်။ ရေချိုးခန်းထဲဝင်ပြီး မျက်နှာသစ် ကိုယ်လက်သန့်စင်သည်။

မီးခိုးရောင် တီရှပ်အင်္ကျီလေးကို အနက်ရောင် ဘောင်းဘီ လေးနှင့်တွဲဘက်ဝတ်ဆင်လိုက်ပြီးချိန်မှာ မိခမ်းနော် ကော်ဖီဗန်းလေး နှင့်ရောက်လာသည်။

ငွေရောင်ဘမ်းလေးထဲမှာ ပူပူနွေးနွေး စားချင်စဖွယ် ကြက်ဥ ကြော်လည်း ပါသည်။ ပေါင်မုန့်ထောပတ်သုတ်နှင့် သဘော်သီးတစ်စိတ်





အပြင် ဆီထမင်းနှင့်ကြက်သားကြော်၊ ကော်ဖီတစ်ခွက်ပါသည်။

"တို့ အိပ်ရာထဲလဲနေတာ ဘယ်လောက်ကြာပြီလဲ မိခမ်း"

"မမ နေမကောင်းတာ ငါးရက်တောင်ရှိပြီလေ"

"ဟင် ငါးရက်ကြီးများတောင်"

မဒ္ဒူ ယုံတောင်မယုံချင်။ ကြီးမေ ရက်လည်ကိစ္စတွေ ပြီးသည်နှင့် မဒ္ဒူ အိပ်ရာထဲလဲခဲ့တာဖြစ်သည်။ ဆရာဝန်ကြီးက အားပြတ်သွားသည် တဲ့။ ဖဖနှင့် သစ်သစ်ကော ကိုမော်ပါ ဂရုစိုက်တာ စိတ်ကသိနေခဲ့သည်။

"အခု မမ နေကောင်းသွားပြီလေ၊ ဆရာဝန်ကြီးက မမ အိပ်ပျော်စားဝင်မှ အားပြည့်လာမှာတဲ့၊ အိပ်နိုင်လေ ကောင်းလေပဲတဲ့၊ မမ နိုးလာရင် ရွှင်ရွှင်လန်းလန်းရှိမယ်လို့ သူ အာမခံတယ်တဲ့၊ အခု မမကိုကြည့်ရတာ လန်းဆန်းနေတာပဲလေ"

"ဟုတ်တယ် မမ နေကောင်းသွားပါပြီ၊ ဟို ပန်းခြံထဲကြည့်ချင် သိုက်ဘာ"

"မမ စားသောက်ပြီးရင် မိခမ်းလိုက်ပို့မှာပေါ့"

"ရပါတယ် မိခမ်း လုပ်စရာလုပ်ပါကွယ်"

"ဟင့်အင်း ဘာမှလုပ်စရာမှ မရှိတာ၊ ဆရာကြီးက မိခမ်းကို ပြောတယ်၊ တခြားဘာမှမလုပ်နဲ့တဲ့ မမကို ဂရုစိုက်ပေးရမယ်တဲ့၊ ဘွားသစ် ပင်ပန်းမှာစိုးလို့ မိခမ်း ကိုတာဝန်ပေးထားတာလေ"

အားလုံး ဖဖရဲ့ အစီအမံတွေဟု မဒ္ဒူ နားလည်လိုက်သည်။ မီးထဲက ဆာလောင်မှုကို ပြည့်သွားအောင် စားသောက်ပြီးတော့ မဒ္ဒူ နားပွဲလေးက ထရပ်သည်။

"အပြင်မှာ အေးသေးတယ် မမ၊ ရှောစောင်ဖြူလေး ခြုံထား



www.burmeseclassic.com

www.burmeseclassic.com



နော်''

မိခမ်းက ခုတင်ပေါ်မှာ ခေါက်တင်ထားသော သားမွေး ရှော စောင်အဖြူလေးကို မဩူ ပခုံးထက်လွှမ်းပေးသည်။

''ဒါ ဘယ်က ရတာလဲ၊ မမ ပစ္စည်းမဟုတ်ပါဘူး''

''ဟုတ်ပါတယ် မမရဲ့''

''ဟင့်အင်း မမ ခြုံလွှာတွေက မီးခိုးရောင်နဲ့ ခိုပြာရောင်တွေပါ''

''အခု အဲဒီအရောင်တွေတင်မကတော့ဘူးလေ၊ ရောင်စုံသွေး စုံ အသစ်တွေချည်း မမရဲ့၊ ဒီမှာကြည့်လေ''

အခန်းထောင့်က ကျွန်းဗီရိုကြီးဆီပြေးသွားကာ မိခမ်း တံခါး ကိုဖွင့်ပြသည်။

မဩူ မျက်ဝန်းလေးဝိုင်းသွား၏။ မတ်တပ်ဗီရိုကြီးအပြည့် ရောင်စုံ အဝတ်အစား အသစ်တွေ အများကြီး။ မယုံမရဲနှင့် မဩူ ဗီရိုကြီးရှေ့ လျှောက်သွားကာ ရပ်ကြည့်မိသည်။

''ဒါတွေ အားလုံး မမ အတွက် ဟုတ်လား''

''ဟုတ်ပါတယ် မမရဲ့၊ အစ်ကို ခိုင်းမော်သာ ကိုယ်တိုင် ဘွား သစ်နဲ့ ဈေးသွားပြီး ဝယ်ခဲ့ကြတာ၊ ရယ်ဒီမိတ်တွေကော အမြန်ချုပ်ထား တာတွေရောလေ၊ နောက်ထပ် မမ အတွက် အပ်ထားတာတွေတောင် ရှိသေးတယ်တဲ့၊ မမ အံ့ဩသွားတာလား ဟင်''

''ဟုတ်တယ် မယုံနိုင်အောင်ပဲ''

ကိုမော်က စီမံဝယ်ပေးထားတာတဲ့၊ မဩူ ဝမ်းသာလိုက်တာ ခုတော့ မဩူမှာ အရမ်းချစ်စရာကောင်းတဲ့ အစ်ကိုတစ်ယောက် ရှိပြီ ဆိုတာ အိပ်မက်မဟုတ်။

''ဩော် ဒါနဲ့ သစ်သစ်ကော ဘယ်မှာလဲ မိခမ်း''





''ဘွားသစ် အထုပ်အပိုးတွေပြင်နေတယ်၊ ဒီမနက်ပြန်တော့ မလို့တဲ့''

''ဟင် ပြန်မယ် ဘယ်ပြန်မှာလဲ၊ ဘာလို့ပြန်မှာလဲ သွား ခု ချက်ချင်း သစ်သစ်ကို မမဆီလာခဲ့ပါလို့ ခေါ်ပေးပါ မိခမ်းရယ်''

မခမ်း ခေါင်းကလေးညိတ်ပြီး ထွက်သွားသည်။ မဩူ ရင်ထဲက အပျော်လေးတွေ ပျောက်ချင်ချင်ဖြစ်ရသည်။ ဒီအချိန်ကျမှ သစ်သစ်က ထပ်ခွဲသွားတော့မှာတဲ့လား။

အခန်းထဲမှာ နေရတာ မွန်းကြပ်ကြပ်ဖြစ်လာတာမို့ ဝရန်တာ လေးကို မဩူ လျှောက်ခဲ့သည်။ ဝရန်တာမှာ စားပွဲဝိုင်းလေးနဲ့ ထိုင်ခုံလေး တွေက အသင့်၊ သိုးမွေးခြုံလွှာလေးကို လွှမ်းလို့ မဩူ ဝင်ထိုင်လိုက်သည်။

ဟိုးအဝေးက ထင်းရှူးတောတန်းနဲ့ မြူခိုးတွေကို မဩူ မြင်နေ ရသည်။ စိတ်ထဲဝင်ရောက်လာတာ ဘုန်းသက်မှူး ဆိုတဲ့ ပုံရိပ်။

ဘုန်းသက်မှူးကို စိတ်က မေ့ပျောက်နိုင်အောင်ကြိုးစားခဲ့ သည်။ ဒါပေမဲ့ ဒါ ဘယ်လိုမှ မဖြစ်နိုင်မှန်းလည်း မဩူ သိသည်။

''သမီးလေး နိုးနေပြီနော်''

သစ်သစ်ရဲ့ နှုတ်ဆက်သံချိုချိုကို ကြားရသည်။ လှည့်ကြည့် တော့ သစ်သစ်မျက်နှာက ပြုံးရွှင်ဝင်းပလို့။ မျက်ဝန်းတွေထဲမှာလည်း နှမြောလန်းဆန်းတဲ့ အရိပ်တွေဖြာနေသည်။

တမင်ဟန်ဆောင်ထားတာလားလို့တောင် မဩူ ထင်မိ၏။

''သစ်သစ်က ဒီကနေ ထွက်သွားတော့မလို့ဆို''

''အင်း ဟုတ်တယ် ကလေးရယ်''

''ဟင့်အင်း မဖြစ်နိုင်တာ ဘာလို့သွားရမှာလဲ၊ မီးကိုထားခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



သစ်သစ် ထွက်သွားရက်သလားဟင်''

မဥ္ဇူရှေ့က ခုံလေးမှာ ဝင်ထိုင်ရင်း သစ်သစ် ပြုံးပြုံးလေး ကြည့်သည်။

''သမီးလေးကို မေ့မထားနိုင်ပါဘူးကွယ်၊ အခု သမီးလေး စောင့်ရှောက်မယ့် ချစ်ခင်အလိုလိုက်မယ့် မိသားစုရှိနေပြီလေ၊ သမီးလေး အိမ်ကိုပြန်ရောက်ပြီပဲ၊ သစ်သစ်လည်း အိမ်ပြန်တော့မှာပေ့ါ၊ သစ်သစ်ရဲ့ အညာကရွာလေးကိုပြန်မှာ''

''အဲဒီလိုပြန်ရမှာ သစ်သစ် ဝမ်းသာနေသလားဟင်''

''ဝမ်းသာတာပေ့ါ ကလေးရယ်၊ ကလေးရဲ့ ဖဖက သ သဘောကောင်းတယ်၊ ကြင်နာတတ်တယ်၊ အလုပ်မလုပ်ဘဲ သစ်သ တစ်သက်လုံးနေထိုင်သွားနိုင်ဖို့ နေအိမ်တစ်လုံးရယ်၊ ငွေကြေး အ အလောက်ကအစ ကူညီပေးတယ် သမီး၊ သစ်သစ် သိပ်ဝမ်းသာ ပေ့ါ၊ သစ်သစ်ရဲ့ မြေးတွေကို ခေါ်ထားနိုင်ပြီ သစ်သစ် လောကကြီးထဲ ထွက်သွားရင်လည်း သူတို့အတွက် အမွေပေးခဲ့နိုင်ပြီ၊ သစ်သစ်ရဲ့မွေး မြေ ကိုယ့်အိုးကိုယ့်အိမ်ကိုပြန်ရမှာ ဝမ်းသာတာပေ့ါ ကလေးရယ်၊ ဒီ ဘဝလေးပြန်ရမယ်လို့ သစ်သစ် တစ်ခါမှ မတွေးမိခဲ့ဘူး''

''ဒါဆို မီးလည်း ဝမ်းသာပါတယ် သစ်သစ်ရယ်၊ မီးအပေါ် သိပ်ကောင်းခဲ့တဲ့ သစ်သစ် မိသားစုနဲ့နေထိုင်ခွင့်ရမှာ မီး ခွင့်ပြုနိုင်ပါ

မဥ္ဇူ တကယ်ပဲ ဝမ်းသာစွာဆိုတော့ သစ်သစ်မျက်ရည်တွေ တက်လာသည်။ ဒီမျက်ရည်တွေက ဝမ်းသာကြည်နူးတဲ့ မျက်ရည် ကြီးမေ ဆုံးပါးပျောက်နှန်းက သူ့မျက်နှာညှိုညှိုပေါ် စီးကျလာတဲ့ မျက်ရည် နဲ့ ကွာလိုက်တာ။





''သစ်သစ်လည်း ကလေးကို သတိရအောက်မေ့နေမှာပါ၊ သစ်သစ်သွားတာ အကောင်းဆုံးပါ၊ သမီးလေး အတိတ်ကို သမီးဖဖက မေ့ပျောက်စေချင်ရှာတယ်၊ သူ မှန်ပါတယ်၊ သမီး အနာဂတ်က ရှေ့မှာ တောက်တောက်ပပလေး ရှိနေတာပါ၊ ဖြစ်ခဲ့တာတွေကို ဘာမှမတွေးနဲ့ တော့နော်၊ သမီးရှေ့မှာ ရင်ဆိုင်ခံစားရမှာ ကြည်နူးချမ်းမြေ့စရာတွေချည်း ပါ''

''မီး မေ့ပစ်ဖို့ ကြိုးစားပါ့မယ် သစ်သစ်''

''သိပ်တော့ မလွယ်ဘူးပေ့ါ ကလေးရယ်၊ ဒါပေမဲ့ ခွင့်လွှတ်စိတ် ထားလိုက်ရင် မေ့ပျောက်နိုင်မှုကလည်း အရိပ်လိုပါလာတတ်ပါတယ်''

တခဏတော့ မဥ္ဇူ စိတ်တွေ လေးလံတွဲဆိုင်းနေ၏။ ပြီးမှ ခေါင်းညိတ် လက်ခံရင်း ဝင်းပပလေးပြုံးသည်။

''ကြီးမေကို ခွင့်လွှတ်နိုင်ခဲ့ပြီးကြပါပြီ သစ်သစ်ရယ်၊ ကြီးမေကို သမီး မမုန်းပါဘူး၊ ကျွေးမွေးခဲ့တဲ့ ကျေးဇူးတရားတွေနဲ့ ဦးခိုက်ခဲ့သေး တာပဲ သစ်သစ်ရယ်''

လောကကြီးထဲမှာ မရှိတော့သော ကြီးမေကို မဥ္ဇူ ခွင့်လွှတ် နိုင်သလို ကို့ကိုရော ခွင့်လွှတ်နိုင်ပါသည်။ ဒါပေမဲ့ လောကကြီးထဲမှာ ရှိနေဆဲဖြစ်သော ဘုန်းသက်မှူးကို မေ့ဖို့ဆိုသည်က

''သမီး စိတ်ရင်းကို သစ်သစ် စာနာတယ်၊ မမကြီးအတွက် သစ်သစ်လည်း အမြဲတမ်း အမျှဝေ ကောင်းမှုပြုပေးမှာပါ''

''ကြီးမေ အသုဘကို သစ်သစ်လိုက်ပို့ပေးခဲ့သေးလားဟင်''

မဥ္ဇူ မေးမိသည်။ အဲဒီတုန်းက အားပြတ်ချိန်နဲ့ကာ အိပ်ရာထဲ ရှိခဲ့တာမို့ မဥ္ဇူ ကြီးမေ ခရီးမှာ လိုက်ခွင့်မရခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မနက်စောစောကြီးမှာပဲ တိတ်တိတ်ဆိတ်ဆိတ် သဂြိုလ်လိုက်တယ်၊ ဘယ်သူမှ မသိဘူး သမီး၊ သစ်သစ်နဲ့သမီး ဖဖရယ်၊ မောင်စိုင်းရယ်၊ လူယုံ တပည့်အချို့ရယ်ပဲလေ၊ ဦးစောခွန်နောင်က ဒီကိစ္စကို လူတွေ သိပ်မသိစေချင်ဘူးလေ"

"မီး နားလည်ပါတယ်၊ မီးလည်း အမြဲတမ်း ကြီးမေ အတွက် ကုသိုလ်ပြု အမျှဝေပါ့မယ် သစ်သစ်"

"သာဓု ပါ သမီး၊ သစ်သစ်လည်း အနားမှာမရှိပေမယ့် သမီးလေးအတွက် ဆုမွန်ကောင်းတောင်းနေမှာပါ၊ သမီး အချိန်ရတဲ့အခါ သစ်သစ်ဆီ စာရေးပါ၊ သမီး မာကြောင်း သာကြောင်း သစ်သစ် သိခွင့် ရချင်တယ်"

"စိတ်ချပါ သစ်သစ်ရယ်၊ ပုံမှန်စာရေးပါ့မယ်"

သစ်သစ် ကျေကျေနပ်နပ် ပြုံးရင်း မဥ္ဇူ ပါးကလေးကို နမ်းသည်။ သစ်သစ် ကျောကို မဥ္ဇူ ပွေ့ဖက်ပြီး မဥ္ဇူကလည်း နှင့်နှင့်သီးသီး ပြန်ပြီး နမ်းရှိုက်နှုတ်ဆက်သည်။

"သွားတော့ သစ်သစ်၊ မီးကို ပြုစုစောင့်ရှောက်ခဲ့တာတွေ အတွက် မီး ကျေးဇူးတင်ပါတယ်၊ သစ်သစ်ကို မီး ဘယ်တော့မှ မမေ့ပါဘူးရှင်"

ဝဲတက်လာတဲ့ မျက်ရည်စတွေကို မဥ္ဇူ မမြင်အောင် တစ်ဖက်လှည့်ကွယ်ရင်း သစ်သစ် အခန်းထဲက ထွက်သွားသည်။

မငိုဘူးလို့ ဆုံးဖြတ်ထားတဲ့ ကြားက မဥ္ဇူ မျက်ရည်တွေ အဆီအတားမဲ့ ကျလာသည်။ သစ်သစ်ထွက်သွားတာ မိတ်ဆွေကောင်း တစ်ယောက် ဆုံးရှုံးသွားရသလိုပါပဲ။





အတိတ်ကို ဆက်သွယ်ထားတဲ့ ကြိုးတစ်ချောင်းပြတ်တောက်သွားခဲ့သည်လား။

မဥ္ဇူ နှလုံးသားထဲမှာတော့ သစ်သစ်သည် မှတ်မှတ်ထင်ထင် ရှိနေမှာ သေချာသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

မဋ္ဌု ရေချိုးခန်းထဲက ပြန်ထွက်လာတော့ မိခမ်းက အခန်းထဲမှာ အဆင်သင့်စောင့်ပြီး သဘက်ခြုံလွှာကြီးကို ကမ်းပေးသည်။

''ကျေးဇူးပဲ မိခမ်း''

''မမ ဘာဝတ်မှာလဲဟင် စိတ်ကြိုက်ရွေးနော်''

အဝတ်ဗီရိုထဲက နို့နှစ်ရောင် ဝတ်စုံလေးကိုပဲ မဋ္ဌု ရွေးချယ်ဝတ်လိုက်သည်။ ပြီးတော့ အလှပြင်မှန်ကြီးရှေ့မှာ ဝင်ထိုင်ရင်း ဆံနွယ်တွေကို ဖြီးသင်သည်။

မိခမ်းက ဝင်ကူပြီး မဋ္ဌု ဆံနွယ်တွေကို ရှင်းလင်းပေး၏။

''မမရဲ့ဆံပင်ကြီးတွေက လှလိုက်တာ၊ နက်မှောင်နေတာပဲနော်''

''အဟင်း သိပ်မမြှောက်နဲ့လေ''





"တကယ်ပြောတာပါ မမရဲ့၊ မျက်နှာလေးက ဝင်းမွတ်နေတာပဲ ဘာမှလိမ်းစရာမလိုအောင် လှတာ သိလား၊ မမကို ကြည့်ပြီး မိခမ်း အရမ်းအားကျတယ် ချစ်တယ်''

''ကျေးဇူးတင်တယ် မိခမ်းရယ်၊၊ ကဲ ရပြီနော်၊ ဆံညှပ်နဲ့ပဲ စည်းနှောင်ထားလိုက်တော့ ခေါင်းလျှော်ထားလို့''

မိခမ်းက ဆံပင်ရှည်ကြီးကို ငွေရောင်ဆံညှပ်နှင့်ဂုတ်ပိုးအနောက်က စည်းနှောင်ပေးသည်။ ပကတိဝင်းအိနုဖတ်သော မျက်နှာလေးနှင့်ပဲ မဋ္ဌု အခန်းထဲက ထွက်ခဲ့သည်။

အခန်းကျယ်ကြီးတွေကို ဖြတ်ပြီး မဋ္ဌု ညေ့ခန်းဆောင်ကြီးထဲရောက်ခဲ့သည်။ အခန်းထဲမှာ ဘယ်သူမှမရှိ။

မျက်လုံးဝေ့ကြည့်တော့ မွေးရှည်ကော်ဇောပွပွ အိအိကြီးက ခန်းလုံးပြည့်ခင်းထားပြီး ပရိဘောဂတွေက သစ်လွင်တောက်ပခန့်နားလွန်းသည်။ ဖဖရဲ့ချမ်းသာကြွယ်ဝမှုက ယှဉ်နိုင်စရာတောင် မရှိပါ။

တရုတ်ပန်းအိုးလှလှကြီးက အခန်းထောင့်စားပွဲပေါ်မှာ အလှဆင်ထားသည်။ အစိမ်းနုရောင် ပန်းအိုးကြီးပေါ်က ပန်းချီကနုတ်အလှတွေကို မဋ္ဌု စိတ်ဝင်တစားငေးကြည့်နေတုန်းမှာ ခြေသံလိုလိုကြားရတာမို့ လှည့်ကြည့်တော့

ကိုမော်ရယ် မဋ္ဌုကို ပြုံးရယ်စိုက်ကြည့်ရင်း

''အားယိုယို ငါ့ညီမလေးက အရမ်းချောပါလား''

နှုတ်ကချီးကျူးရင်း မဋ္ဌု လက်ကလေးဆွဲကိုင်ကာ ကိုမော်ညင်သာစွာ ပွေ့ဖက်သည်။ နဖူးပြေပြေလေးထက်ကို နမ်းရှိုက်နှုတ်ဆက်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးတော့ ညီမလေးနိုးလာပြီပေါ့၊ ကိုကိုက အနှစ်တစ်ရာမြည့်အောင်များ အိပ်နေမလားလို့ထင်နေတာ အဟင်း"

"ဆောရီး ကိုကို၊ ညီမလေး နေမကောင်းလို့ ကိုကိုတို့ စိတ်ပူပန်ခဲ့ရတာ သိပါတယ်"

ကိုမှော် ကိုယ်တိုင်က ကိုကိုလို့ သုံးနှုန်းတာမို့ မဥ္ဇူလည်း ကိုကိုဟုပဲခေါ်မိ၏။ ကိုမှော်သည် မဥ္ဇူရဲ့သွေးရင်းချာ အစ်ကိုတစ်ယောက်ဖြစ်ခဲ့ပြီပဲ။

"တောင်းပန်စရာမလိုပါဘူးကွ၊ ဒီလောက် ချစ်စရာကောင်းတဲ့ ညီမလေးကို ပြုစုရတာ ကိုကိုက ဂုဏ်တောင်ယူသေးတယ်၊ ကြည့်စမ်း ခုတော့ လှပနေလိုက်တာ စင်ဒရဲလားနတ်သမီးလေးအတိုင်းပါလားကွ"

"မီးနိုးရောင်ဝတ်စုံတွေ မီးမှာမရှိတော့ဘူး ကိုကို"

"အဲဒါ ဖဖ အစီအမံတွေလေ၊ ညီမလေးဘဝကို အသစ်ပြန်ဖြစ်စေချင်တာ ဖဖ ဆန္ဒပေါ့"

"ဖဖက အဝတ်အစားအသစ်တွေ စီမံပေးနိုင်းတာလား ဟင်"

"ဒါပေါ့ ညီမလေးနဲ့လိုက်ဖက်မှာကို ကိုကို ရွေးဝယ်ပေးတာ နောက်ဆို ညီမလေး စိတ်ကြိုက်ဝယ်၊ ကိုကိုလိုက်ပို့ပေးမှာပေါ့"

"ဖဖဆီက မိဘမေတ္တာကို ပိုင်ဆိုင်ရတော့ မဥ္ဇူ အရမ်း ဝမ်းသာတာပဲ ကိုကိုရယ်"

"ပြောရမယ်ဆိုရင် ကိုကိုတောင် ညီမလေးကို မနာလိုဖြစ်မိတယ်၊ ညီမလေးကို ပြန်ပိုင်ဆိုင်ရလို့ ဖဖ ပျော်ရွှင်နေတာ တကယ် ဖုံးမရဖိမရဘူး"

"မီး ဝမ်းသာပါတယ် ကိုကို၊ ဒီလို မိသားစုဘဝလေးကို ပိုင်ဆိုင်





ရတဲ့ မီး မယုံနိုင်စရာပဲ၊ အခု မီးမှာ အစ်ကိုတစ်ယောက်ရှိနေပြီလေ"

"ဟုတ်လား ကိုကို့ကို အနိုင်ယူပြီး ဟိုဟာမလုပ်ရဘူး၊ ဒီဟာ မလုပ်ရဘူးတော့ မလုပ်နဲ့နော်၊ ဗိုလ်ကျတဲ့ ရှေ့ပ်မလေးဆို ကိုကိုက ခေါင်းကိုခေါက်ပစ်မှာကွ"

ရှုတ်နောက်နောက်လေး ကိုမှော် ပြောတာဖြစ်ပေမယ့် မဥ္ဇူ ခေါင်းကလေးကို သွက်သွက်ခါရမ်းရင်း

"မီးက ကိုကို့ကို မပြောပါဘူး၊ ဒီလောက်ချောမောပြီး ချစ်စရာကောင်းတဲ့ အစ်ကိုတစ်ယောက်ကို ဗိုလ်မကျပါဘူး ကိုကိုရယ်"

"နောက်တာပါကွာ၊ ညီမလေး ဗိုလ်ကျတာကို ကိုကိုခံချင်တာကွ ဟား ဟား"

မဥ္ဇူ ခေါင်းကလေးကို မနာကျင်အောင်ပုတ်ပြီး ကိုကိုပြောသည်။ နစ်ဦးသား သဘောကျကြည်နူးစွာ ရယ်သံတွေက အခန်းထဲမှာ လွှမ်းခြုံသွားခဲ့သည်။

"တို့ကိုလည်း ရယ်စရာတွေ ဝေမျှပါဦးဟေ့"

အခန်းဝက ထွက်လာတဲ့ အသံက ဖဖ အသံ။ လှည့်ကြည့်တော့ အဖြူရောင် ခေါင်းစွပ်စွယ်တာနဲ့ ဖဖ မျက်နှာက ဝင်းပကြည်လင်နေသည်။

မဥ္ဇူ ဖဖ အနားကို အပြေးကလေးလျှောက်သွားရင်း လည်ပင်းကို သိုင်းဖက်ပြီး ဖွဖွလေးနမ်းရှိုက်သည်။

"ဖဖကို မီး အရမ်းကျေးဇူးတင်တယ်"

"ကျေးဇူးတင်တယ် ဘာအတွက်လဲ သမီးရဲ့"

"မီးအတွက် အဝတ်အစားလှလှလေးတွေ ဝယ်ပေးတာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကော မီးကိုယုယကြင်နာတာတွေကြောင့်ကောလေ''

သမီးဖြစ်သူ မျက်နှာလေးကို ငုံ့ကြည့်နေရင်း ဖဖ ပခုံးလေးတွေကို သိုင်းဖက်သည်။

''တို့သားအဖ နှစ်ယောက် ပြောစရာစကားတွေ အများကြီးရှိတယ် သမီး''

''သမီး နားထောင်နေပါတယ် ဖဖ''

''သမီး ခေါ်တဲ့ ဖဖ ဆိုတဲ့အသံလေးကို ဖဖကြားရတာ သိပ်ချမ်းမြေ့လိုက်တာ''

မဥ္ဇူ နဖူးလေးကိုငုံ့နမ်းပြီး ဦးစောခွန်နောင် ပြောသည်။ ပြီးတော့ သမီးလက်ကလေးကို အသာလှမ်းဆွဲပြီး ထိုင်ခုံတွေဆီခေါ်ခဲ့သည်။ ဆိုဖာထိုင်ခုံကြီးမှာ သားအဖနှစ်ဦးထိုင်လိုက်ရင်း

''ဖဖ အပေါ်နားလည်စွာ ချစ်ခင်နိုင်တဲ့ သမီးကိုလည်း ဖဖ အရမ်း ကျေးဇူးတင်ပါတယ် သမီးလေးရယ်''

မှန်တံခါးချပ်ကြီးတွေ ဖွင့်ထားတဲ့ ပြတင်းတံခါးက လှမ်းမြင်နေရသော ရွှင်းတွေ တိုးဝင်လာတဲ့ လေနုအေးနဲ့ ကျေးငှက်တွေရဲ့ တေးဆိုသံတွေ ခုချိန်မှာ ထိုအရာတွေထက် ဖဖရဲ့စကားသံတွေက ပိုလို့ ချိုမြငြိမ်းချမ်းနေသည်။

မဥ္ဇူ ကိုကို ကိုဖျတ်ခနဲသတိရလို့ လှည့်ကြည့်တော့ အခန်းထဲမှာ မတွေ့တော့ပါ။ ဖဖနဲ့မဥ္ဇူကို နှစ်ယောက်တည်း လွတ်လပ်စွာနေစေချင်တာကြောင့်ထင်သည်။

ဦးစောခွန်နောင် မျက်နှာက တည်တည်လေးငြိမ်သက်သွားပြီးမှ

''သမီးရဲ့ကြီးမေ အကြောင်း ဖဖ နောက်ထပ် မပြောချင်ပါ





ဘူး။ သူလည်း လောကကြီးထဲမှာ မရှိတော့ဘူးလေ၊ နောက်ဘဝမှာ အေးအေးချမ်းချမ်း ရှိပါစေလို့ ဖဖ ဆုတောင်းပါတယ် သမီး၊ ဒီဘဝမှာတော့ သူ မချမ်းမြေ့ခဲ့ရရှာဘူး။ ဖဖတို့တတ်နိုင်သမျှ ကုသိုလ်ပြုအမျှဝေပေးရမှာပေါ့၊ သမီးကို ဖဖ ပြောချင်တာက သမီးရဲ့ အတိတ်ကို အတတ်နိုင်ဆုံး မေ့ပစ်ဖို့ပါပဲ၊ သမီးရယ်၊ အနာဂတ်အထိ ညစ်ညူးစရာ အတိတ်ကို မခေါ်ခဲ့နဲ့တော့နော် သမီး''

မဥ္ဇူ လေးလေးနက်နက် ခေါင်းကလေးညိတ်ပြမိသည်။

''နှစ်ပတ် သုံးပတ်လောက်ရှိရင် ဖဖရဲ့သမီးလေး ပဒ္မမြားစံအိမ်ကိုရောက်လာပြီဆိုတာ တောင်ကြီးတစ်မြို့လုံး သိစေရမယ်၊ ဖဖရဲ့မိတ်ဆွေတွေနဲ့ သမီးကိုမိတ်ဆက်ပေးမယ်၊ သမီး ကိုကိုရဲ့မိတ်ဆွေတွေလည်းပါဝင်ကြမှာပါ''

''ဟုတ်ကဲ့ပါ ဖဖ''

''သမီး နောင်ရေးအတွက် ဖဖတို့ ဆွေးနွေးစရာတွေကတော့ အများကြီးပဲ၊ ဒါပေမဲ့ အတိတ်နဲ့ပတ်သက်လို့ ဖဖ ရှင်းပြပါရစေ၊ သမီးအမေနဲ့ပတ်သက်လို့ပါ၊ သူ့ကို ဖဖ မချစ်ဘူးလို့ သမီး မထင်လိုက်ပါနဲ့၊ သူ့ကို ဖဖ တကယ်မြတ်နိုးခဲ့တာပါ၊ ဖဖရဲ့ တစ်သက်မှာ သား ကိုနိုင်းရဲ့အမေဆိုတာ မိဘတွေသဘောတူသလို ဖဖအတွက်လည်း သံယောဇဉ်ရှိသူမို့ လက်ထပ်ခဲ့တာ၊ သမီးအမေကိုတော့ ဖဖ နှလုံးသားနဲ့ချစ်ခဲ့တာ သူ့ရဲ့ဖြူစင်တဲ့ စိတ်ကလေးကို လေးစားမြတ်နိုးတာ၊ ဒါပေမဲ့ အဲဒီအားငယ်နုံးညံ့တဲ့စိတ်နဲ့ပဲ သူ ဖဖ အနားကထွက်ပြေးခဲ့တယ်၊ ဒါတွေက ခင်မကြီးရဲ့စကားတွေ၊ သွန်သင်မှုတွေအောက်မှာ သူ့စိတ်တွေ မှိုင်းမိခဲ့တာဆိုတာ ဖဖ နောက်ကျမှ သိခဲ့ရတယ် သမီး''



www.burmeseclassic.com

www.burmeseclassic.com



ဖဖ မျက်ဝန်းတွေက အတိတ်ကို ပြန်မြင်ယောင်သလို လွင့်မျောသွားခဲ့သည်။ ဖဖ မျက်ဝန်းတွေထဲ ငေးရင်း မဥ္ဇူသည်လည်း အတိတ် လွင်ပြင်ထဲ မျောပါသွားသလို ပါပဲ။

"သမီး မေမေက သူ့အစ်မ မကြိုက်တာလုပ်ခဲ့မိပြီဆိုတဲ့ စိတ်ကြီးနဲ့ အစဉ်ထိတ်လန့်နေတယ်၊ ဖဖကို လက်ထပ်ခဲ့တာ မှားယွင်းပြီလို့ ယူဆနေတယ်၊ ဘယ်လောက်ထိ ကြောက်သလဲဆိုရင် ဖဖ အရိပ်က ထွက်ပြေးပြီး ခင်မကြီးအရိပ်ကို ယုံကြည်ခိုလှုံတဲ့အထိ သူ ကြောက်ရွံ့ခဲ့တာ"

ဖဖ စကားကို မဥ္ဇူ ယုံသည်၊ မေမေလည်း ကြီးမေကို ကြောက်ရွံ့ခဲ့မှာပါ။ မဥ္ဇူတောင် ကြီးမေရဲ့စိတ်ကို နားမလည်နိုင်စွာ ထိတ်လန့်ခဲ့ရ၏။

ကြီးမေ ဒေါသထွက်လျှင် မဥ္ဇူ တုန်ယင်နေသည်အထိ ကြောက်ခဲ့တာ။

"ခင်မငယ် သတင်းကိုစုံစမ်းပေမယ့် သတင်းမရခဲ့ပါဘူး။ ခင်မကြီး အရိပ်မှာပြန်ရောက်နေပြီလို့တော့ သိရတယ်၊ ဒါပေမဲ့ သူ့မှာ ကိုယ်ဝန်ပါသွားခဲ့တာ ဖဖ လုံးဝ မသိဘူးသမီး၊ ဖဖ အရိပ်ထက် ခင်မကြီးအရိပ်ကို လုံခြုံတယ်ထင်တဲ့ သမီး အမေကို ယောကျ်ားမာနနဲ့ ဖဖ စွန့်ခဲ့တာ၊ သမီးလေးသာရှိမှန်းသိရင် ဖဖ ခင်မကြီးကို ဒူးထောက်တောင်းပန်ရလည်း တောင်းပန်မှာ၊ ရှင်းပြမှာပါ၊ ဖဖ ဘာမှသိခွင့်မရှိတာပါ သမီးရယ်"

ပြောရင်း ဖဖ အသံတွေ တိမ်ဝင်သွား၏။ ဖဖ လက်တွေကို မဥ္ဇူ ဆုပ်ကိုင်ရင်း

"ဖဖ စိတ်မချမ်းမသာ ဖြစ်နေရင် ဒီအကြောင်းတွေကို မပြော





ပါနဲ့တော့ ဖဖရယ်"

"သမီး နားလည်စေချင်လို့ပါ၊ ပြီးတော့ သမီးဆွဲတဲ့ ပုလဲသွယ်တွေ၊ အဲဒီ ပုလဲတွေကို ငယ်ငယ်ကို ဖဖ ပေးခဲ့တာ၊ အဲဒါတွေ ရောင်းချပြီး သူ့ဘဝကောင်းကောင်းရှင်သန်မှာပဲလို့ ဖဖ တွေးဖူးတယ်၊ ခင်မကြီးက လက်နက်အဖြစ် သိမ်းဆည်းထားခဲ့တာကို၊ ဒီပုလဲတွေကို သမီးဆွဲထားရင် ဖဖ သိမှာလို့ ယူဆတယ်၊ ဒါပေမဲ့ ဖဖက ပတ္တမြားစံအိမ်က တစ်ဖဝါးမှမခွာတော့ ဒါတွေ မသိခဲ့ဘူးလေ"

"ကြီးမေရဲ့ လက်စားချေမှုက သိပ်ကြောက်စရာကောင်းတာပဲနော် ဖဖ"

"ဟုတ်တယ် သမီး၊ လောကကြီးမှာ ဖဖ အချစ်ဆုံးက သားကိုစိုင်းဆိုတာ သူသိတယ်၊ စိုင်းကလည်း သိမ်မွေ့တည်ငြိမ်တယ်၊ သားနဲ့ သမီးကို ဆုံတွေ့နီးစပ်အောင် ဖန်တီးတာတော့ သိပ်ဆိုးပါတယ်၊ ဒါပေမဲ့ သားက ဖဖကို ပြောပြီးသားလေ၊ မဥ္ဇူသာကကို သူချစ်တာမဟုတ်ဘူး၊ ညီမရင်းလို သံယောဇဉ်ရှိတာတဲ့ သိက္ခာတွေအတွက် လက်ထပ်မှာတဲ့လေ"

"မှန်ပါတယ် ဖဖ၊ ကိုကိုရဲ့တည်ကြည်ရိုးသားမှုကို ကြီးမေ အခွင့်ကောင်းယူခဲ့တာပါ၊ သမီးကလည်း ကိုကို့ကို အစ်ကိုလို သံယောဇဉ်ပဲ ရှိခဲ့တာ၊ သွေးကစကားပြောတာ ထင်တယ်နော် ဖဖ"

"ဒါပေါ့ သမီးရယ်၊ ကဲ ခုတော့ သမီး အနာဂတ်ကလှပပြီလို့ ယုံလိုက်တော့ သမီးရယ် နော်"

မဥ္ဇူ ခေါင်းကလေးကို ပုတ်ပြီး ဖဖ ပြောသည်။

မဥ္ဇူ ကြည်နူးစွာပြုံးရင်း ဖဖ ပခုံးမှာမျက်နှာအပ်ထားလိုက်၏။ ဖြူစင်လွန်းသော သမီးလေးကို ငုံ့ကြည့်ရင်း ဖဖ ပင့်သက်လေး



www.burmeseclassic.com

www.burmeseclassic.com



မသိမသာချမိသည်။

သမီးလေးရဲ့နှလုံးသား ကိစ္စနှင့်ပတ်သက်ပြီး သားကတော့ သူ့ကိုပြောပြဖူး၏။ ဒါပေမဲ့ သမီးကတော့ ခုထိရင်မဖွင့်သေးပါလား။

သမီးလေးကိုယ်တိုင်က ယုံကြည်စိတ်ချစွာ ရင်ဖွင့်တဲ့အချိန်ကိုပဲ သူ စောင့်ချင်သည်။

အခုတော့ သမီးလေး ကြည်နူးချမ်းမြေ့နေရင်ပဲ ကျေနပ်ပြီလေ။

■ ■ ■



## အခန်း (၃၁)

ပတ္တမြားစံအိမ်ကြီးရဲ့ ခြံဝင်းကြီးအနှံ့ ဖဖ က မဠှူကို လိုက်ပြသည်။ ခြံဝင်းကြီးက ကျယ်ဝန်းလွန်းလို့ နေရာမလပ် လျှောက်ကြည့်ရင် တော်င် သုံးနာရီလောက်ကြာနိုင်သည်။

တချို့နေရာတွေကို ဖဖက လက်ညှိုးညွှန်ပြပြီးပဲ ပြောပြသည်။ မဠှူ လျှောက်ရတာ ပင်ပန်းမှာစိုးသည်တဲ့။

"ဟော ဟိုဘက်မှာ ဖဖ ကိုယ်တိုင်စိုက်ထားတဲ့ သစ်ခွခြံတွေ ရှိတယ် သမီးရဲ့"

အမျိုးအစားစုံလင်ပြီး အရောင်သွေးစုံ သစ်ခွပန်းပင်တွေက ဖဖ ဂရုတစိုက်စိုက်ပျိုးထားသော သစ်ခွပန်းပင်တွေဖြစ်သည်။

"ဒီခြံထဲမှာ ဖဖ စိုက်ထားတာက ဝါသနာကြောင့် စိုက်ထားတာ တွေလေ သမီးရဲ့၊ သား ကိုစိုင်းကတော့ တောင်ပိုင်းက ခြံတွေကို



www.burmeseclassic.com

www.burmeseclassic.com



စီးပွားဖြစ်စိုက်ပျိုးအောင်မြင်နေတယ်၊ နောင်ကြုံရင် သမီးလိုက်ကြည့်ပေါ့"

"ကိုကို့ရဲ့ခြံကြီးကိုလည်း မီးကြည့်ချင်ပါတယ်"

"သားက ခေါ်မှာပါ၊ ဖဖ မရှိရင် ဒီခြံနဲ့စံအိမ်ကြီးကို သမီးရဲ့မှာ သားကိုစိုင်းက သူ့အတွက် သီးသန့်ဆောက်ပေးထားတဲ့ တိုက်ကိုပဲယူမှာတဲ့"

ဖဖက မဥျကို နွေးနွေးထွေးထွေးကလေး ကြည့်ပြီးပြောသည်။

"မီး ဖဖ ဆီက ဘာမှမလိုချင်ပါဘူး။ ဖဖရဲ့မေတ္တာကိုရရင် ကျေနပ်ပါပြီ"

အပြစ်ကင်းစင်အေးချမ်းတဲ့ သမီးလေးမျက်ဝန်းတွေကို ကြည့်ရင်း ဦးစောခွန်နောင် ရင်ထဲမှာ ချမ်းမြေ့သွားရ၏။

"ဖဖရဲ့ မေတ္တာတရားကိုရဖို့တော့ သမီးတောင့်တစရာမလိုပါဘူး သမီးလေးရယ်၊ သမီးနဲ့သားကို ဖဖက တူညီပုံအောပြီးသားပါ အခုမှပြန်ဆုံရတဲ့ သမီးလေးအတွက်တော့ အနိုင်းမဲ့ပေါ့"

မဥျ ယုံပါသည်။ ဖဖက ပိုးကုတ်မှာရှိသော ဆွေမျိုးတွေ အကြောင်း ပြောပြသည်။ မဥျ တအံ့တသြလေးနားထောင်မိ၏။

များပြားလိုက်တဲ့ ဆွေမျိုးတွေပါလား။

တူးဆန်းအံ့သြစရာကောင်းလိုက်တာ။ လွန်ခဲ့တဲ့ အချိန်တွေ တုန်းက မဥျသကဆိုတာ ဘာမှမဟုတ်တဲ့ သာမန်မိန်းကလေးတစ် ယောက်။ ဘဝမှာမည်ကိုသော် မပြောနိုင်တဲ့ ဆွေမဲ့မျိုးမဲ့ မိန်းကလေး ကြီးမေ တစ်ယောက်သာရှိခဲ့သည်။ အခုတော့လည်း ကိုကို တက်ချမ်းသာတဲ့ မိုးကုတ်သူဌေးကြီးရဲ့ သမီးရင်းချာ။ ဆွေမျိုးဂုဏ်တွေ ကလည်း ဘင့်ပယ်ပြည့်စုံလိုက်တာ။





"တစ်ယောက်မှ မရှိဘဲနေခဲ့ရတဲ့ ဘဝကနေ အခုလို ဆွေမျိုး တွေအများကြီးရှိနေတော့ ကြောက်စရာလို့တောင် ထင်မိတယ် ဖဖရယ်"

"ဘဝဆိုတာ ဒီလိုပဲပေါ့ သမီးလေးရယ်၊ ဘယ်အရာမှ တသမတ်တည်း မနေပါဘူး၊ ချစ်စရာကောင်းတဲ့သမီးလေးကို အားလုံး က ဝိုင်းချစ်ကြမှာပါ"

ဖဖက ကျေကျေနပ်နပ် ဂုဏ်ယူဟန်နှင့်ပြောသည်။

"ကဲ ဖဖတို့ပြန်ရအောင်နော် သမီးလေး၊ ခဏနားပြီး မနက်စာ အတူစားရအောင် ဟုတ်လား"

တောင်ကြီးရဲ့အေးမြငြိမ်းချမ်းသော ရာသီဥတုက နေခြည်နုနု အောက်မှာ နွေးထွေးစပြုလာသည်။

မဥျနှင့်ဖဖ ပတ္တမြားစံအိမ်ကြီးဆီသို့ ပြန်ရောက်ခဲ့ကြသည် အခန်းထဲမှာ ဝင်အနားယူရင်း မဥျ ကိုယ့်ဘဝကိုယ် တွေးတွေးဆဆ လေး ခံစားကြည့်မိသည်။

ဒီလောက်ပေါများနေတဲ့ ဆွေမျိုးတွေကြားထဲက မဥျ အဖြစ်က ဖောင်စီးရင်းရေငတ်သူ ဖြစ်နေခဲ့တာပါလား။ ဘဝမှာ မဥျ အတွက် အရာရာပြည့်စုံနေခဲ့သည်လား။ ဟင့်အင်း မရနိုင်တဲ့အရာတစ်ခုအတွက် မဥျ လူမသိသူမသိ ခံစားနေရတာ ဘယ်သူသိနိုင်မှာလဲ။

နေနိုင်ရက်သူလို့ ထင်မှတ်ခဲ့ပေမယ့် အားလုံးကိုသိလိုက်ရတော့ လည်း မနာကျည်းရက်ပြန်။

ကြီးမေ လျှောက်လှမ်းခဲ့တဲ့ဘဝကြီးက အငိုလ်ဆိုးကြီးလို ဖြစ်နေ ခဲ့တော့လည်း ကို့ ခံစားချက်ကို မဥျ နားလည်နိုင်ပါသည်။

ဘာမှလိုအပ်ချက်မရှိ ပြည့်စုံတဲ့ဘဝမှာ မဥျ ဘဝရှင်သန်နေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီလား။ ဖဖ ရော ကိုကိုပါ ဂရုစိုက်ယုယ ကြင်နာကြသည်။ ထိုအတွက် မဥ္ဇူ ဝေဒနာတွေကို မျိုသိပ်ရင်းကျေနပ်ပြရမှာပေါ့။

မဥ္ဇူကြောင့် ဖဖနှင့်ကိုကိုတို့ သောက မဝေစေချင်ပါ။

ဝဲတက်လာသည့် မျက်ရည်တွေကို ပုတ်ခတ်သိမ်းဆည်းရင်း မဥ္ဇူ ပင့်သက်မောလေးကို ရှိုက်မိသည်။

ချစ်ခြင်းမေတ္တာနှင့်ပတ်သက်လျှင် မဥ္ဇူ ဘဝက ကံဆိုးခဲ့သည်လား။ ဘုန်းသက်မှူး အချစ်ကိုပိုင်ဆိုင်ခွင့်ရစဉ်က ဖဖရဲ့မေတ္တာတရားဆိုတာ အိပ်မက်တောင်မက်ခဲ့ဖူးတာ မဟုတ်။

ဖဖရဲ့မေတ္တာကို ပိုင်ဆိုင်ရပြန်တော့ ဘုန်းသက်မှူးရဲ့ နာကျည်းအမုန်းတွေ ပိုင်ဆိုင်နေသည်။

ဖဖ ပြောသည့် လူ့ဘဝဆိုတာ ဒီလိုပဲလား။

■ ■ ■

## အခန်း (၃၂)

"မမ အောက်ထပ်မှာ ဧည့်သည်တစ်ယောက် ရောက်နေတယ်၊ မမနဲ့ အရေးတကြီး တွေ့ချင်လို့တဲ့"

"တို့နဲ့တွေ့ချင်တယ် ဘယ်သူများလဲဟင်"

"မိခမ်းလည်း မသိဘူး၊ ကေသရီလို့ပြောတယ်"

မဥ္ဇူ မျက်ဝန်းလေးတွေ ဝိုင်းစက်သွားရသည်။ ကေသရီတဲ့ အမည်ကို မဥ္ဇူ ရင်းရင်းနှီးနှီး သိသည်။

ဘုန်းသက်မှူး အနားမှာ အမြဲတမ်း အရိပ်လို တွေ့ရတတ်သည့် အမျိုးသမီး။

"ဧည့်ခံထားလိုက် မိခမ်း၊ တို့ အခုပဲဆင်းလာခဲ့မယ်"

မိခမ်းထွက်သွားတော့ မဥ္ဇူ ရင်ထဲမှာ လှုပ်လှုပ်ခတ်ခတ် ကျန်နေသည်။ ကိုနှင့်ပတ်သက်နေသော ကေသရီ မဥ္ဇူကို ဘာကြောင့် တွေ့



www.burmeseclassic.com

www.burmeseclassic.com



ချင်ရတာလဲ။

သိချင်စိတ်တို့ ပြင်းပြစွာနှင့် မဍ္ဍူ အပေါ်ထပ်အခန်းထဲမှ ဆင်းခဲ့သည်။ ကိုနှင့်ႈတ်သက်နေသော ကေသရီ မဍ္ဍူ ကိုဘာကြောင့် တွေ့ချင်ရတာလဲ။

သိချင်စိတ်တို့ပြင်းပြစွာနှင့် မဍ္ဍူ အပေါ်ထပ်အခန်းထဲမှ ဆင်းခဲ့သည်။ ညှော်ခန်းထဲမှာ ကေသရီ တစ်ယောက်တည်း တိတ်ဆိတ်စွာထိုင်နေသည်။ မဍ္ဍူ ဝင်လာတာကိုမြင်တော့ အပြုံးယဲ့ယဲ့နှင့်နှုတ်ဆက်ပြုံးသည်။

"တို့ကို မင်းမှတ်မိမလားမသိဘူး၊ မင်းကိုတော့ တို့ ကောင်းကောင်းမှတ်မိတယ် မဍ္ဍူသက တို့နာမည်က ကေသရီပါ"

"ဟုတ်ကဲ့ မရင်းနှီးပေမယ့် မြင်ဖူးပါတယ် မမ၊ ကိုဘုန်းသက်မှူးနဲ့အမြဲတွေ့ဖူးပါတယ်"

ကေသရီ ပြုံးသည်။ အပြုံးတို့က အသက်မဲ့နေဟန်ရှိ၏။ မဍ္ဍူကို ငေးငေးရီရီလေး ကြည့်ရင်းမှ

"အဲဒါတွေက ပြီးဆုံးသွားခဲ့ပါပြီ မဍ္ဍူရယ်၊ ဘုန်းသက်က တို့အနားမှာရှိခဲ့ဖူးပေမယ့် သူ့စိတ်တွေက မင်းဆီမှာလေ"

မဍ္ဍူ မျက်နှာလေး ပန်းနုရောင်သမ်းသွား၏။ တကယ်ဖြူစင်သည့်မိန်းကလေးပါလားဟု ကေသရီ မှတ်ချက်ပြုမိသည်။ ဖြူစင်သော မျက်ဝန်းလေးတွေမှာ ဘာမာယာ ညို့ချက်မှမပါ။ ဒါနဲ့တောင် ဘုန်း ငြိတွယ်သွားခဲ့သည်ဆိုတော့

"ဒါတွေထားပါတော့ အရေးအကြီးဆုံးကိစ္စကို ပြောချင်တယ် မဍ္ဍူ"

"ဟုတ်ကဲ့ ပြောပါ မမ၊ မီး နားထောင်နေပါတယ်"





"ဘုန်းသက်မှူး အကြောင်းဆို မင်းစိတ်ဝင်စားမလား"

သွေးတိုးစမ်းသည့်သဘောနှင့် ကေသရီမေးမိသည်။ မဍ္ဍူသကရဲ့မျက်ဝန်းလေးတွေ တောက်ပလှုပ်ခတ်သွားတာ အထင်အရှား။

"ကို အဲ သူ သူဘာဖြစ်လို့ပါဟင်၊ သူ တောင်ကြီးမှာပဲရှိသေးသလား"

"သူ တောင်ကြီးကမခွာနိုင်သေးဘူးလေ၊ အဲဒါကြောင့်လည်း ခုလိုဖြစ်ကုန်တာပေါ့"

"ဟင် ဘာဖြစ်လို့လဲ မမ"

"သူ ဒဏ်ရာရ ရသွားတယ်၊ ဘစ်စုံတစ်ယောက်က သူ့ကို ဓားနဲ့ထိုးသွားခဲ့တာ"

"အို ဘုရားရေ"

ကြောက်လန့်စိတ်နဲ့စိုးရိမ်ပူပန်စိတ်တွေ ရောယှက်သွားခဲ့တဲ့မျက်ဝန်းလေးတွေကို ကေသရီ မြင်နေသည်။ ဘုန်းအတွက် သူလေးလည်း စိုးရိမ်တတ်သည်ပဲလား။

"အ အခု သူ ဘယ်မှာလဲဟင် မမ၊ သူ့အခြေအနေ"

"ဒဏ်ရာကတော့ သက်သာသွားပါပြီ၊ သူ လမ်းလျှောက်ထွက်ရင် ထင်းရှူးတောစပ်မှာ နောက်ကျောက ဓားနဲ့ထိုးခံရတာ"

"အို ရက်စက်လိုက်တာ"

မဍ္ဍူ အလန့်တကြားလေး ရေရွတ်သည်။ ထင်းရှူး တောစပ်မှာ လမ်းလျှောက်ရင်းတဲ့၊ ဒါ သူနဲ့မဍ္ဍူတို့ ဆုံခဲ့ကြတဲ့နေရာလေးပေါ့။ ပြီးတော့ မဍ္ဍူကို နာကျည်းစွာ သူလမ်းခွဲသွားခဲ့သည့်နေရာလေးပဲဖြစ်သည်။ ကိုသည်နေရာလေးကို အမှတ်ရနေဆဲလား။



www.burmeseclassic.com

www.burmeseclassic.com



မဥ္ဇူမှာတော့ ပဏ္ဍုမြားစံအိမ်ပေါ်ရောက်ကတည်းက စိတ်က ဘာရောက်သည်။ လူက မရောက်ဖြစ်ခဲ့ပါ။

"အခုတော့ သူ့ဒဏ်ရာ သက်သာနေပါပြီ"

"သူ သူဆေးရုံမှာလား၊ အိမ်မှာလားဟင်"

"မောရဝတီမှာ သူရှိနေပါတယ်၊ မဥ္ဇူ အဲဒါ မင်းသိစေချင်လို့ မမ လာပြောပြတာ"

"သူ သူကကောဟင် မဥ္ဇူကို သူ မမေးဘူးလားဟင် မမ"

"သူ့နှုတ်ကမမေးပေမယ့် သူ့စိတ်က မင်းကိုတောင့်တနေတယ် ဆိုတာ မမ သိပ်သိတာပေါ့"

မျက်နက်ဝန်းလေးတွေ ကြည်နူးသွားတာ ကေသရီမြင်သည်။ ကေသရီ အာရုံထဲမှာ မောရဝတီမှာ ဘုန်းကို ပြုစုပေးခဲ့သည့်ရက်တွေကို ပြန်အမှတ်ရမိသည်။

အနာရှိန်က ဝေဒနာနှင့် ဘုန်းအဖျားတက်ကာ ဖျားသည့်နေ့က နေ့ခင်းကြောင်တောင် ကယောင်ကတမ်း ရေရွတ်သော ဘုန်း စကားသံတွေကို ပြန်ကြားမိသည်။

"မဥ္ဇူ မဥ္ဇူလေး မင်းကို ကိုယ် သိပ်ချစ်တယ်၊ ဘယ်လိုမှ မုန်းလို့မရဘူး အင်း အင်း"

စိုးရိမ်ပူပန်စွာနှင့်ပြုစုပေးနေမိတာကိုက ကေသရီ။ သူ့နှုတ်က မသိစိတ်ရဲ့နက်ရှိုင်းဆုံးနေရာက တောင့်တနေတာ မဥ္ဇူသက ။ ကေသရီ မျက်ရည်စတွေကြားက နားလည်လိုက်ပါသည်။

ရန်ကုန် ပြန်မည်ပြင်ဆင်ပြီးမှ ဘုန်းသတင်းကြောင့် သူမ ချောက်ချားကာ ဆေးရုံရောက်ခဲ့သည်။ ဆေးရုံမှာမနေချင်ဘူး အိမ်ပြန်





ချင်တယ်ဆိုတော့လည်း ကေသရီ စိုးရိမ်စွာ စောင့်ရှောက်ပေးခဲ့သည်။ အခုတော့ ဘုန်းရဲ့စိတ်နှလုံးကို ကေသရီ ထင်ရှားစွာမြင်ခဲ့ရ၏။

"ကျေးဇူးတင်ပါတယ် မမရယ်၊ မဥ္ဇူလေ သူနဲ့အရမ်းတွေ့ချင်တယ်၊ သူ့ဆီသွားချင်တာပဲ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ ဆက်ပြောပါဦး မဥ္ဇူ"

"ကိုက အလိုမရှိဘဲ မဥ္ဇူ မသွားရဲပါဘူး။ မဥ္ဇူ သူ့အတွက် ဆုတောင်းပေးနေမှာပါ"

"သူ မင်းကိုတကယ်စွဲလန်းတာပါ။ မင်းကိုစွဲလန်းလို့ ရန်ကုန်မပြန်နိုင်ဘဲ ဒီအချိန်ထိ သူတောင်ကြီးမှာ လေနေတာပေါ့"

မဥ္ဇူကို ကို စွဲလန်းသတဲ့လား။ ဟင့်အင်း ဒါပေမဲ့ မဥ္ဇူကို ကို လက်မခံနိုင်အောင် မဥ္ဇူ အတိတ်ဆိုးကြီးက အရိပ်မိုးနေခဲ့တာ ကေသရီ မှမသိဘဲ။

အမှန်တရားတွေကို ရှင်းပြပြီး အတိတ်ကိုလည်း မဥ္ဇူ ပြန်ပြီး မတူးဖော်ချင်တော့ဘူး။ ဖဖနဲ့ကိုကိုတို့ရဲ့ ချစ်ခြင်းကို မဥ္ဇူ ထောက်ထားရမယ်။

သည်အတိုင်းပဲ ရှိပါစေတော့။

မဥ္ဇူ နှလုံးသားက ဘုန်းသက်မှူး ကိုမြတ်နိုးစွာချစ်နေသေးခဲ့တယ်ဆိုတဲ့ ဘဝနဲ့ပဲ ကျေနပ်နိုင်ပါတယ်။

ကံကြမ္မာက ဆုံခွင့်မပေးတဲ့ ဘဝတွေအတွက်တော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ဘာရယ် ကိုကို၊ ဘုန်းသက်မှူးကို လုပ်ကြံတာ ဦးကန်ချွန် ဟုတ်လား"

"ဟုတ်တယ် ညီမလေး။ သူကိုယ်တိုင် ကိုကို့ကို ဝန်ခံသလို အခုလည်း ရဲစခန်းမှာဝန်ခံ အဖမ်းခံလိုက်ပြီ၊ ဘုန်းသက်မှူးကြောင့် ကိုယ်ခံခဲ့ရတာအတွက် သူပြန်လက်တုံ့ပြန်တာတဲ့"

မဥ္ဇူ မယုံနိုင်အောင်ဖြစ်ရသည်။ ဦးကန်ချွန်က ကိုကို့အတွက် ပြန်လက်စားချေလိုက်တာတဲ့။

"သူသိပ်မှားတယ်၊ သူက ကိုယ့်ကိုစောင့်ရှောက်နေတဲ့သူ မှာ ပေမယ့် ဒီကိစ္စကို ကိုယ် နားလည်ခွင့်လွှတ်ပြီးပြီဆိုတာ သူ့ကိုပြော ထားတယ်၊ သူ ဒီလိုတုံ့ပြန်မယ် မထင်ခဲ့ဘူး"

"မဥ္ဇူ ရင်ထိတ်လိုက်တာ ကိုကိုရယ်"





မဥ္ဇူ ရင်ဘတ်ကလေးဖိရင်း ပြောတော့ ကိုမှော် အားပေးသလို ပခုံးလေးကို လှမ်းဆုပ်ကိုင်နှစ်သိမ့်ရင်း

"လက်စားချေမှုတွေဆိုတာ ဘယ်လိုမှမကောင်းခဲ့တာ ကြီးမေရဲ့ အဖြစ်ကသက်သေပဲလေ၊ ညီမလေး အခုလည်း ကန်ချွန်ပြုတဲ့ အပြုအမူ ကြောင့် ထိုက်တန်တဲ့ ပြစ်ဒဏ်တော့ခံရမှာပဲ၊ ဘုန်းသက်မှူးကတော့ ဒီကိစ္စအတွက် ကန်ချွန်ကို သူခွင့်လွှတ်တယ်တဲ့"

"ဟင် ကိုကိုနဲ့ဘုန်းသက်မှူး တွေ့ကြသေးလို့လား"

"ဟင့်အင်း မတွေ့ပါဘူး။ ကိုယ် ဖုန်းဆက်ပြီး သူ့ကို တောင်းပန် တော့ သူပြောတာ သူ့ဒဏ်ရာလည်း သက်သာပါတယ်တဲ့"

မဥ္ဇူ မျက်နှာလေးကို ငေးကြည့်နေရင်း ကိုမှော် ပြောနေသည်။ ချစ်ရသော ညီမလေးမျက်ဝန်းတွေထဲမှာ ရောင်စဉ်တွေကိုလည်း သူ အကဲခတ်ကြည့်မိသည်။

"သူ့ဆီ ကိုကိုရောက်ဦးမယ်၊ ညီမလေး ဘာမှာဦးမလဲ"

"ဟို အဲ ဘာ ဘာမှမမှာတော့ပါဘူး ကိုကိုရယ်"

"ကိုကို ကိုမရှက်နဲ့၊ မညာနဲ့၊ အမှန်ပြောနော်၊ ညီမလေး သူနဲ့ညီမလေးတို့ ချစ်သူတွေဖြစ်ခဲ့ကြသလား"

မဥ္ဇူ မညာချင်ပါ။ ခေါင်းကလေးညိတ်ကာ ဝန်ခံမိ၏။

"အခု ဘာဖြစ်ကြတာလဲ၊ သူက ညီမလေးကို ဖြတ်သွားတာ လား၊ ဟို ကေသရီဆိုတဲ့ မိန်းမကြောင့်လား"

"လုံးဝမဟုတ်ပါဘူး ကိုကို ကေသရီတောင် ဒီမနက်လာသွား ခဲ့ပါတယ်၊ သူနဲ့ကေသရီ ဘာမှမပတ်သက်တော့ပါဘူး။ မဥ္ဇူနဲ့သူ"

မဥ္ဇူ စကားသံလေး တိတ်ဆိတ်သွားတယ်။ မျက်ဝန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေက မဖိတ်ခေါ်ဘဲ ဝဲတက်လာသည်။ ပါးနုနုနှစ်ဖက်ပေါ်ကို လိမ့်ဆင်းလာလိုက်ကြတာ တားမရဆီးမရ။

"မငိုပါနဲ့ ညီမလေးရယ်"

ကိုမျော်က ပါးနုနုနှစ်ဖက်ပေါ်က မျက်ရည်စတွေကို ညင်သာစွာ ပွတ်သုတ်ပေးသည်။

"ကိုကို့ကိုပြောစမ်းပါ ညီမလေးရယ်၊ ဟိုတုန်းကလည်း မဩ ကိုကို့ကို ဖွင့်ဟတိုင်ပင်ဖူးတာပဲ၊ အခု ကိုကိုတို့က သွေးရင်းမောင်နှမ တွေဖြစ်နေပြီလေ"

ကိုမျော်က အားပေးနှစ်သိမ့်ရင်းမေးသည်။ မဩ ရင်ထဲမှာ မျိုသိပ်ချုပ်တည်းထားရသော ခံစားချက်တွေကို ဝန်ခံမိတော့သည်။

မဩ စကားသံလေးဆုံးတော့ ကိုမျော် ပင့်သက်ရှိုက်၏။ ပြီးမှ

"ဘုန်းသက်မျုးက ကြီးမေအကြောင်းတွေ သိသွားတာပေါ့၊ ညီမလေးကိုလည်း အထင်လွဲသွားတာပေါ့ ဟုတ်လား"

မဩ ခေါင်းကလေးညိတ်ရင်း မျက်ရည်စတွေကို ပွတ်သုတ်၏။

"ဟုတ်တယ် ကိုကို၊ ဒါတွေကို မဩ ရှင်းမပြသင့်တော့ဘူး။ ရှင်းမပြချင်တော့ပါဘူး၊ ဒီကိစ္စတွေကို ကိုကိုလည်း မေ့လိုက်ပါတော့နော်၊ ဖဖ လုံးဝမသိပါစေနဲ့နော်"

"ဘာလို့လဲ ညီမလေးရယ်"

"ဖဖ စိတ်မဆင်းရဲစေချင်ဘူး ကိုကို၊ မီးကြောင့် ဖဖ စိတ်ဆင်းရဲတာ အခုမှ တည်ငြိမ်စရှိပါသေးတယ်၊ ကိုတုန်းသက်မျုး ထင်ချင်သလို ထင်ပါစေတော့၊ သူလည်း တောင်ကြီးက ပြန်တော့မှာပဲ၊ နောင်ပြန်ဆုံ စရာမှ မရှိတော့တာ"





"ညီမလေးရယ်"

ကိုမျော် မချိတင်ကဲ ရေရွတ်ရင်း ညီမလေးကို တင်းတင်းလေး ပွေ့ဖက်ထားလိုက်မိသည်။

တကယ့်ကို ချစ်စရာကောင်းလိုက်တဲ့ ညီမလေး။ လိမ္မာလိုက်တဲ့ ညီမလေး။ ဖဖနဲ့သူတို့ သိက္ခာတွေအတွက် နှလုံးသားကိုစတေးတော့ မည်တဲ့။

"သမီးလေးရယ်"

"အို"

"ဟင် ဖဖ"

အသံကြောင့် လှည့်ကြည့်တော့ အခန်းဝမှာ ရပ်နေသူက ဦးစောခွန်နောင်။

"ဖဖ ရောက်နေတာကြာပြီ၊ အားလုံးကို ကြားတယ် သမီး"

"အို ဖဖရယ်"

ဖဖ ရင်ခွင်ထဲ ပြေးဝင်လို့ မဩ ငိုရှိုက်မိပြန်သည်။ ဖဖရဲ့ သိမ်မွေ့ညင်သာသော လက်တွေက မဩ ဆံနွယ်လေးတွေကို ချော့မော့ ပွတ်သပ်ပေးနေရင်းမှ

"လိမ္မာလိုက်တဲ့ သမီးရယ်၊ သမီးနဲ့ ဖဖကြားမှာ မျက်ဝန်းနဲ့ မမြင်နိုင်တဲ့ ချစ်ခြင်းတွေ အများကြီးရှိခဲ့တာ ဖဖ သိခဲ့ရပါပြီ"

မဩ ရင်ခွင်ထဲက ဦးမော့ကြည့်တော့ ဖဖ မျက်ဝန်းများက မျက်ရည်စတွေနှင့်ပါလား။ ဖဖ သမီးကြောင့် မျက်ရည်ကျခဲ့ပြီလေ။

"ဖဖ သမီးကြောင့် မျက်ရည်ကျရပြန်ပြီ၊ သမီး စိတ်မကောင်း လိုက်တာ၊ အားလုံးကို မေ့လိုက်ပါနော်၊ သမီးလည်း မေ့နိုင်တယ် သိလား။



www.burmeseclassic.com

www.burmeseclassic.com



သမီးဘဝမှာ ဖဖနဲ့ကိုကိုတို့ရဲ့ မေတ္တာတရားကလွဲရင် ဘာမှမလိုအပ်ပါဘူးနော်''

စိုးရိမ်မျက်ဝန်းလေးတွေနှင့် ချော့မော့ တောင်းပန်သလိုပြောနေတဲ့သမီးလေးကို ကြည့်ရင်း ဦးစောခွန်နောင် မျက်ဝန်းထဲမှာ မြင်လာတာ ခင်မငယ်ဆိုတဲ့ ငယ်ငယ်။

ဖြူစင်လိုက်တဲ့ မျက်နက်ဝန်းလေးတွေ။

အမြဲတမ်း ပေးဆပ်ခြင်းအတွက်ပဲ သူတို့နှလုံးသားလေးတွေက စဉ်းစားနေတတ်တယ်ထင်ရဲ့။ တစ်စုံတစ်ယောက် စိတ်ချမ်းသာဖို့အတွက် သူတို့နှလုံးသားတွေ မျက်ရည်တွေ၊ သောကတွေကို ခံယူဖို့ဝံ့စားကြသည်။

''သမီးလေးရယ် သမီးလေးက သမီးမေမေ အတိုင်းပါပဲလား''

''ရှင်''

''ဟုတ်တယ် သမီးမေမေက သိပ်နူးညံ့တယ်၊ အလျှော့ပေးလွန်းတယ်၊ နှလုံးသားလေးကရိုးသားလှပါတယ်ကွယ်''

သမီးရဲ့နဖူးလေးကို ငုံ့နမ်းရှိုက်ရင်း ဦးစောခွန်နောင် လှိုက်လှိုက်လှဲလှဲ ဆိုနေမိသည်။

သူ သိလိုက်ပါပြီ။ ဒီအချိန်ကစပြီး သမီးလေးနှင့်သူ့ကြားမှာ ဘာလို့ဖွက်ချက်မှမရှိတော့။

■ ■ ■



## အခန်း (၃၄)

ဒီနေ့ ကိုကိုက သူ့ရဲ့ခြံစိုက်ခင်းတွေကို လိုက်ပြမည်ဆိုတာကြောင့် မဥ္ဇူ ကြည်ကြည်နူးနူးလေး လိုက်ခဲ့သည်။

ကိုကိုက ကားကိုဆင်ဝင်အောက်က မောင်းထွက်ရင်း မဥ္ဇူကို တစ်ချက်ကြည့်ကာ ပြုံးသည်။

''ထူးထူးခြားခြားပါလား၊ ငါ့ညီမလေးက ဒီနေ့ ဝတ်စားထားတာ ခိုပြာရောင် ဝတ်စုံလေးပဲ''

''ဗီရိုထဲမှာ ဒီအတိုင်းထားရတာ နှမြောစရာမို့ပါ ကိုကိုရဲ့''

သည်ဝတ်စုံတွေကို မဥ္ဇူ မဝတ်တာကြာပြီ။ ဒီမနက်တော့ စိတ်က ဝတ်ချင်တာမို့ ဝတ်ခဲ့မိသည်။ ခိုပြာရောင်ဝတ်စုံလေးအပေါ်မှာ အဖြူရောင်သိုးမွေးဆွယ်တာလေး ထပ်ဝတ်ထားသည်။

''လှပါတယ် ကိုကို့ညီမလေးက ဘာဝတ်ဝတ် လှပြီးသား။ အင်း



www.burmeseclassic.com

www.burmeseclassic.com



အချိန်တန်လို့ တစ်ယောက်ယောက်နောက်ပါသွားရင် ကိုကိုတော့ ခံစားရဦးမှာသေချာတယ်"

"အံမယ် မီးက အိမ်ထောင်မပြုဘူး အပျိုကြီးပဲလုပ်မှာ"

"တကယ်လား စောင့်ကြည့်သေးတာပေါ့"

ကိုကို အပြုံးရိပ်လေးစွက်ကာ ပြောသည်။ ကားလေးက မြူတွေဆိုင်းသော ထင်းရှူးတောရိပ်လမ်းလေးအတိုင်း မှန်မှန်လေးမောင်းနေသည်။ လှပသောရှုခင်းနှင့်မြင်ကွင်းတွေကို ငေးရင်း မဍ္ဍူ စိတ်ကလေးလွင့်သွားခဲ့သည်။

ဒီထင်းရှူးတောလမ်းလေးမှာပဲ ကိုနဲ့မဍ္ဍူ ဆုံခဲ့ကြတာ။ အခုတော့ ပြီးဆုံးခဲ့ပြီထင်ရဲ့။

ရုတ်တရက် ကားကထိုးရပ်သွားတာမို့ မဍ္ဍူ ကိုကို့ကို လှည့်ကြည့်ရင်း

"ဘာလို့ရပ်လိုက်တာလဲ ကိုကို"

"ရှုခင်းတွေလှတယ် ညီမလေး၊ ကြည့်ချင်မလားလို့"

"ဟင့်အင်း မကြည့်တော့ပါဘူး"

"လာပါကွာ ခဏလောက်ဆင်းပြီး လေကောင်းလေသန့်ရှူရအောင်"

ကိုကိုက ကားတံခါးဖွင့်ဆင်းသွားတာမို့ မဍ္ဍူ မငြင်းသာတော့ဘဲ ဆင်းလိုက်ရသည်။

မြူရနံ့သင်းသော လေကို ရှူရတော့ မဍ္ဍူ စိတ်ကလန်းဆန်းရမည့်အစား မှိုင်းရီလာသည်။

"ညီမလေး ဘုန်းသက်မှူးကို တကယ်မေ့နိုင်သလား"





"ဟင်"

မမျှော်လင့်ဘဲ မေးလာသော ကိုကို့စကားကြောင့် မဍ္ဍူ ရင်လေးလှုပ်ခတ်သွားရ၏။ ဒုက္ခပါပဲ ဝေဒနာတွေကို ကိုကို ဘာလို့လာပြီးတူးဆွနေတာလဲ မသိ။

"မညာနဲ့နော် အမှန်ဖြေ"

မဍ္ဍူ ရင်ထဲကိုမြင်သိနေသလို ကိုကို ထပ်ပြော၏။ စိုက်ကြည့်နေသော မျက်ဝန်းတွေကို မဍ္ဍူ မညာချင်သလို ဝန်မခံချင်တာလည်း အမှန်ဖြစ်သည်။

"မေ့နိုင်ရမှာပေါ့၊ မေ့နိုင်မယ် ထင်တယ် ကိုကို"

"မဍ္ဍူလေး တကယ်ပြောတာလားဟင်"

"အို ကို"

ထင်းရှူးပင်အကွယ်မှ ထွက်လာသော ဘုန်းသက်မှူးကြောင့် မဍ္ဍူ မျက်ဝန်းတွေ ဝိုင်းစက်ထိတ်လန့်သွားသည်။

"မဍ္ဍူ မညာပါနဲ့၊ မင်း မျက်ဝန်းတွေလေးတွေက ရိုးသားပါတယ်၊ ကိုယ်ကတော့ မဍ္ဍူကို မေ့လို့မရဘူး။မြတ်နိုးစွာ ချစ်နေဆဲပဲ"

သူ ဘယ်ကရောက်လာတာလဲ။ ကိုကို့ကို မဍ္ဍူ လှည့်ကြည့်တော့ မသိကျိုးနွံ တစ်ဖက်ကိုမျက်နှာလွှဲ ငြိမ်သက်နေသည်။

"ဖြေပါ မဍ္ဍူရယ်၊ မင်း ကိုယ့်ကိုမေ့နိုင်တယ်၊ မချစ်ဘူးဆိုရင် ကိုယ် အခုပဲ ရန်ကုန်ပြန်မယ်၊ မင်း ကိုယ့်ကို တစ်သက်လုံးမမြင်စေရဘူး"

"ဟင်"

မဍ္ဍူ မျက်နှာလေး ချောက်ချားဖြူလျော်သွားသည်။ နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေ တဆတ်ဆတ် တုန်ယင်လျက် ဘုန်းသက်မှူးကိုငေးကြည့်နေဆဲ

"မဥ္ဇူလေး အဖြေက ကိုယ့်ဘဝဆုံးဖြတ်ချက် ဖြစ်သွားမှာ"

ငုံလင့်တောင်းပန်သည့် မျက်ဝန်းတွေနှင့် ကို ဆိုနေသည်။ မဥ္ဇူ ရင်တွေ တလှပ်လှပ် ရင်ထဲက အဖြေစကားက နှုတ်ဖျားထိရောက် မလာ။

"ဘုန်းသက်မှူး တော်ပါတော့ကွာ၊ ငါ့ညီမလေးကို မနှိပ်စက်ပါနဲ့ တော့၊ ညီမလေး မျက်ဝန်းတွေက ဖြေပြီးပြီပဲ"

"ဒါဆို အန်ကယ်နဲ့ကိုစိုင်းဆီမှာ ကျွန်တော် မဥ္ဇူကို တောင်း ပါရစေ၊ ရန်ကုန်က မာမီတို့ကို ခွင့်တောင်းပြီးပြီ"

"ဟာကွာ မင်းကလည်း မြန်လိုက်တာ၊ ငါ့ညီမလေးနဲ့ငါကော ဖေဖေ ပါမခွဲနိုင်သေးဘူး"

"ကျွန်တော်လည်း မဥ္ဇူကို မခွဲနိုင်ဘူးဗျ"

"မင်းအခုမှမပြောနဲ့ အရင်က ငါ့ညီမလေး စိတ်ဆင်းရဲအောင် လုပ်ထားခဲ့တာလေ"

"အဲဒီအတွက် ကျွန်တော်လည်း ရင်ကွဲမတတ်ခံစားရပါတယ် ဗျာ၊ ကျွန်တော် မြတ်နိုးချစ်တဲ့သူက လှည့်စားပြီး အပိုင်ဖမ်းတဲ့ မိန်း လေးလို့ ထင်မိတာကိုး၊ ဒါပေမဲ့ နှလုံးသားက ပါသွားခဲ့တာကြာပြီ"

"ဟော့ကောင် မင်းစကားတတ်တိုင်း မပြောနဲ့၊ လက်ထပ် တော့ အချိန်လေးပေးဦးကွာ၊ အဲ စေ့စပ်ပွဲတော့ သဘောတူတယ်၊ ဖေဖေ ညီမလေးနဲ့ပြန်ဆုံတာ ချစ်မဝသေးဘူးကွ"

"ကျွန်တော် နားလည်ပါတယ်၊ ဒါဆို စေ့စပ်ဖို့ မာမီကို လိုက်တော့မယ်နော်"





ကိုမှော် ခေါင်းညိတ်သည်။ ပြီးတော့ ညီမလေးဘက်ကို ပြုံးပြုံး လေး လှည့်ကြည့်ရင်း

"ညီမလေးနဲ့ ဘုန်းသက် ဖေဖေကို သွားတွေ့လိုက်ကြဦး၊ ဖေဖေ မင်းတို့ကို မျှော်နေလိမ့်မယ်"

"ကို ကိုကို မဥ္ဇူ အိပ်မက်မက်နေတာ မဟုတ်ပါဘူးနော်"

"အိပ်မက်ဆန်တဲ့ တကယ့်ဖြစ်ရပ်လေးပါ ညီမလေးရယ်၊ ကိုကိုနဲ့ဖေဖေက ညီမလေး နှလုံးသားလေး လန်းဆန်းစေချင်တယ်လေ၊ အခုဆို ဘုန်းသက်မှူးလည်း အားလုံးနားလည်သွားပါပြီ၊ ကိုကိုတို့ ဆုံပြီးပြီ"

မဥ္ဇူ ဝမ်းသာလွန်းလို့ မျက်ရည်လေးတောင် လည်လာမိ၏။ ကိုကိုက မဥ္ဇူ ပခုံးလေးကို ဖျစ်ညှစ်ကာ ကားပေါ်တက်သွားခဲ့သည်။

"ကိုစိုင်းကို ကျွန်တော် သိပ်ကျေးဇူးတင်တယ်"

မှူးက နှုတ်ဆက်လက်ပြရင်း ပြောသည်။ စိုင်းမော်သာ ခေါင်း ညိတ်လက်ပြရင်း ကားလေးကို မောင်းထွက်သွားခဲ့သည်။

သက်မဲ့ရုပ်တုလေးကို ရပ်နေသော မဥ္ဇူခန္ဓာကိုယ်လေးကို မှူး ရင်ခွင်ထဲ ဆွဲသွင်းပွေ့ဖက်လိုက်သည်။

"မဥ္ဇူ အိပ်မက်မက်နေတာလို့ ထင်နေမိတယ်"

"ဒါဆို ကိုယ်ဘက်တွေ့နိုးပေးမှာပေါ့"

အနမ်းနုနုတစ်ပွင့် နဖူးပေါ်လွင့်စင်လာသည်။ မဥ္ဇူ မျက်ဝန်း လေးတွေ မှိတ်ထားလိုက်သည်။

နဖူးပေါ်က အနမ်းက ပါးနုနုပေါ်ခုန်ကူးလာသည်။

ထင်းရှူးတောကိုဖြတ်သန်းလာသော လေအေးကာစိမ့်မြနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ချစ်သူ့အနမ်းတွေက ရှိန်းမြနွေးထွေးစေသည်။

"သိပ်ချစ်တယ် မဒ္ဒူရယ်"

အနမ်းနှင့်အတူ လိုက်မောသော မျူး၊ ဝန်ခံစကားကို မဒ္ဒူကြားသည်။

"မီးလည်း ကို့ကို သိပ်မြတ်နိုးချစ်ရပါတယ် ကိုရယ်"

မျူး ရင်ထဲမှာ ချစ်သူ့စကားသံလေးချိုမြစီးဆင်းသွားခဲ့သည်။ ရင်ခုန်သံတွေလည်း ချိုအေးနေ၏။

အနမ်းတွေကလည်း ချိုနွေးရှိန်းမြနေသည်။

ချစ်သူနှစ်ဦးအတွက် ထင်းရှူးတောတန်းလေးက လေညှင်းနုကလေး ရိုက်ခတ်လို့ ကောင်းချီးပေးနေလေသည်။

ပရိသတ်အတွက်
အမြဲတမ်း
ဖျူး



www.burmeseclassic.com